www.burmeseclassic.com

# ဂုန်းကြွယ်

## အောင်ခြင်းအတိတ်သိုင်းနိမိတ်



www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၁၀၂၂ / ၂၀၀၃ (၇)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၈၅၉ / ၂၀၀၃ (၇)
**ထုတ်ဝေသည့် ကာလ**
၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ
**အကြိမ်**
ပထမအကြိမ်
**အုပ်ရေ**
၅၀၀
**တန်ဖိုး**
၆၀ ကျပ်
**ထုတ်ဝေသူ**
ဦးတင့်လွင် (သောကစာပေ)
၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။
**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးခင်မောင်ဝင်း (၀၅၃၉၄)
ပါရမီအော့ဖ်ဆက်
သီတာ ဓာတ်အားခွဲရုံဝင်း
အောက်ပုဇွန်တောင်လမ်း၊
[illegible] ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

# ကုန်းကြယ်

BURMESE CLASSIC

# အောင်ခြင်းအတိတ် သိုင်းနိမိတ်

ပ + ဒ (ဓာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ...ဒို့အရေး

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ
တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်
လွတ်လပ်ရေးကို တာကွယ်ပါ
အမိနိုင်ငံတော်ကို ချစ်မြတ်နိုးပါ
သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ✲ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✲ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✲ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ✲ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC

# ဘုန်းကြည်

# အောင်ခြင်းအတိတ် သိုင်းနိမိတ်

( ပထမပိုင်း )

F.1A

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

နေဝင်လေပြီ။ အလင်းရောင် ကွယ်ပျောက်သွားပြီ ဖြစ်သည်။ အအေးဓာတ်က အမှောင်ထုနှင့်အတူ လွှမ်းခြုံလာသည်။ ညဉ့်နက်လေ အအေးဓာတ် ပိုကဲလေ ဖြစ်လာသည်။

ထိုအအေးဓာတ်ကို ဂရုမထား။ အဘိုးအို ထင်းပုံ အလုပ်လုပ်နေဆဲပင်။ မီးအိမ်မှ မလင့်းတလင်း အလင်းရောင်အောက်တွင် ကြိမ်ခြင်းတောင်းတစ်လုံးဖြင့် အလုပ်ရှုပ်နေသည်။

အဘိုးအိုမှာ သားသမီး ဇနီး မရှိသောကြောင့် ကိုယ့်ဝမ်းကိုယ်ကျောင်းနေရသူ ဖြစ်သည်။ ငယ်ရွယ်စဉ်က အလုပ်လုပ်နိုင်သော်လည်း အသက်အရွယ် အိုမင်းလာသောအခါ အလုပ်သိပ်မတွင်တော့ပါ။

ဝမ်းဝရုံသာ လောက်ငလေသည်။ အပြင်ဘက်မှ အအေးဓာတ်တဲအိမ်ထဲသို့ စိမ့်ဝင်လာလေသည်။

ရာသီဥတုမှာ ဆိုးရွားသည်။ တစ်ပတ်ကျော် အချိန်ရှိသွားပြီးဖြစ်သည်။ ထိုရာသီဥတု ဆိုးရွားဖောက်ပြန်မှုကြောင့် အဘိုးအို ထင်းပုံတို့ရွာမှ တံငါသည်ကြီးများ သေဆုံးကြသည်။

ထိုအဖြစ်အပျက်ကြောင့် တံငါရွာလေးမှာ ထိတ်လန့်နေကြသည်။ အဘိုးအို ခြင်းတောင်းကို လက်စသတ်ပြီး မီးဖိုထဲသို့ ထင်းများထည့်လိုက်သည်။

www.burmeseclassic.com



အဘိုးအိုထင်းဖုတို့ ရွာကလေးမှာ ပင်လယ်ရွာ ဖြစ်သောကြောင့် တချို့ ငါးဖမ်းခြင်းဖြင့် အသက်မွေးကြသည်။

တစ်ဖက်တွင် တောအုပ်ကြီးတစ်ခုရှိရာ ထင်းအတွက် မပူရပါ။ ရွာသားတချို့ မှဆိုးလုပ်သည်။ အဘိုးအိုမှာ အိုမင်းနေပြီဖြစ်၍ ရွာသား တချို့က ထင်းရှာပေးကြသည်။ ရိက္ခာပေးကြသည်။

ယခု ထိုလူများ မရှိတော့ပါ။ ထင်းပင် ချေးတာနေရသည်။ တံငါလေ့မှောက်၍ အသက်ဆုံးသွားကြသည်။

ထိုပင်လယ်ရွာလေး အေးချမ်းစွာ ရှိနေသည်။ တစ်ရွာလုံး သာယာပြီး စိတ်နှလုံး ချမ်းမြေ့စရာ ကောင်းသည်။

သို့သော်...

ကြာရှည် မအေးချမ်းပါ။ သစ်တောအုပ်အတွင်း အလွန်ရက်စက် ဆိုးသွမ်းသော ဓားပြကြီးတစ်ယောက် ရောက်ရှိလာလေသည်။

ပင်လယ်ကမ်းခြေတစ်လျှောက် မြို့ရွာများအား လူသတ်၊ ဓားပြ တိုက်၊ အမျိုးသမီးများကို ဖျက်ဆီးစော်ကားကာ မကောင်းမှုဖြင့် အသက်မွေးနေသူ ဖြစ်သည်။ နောက်လိုက်ငယ်သားများနှင့် ဘုရင် တစ်ဆူ ဖြစ်နေလေသည်။

ထိုလူဆိုးကြီးမှာ မြို့ရွာများမှ ဆက်ကြေးကောက်ယူခြင်းဖြင့် ဗိုလ်ကျနေသူ ဖြစ်သည်။ အဘိုးအိုထင်းဖု တောထဲ ထင်းပင် သွား မရှာရဲပါ။

ထိုသို့တွေးနေရင်း ထင်းဖု သူ့မိတ်ဆွေကြီး တိန်လျောင်ကို သွားသတိရလေသည်။ ငယ်စဉ်ကပင် တစ်ရွာတည်းနေပြီး အချစ်ဆုံး အခင်ဆုံး မိတ်ဆွေသူငယ်ချင်း ဖြစ်သည်။

တိန်လျောင်တွင် သမီးတစ်ယောက် ရှိသည်။ ထိုသမီးလေး ထင်းထင်းမှာ အလွန်ချောမောသူလေး ဖြစ်သည်။

တောအုပ်ထဲမှ လူဆိုးဗိုလ်ကြီးက ထင်းထင်းကို သဘောကျသွား လေသည်။ မုတ်ဆိတ်မွေး ဗရပျစ်နှင့် ဘီလူးကြီးတစ်ကောင်နှင့်တူ သော လူဆိုးအား ထင်းထင်းက မည်သို့မျှ သဘောမကျပါ။





ထင်းထင်းအား လက်ထပ်ပေးရန် စီစဉ်ထားပြီး ဖြစ်သည်။

ထို့ကြောင့်...

တိန်လျောင် ဦးနှောက်ခြောက်သွားလေသည်။

လူဆိုးကြီးနှင့် သမီးကို မပေးစားရဲ။ ထွက်ပြေးရန်လည်း မဖြစ်ပါ။ ထိုအကြောင်းများကို အဘိုးအိုထင်းဖု ကြားသိသောအခါ အကူအညီ ပေးလေသည်။

အဘိုးအိုတိန်လျောင်အား ရွာမှ ထွက်ပြေးရန် တိုက်တွန်းသည်။ ထင်းထင်းအတွက် ကြိမ်ခြင်းတစ်လုံးရက်ကာ ပုန်းခိုင်းပြီး ကုန်ကူး ထွက်ဟန်ဆောင်ကာ ထွက်ပြေးခိုင်းသည်။

တိန်လျောင်တို့ ရွာမှထွက်သွားသည်မှာ နှစ်ရက်ကြာပြီဖြစ်သည်။ နောက်နှစ်ရက်ကြာလျှင် လွတ်မြောက်ရာရောက်မည် ဖြစ်သည်။

အဘိုးအို ထင်းဖုက တိန်လျောင်တို့သားအဖ လွတ်မြောက်စေရန် ဆုတောင်းလိုက်သည်။

ညဉ့်နက်လုပြီ ဖြစ်၍ အဘိုးအို အိပ်စက်ရန် ပြင်ဆင်လိုက်သည်။ ထိုစဉ်...

'အိမ်ရှင်တို့၊ အိမ်ရှင်တို့...'

ခေါ်သံနှင့် တံခါးခေါက်သံကို ကြားလိုက်ရသည်။ သူ၏အိမ် ကလေးသည် ရွာအစပ်တွင် ရှိသည်။ အဘိုးအို ထိတ်လန့်တကြား နားစွင့်လိုက်သည်။

'အင်း ငါ့မှာ အဖိုးတန်ပစ္စည်း ဘာမှမရှိပါဘူး။ လူဆိုးကြီးလဲ မလာဘူး။ ဘာမှမရှိလို့ အခုလာတာ ဘယ်သူပါလိမ့်'

အဘိုးအို စဉ်းစားနေလေသည်။

'အိမ်ရှင်တို့၊ အိမ်ရှင်တို့။ ကျွန်တော် ခရီးသွားတစ်ယောက်ပါ။ ရာသီဥတု ဆိုးရွားလို့ လမ်းပျောက်နေသူပါ။ တစ်ညတာ နားခွင့်ပြုပါ ခင်ဗျာ'

အပြင်မှ စကားသံကို ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးများအသံ မဟုတ်ပါ။ လူဆိုးများ ဖြစ်ပါက ထိုသို့ပြောမည်မဟုတ်ပါ။ ယခုအသံ ယဉ်ကျေးသိမ်မွေ့နေလေသည်။

အဘိုးအို တံခါးဖွင့်လိုက်သည်။ တံခါးပေါက်မှ နှင်းများ အိမ်ထဲသို့ ဝင်လာလေသည်။

အပြင်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

'အထဲ မြန်မြန်ဝင် လာ'

ပြောရင်း လမ်းဖယ်ပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

အပြင်ဘက်ကလူ ပြောရင်း အထဲဝင်လာလေသည်။

◆ ◇ ◆

အဘိုးအို မီးဖိုထဲ ထင်းထည့်လိုက်သည်။ မီးဖိုအနီး ထိုင်လိုက်ပြီး ဧည့်သည်ကို ကြည့်လိုက်သည်။ ဧည့်သည်မှာ လူငယ်လေးတစ်ယောက် ဖြစ်သည်။

သူ့အပေါ်အင်္ကျီမှာ နှင်းများဖြင့် စိုရွှဲနေလေသည်။

'လူလေး မင်းအပေါ်အင်္ကျီ ချွတ်ထားလိုက်ပါလား'

အဘိုးအိုထင်းဖုံ စကားကြောင့် လူငယ်လေး အပေါ်အင်္ကျီချွတ်ကာ မီးလင်းဖိုးနှာ ဒူးထောက်ထိုင်လိုက်သည်။

လူငယ်လေးမျက်နှာမှာ ခရီးပန်းလာ၍ နွမ်းနယ်ပုံ ရှိနေသည့်ပြင် ဆာလောင်နေဟန်လည်း ရှိသည်။

'လူလေး၊ ဘဘ မင်းကို ကျွေးမွေးချင်ပါတယ်။ ဒါပေမယ့် ဆန်ပြုတ်နဲ့ ပဲပြားကလွဲလို့ ဘာမှမရှိဘူးကွယ်'

အဘိုးအို ပြောရင်း ဆန်ပြုတ်နှင့်ပဲပြားကြော်ကို ယူပေးလိုက်သည်။ လူငယ်လေး အဘိုးအိုကို ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်ကာ...





'ကျေးဇူးတင်ပါတယ် ဘဘ၊ ကျွန်တော် တစ်နေ့လုံး ဘာမှမစားရလို့ အရမ်းဆာနေတာပါ။ ဘဘနဲ့တွေ့တာ ကျွန်တော် ကံကောင်းတယ်။ မဟုတ်ရင် တောထဲမှာ ဒုက္ခရောက်မှာပဲ'

ပြောရင်း ဆန်ပြုတ်ကို အားပါးတရ စားသောက်လိုက်သည်။ လူငယ်လေး စားနေသည်ကို အဘိုးအို အားရကျေနပ်စွာ ကြည့်နေသည်။

'ဘဘနာမည် ထင်းဖုံ၊ လူလေးနာမည် ဘယ်လိုခေါ်လဲ'

'ကျွန်တော့်နာမည် ဟိုကျူးပါ'

အဘိုးအိုသည် ဟိုကျူးကိုကြည့်ကာ ချစ်ခင်သွားလေသည်။

'လူလေးပြန်ရင် ဘဘ ခြင်းတောင်းတစ်လုံး လက်ဆောင်ပေးလိုက်မယ်'

'ဘဘက ခြင်းတောင်းရက်တာလား'

'ဟုတ်တယ်၊ ဘဘ ဒါလေးနဲ့ စားနေရတာပေါ့ကွယ်'

'ကျွန်တော့်ကြောင့် ဘဘ...'

'ဘာမှမတွေးနဲ့ လူလေး ရတယ်။ ဒါနဲ့ လူလေး ဘယ်ကလာတာလဲ။ မင်းစကားသံက မြေပြန့်ကနဲ့တူတယ် ဟုတ်လား'

'ကျွန်တော် ဒီအရပ်က မဟုတ်ပါဘူး ဘဘ၊ ကျွန်တော့်မှာ မိဘမရှိ၊ မောင်နှမမရှိ တစ်ကောင်ကြွက်ပါ ဘဘ'

'မင်း အသက် ဘယ်လောက်ရှိပြီလဲ'

'ဆယ့်ခြောက်နှစ်ပါ ဘဘ'

'မင်းမိဘတွေ ဆုံးသွားတာ ကြာပြီလား လူလေး'

'ကျွန်တော့်ဖေဖေက ကျွန်တော်မမွေးခင်က ဆုံးတာပါ။ ကျွန်တော့်အမေကတော့ ဆယ့်သုံးနှစ်သားရောက်မှ ကွယ်လွန်တာပါ။ မေမေဆုံးတော့ ဦးလေးလုပ်သူက ကျွန်တော်တို့ပစ္စည်းတွေသိမ်းပြီး ကျွန်တော့်ကို မောင်းထုတ်လိုက်တာပါ'

www.burmeseclassic.com



'မင်း ဒီရောက်လာတာ ဘာရည်ရွယ်ချက်မှ မရှိဘူးပေါ့'

'မဟုတ်ဘူး ဘဘ၊ အရှေ့ပင်လယ်က ကျွန်းတစ်ကျွန်းမှာ သိုင်းဆရာကြီးတစ်ယောက် ရှိတယ်ကြားလို့ သိုင်းပညာသင်ကြားဖို့ လာတာပါ'

'ဘာ မင်းက သိုင်းပညာသင်မလို့ ဟုတ်လား'

'ဟုတ်တယ် ဘဘ၊ သိုင်းပညာတတ်ရင် ဘယ်သူမှ အနိုင်မကျင့်ဘူး၊ မတရားမှုကို တားဆီးလို့ရတယ်၊ လူဆိုးတွေကို ဆုံးမလို့ရတယ်၊ ဒါကြောင့် တိုင်းပြည်အတွက်၊ လူမျိုးအတွက် တတ်ထားဖို့ လိုတယ်လေ'

'မင်းပြောတာ ဟုတ်တယ်၊ ဘဘ ဒီနားမှာ သိုင်းဆရာရှိတယ်လို့ တစ်ခါမှ မကြားဖူးပါလား'

'ဘာပဲဖြစ်ဖြစ် ဘဘရာ ကျွန်တော် တွေ့အောင်ရှာမှာပဲ'

'မင်းပြောတဲ့ ဆရာကြီး ရှာမတွေ့ရင် ဘယ်လိုလုပ်မလဲ'

'ကျွန်တော် တွေ့အောင်ရှာမှာပဲ'

'ကောင်းပြီလေ၊ မင်း သူနဲ့တွေ့ရင် ပညာသင်ရလိမ့်မယ်'

အဘိုးအို ပြောရင်း တောတန်းထဲမှ လူဆိုးမောက်ဖန်တို့လူစုကို မြင်ယောင်လာသည်။ အဘိုးအို သက်ပြင်းချလိုက်သည်။

'ဘဘ ကျွန်တော် တစ်ရေးလောက် အိပ်ပါရစေ၊ မိုးလင်းရင် ကျွန်တော် သွားမှာပါ'

လူငယ်လေးဟိုကျူး အိပ်ချင်၍ ပြောလာသောအခါမှ...

'ဟုတ်သားပဲကွယ်၊ ဘဘ မေ့သွားတယ်၊ မင်း အိပ်ချင်မှာပေါ့'

ပြောရင်း မီးဖိုနားမှထကာ ခေါင်းအုံးနှင့်စောင် သွားယူပေးလိုက်သည်။ မကြာပါ ဟိုကျူး အိပ်ပျော်သွားလေသည်။

○ ● ○

## အခန်း ( ၂ )

နေထွက်လာပြီ ဖြစ်သည်၊ အဘိုးအိုထင်းဖု နေအတော်မြင့်မှ နိုးလေသည်။

'နေတောင်မြင့်နေပြီ၊ ညှိုးသည်လူလေးကို အားနာဖို့ ကောင်းတယ်'

တွေးရင်း အိမ်ရှေ့သို့ ထွက်လာလေသည်။ အိမ်ရှေ့တွင် ဟိုကျူး အိပ်နေဆဲပင်၊ သူ ခြေဖော့နင်းကာ ခြင်းတောင်းများ သွားယူဟန် ပြင်လိုက်သည်။

ထိုစဉ်...

ဟိုကျူး နိုးလာလေသည်။

'လူလေး မင်းအိပ်ပျော်ရဲ့လား'

'ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် ခရီးပန်းလာလို့ အိပ်ပျော်သွားတယ်၊ ဘဘ ကျွန်တော် မျက်နှာသစ်ချင်တယ်'

'အိမ်နောက်ဘက်မှာ ရှိတယ်၊ လာ ဘဘ လိုက်ပြမယ်'

သူတို့နှစ်ယောက် နောက်ဘက်သို့သွားရန် ပြင်လိုက်သည်။

'ဒုန်း ဒုန်း'

'အဘိုးကြီး တံခါးဖွင့်စမ်း'

အပြင်ဘက်မှ အသံများကို ကြားလိုက်ရလေသည်။

www.burmeseclassic.com



ဟိုကျူး မျက်မှောင်ကြုတ်သွားသည်။ အဘိုးအို ထိတ်လန့်သွားလေသည်။ ကောင်းသောလူများ လာခြင်းမဟုတ်ကြောင်း အဘိုးအို သိလိုက်သည်။

အဘိုးအိုမျက်နှာ ဖြူရော်သွားလေသည်။

'ဒုက္ခပဲ'

'ဘာဘာ ဘာဖြစ်လို့လဲ'

'အပြင်မှာ ရောက်နေတာ လူဆိုးဗိုလ်ကြီး မောက်ဖန်တို့လေ။ သူတို့နဲ့တွေ့သူတိုင်း ဒုက္ခရောက်ကြတယ် လူလေး'

'လူဆိုးကြီး မောက်ဖန် ဟုတ်လား'

'ဟုတ်တယ်'

'ဒုန်း ဒုန်း'

'အဘိုးကြီး တံခါးဖွင့်၊ မဖွင့်ရင် တံခါးဖျက်ပြီး ဝင်လာမှာနော်'

'ဟိုကျူး လူလေး။ မင်း မြန်မြန်ပြေးတော့၊ မင်းကိုတွေ့ရင် ဒုက္ခပေးလိမ့်မယ်၊ မြန်မြန်ပြေး'

'ဘာဘာရော'

'ဘာဘာအတွက် မပူနဲ့'

'ဘာဘာကို ဒုက္ခပေးမှာပေါ့'

'သူတို့က ဘာဘာကို ဒုက္ခပေးမှာ မဟုတ်ဘူး။ မင်း မြန်မြန်သွားတော့'

ဟိုကျူး ထွက်မသွားဘဲ ရပ်နေသည်၊

ထိုစဉ်...

'ဝုန်း'

ကျယ်လောင်သောအသံနှင့်အတူ တံခါးပွင့်လာလေသည်၊ အိမ်ထဲသို့ လူသုံးယောက် ခုန်ဝင်လာလေသည်။

'အဘိုးကြီးက အဖော်ခေါ်ထားတယ်ပေါ့'

'ဆရာဖေ့ သူက ဧည့်သည်ပါ။ ကျုပ်က ဘာကြောင့် အဖော်ခေါ်ထားရမှာလဲ'





'တိတ်စမ်း။ စကားမရှည်နဲ့'

'ကျုပ်မှာ ဘာအပြစ်ရှိလို့လဲဗျာ'

'ဟား ဟား ဟား'

ဆရာဖေ့ ဆိုသူက ရယ်မောလိုက်သည်။ ဟိုကျူးအခြေအနေကို အကဲခတ်နေလေသည်။

'ဘာအပြစ်ရှိလို့လဲ ဟုတ်လား၊ တိန်လျောင်နဲ့သမီးထင်းထင်းကို ခင်ဗျား အကူအညီပေးလိုက်တယ် မဟုတ်လား။ ဆရာမောက်ဖန်ကို အရေးမလုပ်တာ မဟုတ်လား'

'ဟင်'

အဘိုးအိုထံမှ အံ့သြသွားလေသည်၊

'သူတို့ ထွက်ပြေးမယ်ဆိုတာ ကျုပ်တို့ သိပါတယ်၊ ခင်ဗျား ကြောင့် ကျုပ်တို့ ပင်ပန်းသွားတယ်ဗျ သိလား'

ပြောဆိုရင်း စားပွဲများကို ကန်ကျောက်ပစ်လေသည်၊ အဘိုးအို [illegible] မျက်နှာငယ်သွားလေသည်။

သူ့ အသက်မရှင်နိုင်ကြောင်း သဘောပေါက်လိုက်သည်။ ဟိုကျူး မလှုပ်မယှက် ရပ်နေလေသည်။

'ခင်ဗျား သူတို့ကို ထွက်ပြေးခိုင်းတယ် မဟုတ်လား။ အဘိုးကြီး ဆရာမောက်ဖန်ဆီ လိုက်ခဲ့၊ ခင်ဗျား သေဒဏ်ပေးခံရမှာပဲ'

'ကျုပ် ဒီလိုမလုပ်ပါဘူးဗျာ။ ကျုပ်တို့ ခွင့်လွှတ်ပါ'

'အဘိုးကြီး စကားမများနဲ့ အချိန်ကုန်တယ်၊ မြန်မြန်လာခဲ့'

ဆရာဖေ့ဘေးတွင် ရပ်နေသူနှစ်ယောက် ရှေ့တိုးလာလေသည်။ ဟိုကျူး မနေနိုင်တော့ပါ၊

'ရပ်လိုက်စမ်း'

သူ့အသံကြောင့် ဆရာဖေ့နှင့် လူနှစ်ယောက် လှည့်ကြည့်လိုက်သည်။

'မင်း ဘယ်သူလဲ၊ ဒီရွာက မဟုတ်ဘူး။ အဘိုးကြီးနဲ့ ဘာတော်လဲ'



www.burmeseclassic.com

www.burmeseclassic.com



ဆရာဖေ့ဆိုသူက မေးလိုက်သည်။ ဟိုကျူး တည်ကြည်သော မျက်နှာထားဖြင့်…

'ကျုပ်နာမည် ဟိုကျူး။ ဘဘကို ဒုက္ခမပေးဘဲ ထွက်သွားရင် ကောင်းမယ်'

'မင်း မဆိုးဘူး။ ငါတို့ကို အိမ်ပြင်ထွက်အောင် လုပ်နိုင်ရင် ငါတို့ ထွက်သွားမယ်'

'ခင်ဗျား တကယ်ပြောတာလား'

'တကယ်'

'ကောင်းပြီ'

ဟိုကျူး ရှေ့သို့ခုန်ထွက်ပြီး ဆရာဖေ့အား အဆက်မပြတ် တိုက်ခိုက်လိုက်သည်။ သူ၏လှုပ်ရှားမှုမှာ လျင်မြန်ဖျတ်လတ်သည်။

'ဝုန်း'

ဆရာဖေ့ရင်ဝသို့ ခြေကန်ချက် ထိမှန်သွားလေသည်။

'အား'

စူးရှကျယ်လောင်သောအသံနှင့်အတူ ပြတင်းဝမှ အပြင်သို့ ဆရာဖေ့ကိုယ် လွင့်စဉ်သွားလေသည်။

'ဟာ'

'ဟင်'

ကျန်လူနှစ်ယောက် မျက်လုံးပြူးသွားလေသည်။ အဘိုးအို အံ့သြသွားလေသည်။ ဟိုကျူး လက်နှစ်ဖက် နောက်ပစ်ကာ ရပ်နေသည်။ ဆက်လက်တိုက်ခိုက်ခြင်း မပြုပါ။

သို့သော်…

သူ့မျက်နှာ တင်းမာနေလေသည်။

'ခင်ဗျားတို့ မသွားကြသေးဘူးလား'

အေးစက်သော အသံဖြင့် ပြောလိုက်သည်။ ဆရာဖေ့လူနှစ်ယောက် နောက်သို့ဆုတ်ပြီး တံခါးပေါက်မှ ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။





အဘိုးအိုထင်းဖု မယုံကြည်နိုင်စွာ ဟိုကျူးကို ငေးကြည့်နေလေသည်။

သူ့ဘဝတစ်သက်တာတွင် မောက်ဖန်၏လူများကို ဆုံးမနိုင်သူ ပထမဆုံးအကြိမ် တွေ့မြင်ရခြင်း ဖြစ်သည်။

✦ ✧ ✦

'ဘဘ သူတို့ မလာရဲတော့ပါဘူး'

ဟိုကျူးအသံကြားမှ အဘိုးအို သတိဝင်လာလေသည်။ ဟိုကျူး အနီး ကပ်သွားပြီး…

'လူလေး မင်း မြန်မြန်ပြေးတော့'

'ဘဘ သူတို့ကို ဘာလို့ကြောက်ရမှာလဲ'

'မောက်ဖန်က သိုင်းပညာ အဆင့်မြင့်တယ် လူလေး။ မင်း အတွက် အန္တရာယ်များတယ်။ ဘဘစကား နားထောင်ပါ'

'ကျွန်တော်သွားရင် ဘဘရော'

'ဘဘက…'

'ဘဘလိုက်ခဲ့'

'မဖြစ်ဘူး။ ဘဘ အသက်ကြီးပြီ။ ဒီမှာမွေး၊ ဒီမှာ သေတာ မဆန်းဘူး'

'မဟုတ်ဘူး။ ဘဘကို သူတို့ မတရားညှဉ်းဆဲမှာ'

'ဘဘအတွက် မပူနဲ့၊ မင်းပြေးတော့။ မင်းသွားတော့ကွာ။ မင်း တော်တော်ဒုက္ခပေးတဲ့ကောင်ပဲ'

'ဘဘ ကျွန်တော် သူတို့ကို ဆုံးမပြီးမှ သွားမယ်'

ဟိုကျူး ခက်ထန်သောလေသံဖြင့် ပြောလိုက်သည်။

ထိုစဉ်…

'ဘယ်သူလဲကွ ငါ့ကိုဆုံးမပြီးမှသွားမှာ'

စကားသံ ထွက်လာခြင်းကြောင့် သူတို့ လှည့်ကြည့်လိုက်ရာ လူတစ်ယောက် တံခါးမှ ဝင်လာသည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ အံသက်လေးဆယ်ကျော် မီးခိုးရောင်အင်္ကျီကို ဝတ်ဆင်ထားသည်။ ထိုလူကိုမြင်သည်နှင့် အဘိုးအို မျက်နှာပျက်သွားလေသည်။

'ထင်းဖု အဘိုးကြီး။ ခင်ဗျား သိုင်းသမားတစ်ယောက် ခေါ်ထားတယ် ဟုတ်လား'

'မဟုတ်ပါဘူး ဆရာ၊ သူက ဧည့်သည်ပါ'

'တိတ်စမ်း'

မောက်ဖန် အဘိုးအိုကို အော်ဟစ်ပြီး ဟိုကျူးဘက်လှည့်ကာ...

'မင်းနာမည် ပြောစမ်း'

'ကျုပ်နာမည် သိချင်ရင် ခင်ဗျားနာမည် အရင်ပြောပါ'

'ဘာ'

ဟိုကျူးစကားကြောင့် မောက်ဖန် ဒေါပွသွားလေသည်။

'ဟား ဟား ဟား။ မင်းကို ငါသဘောကျသွားပြီ၊ ဖဲ့လီကို သုံးလလောက် အနားယူအောင် တိုက်ခိုက်နိုင်တယ်ဆိုတော့ မင်းမဆိုးဘူး။ ကဲ... အခုတော့ မင်းသတိထားပေတော့'

စကားအဆုံး ဟိုကျူးရင်ဝကို တိုက်ခိုက်လိုက်သည်။ ထင်းဖု ရင်ထိတ်သွားပြီး...

'လူလေး သတိထား'

ထိုအချိန်တွင် ဟိုကျူးခြေထောက် သူ့ဝမ်းဗိုက်သို့ ကန်ထည့်လိုက်သည်။

'ဝုန်း'

'အွန့်'

ကျယ်လောင်သောအသံများ ထွက်လာသည်။ ဟိုကျူးအား တိုက်ခိုက်သူ အိမ်အပြင်သို့ လွင့်စဉ်သွားလေသည်။

'ဟာ'

အဘိုးအိုထင်းဖု လွှတ်ခနဲ အော်လိုက်သည်။

ဟိုကျူး မလှုပ်မယှက် ရပ်နေသည်။

'ဟိုကျူး။ လူလေး မင်း... မင်း'





'ဘဘ ကျွန်တော့်အတွက် မပူနဲ့၊ သူတို့ သတ္တိရှိရင် ထပ်လာရင် ထပ်ဆုံးမပစ်မယ်'

'မင်း မကြောက်ဘူးပေါ့'

'ဘာကြောင့် ကြောက်ရမှာလဲ ဘဘရာ'

'ဘဘ ဝမ်းသာလိုက်တာ။ ဒီကောင်တွေကို ဆုံးမမယ့်လူ ရှိပြီ၊ ငါတို့ ကြောက်စရာ မလိုတော့ဘူး။ ရွာသားတွေကို သွားပြောမယ်၊ ဝမ်းသာလိုက်တာ'

'ဘဘ သွားပြော၊ ကျွန်တော် ဒီကောင်တွေကို နှိမ်နင်းပေးမယ်'

'မင်း အသက်ငယ်ငယ်လေးနဲ့ လူတော်လေးပဲ။ လာ မင်းပါလိုက်ခဲ့၊ တို့ သွားပြောမယ်'

အဘိုးအိုထင်းဖု ဟိုကျူးလက်ကိုဆွဲကာ ရွာထဲ ပြေးလာခဲ့လေသည်၊ နံနက်စာစားဖို့ကိစ္စ၊ ခြင်းတောင်းရောင်းဖို့ကိစ္စများ မေ့သွားလေသည်။

သူတို့မြေပေါ် ခြေချမိသည်နှင့် အိမ်ရှေ့တွင် ရွာသူရွာသားများကို တွေ့ရသည်။ လူဆိုးကြီးမောက်ဖန် လွှတ်လိုက်သောလူများ ရှုံးနိမ့်ကာ ထွက်ပြေးသွားကြသည့်သတင်း တစ်ရွာလုံး ပျံ့နှံ့သွားလေသည်။

ရွာသူရွာသားများ အဘိုးအိုအိမ်ရှေ့ စုရုံးရောက်ရှိလာလေသည်။ အဘိုးအိုကို တွေ့လျှင်...

'ခင်ဗျား ဘာလုပ်လိုက်တာလဲ'

ရွာသားတစ်ယောက်က မေးလိုက်သည်။

'ခင်ဗျား ကျုပ်တို့ရွာကို မီးလောင်မြေပြင်ဖြစ်အောင် လုပ်တာလား။ ခင်ဗျား ဒီရွာက ထွက်သွားတော့ဗျာ'

ကျန်တစ်ယောက်ကပါ ဒေါသတကြီး ဝင်ပြောလိုက်လေသည်။

○ ● ○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ရွာသားများ စကားကြောင့် ဟိုကျူး စိတ်ပျက်သွားသည်။ အဘိုးအိုထင်းဖုလည်း မျက်နှာပျက်သွားလေသည်။

အဘိုးအိုထင်းဖု သက်ပြင်းချရင်း လက်တစ်ဖက်မြှောက်ကာ...

'နေပါဦး ကျုပ်စကား နားထောင်ပါဦး။ ငါတို့တစ်တွေ လူဆိုးတွေကို ကြောက်စရာ မလိုတော့ဘူး။ ဟောဒီမိတ်ဆွေလေးကြောင့် လူဆိုးတွေ ထွက်ပြေးသွားတာပါ။ ဒီတော့...'

အဘိုးအို စကားမဆုံးပါ။ မြင်းခွာသံ ကြားလိုက်ရလေသည်။

'လူဆိုးကြီးဟော့ ပြေးကြ'

'သူလာရင် မလွယ်ဘူးဟော့'

ရွာသားများ တစ်ယောက်တစ်ပေါက်ပြောကာ ပြေးသွားကြလေသည်။ အဘိုးအိုထင်းဖုနှင့် ဟိုကျူး ရပ်နေလေသည်။ ရွာသူရွာသားများ ပျောက်သွားပြီး မြင်းစီးသမားများ ရောက်လာလေသည်။

'ဟား ဟား ဟား ဟား

ဟား ဟား ဟား ဟား'

ကျယ်လောင်သောရယ်မောသံနှင့်အတူ မြင်းစီးသမားငါးဆယ်ခန့် အဘိုးအိုထင်းဖုအိမ်ရှေ့ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အဘိုးအိုနှင့် ဟိုကျူးတို့ကို ဝိုင်းထားလေသည်။ အဘိုးအို ထင်းဖုမျက်နှာ သွေးပင် မရှိတော့ပါ။ ထိတ်လန့်တုန်လှုပ်သောအသံဖြင့်...

'ဟိုကျူး ဘာဘာတို့ ဘယ်လိုလုပ်မလဲ'

ဟိုကျူး အေးစက်သောလေသံဖြင့်...

'ဘာဘာ ကျွန်တော့်ကို မယုံဘူးလား'

'မင်း တကယ်ပြောတာလား'

'ဘာဘ် ကြည့်နေ'

ဟိုကျူး ဝိုင်းထားသော မြင်းစီးသမားများကိုကြည့်ပြီး...

'မောက်ဖန် ဘယ်မှာလဲ'

မောက်ဖန်ကို မည်သူမျှ နာမည်မခေါ်ဝံ့ပါ။ ဟိုကျူးလို လူငယ်လေးက အမည်ခေါ်သောကြောင့် သူတို့ ဒေါသထွက်သွားလေသည်။

လူကြီးတစ်ယောက် မြင်းပေါ်မှ ခုန်ဆင်းလာသည်။

'မင်း ငါတို့ဆရာကြီးကို စော်ကားတယ်ပေါ့။ သေဖို့သာပြင်ထား'

ပြောရင်း တိုက်ခိုက်လိုက်သည်။

'ဘာဘာ ဘေးဖယ်နေပါ'

ပြောရင်း ဟိုကျူး သတိကြီးစွာဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။ သူ၏တိုက်ခိုက်မှုမှာ မယုံကြည်နိုင်အောင်ပင် ပြင်းထန်သွက်လက် မြန်ဆန်လေသည်။

အခြေအနေ မကောင်းကြောင်း ရန်သူ သိသွားသည်။ သို့သော် သူ့အတွက် နောက်ကျသွားလေသည်။

'ဝုန်း'

'အား'

ခက်ရင်းခွနှင့်ထိုးသောရန်သူ ဟိုကျူး၏ခြေကန်ချက် ထိသွားလေသည်။





'ကျန်တဲ့လူတွေ ခင်ဗျားတို့ ထွက်သွားမလား။ ကျုပ် မောင်းထုတ်ရမလား ပြော'

ဟိုကျူး ပြောရင်း သူတို့အားလုံး တစ်ရတည်း တိုက်ခိုက်လာပါက မလွယ်ကြောင်း သိထား၏။ အဘိုးအိုထင်းဖုဘက်လှည့်ကာ...

'ဘာဘာ ဝေးဝေးသွားနေပါ'

အဘိုးအို ဟိုကျူးကို ကြည့်နေလေသည်။

'ဘာဘာ ဝေးဝေးသွားနေပါ'

အဘိုးအိုအား အဝေးသို့ တွန်းပို့ရန် ပြင်လိုက်သည်။

ထိုစဉ်...

မြင်းခွာသံနှင့် မြင်းလှည်းဘီးလိမ့်သံကို ကြားလိုက်ရလေသည်။ ဟိုကျူး လှမ်းကြည့်လိုက်သောအခါ မြင်းလှည်းတစ်စီး ဒုန်းစိုင်းလာနေသည်ကို တွေ့ရသည်။

မြင်းလှည်းပေါ်တွင် ရွှေဝါရောင်ဝတ် အဘိုးအိုနှစ်ယောက်ကို တွေ့ရသည်။ သူတို့ရောက်လာလျှင် ဟိုကျူးအားတိုက်ခိုက်နေသူများ ဝမ်းသာသွားလေသည်။

'ဆရာဟန်တို့ညီအစ်ကို လာပြီဟေ့'

ထိုလူကြီးများသည် မောက်ဖန်၏လက်ရုံးများ ဖြစ်ကြသည်။

ပြည်မတွင် မကောင်းမှုများ၍ အဖြူရောင်သိုင်းသမားများ တိုက်ခိုက်သောကြောင့် ပင်လယ်ကမ်းရိုးတန်းသို့ ထွက်ပြေးလာသူများ ဖြစ်သည်။ အလွန်ဆိုးသွမ်းရက်စက်ပြီး ယှဉ်နိုင်သူမရှိသလောက် သိုင်းပညာ ထက်မြက်လေသည်။

မြင်းလှည်းပေါ်မှ ခြင်းတောင်းတစ်လုံး ထွက်ကျလာလေသည်။ အဘိုးအိုထင်းဖု ရင်ထိတ်သွားလေသည်။

ထင်းထင်းတို့သားအဖ မည်သို့ရှိမည်ကို တွေးမနေတော့ပါ။ ခြင်းတောင်းတစ်ခုလုံး သွေးများ ပေကျံနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘဘ ဘာဖြစ်လို့လဲ'

'ခြင်းတောင်းထဲမှာလူ'

ဟိုကျူး လှုပ်ရှားလိုက်သည်၊ ခြင်းတောင်း ပွင့်သွားပြီး အထဲမှ လူတစ်ယောက် အပြင်ထွက်လာလေသည်၊

'ဟင် တိန်လျှောင်'

အဘိုးအိုထင်းဖု လျှင်မြန်စွာ ပြေးမွေ့လိုက်သည်၊

'တိန်လျှောင်'

'ထင်းဖု ငါမလွတ်ဘူး ငါ့သမီးလေး...'

ပြောရင်း အသက်ထွက်သွားလေသည်၊

'တိန်လျှောင်...တိန်လျှောင်'

ထင်းဖု မျက်ရည်များပင် ကျလာလေသည်။

'ဟား ဟား ဟား ဟား'

'ထင်းထင်း ဘယ်မှာလဲ သိချင်လား၊ မောက်ဖန် ရင်ခွင်ထဲ ရောက်နေပြီလေ'

ပြောရင်း ရယ်မောကြလေသည်။ အဘိုးအိုထင်းဖု မီးဝင်းဝင်း တောက်သောမျက်လုံးဖြင့် ကြည့်လိုက်သည်။

✦ ✧ ✦

အဘိုးအိုဒေါသ တားဆီး၍ မရတော့ပါ၊

'လူယုတ်မာတွေ သေပေတော့'

ပြောရင်း အဘိုးအို ညီနောင်နှစ်ယောက်ထံ ပြေးဝင်သွားလေသည်၊ ဟိုကျူး ထိတ်လန့်သွားပြီး...

'ဘဘ မသွားနဲ့'

သို့သော် နောက်ကျသွားလေသည်၊

'ဝုန်း'

ဘဘထင်းဖု လွင့်စဉ်သွားလေသည်၊





ဟိုကျူး ပြေးမွေ့ပြီး...

'ဘဘ သတိထား၊ ကျွန်တော် ဆုံးမပေးမယ် ဘဘကြည့်နေ'

'ဟိုကျူး သူတို့ကို ဘဘကိုယ်စား ဆုံးမပေးပါ။ မိတ်ဆွေလဲ သေပြီ၊ မိတ်ဆွေသမီးလဲ ဖျက်ဆီးခံရပြီ'

'မင်းနာမည် ဟိုကျူးလား'

'မောက်ဖန်ကို ခေါ်ပေး။ ခင်ဗျားတို့ကို ဒုက္ခမပေးချင်ဘူး'

'မင်း ငါတို့ညီအစ်ကိုကို တိုက်နိုင်ရင် တို့ဆရာကြီးကို တွေ့ခွင့်ရမှာပေါ့'

'ကောင်းပြီ'

ပြောရင်း တိုက်ခိုက်ကြလေသည်။ ဟိုကျူး မပေါ့ဆရဲပါ။ သူတို့နှစ်ယောက် လက်ဝါးချင်း ပူးကပ်သွားသည်။

'ဝုန်း'

ဟိုကျူး ခြေတစ်လှမ်း ဆုတ်ရသည်။ သိုင်းသမားညီနောင်မှာလည်း ခြေလှမ်းသုံးလှမ်း ဆုတ်သွားရသည်။

'မင်း မဆိုးဘူး။ ဒီတစ်ခါကြည့်ဦး'

'ညီလေး သူ့ကို အသေမသတ်နဲ့နော်။ ဆရာကြီးဆီ ခေါ်သွားရမှာ'

'စိတ်ချပါ အစ်ကိုကြီး၊ အရှင်ဖမ်းမှာပါ'

ပြောရင်း ဓားပျော့ဖြင့် ဖော့ယမ်းတိုက်ခိုက်လိုက်သည်၊ ဟိုကျူး မြန်လည်တိုက်ခိုက်သည်။

'အား'

ဟိုကျူးကိုယ်ကို ဓားတစ်ချက် ထိသွားသည်။ ဟိုကျူး အရေးမလုပ်ပါ။ ဟန်တကို သဲမဲစွာ တိုက်ခိုက်လိုက်သည်။ သိုင်းကွက်ခြောက်ကွက် ရောက်သောအခါ...

'ဝုန်း'



www.burmeseclassic.com

www.burmeseclassic.com



'အား'

အဘိုးအိုဟန်တ အော်သံနှင့်အတူ ဓားမြှောလက်မှ လွတ်ကျကာ လွင့်စဉ်သွားလေသည်။

'မင်းတို့ အစ်ကိုကြီးကို ခေါ်သွား၊ ငါ ဒီကောင်ကို ဆုံးမမယ်'

ပြောရင်း ဟိုကျူးဘက် လှည့်လိုက်သည်။

'မင်း အသက်ငယ်ပေမယ့် ပညာ မဆိုးဘူး၊ မင်းဆရာ ဘယ်သူလဲ ပြောစမ်း'

'ကျုပ်မှာ မြင်းဆရာတွေ အများကြီးပဲ၊ စောစောက ခင်ဗျား အစ်ကိုတိုက်ကွက်တောင် ကျုပ်တတ်သွားပြီ'

'ဘာပြောတယ်'

ဟိုကျူး ဓားမြှောကို ကောက်ယူလိုက်သည်၊ တစ်ဆက်တည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

'ရှမ်း'

'အား'

စူးရှသောအော်သံနှင့်အတူ ဟန်ယု နောက်ဆုတ်သွားလေသည်။ ဟိုကျူးကို ထိတ်လန့်စွာ ကြည့်လိုက်သည်။

'ခွေးကောင်လေး မင်း ဘယ်လောက်တော်လဲ ကြည့်ရမယ်'

ပြောရင်း အိတ်ထဲမှ ဓားပါးကလေးဖြင့် ခုန်ဝင်တိုက်ခိုက်လိုက်သည်။

'ချွမ်း ချွမ်း'

ဟိုကျူး ဓားမြှောကို ဇော့ယမ်းခုခံလိုက်သည်၊ ဟန်ယု မလွှ... တော့ပါ။ ထို့ကြောင့် အိတ်ထဲမှ ဓားတစ်ချောင်းနုတ်ယူကာ ပစ်... လိုက်သည်။

'အား'

ဟိုကျူး ဝမ်းဗိုက်ကို စိုက်ဝင်သွားသည်။ သို့သော်...





ဟိုကျူး ခြေတစ်ဖက်မြှောက်တက်ကာ ဟန်ယုရင်ဝသို့ ထိမိသွားလေသည်။

'အား'

'ဝုန်း'

ဟန်ယု လဲကျသွားလေသည်။

ဟိုကျူး ဝမ်းသာအားရ ရယ်မောလိုက်လေသည်၊ ဖမ်းဗိုက်မှ ဓားကို ဆွဲနုတ်ပြီး...

'ဘယ်သူယှဉ်မလဲ၊ လာလေ'

မည်သူမျှ လှုပ်ရှားခြင်း မရှိကြပါ။

'မင်းတို့လူတွေခေါ်ပြီး သွားကြတော့လေ၊ ဘာလုပ်နေကြတာလဲ'

ဟိုကျူးစကားကြားမှ သူတို့ ဟန်တတို့ညီအစ်ကိုကို မွေ့ကာ ထွက်ခွာသွားကြလေသည်။

ထိုစဉ်...

'ဘယ်သူမှ ထွက်မပြေးနဲ့'

အသံဝါကြီးနှင့်အတူ လူဘီလူးကြီးတစ်ယောက် ရောက်လာလေသည်။

'ဒုက္ခပဲ ဟိုကျူး၊ မောက်ဖန်ဆိုတာ သူပဲ'

'မင်းတို့ ရန်သူကို မတိုက်ဘဲ ဘာကြောင့် လှည့်ပြန်တာလဲ။ ငါ ဒေါသထွက်လာရင် မင်းတို့ မလွယ်ဘူးနော်'

ပြောရင်း ဟိုကျူးဘက်လှည့်ကာ...

'မင်းက ငါနဲ့ရင်ဆိုင်ဖို့ ရောက်လာတာလား'

'ဟုတ်တယ်'

'မင်း ငါ့အဖွဲ့ထဲ ဝင်လေ။ မင်းကို ရာထူးကြီးကြီး ပေးမယ်'

'မဝင်ဘူး'

ထိုအခါ ထင်းမှ စိုးရိမ်တကြီးဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



'ဟိုကျူး လူလေး ပြေးတော့'

သို့သော် ဟိုကျူး မပြေးပါ။

'မင်း ငါ့လက်ဝါးရိုက်ချက်သုံးချက် ရှောင်တိမ်းနိုင်ရင် ငါ အသက်ချမ်းသာပေးမယ်'

ဟိုကျူးတစ်ကိုယ်လုံး ဒဏ်ရာများ ရရှိထားပြီ ဖြစ်သည်။ သို့သော် မှောက်ဖန်ကို အနိုင်တိုက်ပြီး သေရင်လည်း သေပျော်သည့် ရွာကလေး အေးချမ်းမည် ဖြစ်သည်။

ထို့ကြောင့်...

ဟိုကျူး အံကြိတ်ကာ ဆုံးဖြတ်လိုက်သည်။

○ ● ○



## အခန်း (၄)

ဟိုကျူး အသက်ချင်းလဲတိုက်ရန် ဆုံးဖြတ်ပြီးသည်နှင့်...

'ကဲ...ခင်ဗျားပြောတာ ကျွန်တော် သဘောတူတယ်'

'ချာတိတ်လေး သတိထားပေတော့။ ဒီတစ်ချက်က တောင်ဖြို လက်ဝါးပဲ'

စကားဆုံးသည်နှင့် အတွင်းအား စုစည်းကာ တိုက်ခိုက်လိုက်သည်။ ပြင်းထန်သောအင်အားလှိုင်းတစ်ခု တိုးဝင်လာကြောင်း ဟိုကျူး ခံစားမိလေသည်။

ထို့ကြောင့်...

ကိုယ်ခန္ဓာကို ကျုံ့ထားလိုက်ပြီး လက်ဝါးနှစ်ဖက်ကို လက်အုပ်ချီ ပုံစံဖြင့် ခုခံလိုက်သည်။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာလေသည်။ ဟိုကျူး နောက်ဆုတ်လိုက်သည်။ လက်တစ်ဖက်က ဝမ်းဗိုက်မှဒဏ်ရာ ကို အုပ်ထားသည်။

မှောက်ဖန် မျက်မှောင်ကြုတ်လိုက်သည်။ သူ၏လက်ဝါးထိသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ကိုယ်လုံး အရိုးများ ကျိုးသွားနိုင်သည်။ ယခု မောက်ဖန် အုံ့ဩသွားလေသည်၊ ဟိုကျူး ဘာမှ မဖြစ်ပါ။

'မင်း မဆိုးဘူး။ ငါ့ရဲ့ ဒုတိယလက်ဝါးကို ခုခံကြည့်ပါဦး'

ပြောရင်း တိုက်ခိုက်လိုက်သည်၊ ဟိုကျူး ငြိမ်မနေတော့ပါ။ ကိုယ်ကို လေထဲဝဲပြီး ခြေကန်ချက်ဆက်တိုက်ကန်ကျောက်လိုက်သည်။

မောက်ဖန်လည်း ရှောင်တိမ်းရင်း ရိုက်ချလိုက်သည်။

'ဝုန်း'

'အွန့်'

ဟိုကျူး ကျွမ်းပစ်ကာ မြေပေါ် ပြန်ကျလာသည်။ သူ့တစ်ကိုယ်လုံး တုန်ယင်နေလေသည်။

'နှစ်ကွက်တောင် မင်း ခံနိုင်သားပဲကွ'

ဟိုကျူး သူ့ကိုယ်သူ မဟာန်နိုင်မှန်း သိလိုက်သည်၊ မောက်ဖန်ပညာ သူ့ထက်မြင့်ကြောင်း သိလိုက်သည်။

သို့သော်...

သူ အလျှော့ပေးမည် မဟုတ်ပါ။

'မင်း မဆိုးဘူး။ မင်းက ငါ့လက်အောက် မဝင်တော့လဲ မတတ်နိုင်ဘူးလေ၊ ဒီတစ်ကွက် ခံကြည့်ဦး'

'ဝုန်း'

'ဝေါ'

ဟိုကျူး သွေးများ ပါးစပ်မှ အန်ကျလာကာ မြေပေါ် လဲကျသွားလေသည်။

'တို့နိုင်ပြီကွ'

မောက်ဖန်တပည့်များ ဝိုင်းအော်ကြလေသည်၊ အဘိုးအိုထင်းရှူးပင် မြေပေါ် လဲကျသွားလေသည်။

'ဟန်တ မင်း သူတို့နှစ်ယောက်ကို ပင်လယ်ထဲ မျှောလိုက်တော့'





မောက်ဖန် ဟန်တအဘိုးအိုကို အမိန့်ပေးလိုက်သည်။

ပင်လယ်ထဲမျှောခြင်းမှာ လှေကိုအပေါက်သေးသေးဖောက်ကာ အစာရေစာမဲ့မျှောခြင်း ဖြစ်သည်။

အဘိုးအိုထင်းရှူးနှင့် ဟိုကျူးအား ကြိုးတုပ်ဆွဲခေါ်သွားလေသည်။

ပင်လယ်သဲသောင်ပြင်တွင် ရွာသားများ မျက်နှာမသာမယာဖြင့် ကြည့်နေကြသည်၊ ဟန်တ ရွာသားများဘက်လှည့်ကာ...

'မင်းတို့ ဒီမှာ ကြည့်စမ်း၊ ဆရာကြီးကို အာခံရင် ဒီလိုပဲဖြစ်မယ် သိလား'

ရွာသားများ ငြိမ်သက်နေကြသည်။

'ကဲဟေ့ သူတို့ကို လှေထဲထည့်မျှောလိုက်တော့'

လှေကို ရေထဲချလိုက်သည်နှင့် လှေမှာ ရေစီးနှင့်အတူ မျှောသွားလေသည်။

လှေတွင် အမိုးမရှိပါ။ လှေထဲတွင် အဘိုးအိုထင်းရှူးနှင့် ဟိုကျူးတို့ ရှိနေကြသည်။ သူတို့နှစ်ယောက်စလုံး ပြင်းထန်သော ဒဏ်ရာများ ရထားသည်။

လှေဝမ်းထဲတွင် အပေါက်ဖောက်ထားသောကြောင့် ရေများ တစိမ့်စိမ့်ဝင်နေလေသည်။ ဆားငန်ရေများ ဖြစ်သောကြောင့် ဒဏ်ရာမှ အနာများ မခံမရပ်နိုင်အောင် နာကျင်လာလေသည်။

ဟိုကျူး သတိလစ်သွားလေသည်၊ ဟိုကျူး မျက်နှာပေါ် စူးရှသောအလင်းရောင်နှင့် အပူဒဏ်ကြောင့် ပြန်လည်သတိရလာပြန်သည်၊

သူ့ဘဝကို ပြန်လည်တွေးတောနေလေသည်။

ဟိုကျူး အခန်းထောင့်တွင် ပြင်ထားသောအခေါင်းစင်ရှေ့တွင် ဒူးထောက်ငိုကြွေးနေလေသည်၊ မျက်လုံးများ နီရဲမို့အစ်နေလေသည်၊ အသံလည်း ဝင်နေလေသည်၊

သူ့တွင် ဖခင်မရှိ၊ ယခု အမေကွယ်လွန်သွားပြီ ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝ အားကိုးရာမဲ့လေသည်။ ဟိုကျူးဘဝ အဆင်ပြေစေရန် စီးပွားရှာခဲ့သည်၊ ချမ်းသာပြည့်စုံခဲ့သည်၊ ယခု မိခင်ဆုံးတော့ ချမ်းသာကြွယ်ဝသမျှ မိခင်ကျူးယုံ၏မောင် ကျူးခုံက အိမ်ရောက်လာပြီး ပိုင်ဆိုင်သမျှယူကာ ဟိုကျူးအား မိခင်အား လွမ်းဆွေးနေရုံနဲ့မပြီး ပညာဆည်းပူးရန် တခြားမြို့ရွာသို့သွားရောက်ရန် စေလွှတ်လိုက်လေသည်။

ဟိုကျူးသည် ဦးလေးဖြစ်သူ အကောင်းစီစဉ်သည်ထင်၍ သဘောတူကာ ထွက်လာခဲ့လေသည်။

ကြယ်တံခွန်အာမခံပိုင်ရှင်မှာ ကျန်းထင်းရှမ်းဆိုသူ ဖြစ်သည်။ ဦးစီးမှူး ပီသစွာ အတွေ့အကြုံများပြီး တပည့်လက်သားကောင်းများ မွေးထုတ်နိုင်သည်။

သူတို့ မြင်းလှည်းလေးစီးဖြင့် ခရီးထွက်လာကြသည်။ ပထမ၊ ဒုတိယ၊ တတိယလှည်းများတွင် ကြယ်တံခွန်အာမခံဌာန အမှတ်တံဆိပ်များ၊ အလံများဖြင့်ရှိပြီး နောက်ဆုံးလှည်းများ မည်သည့်အမှတ်တံဆိပ်မှ မရှိပါ။

မြင်းလှည်းတံခါး ပိတ်ထားသည်၊ မကြာပါ သူတို့မြင်းလှည်းများ တောအုပ်တစ်ခုသို့ ရောက်လာသည်။ သူတို့ ခဏနားကြသည်။ အစောင့်များ ဝမ်းသာသွားကြလေသည်၊ ကျန်းထင်းရှန်း အစားအသောက် စားသောက်ရန် အမိန့်ပေးလိုက်သည်။

ကျန်းထင်းရှန်း တပည့်ဖြစ်သူ လီဖူ၊ ဟာစုတို့ခေါ်ကာ တောအုပ်ထဲ ဝင်လာသည်။

'တို့ အခုသွားရမယ့်ခရီးကို မင်းတို့ ဘယ်လိုသဘောရလဲ'

'ဒီတောအုပ်အလွန် တောင်ကြားမှာ လူဆိုးဓားပြတွေ ရှိတယ်လို့ သတင်းရထားပါတယ်'

'ဟုတ်တယ်၊ သူတို့ခေါင်းဆောင်က ချန်းမုလို့ခေါ်တယ်'

'ဗျာ'

'ကျာရှိုင်းချန်းမု ဟုတ်လား'

သူတို့နှစ်ယောက် အလန့်တကြား ဖြစ်သွားလေသည်။

ကျန်းထင်းရှန်း တည်ကြည်သောမျက်နှာနှင့်...

'ချန်းမုဟာ ရက်စက်ကြမ်းကြုတ်တဲ့နေရာမှာ ထိပ်ပဲ။ သူနဲ့တွေ့ရင် ဒုက္ခရောက်ကြတယ်။ ဒီတော့ မင်းတို့ ဘယ်လိုသဘောရလဲ။ တွေ့ရှောင်သွားမလား၊ တောင်ကြားထဲကပဲ သွားမလား'

လီဖုနှင့်ဟာစုတို့ တွေဝေသွားလေသည်။

✦ ✧ ✦

သူတို့ တောင်ကြားကို ကွေ့ပတ်သွားပါက အန္တရာယ် ကင်းနိုင်သည်၊ သို့သော်...

ကြယ်တံခွန် အာမခံဌာန သိက္ခာကျမည်။ ရန်သူကို ရှောင်ပြေးသည့်သတင်း ပေါက်ကြားသွားပါက ငှားရမ်းအသုံးပြုမည့်သူ မရှိတော့ပါ။ သူတို့ အာမခံဌာန ဂုဏ်သိက္ခာကို အသက်နှင့်လဲ စောင့်ရှောက်မည့်သူများ ဖြစ်ကြသည်။

ထို့ကြောင့်...

'ကျွန်တော်တို့ တောင်ကြားကို ဖြတ်သွားမယ် ဦးစီးမှူး'

ကျန်းထင်းရှန်း သဘောတူသွားသည်။

'ကောင်းတယ်။ ဒါပေမယ့် ပြဿနာတစ်ခု ကျန်သေးတယ်'

'နောက်ဆုံးလှည်းကိုပြောတာလား ဦးစီးမှူး'

'ဟုတ်တယ်'

'ဒီကောင်လေးက ချန်အန်းကို ပညာတော်သင်ဖို့ လိုက်လာတာ ဟုတ်လား'

'ဟုတ်တယ်။ အဲဒီအတွက် ငါးသောင်းရတယ်လေ'

'ဗျာ...'

လီဖုတို့ အံ့ဩသွားသည်။







www.burmeseclassic.com

www.burmeseclassic.com



'သူ့ဦးလေးက လာအပ်သွားတာ။ သူ့အဖေက အရမ်းချမ်းသာတော့ သူလေးက အမွေများများ ရှိတာပေါ့'

ဟာစုက ဝင်ပြောလိုက်သည်။

'အစက ငါလဲ ဒီလိုပဲ ထင်တယ်။ နောက်မှ မဟုတ်မှန်း သိတယ်။ သူ့ဦးလေးက အပိုင်စီးပြီး သူ့ကို နှင်ထုတ်လိုက်တာကွ'

ကျန်းထင်းရှန်း အကြောင်းစုံ ပြောပြလိုက်လေသည်။

'အတ္တရာယ်များတဲ့လမ်းမှာ ကောင်လေးကို သေစေချင်တာပေါ့ ကျွန်တော်တို့ကို အထင်သေး... ဆရာ။ စိတ်ချ ကျွန်တော်တို့အသက်နဲ့လဲပြီး ဒီကလေးကို စောင့်ရှောက်မယ်'

'တို့ ချန်အန်းကို ချောချောမောမော ရောက်ပါစေ ဆုတောင်း... နောက်မှ ဒီကလေးကိစ္စ ဖြေရှင်းပေးရမယ်'

ကျန်းထင်းရှန်း မတရားမှုကို မကြိုက်ပါ။ မတရားမှုတွေ့ပါက ဖြေရှင်းပေးတတ်သူ ဖြစ်သည်။

'ကျူးခုံကိုတော့ ကောင်းကောင်း ဆုံးမရမယ် ဦးစီးမှူး'

'ဟုတ်တယ် လီဖု'

'ပြောပါ ဦးစီးမှူး'

'ကလေးအခြေအနေ သွားကြည့်၊ မြင်းလှည်းသမားကိုပါကြည့်... သူ့ကို ဘယ်လိုလုပ်ရမယ်ဆိုတာ နည်းလမ်း ယူလာခဲ့ ကြားလား'

'ဟုတ်ကဲ့ ဦးစီးမှူး'

ပြောပြီး လီဖု ထွက်သွားသည်။

'ဟာစု'

'အမိန့်ရှိပါခင်ဗျာ'

'မင်း တောင်ကြားဘက်သွား၊ သိပ်အတင့်မရဲနဲ့ ကြားလား'

'စိတ်ချပါခင်ဗျာ'

ဟာစု ချက်ချင်း ထွက်သွားလေသည်။

○ ● ○



# အခန်း (၅)

လီဖု ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ကြယ်တံခွန်အာမခံဌာနသားများ အနားယူနေကြသည်။ မြင်းလှည်းသုံးစီး သစ်ပင်နိုးတွင် ရပ်ထားသည်။ မြင်းလှည်းမောင်းသမားများ မြင်းလှည်းပေါ်က မဆင်းပါ။

နောက်ဆုံးလှည်းမှာ တောစပ်တွင် ရပ်ထားသည်။ မြင်းလှည်းသမား အောက်ဆင်းရပ်နေသည်။ ကလေးအရိပ်အယောင် မတွေ့ရပါ။

လီဖု မြင်းလှည်းနား လျှောက်သွားသည်။ မြင်းလှည်းသမား မျက်မှောင်ကြုတ်သွားသည်။

'ဘာကိစ္စလဲ'

'ဘာမှမဟုတ်ပါဘူး။ မိတ်ဆွေတို့ကို လာကြည့်တာပါ။ ပင်ပန်းနေလား'

'ဒီလောက်ပင်ပန်းတာ ခံနိုင်ပါတယ်။ ကျုပ်ကိုလာပြီး အနှောင့်အယှက် မပေးပါနဲ့'

'ကျုပ် နှောင့်ယှက်တာ မဟုတ်ဘူး။ ခင်ဗျား ခံနိုင်ပေမယ့် အထဲက ကလေးက ခံနိုင်မလား။ အောက်ဆင်းခိုင်းပြီး နားပါစေလား။ သူ ဘာမှမစားမသောက်တော့ဘူးလား'



www.burmeseclassic.com

မြင်းလှည်းသမား စားသောက်နေသည့် အစားအစာများကို မြင်းလှည်းဆားတွင် တွေ့ရသည်။

'ခင်ဗျားတို့ အဖိုတွေ သိပ်လုပ်တယ်။ ခင်ဗျားတို့တာဝန်က ကျုပ်တို့ကို စောင့်ရှောက်ခေါ်သွားဖို့ပဲ မဟုတ်လား'

'ခင်ဗျား ကိုယ်ချင်းစာနာစိတ် မရှိဘူးလားဗျ'

'ခင်ဗျား ထွက်သွားစမ်း'

'ကျုပ်က ကလေးအတွက် အကောင်းပြောတာ။ ကျုပ်မသွားရင်...'

'ကောင်းပြီ'

မြင်းလှည်းသမား လက်တစ်ဖက် လှုပ်ရှားလိုက်သည်။ သူ့လက်ထဲ ဓားရောက်လာသည်။ လီဖူ နောက်ဆုတ်လိုက်သည်။

'ဒေါသမကြီးပါနဲ့ဗျာ၊ သွားဆိုလဲ သွားမှာပါ'

ပြောရင်း လီဖူ ချာခနဲ ပြေးထွက်သွားလေသည်။

ထိုအချိန်တွင် တောင်ကြားထဲရှိ ဂူတစ်ခုတွင် ချန်းမှ နေထိုင်သည်။ ချန်းမှသည် ချောမောခန့်ညားသူတစ်ဦး ဖြစ်သည်။ သူကြွယ်တစ်ယောက်ပမာ သန့်ပြန့်ခန့်ညားသူ ဖြစ်သည်။

ရက်စက်ကြမ်းကြုတ်သော လူဆိုးဓားပြများပင် ချန်းမှုကို ကြောက်ရွံ့ကြသည်။ သူ ကျောက်ဂူထဲတွင် အရက်သောက်နေသည်။ ထိုစဉ် ငယ်သားတစ်ယောက် ရောက်ရှိလာပြီး...

'အပြင်မှာ ဧည့်သည်တစ်ယောက် တွေ့ခွင့်တောင်းနေပါတယ်'

'ဘယ်သူလဲ'

'သူဌေးကြီး ကျူးခုံပါ'

'လူရှုပ်လူပွေ ကျူးခုံ မဟုတ်လား'

'ဟုတ်ပါတယ်'

'သူပျောက်နေတာ ကြာပြီ။ အခု ဘယ်သူ့ကို ဒုက္ခပေး လာတာလဲမသိဘူး'





'ဆရာ သူက ညီမပိုင်ပစ္စည်းတွေ အပိုင်စီးပြီး ချမ်းသာနေတယ်'

'ဪ... သူ ဘာကိစ္စ ကျုပ်ကို တွေ့ချင်တာလဲ။ မြွေခွေးလို စောက်ကျစ်စဉ်းလဲတဲ့လူနဲ့ မတွေ့ချင်ဘူး'

'သူက အလုပ်တစ်ခု လာအပ်တာပါ'

'အလုပ်တစ်ခု ဟုတ်လား'

'ဟုတ်တယ်၊ သုံးသိန်းလောက် ရမယ်တဲ့'

'ကောင်းပြီ၊ ခေါ်လိုက် သိရတာပေါ့'

လုချင်း ဦးညွှတ်ထွက်သွားလေသည်။ မကြာပါဘူး ကျူးခုံ ပြုံးရွှင်သောမျက်နှာဖြင့် ဝင်လာလေသည်။

'ချန်းမှုကို တွေ့ရတာ ဝမ်းသာပါတယ်'

'ဘာကိစ္စနဲ့လာတာလဲ ပြောပါ'

'ကျုပ်တို့နှစ်ယောက် အကျိုးရှိမယ့်ကိစ္စပါ'

'ပြော'

'လူတစ်ယောက်ကို သတ်ပေးပါ။ ငွေငါးသိန်း ပေးမယ်'

'ငါးသိန်း ဟုတ်လား'

'ဟုတ်တယ်၊ ဘာလဲ နည်းလို့လား'

'မနည်းဘူး။ ဒီကိစ္စများ ဘာကြောင့် ကျုပ်ကိုနိုင်းရတာလဲ'

'အခြေအနေကြောင့်ပါ။ ကြယ်တံခွန်အာမခံလှည်းနဲ့ ပါလာတယ်။ ချန်းမှုတို့ ဒီလှည်းတွေကို တိုက်ခိုက်မယ် မဟုတ်လား။ ကျုပ် တမင်ထည့်ပေးလိုက်တယ်လေ'

'ကျုပ် ကြယ်တံခွန်အာမခံဌာနကို လုယက်ဖို့ အစီအစဉ်မရှိဘူး'

'တကယ်ပြောတာလား'

'မရှိဘူး။ ဒါပေမယ့် ဟိုကျူးကို သတ်ဖို့တော့ ကျုပ်တပည့်တွေကို လွှတ်လိုက်ရတယ်'

'ဒီလိုမရဘူး'

'ဘာကြောင့်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'လီဖုတို့၊ ဟာစုတို့လဲ ပါလာတယ်။ မင်းလူတွေနဲ့ မဖြစ်ဘူး'

'ခင်ဗျား ကျုပ်ကို ချောက်တွန်းနေတာလား'

'မဟုတ်ပါဘူး'

'ဒါဆို ခင်ဗျား ဘယ်လိုဖြစ်စေချင်လဲ'

'ကြယ်တံခွန်အာမခံဌာနရော၊ ဟိုကျူးပါ မရှိစေချင်ဘူး'

ချန်းမှ စဉ်းစားနေလေသည်။ သူ ယခုနှစ်တွင် လုယက်မှု တစ်ခါမှ မလုပ်ပါ။ ကြယ်တံခွန်အာမခံဌာနကိုလည်း တိုက်ခိုက်ဖို့ အစီအစဉ် မရှိပါ။ သို့သော်...

သူ့ငယ်သားများ ငွေလိုနေကြသည်။

'ကောင်းပြီလေ၊ ကျုပ် လက်ခံတယ်'

'ဟိုကျူး မလွတ်စေနဲ့'

'ဟိုကျူးဆိုတာ ဘယ်လိုလဲ ပြောပြပါဦး'

'နောက်ဆုံးမြင်းလှည်းပေါ်မှာ ရှိတယ်'

'ကောင်းပြီ'

'ခင်ဗျားတို့ အောင်မြင်တာနဲ့ ငွေပို့ပေးမယ်'

ပြောပြီး ထွက်သွားလေသည်။

◆ ◇ ◆

အပြင်ဘက်တွင် တိုက်ခိုက်သံများ ကြားရလေသည်။ ဟာစု တောအုပ်ကို အကာအကွယ်ယူကာ ချန်းမှတို့ရှိရာ တောင်ကြားသို့ ချဉ်းကပ်သွားလေသည်။

တောင်ကြားအဝင်တွင် ထောင်ချောက်များ ဆင်ထားသည်ကို တွေ့ရလေသည်။ သူကျန်းထင်းရှန်းကို သတင်းပို့ရန် တောအုပ်ထဲ ပြေးဝင်ရန်ပြင်လိုက်သည်။

ထိုစဉ် တောအုပ်ကြားမှ လူတစ်ယောက် လမ်းပိတ်ရပ်နေသည် ကို တွေ့ရလေသည်။

'မင်း မဆိုးဘူး။ ဒါပေမယ့် နောက်ကျသွားပြီ'





'မင်း ဟန့်တားလို့ရမလား'

'ကဲ တားနိုင်ရင် တားတော့'

ပြောရင်း တာစု တိုက်ခိုက်လိုက်သည်။

'ဝုန်း'

'အား'

'အမယ်လေး'

ကျယ်လောင်သော အသံနှင့်အတူ တိုက်ခိုက်သူများ လွင့်စဉ် သွားလေသည်။

'ရပ်လိုက်စမ်း'

ဟာစုလှည့်ကြည့်လိုက်ရာ ချန်းမှုနှင့် တပည့်ဖြစ်သူ လူချင်းတို့ ရောက်လာသည်ကို တွေ့ရလေသည်။

'မင်းဟာစုလား လီဖုလား'

'ကျုပ် ဟာစုပါ'

'ကျုပ်က ချန်းမှ မင်းတို့ သတင်းလာစုံစမ်းတာလား'

'ဟုတ်ပါတယ်'

'မင်း ဘာတွေ့လဲ'

'ထောင်ချောက်'

'ကျန်းထင်းရှန်ကို ပြောဖို့ အချိန်မရတော့ဘူးပေါ့'

'ကျုပ် ကြိုးစားပြောမှာပါ'

'ရတယ်လေ ကြိုးစားကြည့်ပေါ့'

သူတို့နှစ်ယောက် တိုက်ခိုက်ကြလေသည်။ ဟာစု ဒဏ်ရာများ ရသွားလေသည်။ လူချင်း ကြားဝင်ပြီး...

'ဆရာချန်းမှ သူ့ကို ကျွန်တော်ရှင်းမယ်'

'မလုပ်နဲ့ သူ့ကို ပြန်လွှတ်လိုက်၊ ကျုပ်တို့ ထောင်ချောက် သုံးတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို'

'ဘယ်သူ့သာလဲ သိကြတာပေါ့'

ချန်းမှ ဟာစုကိုကြည့်ပြီး...

'မင်း ပြန်သွားတော့။ မနက်ဖြန် နေထွက်ချိန် တောအုပ်အပြင်မှာ စောင့်နေမယ်လို့ ပြောလိုက်'

ဟာစု ချန်းမှအား လေးစားစွာကြည့်ပြီး၊ အားတင်းကာ တောအုပ်ထဲဝင်လာလေသည်။ ဟာစု၊ ကျန်းထင်းရှန်နှား ပြန်ရောက်လာပြီး အကျိုးအကြောင်း ပြောပြလေသည်။

ဟာစုကို ဆေးဝါးကုသပေးလိုက်သည်။ ဟာစု လအနည်းငယ်ကြာအောင် အနားယူရမည်ဖြစ်သည်။ ကျန်းထင်းရှန်း လက်မောင်းတစ်ဖက် ပြုတ်သွားသည်။

မိုးလင်းသွားပြီဖြစ်သည်။ လီဖုနှင့် ကျန်းထင်းရှန်း သူ့အားက တစိုက် ကြည့်နေသည်ကို တွေ့ရသဖြင့် ဟာစု ဝမ်းသာသွားလေသည်။

ဟာစု မျက်လုံးကို အားယူဖွင့်ပြီး...

'ဆရာ ချန်းမှကို နိုင်အောင်တိုက်ပါ'

'စိတ်ချ ကျုပ်တိုက်မယ်'

ကျန်းထင်းရှန်း ရင်ဘတ်ကြားမှ ရွှေဓားလေးထုတ်ကာ ဟာစု လက်ထဲပေးလိုက်သည်။ ထိုဓားသည် သူ့အသက်နှင့် ထပ်တူ မြတ်နိုး တန်ဖိုးထားသော ပစ္စည်းဖြစ်သည်။ ယခု ဟာစုအားပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ် ဦးစီးမှူး'

'မလိုဘူး မြင်းလုည်းသမားတွေလဲ စိတ်ချလို့မရဘူး။ ကျန်ထဲ့ လူတွေကို ငါမှာထားတယ် မင်းဘာမှ မပူနဲ့၊ လီဖုလိုက်ပို့လိုက်'

'ကောင်းပါပြီဆရာ'

လီဖု ဟာစုကို ပြုံးပြလိုက်သည်။

'ကဲ သွားကြစို့'





စကားအဆုံး ဟာစုကို လက်နှစ်ဖက်ဖြင့် ပွေ့ချီလိုက်သည်၊ မြင်းလှည်းတစ်စီးပေါ်တင်ကာ လှည့်ထွက်လာခဲ့လေသည်။

တောအုပ်အလွန်ရောက်သောအခါ ချန်းမှနှင့် လူချင်းတို့ ရပ်နေသည်ကို တွေ့ရသည်။ ချန်းမှ လှချင်းဘက်လှည့်ကာ...

'မင်း သွားတော့'

ကျန်းထင်းရှန်း၊ လီဖုကို လှည့်ကြည့်လိုက်သည်၊ လီဖု ထွက်သွားလေသည်။ ခေါင်းဆောင်နှစ်ဦးပင် ကျန်ခဲ့သည်။

'ဟာစုကို လွှတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ကျုပ် သူ့ကို မလိုချင်ဘူး၊ ကျုပ်လိုချင်တာ ခင်ဗျားကို'

'ကျုပ်တို့ တစ်ယောက်နဲ့တစ်ယောက် အလေးအယူလုပ်ရအောင်'

'ကျုပ်တို့ အနိုင်ရတဲ့လူ စိတ်ကြိုက်စီရင်ကြတာပေါ့။ ဒါပေမယ့် ကျန်တဲ့လူတွေကိုတော့ ဘာမှ မလုပ်ပါနဲ့'

'ကောင်းတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်'

'ဘာလဲ'

'ကျုပ်ရှုံးရင် ကျုပ်လူတွေက ကျုပ်စကားနားထောင်မယ်။ ခင်ဗျားလူတွေက စိတ်ချရပါ့မလား'

ကျန်းထင်းရှန်း တည်ကြည်လေးနက်သော မျက်နှာဖြင့်...

'စိတ်ချပါ။ ကျုပ်လူတွေ ကျုပ်စကားနားထောင်ပါတယ်'

'ကျုပ်ကို ဒုက္ခမပေးတာ ခင်ဗျားလူတွေပဲနော်၊ ပစ္စည်းမပါဘူး'

'ရတယ် လူတွေကိုသာ လွှတ်ပေးပါ'

ထိုစကားကြောင့် လီဖု စိတ်ပျက်သွားလေသည်၊ ကျန်းထင်းရှန်း ချန်းမှကို ယှဉ်နိုင်မည်မထင်ပါ။

'ခင်ဗျား တော်တော်သဘောထားကြီးတာပဲ'

'ခင်ဗျားစမလား၊ ကျုပ်စရမလား'

'ခင်ဗျားစပါ'



www.burmeseclassic.com

www.burmeseclassic.com



'သတိထားပေတော့'

ပြောရင်း ကျွန်းထင်းရှန်း တိုက်ခိုက်လိုက်လေသည်။

ဟာစု၊ ဟိုကျူးနှင့်အတူ မြင်းလှည်းပေါ်တွင်ရှိနေသည်။ မြင်းလှည်းသမားအောက်ဆင်းနေသောကြောင့်သူတို့နှစ်ယောက်တည်းရှိနေသည်။

'ကလေး မင်းကို သူတို့ဒီထဲမှာ လှောင်ထားတာလား'

ဟိုကျူးမှာ ကြောက်လန့်နေလေသည်။

'ငါ့ကို မကြောက်နဲ့ ငါဘာမှ မလုပ်ရှားနိုင်ဘူး။ ဒါပေမဲ့ မြင်းလှည်းသမားကို စိတ်မချလို့ ငါလာနေတာကွ'

အထဲမှ စကားပြောလျှင် သတ်ပစ်မည်ဟု မြင်းလှည်းသမား ခြိမ်းခြောက်ထားသော ဟိုကျူး ကြောက်နေ၏။

'မင်း သူ့ကို မကြောက်နဲ့ ငါရှိတယ်'

'ဦးကို ဘယ်သူရိုက်တာလဲ'

'ရိုက်တာ မဟုတ်ဘူးကွ၊ ရန်သူတွေအများကြီးနဲ့ တိုက်ခိုက်ခဲ့တာ'

'ဦး မကြောက်ဘူးလား'

'မကြောက်ဘူး'

'ကျွန်တော်လဲ တိုက်ခိုက်ချင်တယ်'

'မင်း ဘယ်သူ့ကို တိုက်ခိုက်မှာလဲ'

'ကျူးခုံနဲ့ သူ့လူတွေကို'

ဟာစု စိတ်မကောင်းဖြစ်သွားသည်။

'မြင်းလှည်းသမားက ပြောတယ်၊ ကျွန်တော့်ကို ကျားစာကျွေး ခေါ်လာတာတဲ့'

'ဟိုကျူး ဘာဖြစ်နေတာလဲ တိတ်စမ်း'

မြင်းလှည်းသမား အော်ဟစ်လိုက်ရာ ဟိုကျူး အသာငြိမ်သွား လေသည်။

○ ● ○



# အခန်း ( ၆ )

ကျွန်းထင်းရှန်းနှင့် ချန်းမှတို့ ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်။ အငန်ကြာ တိုက်ခိုက်ကြပြီး သိုင်းကွက် ဆယ်ကွက်ကျော်သောအခါ...

'ဝုန်း'

နှစ်ယောက်ပြိုင်တူ နောက်ဆုတ်လိုက်သည်။ ချန်းမှ မြေပေါ်ထိုင်ကာ တင်ပျဉ်ခွေထိုင် အတွင်းအား လေ့ကျင့်နေလေသည်။ ကျွန်းထင်းရှန်း ရပ်နေလေသည်။

'ဝေါ့'

လီဖု ထိတ်လန့်သွားလေသည်။

'ဦးစီးမှူး'

ခေါ်ရင်း ပြေးဖွေ့လိုက်သည်။

'ငါရှုံးသွားပြီ ကတိအတိုင်း...'

ကျွန်းထင်းရှန်း စကားမဆက်နိုင်တော့ပါ။ အသက်ထွက်သွား လေသည်။ ချန်းမှ မတ်တတ်ရပ်နေလေသည်။ လီဖု အံကြိတ်ပြီး...

'ခင်ဗျားနိုင်သွားပြီ။ လုပ်ချင်တာ လုပ်တော့'

ချန်းမှ အနိုင်ရသော်လည်း ဝမ်းသာပျော်ရွှင်မှု မရှိပါ။ စိတ်မကောင်းဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်သဘောပြောရရင် ဘာမှ မလုပ်ဘူး။ အာမခံပစ္စည်းတွေ သယ်ပြီး ထွက်သွားစေချင်တယ်။ ဒါပေမယ့် ကျုပ်တပည့်တွေ ကျေနပ်မှာ မဟုတ်ဘူး'

'ရပါတယ်။ ဦးစီးမှူး မရှိမှတော့ ဒါတွေ ဘာလုပ်ရမှာလဲ'

'ဟုတ်ပါတယ်၊ လူတော်တစ်ယောက် ဆုံးရှုံးသွားတာ စိတ်မကောင်းစရာပဲ'

အဖွဲ့သား အားလုံး ငြိမ်းနည်းကြေကွဲစွာဖြင့် ခေါင်းငုံ့ထား ကြသည်။

လီဖု အားလုံးကိုကြည့်ပြီး...

'ကြယ်တံခွန် အာမခံဌာန ဖျက်သိမ်းလိုက်ပြီ၊ မင်းတို့ သွားချင်ရာသွားကြတော့'

'မသွားဘူး၊ ဒီလူတွေကို တိုက်ခိုက်ရင်၊ အသေခံမယ်'

'တိတ်စမ်း။ ဦးစီးမှူးစကား နားမထောင်ဘူးလား'

ထိုအခါမှ အားလုံး ငြိမ်သက်သွားပြီး တစ်ယောက်ပြီး တစ်ယောက် ထွက်သွားလေသည်။

လီဖုနှင့် မြင်းလှည်းသာကျန်တော့သည်။ လီဖု၊ ကျုန်းထင်းရှန်း အလောင်းကို ပွေ့ယူကာ နောက်ဆုံး မြင်းလှည်းဆီ လျှောက်သွားလေ သည်၊

'ဒီမြင်းလှည်း၊ ကျုပ်ယူသွားမယ်'

ထိုစကားကြောင့် မြင်းလှည်းသမား မျက်လုံးပြူးသွားလေ သည်၊

'ဘာ မြင်းလှည်းယူသွားမယ် ဟုတ်လား'

'ဟုတ်တယ်'

'မင်း...'





'ငါတို့ရှုံးပြီ။ လူတွေအားလုံး အာမခံပစ္စည်းတွေထားပြီး သွားကြပြီ။ မင်း ဘာလုပ်နေလဲ'

'ကျုပ်နဲ့ဘာဆိုင်လဲ ဟိုကျူးကို ချန်းအန်မြို့ ရောက်အောင် ပို့ပေး ရမယ်'

'ဘာလဲ ကျူးနံ့အမိန့်နဲ့ သူ့ကို သုတ်သင်ဖို့လား။ ဘာမှမသိတဲ့ ကလေးကို ဘာကြောင့် ဒီလို လုပ်ချင်ရတာလဲ။ ဘာလဲ ငွေလိုချင်လို့ လား'

ထိုစကားကြောင့် မြင်းလှည်းသမား ငိုင်သွားသည်။ အတန်ကြာ မှ...

'ကျုပ် ငွေမလိုချင်တော့ဘူး။ ကျုပ်ခင်ဗျားတို့နဲ့ လိုက်ခဲ့မယ်။ ကျူးနံ့ဆီပြန်သွားရင် အသတ်ခံရမှာ'

'ကောင်းပြီလေ ဒါဆိုလဲ လိုက်ခဲ့'

လီဖု မြင်းလှည်းတံခါး ဆွဲဖွင့်လိုက်သည်။

ထိုစဉ်...

မြင်းလှည်းသမား လှုပ်ရှားတိုက်ခိုက်လိုက်ပြီး လီဖု လဲကျသွား လေသည်။

ဟာစု မြင်းလှည်းတံခါးဖွင့်နေသောကြောင့် မြင်းလှည်းသမား လုပ်ရပ်ကို တွေ့လိုက်ရလေသည်။

'မင်း ခွေး'

'ဘယ်လိုလဲ ကျုန်းထင်းရှန်းလဲသေပြီ၊ လီဖုလဲသေပြီ၊ မင်းပဲ ကျန်တယ်'

ပြောရင်း ဟာစုကို တိုက်ခိုက်လိုက်သည်။

'အား'

ဟာစု စူးရှစွာ အော်ဟစ်ရင်း အသက်ထွက်သွားလေသည်၊ ဟိုကျူးမှာ ကြောက်ရွံ့မှုကြောင့် တုန်ယင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာစုကို သတ်ပစ်လိုက်သောကြောင့် သူမြင်းလှည်းပေါ်မှ ခုန်ဆင်းထွက်ပြေးသွားလေသည်။

မြင်းလှည်းသမား နောက်မှ ပြေးလိုက်လာသည်။ တစ်နေရာ ရောက်သောအခါ မြင်းလှည်းသမား ခလုတ်တိုက် လဲသွားလေသည်။ ဟိုကျူး ဟာစုလက်ထဲမှ ရွှေရောင်ဓားမြှောင်လေးဖြင့် မြင်းလှည်းသမားကို ထိုးလိုက်သည်။

'အား'

စူးရှသော အသံနှင့်အတူ မြင်းလှည်းသမား လဲကျသွားသည်။

ထိုစဉ်…

'ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်သံများကို ကြားလိုက်ရသည်။ ဟိုကျူး လှည့်ကြည့်သောအခါ ချန်းမုနှင့် လူသန်ကြီး လူချင်းတို့ကို တွေ့လိုက်ရသည်။

'မင်းကို ချီးကျူးတယ်ကွာ'

'သူက လူကြောက်လေ'

'ဘာ'

'ဟုတ်တယ် မခုခံနိုင်တဲ့လူကို သတ်ပစ်တယ်၊ အကောက်ကြံတယ်လေ'

'မင်း ဒီလိုမလုပ်ဘူးလား'

'ဘယ်တော့မှ မလုပ်ဘူး'

'ကောင်းတယ်။ မင်း ငါနဲ့လိုက်မလား'

'ဘာဖြစ်လို့ လိုက်ရမှာလဲ'

'မင်းကို ငါပြုစုစောင့်ရှောက်မယ်လေ။ လိုချင်တာ ပေးမယ်'

'မလိုက်ဘူး'

'ဘာကြောင့်လဲ'

'ကျွန်တော် သူတောင်းစားမဟုတ်ဘူး'





'မင်းရဲ့ရန်သူတွေကို တိုက်ခိုက်ဖို့ သိုင်းပညာသင်ပေးမယ်လေ'

'တကယ်ပြောတာလား'

'ဟုတ်တယ်'

'ဒါဆိုလိုက်မယ်'

'ဒါဆို တို့နှစ်ယောက် ညီအစ်ကိုဖြစ်သွားပြီနော် ဟုတ်လား'

'ဟုတ်ကဲ့'

ဟိုကျူး အားပါးတရ ရယ်မောလိုက်လေသည်။

✦ ✧ ✦

ဤသို့ဖြင့် ဟိုကျူး ချန်းမုနောက် ပါသွားလေသည်။

'အစ်ကိုကြီး'

'ညီလေး မင်းကို ဝမ်းသာစရာသတင်း ပြောရဦးမယ်'

'ဘာလဲဟင် အစ်ကိုကြီး'

'ညီလေး ကျူးခုံကို သတိရသေးလား'

'ဟာ သတိရတာပေါ့ အစ်ကိုကြီးရာ'

'အေး ညီလေးအတွက် ဆုံးမဖို့ သူ့ကို လိုက်ရှာနေတာ'

'သူ့ကို ကျွန်တော် ဆုံးမချင်တယ်'

'အေးပါ'

'သူက ညီလေးကို ကြောက်လို့ ခြေရာဖျောက်သွားပြီကွ။ ခု ဟန်ကျူးမှာလို့ သတင်းရတယ်'

'ဒါဆို ကျွန်တော်တို့ ဟန်ကျူးကိုသွားရမှာပေါ့'

'အေး'

ချန်းမု ဟိုကျူးအား စာပေ၊ သိုင်းပညာ၊ ဗဟုသုတမျိုးစုံ သင်ကြားပေးလေသည်။

'မကြာခင် တို့အဖွဲ့ကို ဖျက်သိမ်းပြီး အရှေ့ပင်လယ်ကို သွားကြမယ်။ အဲဒီမှာ သိုင်းဆရာကြီးရှိတယ်။ သိုင်းပညာ သင်ကြားရမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး ဒါဆိုရင် ညီလေးသွားမှာပေါ့'

'ဟား... ဟား... ဟား'

ချန်းမှနှင့် ဟိုကျူးတို့ ရယ်မောလိုက်လေသည်။

'ဦးလေး လုချင်း၊ အခုပဲ အဖွဲ့ ဖျက်သိမ်းကြောင်း သွားပြောလိုက်ပါ'

လုချင်း ထိုင်ရာမှ ထလိုက်သည်။

ထိုစဉ်...

'ရန်သူ ရန်သူ'

အပြင်ဘက်မှ အော်သံများကို ကြားရပြီး တိုက်ခိုက်သံများပါ ကြားလိုက်ရလေသည်။

'ဘယ်သူတွေ လာတိုက်တာလဲ၊ ငါ့ငယ်သားတွေကို ငါ ကာကွယ်ရမယ်'

'အစ်ကိုကြီး'

ချန်းမှ လက်ကာပြလိုက်သည်။

'ညီလေး သူတို့က ခေါင်းဆောင်တင်ထားတာ သူတို့အတွက် အစ်ကိုကြီးမှာ တာဝန်ရှိတယ်'

'ဘယ်လိုလဲ'

'ကျန်းထင်းရှန်းနဲ့ လုပ်သလိုပေါ့'

ချန်းမှ ပြောရင်း တိုက်ပွဲကို ရပ်နိုင်းလိုက်သည်။

တစ်ဖက်ရန်သူမှာ အဘိုးအိုတစ်ယောက်၊ အသက်နှစ်ဆယ် လူငယ်တစ်ယောက်၊ အမျိုးသမီးကြီးတစ်ယောက် ဖြစ်သည်။

'ကျွန်တော်အဖွဲ့ ခေါင်းဆောင် ချန်းမှပါ'

'ကျုပ်နာမည် နန်းကုန်း'

ထိုအမည်ကြောင့် ချန်းမှ ထိတ်လန့်သွားလေသည်။

ချန်းမှ စိတ်မကောင်းဖြစ်သွားသည်။



ဟိုကျူးအတွက် ဘာမှ လုပ်မပေးနိုင်တော့ပါ။

'ကျွန်တော်တို့ အပေးအယူ တစ်ခု လုပ်ကြရအောင်ခဗျာ'

'ပြောပါဦး'

'ကျွန်တော်က ခေါင်းဆောင်ပါ၊ ကျွန်တော် ဘာဘတို့နဲ့ ယှဉ်ပါ့မယ်၊ ကျွန်တော်နိုင်ရင် ခင်ဗျားတို့ ထွက်သွားပါ'

'မင်းရှုံးရင်ရော'

'ကျုပ်အသက်ပေးပါတယ်၊ အဖွဲ့ကိုလဲ ဖျက်သိမ်းပေးပါ့မယ်'

'မင်းတစ်ယောက်တည်းလား'

'ဟုတ်ပါတယ်'

'ကောင်းပြီ မင်းအရင်စပါ'

လူငယ်လေးဖြစ်သော ကွမ်းစု စတင် တိုက်ခိုက်လေသည်။

○ ● ○

www.burmeseclassic.com

# အခန်း (၇)

ချန်းမှ ခေါင်းဆောင်သော ဓားပြအဖွဲ့သားများ တစ်ဖက်တွင် ဝိုင်းရပ်နေသည်။ လုချင်း၊ ဟိုကျူးတို့ပါ ရပ်ကြည့်နေကြသည်။

ဓားပြအဖွဲ့ ဖျက်သိမ်းရန် စီစဉ်ထားပြီးဖြစ်သည်။ ချန်းမှ အနိုင်ရရန် ဟိုကျူး ဆုတောင်းနေလေသည်။

ကွမ်းစုသည် လူငယ်ဖြစ်၍ စိတ်မြန်သူဖြစ်သည်။ ချန်းမှအား [illegible]တီးနေသောကြောင့် အသက်ချမ်းသာပေးမည်မထင်ပါ။ အားလုံး စိတ်ပူနေကြလေသည်။

ထိုစဉ်...

'ဝုန်း'

လူတစ်ယောက် အနောက်ဘက်သို့ လွင့်စဉ်သွားလေသည်။

'ဆရာလေး'

'အစ်ကိုကြီး'

လုချင်းနှင့် ဟိုကျူး ပြေးပွေ့လိုက်သည်။ ချန်းမှ မျက်နှာ မဲ့နေလေသည်။

'ညီလေး ဦးလေးလုစကားနားထောင်နော်'

'အစ်ကိုကြီး ကျွန်တော် သူတို့ကို...'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မလုပ်နဲ့ ညီလေး။ မင်းလူကောင်းဖြစ်အောင် ကြိုးစားပါ။ ဦးလေးနဲ့ လိုက်သွား'

'အစ်ကိုကြီး'

'ဆရာလေး'

ချန်းမှ ခေါင်းငိုက်စိုက်ကျသွားလေသည်။ ချန်းမှအဖွဲ့သားများ အော်ဟစ်လိုက်သည်။

'ဝိုင်းတိုက်ကြဟေ့'

လုချင်း ဆတ်ခနဲ ရပ်ပြီး...

'အားလုံး ရပ်ကြစမ်း'

'ဆရာလေး ရှုံးသွားပြီ။ အဖွဲ့လဲ ဖျက်သိမ်းလိုက်ပြီ။ မင်းတို့ သွားလိုရာ သွားကြတော့'

ထိုစကားကြားရသောအခါ နန်းကုန်းဝမ်းသာသွားလေသည်။

သူတို့အားလုံး ထွက်သွားကြလေသည်။ ချန်းမှ ဓားပြအဖွဲ့လည်း ပျက်စီးသွားလေသည်။

ထိုအဖြစ်အပျက်များကို ဟိုကျူးမမေ့ပါ။ လုချင်းနှင့်အတူ တောင်ပိုင်းဒေသသို့ ထွက်လာကြလေသည်။

သူတို့ အမဲလိုက်ထင်းခုတ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရင်း ဟိုကျူးကိုလည်း သိုင်းပညာသင်ကြားပေးလေသည်။

'ဦးလေး'

'လူလေး မင်းဘာပြောမလို့လဲ'

'ကျွန်တော်တို့ ဒီလိုပဲ နေသွားမှာလား'

'ဒီလိုပဲ မနေရပါဘူးကွာ။ ဦးလေး မင်းအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမှာပါ'

'တကယ်နော် ဦးလေး'

'တကယ်ပါကွာ'





ဟိုကျူးတို့ စကားပြောနေစဉ် လူတစ်ယောက် ပြေးလာနေသည်ကို တွေ့လိုက်ရသည်။

သူတို့ အနားရောက်လာသောအခါ...

'ဟင် နန်းကုန်းပါလား'

အံ့ဩတကြီး ပြောလိုက်ပြီး...

'အချိန်မတော်ကြီး ရောက်လာတာ ဘာကိစ္စပါလိမ့်။ အိမ်ထဲဝင်ပါဦး'

'အချိန်မရှိဘူး။ အရေးကြီးတဲ့စကားပြောဖို့ လာခဲ့တာပါ'

'ကျုပ်တို့ရှိတဲ့နေရာ ဘယ်လိုသိလဲ'

'ကွမ်းစုကြောင့် သူက ချန်းမှဓားပြအဖွဲ့သားတွေကို လိုက်သုတ်သင်နေတယ်'

'ဗျာ'

'ချန်းမှ ဓားပြအဖွဲ့သားတွေထဲမှာ မင်းတို့နှစ်ယောက်ပဲကျန်တယ်။ ကျုပ်က ချန်းမှကို ကတိပေးထားလို့ ကျုပ် ကတိတည်ကြောင်း၊ သူသာ ကတိမတည်ဘဲ သတ်တာကို လာပြောတာပါ'

'ကျွန်တော့်ကို တစ်ခုကူညီပါဗျာ'

'ဘာလဲ ပြောပါ'

'သူ့ကို ခေါ်သွားပါ'

'ဘာဖြစ်လို့လဲ'

'သူက ကျွန်တော်တို့အဖွဲ့သား မဟုတ်ဘူး'

လုချင်း ဟိုကျူးဘဝကို ပြောပြလိုက်လေသည်။

'ဪ သနားစရာပဲ။ ကျုပ်ခေါ်သွားပါမယ်'

'ကျွန်တော် မလိုက်ဘူး'

'အချိန်မရှိဘူး၊ မင်း မလိုက်ချင်လဲနေခဲ့။ ဒါပေမယ့် မင်းကျုပ်ဆီလာချင်ရင် ခိုင်ဖုန်းမြို့ကိုလာ၊ ကျုပ်နာမည်မေး လူတိုင်း သိတယ်'



www.burmeseclassic.com

'ဟုတ်ကဲ့'

'အချိန်မရှိဘူး ခင်ဗျားတို့ ရှောင်နေလိုက်တော့'

ပြောရင်း နန်းကုန်းထွက်သွားလေသည်။

'ဟိုကျူး နန်းကုန်း ပြောသွားတဲ့ စကား မင်း ဘယ်လို သဘောရလဲ'

'သူအမှန်ပြောသွားတာ ဖြစ်မယ်'

'မင်း ဘယ်လို စိတ်ကူးလဲ'

'ဦးလေး ဘယ်လိုစိတ်ကူးလဲ'

'မင်း အသက်ရှင်တာမြင်ချင်တယ်။ ငါ့အတွက် တစ်ခုခု လုပ်ပေးနိုင်မယ်လို့လဲထင်တယ်၊ ဒါကြောင့် အရှေ့ပင်လယ်က သိုင်း ဆရာကြီးဆီ မင်းသွားတော့'

ထိုစဉ်...

'မင်းတို့ သွားဖို့ နောက်ကျသွားပြီ'

အမှောင်ရိပ်မှ လူတစ်ယောက် ထွက်လာပြီး ပြောလိုက်သည်။

'ကွမ်းစု'

'ခင်ဗျားတို့ လုပ်ချင်တာလုပ်ပြီး အခုမှ အေးဆေးနေလို့ ဘယ်ရမလဲ'

'ကျုပ် တစ်ချိန်က လူဆိုး၊ အခု လူကောင်းဖြစ်အောင်နေတယ်။ ခင်ဗျား တိုက်ခိုက်လဲ ကျုပ်တော့ ခုခံမှာမဟုတ်ဘူး။ ခင်ဗျား ကြိုက်သလိုလုပ်သွားပါ'

လုချင်း အေးဆေးစွာ ပြောလိုက်သည်။

✦ ✧ ✦

ဟိုကျူးက ဒီအဖွဲ့ကမဟုတ်ဘူး။ သူ့ကို လွှတ်ပေးပါ'

'ခင်ဗျား လိမ်မပြောနဲ့'

'ကျုပ် အမှန်ပြောတာ။ သူက ကျုပ်တို့ ကြယ်တံခွန်ထဲ





က်တုန်းက တွေ့တာ၊ ချမ်းမှသနားလို့ မွေးထားတာပါ။ အခုလဲ သူ့ကို စောင့်ရှောက်ထားတာပါ'

'ခင်ဗျား ဘာပြောပြော ကျုပ်က သတ်မှာပဲ'

ပြောရင်း တိုက်ခိုက်လိုက်ရာ လုချင်း အဝေးသို့ လွင့်စဉ် လေသည်။

'ဝုန်း'

'ဦးလေး'

ဟိုကျူး လုချင်းကိုကြည့်ပြီး ကွမ်းစုဘက်လှည့်ကာ...

'ခင်ဗျားဟာ လူယုတ်မာ၊ ဓားပြ လူဆိုးထက်ဆိုးတဲ့လူ ရက် တယ်။ ကိုယ်တတ်တဲ့ပညာနဲ့ မကောင်းမှုလုပ်တယ်'

ထိုစကားကြောင့် ကွမ်းစု ဒေါပွသွားလေသည်။

'ခွေးကောင်လေး သေပေတော့'

အော်ငေါက်ရင်း ဟိုကျူးထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက် ရင်ဆိုင်မိသွားလေသည်။

'ဝုန်း'

'အင့်'

ဟိုကျူး ညည်းညူရင်း နောက်သို့ လွင့်သွားသည်။

'ဟိုကျူး'

လုချင်း အထိတ်တလန့် အော်လိုက်သည်။

သို့သော်...

ဟိုကျူး သူတစ်ခါမှ မမြင်ဘူးသော သိုင်းကွက်ဆင်ထားသည် အံ့သြစွာ တွေ့ရလေသည်။ ကွမ်းစု အံ့သြသွားလေသည်။

'ဟိုကျူး မင်းထွက်မသွားသေးဘူးလား'

'မင်းတို့ ထွက်သွားလို့ရမလား'

ပြောရင်း လုချင်းကို တိုက်ခိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အား'

'ဦးလေးလု'

ခေါ်ရင်း ကွမ်းစုကို ခြေဖြင့် လှမ်းကန်လိုက်သည်။

'ဝုန်း'

'အွန့်'

'မင်း... မင်း'

ကွမ်းစု မယုံကြည်နိုင်အောင် ပြောလိုက်သည်။

'ဦးလေးလု'

လုချင်း မြေပေါ်တွင် လိမ့်နေသည်။

'ဟိုကျူး မင်းပြေးတော့'

ပြောရင်း လုချင်း ခေါင်းငိုက်စိုက်ကျသွားလေသည်။

ဟိုကျူး ထွက်ပြေးသွားလေသည်။ ကွမ်းစုအော်ဟစ်ရင်း နောက်မှ လိုက်သွားလေသည်။

သို့သော်...

ဟိုကျူးကို သူရှာမတွေ့ပါ။ ကွမ်းစု အဝေးရောက်သွား လေသည်။ နံနက်လင်းသောအခါ ဟိုကျူး လုချင်းအလောင်းကို မြေမြှုပ် ကန်တော့လိုက်သည်။ ဟိုကျူး ထိုနေရာမှ နိုင်ဖုန်းမြို့သို့ ထွက်လာ လေသည်။

ဟိုကျူး နိုင်ဖုန်းမင်းလမ်းအဆုံးရှိ နန်းကုန်းအိမ်သို့ လာခဲ့ သည်။ အဆောက်အအုံကြီးမှာ ခိုင်ခံ့နေသည်။

'အိမ်ရှင်တို့ အိမ်ရှင်တို့'

ဟိုကျူး အဆောက်အအုံရှေ့မှ ရပ်ကာ အော်ခေါ်လိုက်သည်။

'ဘယ်သူလဲဟေ့ ဝင်လာခဲ့'

'ဆရာကြီး နန်းကုန်း'

'ဘယ်သူလဲ ဟိုကျူးလား ဝင်လာခဲ့ဟေ့'





ထိုအသံမှာ နန်းကုန်းအသံမဟုတ်မှန်း ဟိုကျူး သိလိုက်သည်။ သို့သော်...

သူ့အခန်းထဲ ဝင်လာခဲ့လေသည်။

'ဟာ'

ဆရာကြီးနန်းကုန်း အထဲတွင် သေနေသည်ကို တွေ့ရသည်။ ဟိုကျူး အပြင်ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ် အပြင်ဘက်မှ ဆူညံသော အသံများကို ကြားလိုက်ရ သည်။ ဟိုကျူး ရင်ထိတ်သွားလေသည်။ အပြင်ဘက်သို့ လှမ်းကြည့် လိုက်ရာ အမျိုးသမီးတစ်ဦး ရပ်နေသည်ကို တွေ့လိုက်ရသည်။

'မြန်မြန်လာ၊ တော်ကြာ မင်းကို တရားခံလို့ ထင်သွားမယ်'

'ကျွန်တော် တရားခံ မဟုတ်ဘူး'

'မြန်မြန်လာ အချိန်မရှိဘူး'

ပြောရင်း ပြေးထွက်သွားလေသည်။

'မြန်မြန်လာဟေ့၊ အထဲမှာ တရားခံကောင်လေး လွတ်သွား မယ်'

ထိုအသံကြောင့် ဟိုကျူးကိုယ် ဆတ်ခနဲ တုန်သွားလေသည်။

'ကွမ်းစု'

သူရေရွတ်ရင်း အမျိုးသမီးနောက် ပြေးလိုက်သွားလေသည်။ အရိပ်ကောင်းသော သစ်ပင်အောက်ရောက်သောအခါမှ အမျိုးသမီးကို ကြည့်ကာ ဟိုကျူး ဝမ်းသာအားရခေါ်လိုက်သည်။

'ဒေါ်လေး'

'အေး ဟိုကျူး၊ မင်းကို မှတ်တောင်မမှတ်မိဘူး'

'ဟုတ်တယ် ဒေါ်ဒေါ်၊ ဆရာကြီးကို သတ်တာ ကွမ်းစု မဟုတ်လား'

'ဟုတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ဒေါ် မတားဘူးလား'

'ငါရောက်တော့ သူသေနေပြီ၊ သူ ချန်းမှုအဖွဲ့တွေကို လို
သတ်တာ၊ ငါတို့တားလို့ နန်းကုန်းကို သတ်လိုက်တာလေ၊ ကဲ မ
ဘယ်သွားမလဲ ကလေး'

'ကျွန်တော် အရှေ့ပင်လယ်ကို သွားမယ်'

'မင်းသွားချင်တယ်ဆို ဒေါ်ဒေါ်ကူညီရမှာပေါ့'

ပြောရင်း နိုင်ဖုန်းမြို့ပြင်သို့ လိုက်ပို့လေသည်။

ဟိုကျူး အတိတ်မျ တရေးရေး မြင်လာသည်။ သူတစ်ကို
လုံး နာကျင်ကိုက်ခဲနေလေသည်။

'ရေ...'

သူအားတင်းပြီး ထထိုင်လိုက်သည်။ အဘိုးအို ထင်းဖု သေ
နေပြီးဖြစ်သည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ ဘဘ'

ပြောရင်း အဘိုးအိုကို ရေထဲချလိုက်သည်။

ရေများ လွှင့်စဥ်လာသည်။ ဟိုကျူး ဒဏ်ရာများမှ
ကိုက်ခဲနာကျင်ခြင်း၊ လှေဝမ်းမှ ဆားငန်ရေများ ဝင်လာခြင်းကြော
အတော်ပင် ဒုက္ခရောက်နေလေသည်။

မကြာပါ ဟိုကျူး အိပ်ငိုက်လာလေသည်။



# အခန်း (၆)

ဟိုကျူး အိပ်ရာမှ လန့်နိုးလာလေသည်။ သူ့တစ်ကိုယ်လုံး ချစ်ချပ်တောက်ပူနေပြီး အာခေါင်များ ခြောက်သွေ့ကာ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်နေလေသည်။

သူ့အခြေအနေကို သူသတိရသွားလေသည်။

'ငါ မသေသေးပါလား'

တွေးရင်း မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူ့မျက်စိထဲတွင် သက်ငယ်မိုးထားသော အမိုးကို တွေ့လိုက်သည်၊ သူ သေချာကြည့်ရာ တဲအိမ်တစ်လုံးထဲရောက်နေသည်ကို တွေ့ရသည်။

သူ မည်သည့်နေရာသို့ ရောက်နေသည်ကို မသိပါ။

ထိုစဥ်...

ပေါ့ပါးသော ခြေသံကို ကြားလိုက်ရသည်၊ ခြေသံတဖြည်းဖြည်း နီးလာလေသည်။

သူနှင့် ရွယ်တူမိန်းကလေးတစ်ယောက် အနားတွင် လာရပ်သည်ကို တွေ့ရသည်၊ မိန်းကလေး သူ့အား ငုံ့ကြည့်ပြီး...

'ဖေဖေရေ၊ ဒီမှာ သူသတိရနေပြီ'

အပြင်ဘက်သို့ အားရဝမ်းသာ အော်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာပါ ပြေးလွှားလာသော ခြေသံများကို ကြားရပြီး အသက်ခြောက် ဆယ်ကျော် အဘိုးအိုတစ်ဦး ရောက်လာသည်။ အဘိုးအိုမှာ သန်စ သူတစ်ယောက်ဖြစ်သည်။

'ကျွန်တော်...'

သို့သော် သူ့အသံ အပြင်မထွက်ပါ။

'ဖေဖေ သူတစ်ခုခု ပြောချင်နေတယ်'

မိန်းကလေးက ပြောလိုက်ရာ အဘိုးအို ခေါင်းညိတ်ပြီး...

'ဟုတ်တယ် သမီး'

အဘိုးအို လက်ထဲတွင် ပန်းကန်လုံးတစ်လုံး ကိုင်ထား ဟိုကျူး ဘေးတွင် ထိုင်ချရင်း....

'ကလေး မင်း ဘာမှ မပူနဲ့။ မင်းဝေဒနာတွေ ပျောက်ကင် သွားမှာပါ။ ဒီဆေးသောက်လိုက်ဦးနော်'

ပြောဆိုရင်း ဆေးကို ဟိုကျူး ပါးစပ်ထဲ တစ်စက်ချင် ချပေးလေသည်။ ဆေးရည်များ ဟိုကျူးဝမ်းထဲရောက်သွားလေသည်

'ဆေးသောက်လိုက်ပြီး ခဏနေရင် မင်းဝေဒနာတွေ သက်သ သွားမှာပါ။ မင်းကံကောင်းတယ် လူကလေး'

ပြောရင်း မိန်းကလေးဘက်လှည့်ကာ...

'သမီး သူ့အိပ်ပါစေလား၊ သွားမယ်'

ဟိုကျူး အသံသာကြားရပြီး မျက်လုံးမဖွင့်နိုင်တော့ပါ။ အိ ပျော်သွားလေသည်။

ဤသို့ဖြင့် အချိန်များ ကုန်ဆုံးသွားလေသည်၊ ဆယ်ရက် ခန့်ကြာသောအခါ ဟိုကျူးအိပ်ရာပေါ်မှ ထနိုင်သွားလေသည်။

တဲပိုင်ရှင် သားအဖမှာ ဆေးများလိမ်းပေးခြင်း၊ ဆေးတိုက် ခြင်းများ ပြုလုပ်နေလေသည်။





ဟိုကျူး အိပ်ရာမှ ကောင်းစွာ ထနိုင်သောအခါ အပြင်သို့ ထွက်လိုက်သည်။

အဘိုးအိုနှင့် မိန်းကလေးကို မတွေ့ရပါ။ တဲအိမ်ကလေးမှာ တစ်လုံးတည်းရှိနေလေသည်။

အုန်းပင်များ များစွာရှိနေသည်။ ဟိုကျူးလမ်းလျှောက်ထွက်လာ လေသည်၊ မည်သည့်လူရိပ်မျှ မတွေ့ရပါ။

အတန်ကြာအောင် လျှောက်မိသောအခါ ခြေသံများကို ကြား လိုက်ရသည်၊ ဟိုကျူး ခြေလှမ်းမြန်လိုက်သည်၊ မကြာပါ လမ်း ကလေးရှေ့တွင် အဘိုးအိုနှင့် မိန်းကလေး ရပ်စကားပြောနေသည်ကို တွေ့လိုက်ရလေသည်။

ဟိုကျူး ဝမ်းသာသွားလေသည်၊ သို့သော် သူတို့မမြင်အောင် အသာလေးပုန်းကာ ချဉ်းကပ်သွား၏။

'သူ့ကို ကယ်တင်ထားတာ သမီးတို့ ဒုက္ခရောက်နိုင်တယ် ဖေဖေ'

ဟိုကျူး အသာငြိမ်ကာ နားထောင်နေလေသည်။

'သူကျန်းမာလာပြီပဲ၊ ပြန်နိုင်းရင်ကောင်းမယ်၊ သမီးတို့ကယ် တင်ထားတာကို သူ မပြောရင် ဘယ်သူမှ သိမှာမဟုတ်ဘူး'

သူ့အသံမှာ စိုးရိမ်သံအပြည့်ပါသည်၊ အဘိုးအို သက်ပြင်းချ လိုက်သည်။

'သမီး ရွာပိုင်ရှင်ကြီး ဒီအကြောင်းသိရင် အပြစ်ပေးမယ်ဆိုတာ ဖေဖေသိတယ်။ ဒါပေမယ့် နောက် လေး,ငါးရက် ထားရအောင်'

'မဟုတ်ဘူး ဖေဖေ၊ တော်ကြာ အုန်းသီးခူးသူတွေ ရောက်လာ မယ် ဘယ်မှာသွားဝှက်ထားမလဲ'

'သူတို့ မလာသေးပါဘူး'

'တစ်ရက်,နှစ်ရက်ဆို ရောက်လာတော့မှာ'



www.burmeseclassic.com

www.burmeseclassic.com



'သေချာလား သမီး'

'သမီး လိမ်ပြောတယ်ထင်လို့လား'

'ဒါဆို နေရာရွှေ့ထားကြရအောင်'

'ဘယ်မှာထားမလဲ'

အဘိုးအို စကားသံ ထွက်မလာပါ။

'ဖေဖေ သူ့အသက်ကိုကယ်ထားနိုင်ပြီး အားမွေး အနားယူစို့ လိုသေးလို့ ပြန်မလွှတ်သေးတာပါကွယ်။ နောက်ထပ် ဆယ်ရက်လောက် ဆေးလိမ်းပေးရင် ကောင်းသွားမှာပါ'

'ဟုတ်ပါတယ် ဖေဖေ။ သမီးတို့မှာ အခက်အခဲနဲ့ မဟုတ်လား'

ဟိုကျူး ထိုစကားများကြားရသောအခါ သူ့အတွက် အဘိုးအို သားအဖ ဒုက္ခမရောက်စေလိုပါ။

ထို့ကြောင့် ...

ချောင်းတစ်ချက်ဟန့်ကာ သစ်ပင်နောက်ကွယ်မှ ထွက်လိုက်သည်။ အဘိုးအို သားအဖ အံ့သြသွားလေသည်။

'လူလေး မင်းအကြောင်းတွေ ငါမသိချင်ဘူး။ ဒုက္ခသည် တစ်ယောက်မို့ ကူညီတာ ဆုံးအောင်ကူညီမယ်'

အဘိုးအို၏ စိတ်သဘောထား တည်ကြည်ဖြောင့်မတ်လေသည်။

✦ ✧ ✦

'ဘဘ ကျွန်တော့်နာမည် ဟိုကျူးပါ။ လူယုတ်မာ တစ်ရုံရဲ့ ရက်စက်မှုကြောင့် လှေငယ်နဲ့ ပင်လယ်ထဲ မျောခြင်းခံရတာပါ'

တံငါရွာကလေးတွင် ဖြစ်ပျက်သမျှကို ပြောပြလေသည်။

'မင်းက ဒုက္ခသည်ကိုး။ လေတိုက်ပြီး သဲသောင်ပြင်မှာ လဲနေတာတွေလို့ တို့သားအဖ ကယ်ခဲ့တာ။ မင်းက အသက်ပြင်းတာကိုး'





'ဘဘအမည်သိပါရစေ။ အခွင့်သင့်ရင် ကျေးဇူးဆပ်ချင်လို့ပါ'

'မသိချင်ပါနဲ့ကွာ'

'ပြောပါ ဘဘရာ'

'ကောင်းပြီလေ ဘဘနာမည် ယီယန့်၊ သမီးနာမည်က ယီလင်း'

'ဘဘတို့ ကျေးဇူး မှတ်ထားပါမယ်။စောစောက ကျွန်တော့်ကို လက်ခံလို့ ဘဘတို့ ဒုက္ခရောက်မယ် ပြောသံကြားရတယ်။ ဘာကြောင့်လဲဟင်'

'ရွာပိုင်ရှင်ကြောင့်ပါ'

'သူက လူကောင်းပါ။ ဒါပေမယ့် ရှေးဆန်တယ်ကွယ့်။ ဒီ ကျွန်းပေါ်မှာ တို့တစ်တွေ နေထိုင်တယ်။ အုန်းသီးအရောင်းအဝယ် လုပ်တယ်။ ပြည်မနဲ့ ကူးသန်းရောင်းဝယ်တယ်'

'သူတို့လာလား'

'လာတယ်။ ကျွန်းလယ်မှာ မော်ဆရာကြီးတစ်ယောက်ရှိတယ်။ ရွာပိုင်ရှင်က သူ့စကား သိပ်နားထောင်တယ်။ ဒါကြောင့် မင်းကို ဒီမှာ လာဝှက်ထားတာ။ မင်းဘယ်မှ မသွားနဲ့နော်။ သူနဲ့တွေ့ရင် မလွယ်ဘူး'

'ဖေဖေ သူ့ကို ပြန်နိုင်းပါ။ သမီးကြောက်တယ်'

ယီလင်းက ပြောလိုက်သည်။

'တိတ်စမ်း။ လူတစ်ယောက်ကို စေတနာထားပြီး ကယ်တင်တာ ငါ ဒုက္ခရောက်ပါစေ မကြောက်ဘူး။ ညဘက်မှာ သူ့ကို နေရာရွှေ့ထားပေးမယ်'

ပြောရင်း ဟိုကျူးဘက်လှည့်ကာ...

'မင်းအိမ်ထဲမှာပဲနေပါ။ မိုးချုပ်ရင် ငါပြန်လာမယ် ဟုတ်လား'

ပြောရင်း ယီလင်းလက်ကိုဆွဲကာ...

'ဘဘတို့သွားမယ်'



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း တဲအပြင် ဆွဲခေါ်သွားလေသည်။

သူတို့ ယူဆောင်လာသော စားသောက်ဖွယ်ရာများအား စားပွဲပေါ် တင်လျက်ရှိနေသည်။

အိမ်အပြင်ဘက်မှ ယီလင်းတို့ခြေသံ ဝေးသွားလေသည်။

ဟိုကျူး ဝါးကွပ်ပျစ်ပေါ် ထိုင်ချလိုက်လေသည်။ ဟိုကျူး မည်သို့ ပြုလုပ်ရမည်ကို စဉ်းစားနေလေသည်။

○ ● ○

## အခန်း (၉)

အုန်းတောအတွင်း စောစီးစွာပင် နေဝင်သွားလေသည်။ လူနှစ်ယောက် အမှောင်ထုကို အကာအကွယ်ယူကာ လျှပ်ရှားသွားလာနေလေသည်။ လူနှစ်ယောက် တဲအိမ်ကလေးသို့ သွားနေကြခြင်းဖြစ်သည်။ ယီလင်းမှာ သုန်မှုန်သော မျက်နှာထားဖြင့် ပါလာလေသည်။

ဟိုကျူးအား အန္တရာယ်များကြားမှ ကယ်တင်ထားသည်ကို သူမ မကျေနပ်ပါ။ ဖခင်ကြီး ဒုက္ခရောက်မည်ကို သူစိုးရိမ်နေသည်။

'သမီး မြန်မြန်လာ'.

ယီယန့် ခြေလှမ်းမြှင့်ကာ ပြေးလွှားနေလေသည်။ မကြာပါ တဲအိမ်ရှေ့ ရောက်သွားလေသည်။

ယီယန့် တဲအိမ်ကလေးအတွင်း လှမ်းဝင်ရင်း...

'ဟိုကျူး... ဟိုကျူး'

ခေါ်လိုက်ရာ ဟိုကျူး ပြန်ထူးသံမကြားရပါ။ တိတ်ဆိတ်နေသည်ကို ယီယန့် ရင်ထိတ်သွားလေသည်။

ယီယန့် တဲအိမ်အတွင်း စမ်းတဝါးဝါး သွားရင်း စမ်းသပ်လိုက်သည်။ ဝါးကွပ်ပျစ်ပေါ်တွင် ဟိုကျူး မရှိပါ။ ယီယန့် ထိတ်လန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေ ဘာဖြစ်လဲ'

'ဟိုကျူး မရှိတော့ဘူး သမီး'

'ရှင်...'

'သူထွက်သွားပြီ၊ မေမေတို့ ဒုက္ခရောက်မှာစိုးလို့ သူထွက်သွားပြီ'

ယီယန့် စိတ်မကောင်းဖြစ်သွားလေသည်။

ဟိုကျူးသည် အဘိုးအိုတဲမှ ထွက်လာပြီး မည်သို့သွားရမှန်း မသိပါ။

ယီယန့်တို့သားအဖ ဒုက္ခရောက်မည်စိုး၍သာ ထွက်လာခြင်း ဖြစ်သည်။

မိမိဒဏ်ရာများ သက်သာစပြင်ရှိသေးသည်၊ ဟိုကျူး အပင်ပန်း မခံနိုင်ပါ၊ မောပန်းလာလေသည်။

ထို့ကြောင့်...

သစ်ပင်တစ်ပင်အောက်တွင် အနားယူရင်း...

'ငါဘယ်သွားရမလဲ'

သူစဉ်းစားနေလေသည်။

မော်ဆရာကြီးနှင့် ရှာပိုင်ရှင်အကြောင်းများကိုလည်း တွေးတောနေမိလေသည်။

ဟိုကျူး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်၊ အဝေးတွင် မှိုင်းပျပျ တောင်ကုန်းတစ်ခုကို တွေ့ရလေသည်။

'အဲဒီတောင်မှာ မော်ဆရာကြီးနေတာ ဖြစ်မယ်'

ရေရွတ်ရင်း ထိုတောင်တန်းရှိရာသို့ ဦးတည်ထွက်လာခဲ့လေသည်။ ထိုသို့ ခရီးဆက်လာရင်း ညသန်းခေါင်ကျော် အချိန် ရောက်လာလေသည်။

ဟိုကျူး တောင်ကုန်းခြေရင်း ရောက်လာလေသည်။

တောင်ကုန်းကြီးမှာ အလွန်ပင် မြင့်မားနေလေသည်၊ ချောမွတ်





နေသောကြောင့် တက်ရောက်ရန်မလွယ်ပါ၊ ဟိုကျူး စိတ်ပျက်သွား လေသည်။

ဟိုကျူး တောင်ခြေတွင် ထိုင်ရင်း တောင်ကုန်းကို မော့ကြည့် ကာ သူ့ဘဝအကြောင်းများကို တွေးနေလေသည်။

ချန်းမှ၏ ဆုံးမစကား၊ လုချင်း၏ စကားများကိုလည်း ပြန်လည် ကြားယောင်လာလေသည်။ ထိုလူများ တစ်ယောက်မှ အသက်ရှင်လျက် မရှိကြတော့ပါ။

ဟိုကျူး အံကြိတ်လိုက်သည်။

'ငါ တောင်ပေါ်ရအောင်တက်မယ်'

ဆုံးဖြတ်ရင်း တောင်ပေါ်တက်ရန် လမ်းရှာလိုက်လေသည်။

သူတစ်နေရာတွင် တက်ရန် လမ်းကလေးတွေ့ရသဖြင့် ထိုလမ်း အတိုင်း တက်လာခဲ့လေသည်။

မကြာပါ၊ အလင်းရောင် ပေါ်လာပြီး တောထဲမှကြက်တွန်သံ ကြားလိုက်ရလေသည်၊ ဟိုကျူး စိတ်တင်းကာ ကြိုးစားတက်လာ လေသည်၊ သူ့လက်များ ပေါက်ပြဲကာ သွေးများပင် ထွက်လာလေ သည်၊ သူကြိုးစားတက်လာလေသည်၊ တောင်ပေါ် ရောက်ရန် အနည်း ငယ်ပင် လိုတော့သည်၊ နေမွန်းတည့်ချိန်လည်း ရောက်လာလေသည်၊ ဟိုကျူး လုံးဝ မတက်နိုင်တော့ပါ။

ဟိုကျူး ခဏနားပြီး ကြိုးစားတက်လာခဲ့လေသည်၊ ညနေ စောင်းအချိန်သို့ ရောက်လာလေသည်၊ သူအားပြုပြီး တက်လိုက်ရာ တောင်ပေါ် ရောက်သွားလေသည်။

ဟိုကျူး လဲနေရာမှ မထနိုင်တော့ပါ၊ သတိလစ် မေ့မြော သွားလေသည်၊ မည်မျှကြာအောင် သတိလစ်နေသည် မသိပါ၊ လေတဟူးဟူး တိုက်ခတ်နေသည်၊ လရောင်မှာ ဟိုကျူးပေါ်သို့ ဖြာကျနေလေသည်။

www.burmeseclassic.com



'အင်း... အင်း'

ဟိုကျူး ညည်းညူနေလေသည်။ အဖျားတက်ကာ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲနေလေသည်။

ဟိုကျူး ကြိုးစားပြီး ထရပ်လိုက်သည်။

'အား'

သူ့အသားများ နာကျင်သွားလေသည်။ သူတောင်ကုန်းပေါ်သို့ လှည့်ပတ်ကြည့်လိုက်သည်။ မြူနှင်းများ ပိတ်ဖုံးနေသောကြားမှ နန်းတော်သဖွယ် အဆောက်အအုံကြီးကို တွေ့မြင်လိုက်ရလေသည်။

ထိုအဆောင်ကြီးမှာ အလင်းရောင်များ ထွက်နေလေသည်။

ဟိုကျူး ထိုအဆောက်အအုံကြီးရှိရာသို့ တရွေ့ရွေ့ လျှောက်သွားလေသည်။ သို့သော်...

သူ့ခြေလှမ်းများ မသွက်ပါ။ မသယ်နိုင်ပါ။ မျက်စိများ ပြာဝေလာပြီး မူးမေ့လဲကျသွားလေသည်။

အရာအားလုံး လုံးဝ မှောင်အတိကျ သွားလေသည်။

✦ ✧ ✦

အချိန်မည်မျှကြာသည်မသိပါ။ ဟိုကျူး သတိရသောအခါ နွေးထွေးသော အိပ်ရာထက်ရောက်နေကြောင်း သိလိုက်ရသည်။

သူမျက်လုံး ဖွင့်ကြည့်လိုက်ရာ သန့်ရှင်းသပ်ရပ်သော အခန်း တစ်ခုထဲရောက်နေကြောင်း တွေ့ရလေသည်။

ဟိုကျူး အိပ်ရာထက်မှ လူးလိမ့်ထလိုက်သည်။ သူ့ကိုယ်ပေါ်မှ ဒဏ်ရာများ ဆေးလိမ်းကာ အဝတ်အစားပင် လဲပေးထားကြောင်း သိရလေသည်။

ထိုစဉ်...

'ကျွိ'





အခန်းတံခါး ပွင့်သွားပြီး ခါးကုန်းကြီးတစ်ယောက် လင်ပန်း တစ်ချပ်ကိုင်ကာ ဝင်လာလေသည်။ ခါးကုန်းကြီးမျက်နှာ ကြောက်စရာ ကောင်းသည်။ ဟိုကျူး ကြောက်လန့်တကြား ငေးကြည့်နေလေသည်။

ခါးကုန်းကြီး သူ့အနား ရောက်လာလေသည်။ လက်ထဲတွင် ကိုင်ထားသော လင်ပန်းကို ခုတင်ဘေး စားပွဲပေါ် တင်လိုက်သည်။ လင်ပန်းထဲတွင် အငွေ့တလောင်းလောင်းထနေသော ဆန်ပြုတ်ပန်းကန် ပါလာသည်ကို တွေ့ရသည်။ ဆန်ပြုတ်မှ မွှေးသောအနံ့ကြောင့် ဟိုကျူး ဗိုက် ဆာလောင်လာလေသည်။ ဆန်ပြုတ်ပန်းကန်ကို လှည့်ကြည့် လိုက်သည်။

'မင်းဆာနေတယ်မဟုတ်လား။ စားလိုက်ဦး'

ဟိုကျူး မော့ကြည့်လိုက်သည်။ ရုပ်ရည်နှင့်မလိုက်အောင် နူးညံ့ကြင်နာသောအသံဖြစ်သည်။

ခါးကုန်းကြီး ပြုံးလိုက်ပြီး...

'စားလိုက်လေ'

'ကျေးဇူးပါဗျာ'

ပြောရင်း ဆန်ပြုတ်ကို သောက်လိုက်သည်။ ခါးကုန်းကြီး သူ့ကို ကြည့်ကာ သဘောကျနေလေသည်။ မကြာပါ ဆန်ပြုတ်တစ်ပန်းကန် ကုန်သွားလေသည်။

'မင်းဝလား'

ဟိုကျူး ခေါင်းခါလိုက်သည်။

'အေး မင်းက မင်းကိုယ်မင်း အရမ်း ပင်ပန်းအောင် လုပ်ထား တယ်။ ဒါကြောင့် တစ်ပန်းကန်ပဲစားရမယ်။ တော်ကြာမှ တစ်ခါစား။ ငါပြောတာ နားလည်ရဲ့လား'

ဟိုကျူး ခေါင်းညိတ်ပြလိုက်သည်။ ခါးကုန်းကြီး လင်ပန်းကို ယူကာ...



www.burmeseclassic.com

'မင်းအနားယူဦး။ တော်ကြာမှ ငါလာမယ်'

စကားအဆုံး ချာခနဲ လှည့်ထွက်သွားလေသည်။ ဟိုကျူး ခုတင်မှ ထကာ အခန်းကိုကြည့်လိုက်သည်။ အပေါက်တစ်ပေါက် တည်းသာရှိပြီး လေးဖက် အလုံပိတ်အခန်းဟာစ်ခန်းဖြစ်သည်။

သူအခန်းတံခါး ဖွင့်ကြည့်လိုက်သည်။ တံခါးပွင့်သွားသည်။ သူအပြင်သို့ ထွက်လာခဲ့လေသည်။

လမ်းကလေးတစ်လမ်းကို တွေ့ရသဖြင့် သူဆက်လျှောက်လာခဲ့ လေသည်။ တစ်ဖက်တွင် နံကြီးရှိပြီး၊ တစ်ဖက်တွင် မြေကွက်လပ်ကို တွေ့ရသည်။

ထိုမြေကွက်လပ်တွင် ပန်းပင်မျိုးစုံ စိုက်ထားလေသည်။ ရေကန်ငယ်လေးတစ်ခုကိုလည်း တွေ့ရလေသည်။

ဟိုကျူး လှည့်ပတ်ကြည့်ရှုရင်း ချမ်းစိမ့်လာလေသည်။ ထို့ကြောင့် သူလာလမ်းအတိုင်း ပြန်လှည့်လာခဲ့လေသည်။

သူ့အခန်းအနီးရောက်သောအခါ ခါးကုန်းကြီး တံခါးပေါက်ဝတွင် ရပ်နေသည်ကို တွေ့ရလေသည်။

ခါးကုန်းကြီး သူ့အား သေချာကြည့်ကာ...

'မင်း တော်တော် ကိုယ်ခံအားကောင်းတယ်'

'ကျွန်တော် အခန်းထဲမှာနေရတာ ပျင်းလို့ပါ'

'ထားပါလေ။ မင်းအိမ်ပိုင်ရှင်နဲ့ တွေ့ရမယ်'

'ဟုတ်ကဲ့'

စကားအဆုံး ခါးကုန်းကြီး လှည့်ထွက်သွားလေသည်။ ဟိုကျူး နောက်မှ လိုက်သွားလေသည်။ စကြံလမ်းအတိုင်း အခန်းပေါင်းများစွာ ဖြတ်သန်းလာပြီးနောက် ကျယ်ဝန်းသော အခန်းကြီးတစ်ခန်းသို့ ရောက်ရှိသွားလေသည်။

အခန်းကျယ်ကြီးထဲရောက်သောအခါ လူတစ်စုကို တွေ့လိုက်ရ





သည်။ အခန်းထဲတွင် စားပွဲတစ်လုံးခင်းထားသည်။ စားပွဲထိပ်တွင် ဘိုးအိုတစ်ဦး ထိုင်နေသည်။ မျက်နှာချင်းဆိုင်တွင် လူလေးယောက် င်နေလေသည်။

သူတို့ ဟိုကျူးဝင်အလာကို စောင့်ကြည့်နေကြသည်။ အားလုံး ပ်တန်းပညာရှင်များဖြစ်ကြောင်း ဟိုကျူး သိလိုက်သည်။

စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ အဆင်သင့်ရှိနေလေ ည်။ အဘိုးအိုဘေးတွင် ထိုင်နေသော အမျိုးသားနှင့် အမျိုးသမီးကြီး ခုံညားချောမောသူများ ဖြစ်ကြသည်။

ခါးကုန်းကြီး ဟိုကျူးအား အထဲခေါ်ပြီး...

'ဧည့်သည်လေး ရောက်လာပါပြီ ဆရာ'

ဆံဖြူအဘိုးအို ခေါင်းညိတ်လိုက်သည်။

'ထိုင်ပါ'

ဟိုကျူး ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ အဘိုး ရှေ့မှ ထိုင်နေသော လူတစ်ယောက်ဘက်လှည့်ကာ...

'မင်းဘာတွေလုပ်ခဲ့လဲ'

'ကျွန်တော် မြောက်ပိုင်း ရောက်ခဲ့တယ်။ လူဆိုးဓားပြတွေ န်သလောက် ရှိပါပြီ ဆရာကြီး'

အဘိုးအို ခေါင်းညိတ်လိုက်သည်။

'မင်းအသက်ကြီးပြီ။ မင်းအနှစ်နှစ်ဆယ်အတွင်း လုပ်လာသမျှ ကောင်းတွေချည်းပဲ။ ခု မင်းအနားယူတော့'

အဘိုးအို စကားကြောင့် လူထွားကြီး ဝမ်းသာသွားလေသည်။

'ကျေးဇူးတင်ပါတယ် ဆရာကြီး'

'ဝမ်းလျှံ'

အမျိုးသမီး ထရပ်ပြီး...

'ကျွန်မ မြေပြန့်မှာ မကောင်းသူပယ် ကောင်းသူကယ်ခဲ့ပါတယ်။

www.burmeseclassic.com



တချို့ လူကောင်းယောင်ဆောင်ပြီး မကောင်းတာလုပ်နေတာကို ခုံးမ[illegible] ရတာ အခက်အခဲရှိပါတယ်'

'ကောင်းတယ်၊ မင်းလဲ အနားယူတော့'

'ကျေးဇူးတင်ပါတယ် ဆရာကြီး'

'သူတ မင်းထ'

'ကျွန်တော် မြစ်ဝါမြစ်တစ်လျှောက် ရွာသူရွာသားတွေကို အကူအညီပေးခဲ့ပါတယ်'

'မင်းလဲ ပညာဆက်လေ့ကျင့်ဦး၊ ဒါပေမယ့် မင်းကိုယ်မင်[illegible] ရပ်တည်နိုင်ပြီနော်'

နောက်ဆုံး မီးခိုးရောင်ဝတ် လူတစ်ယောက် ထရပ်ကာ...

'ကျွန်တော် ကျန်းနန်းမှာနေပြီး လူငယ်တွေ လိမ္မာယဉ်ကျေ[illegible] အောင် စာပေပညာ သင်ကြားပေးနေပါတယ် ဆရာ'

'ကောင်းပြီလေ၊ မင်း သူတို့လိုပဲပေါ့'

ပြောရင်း အားလုံးကို ကြည့်ကာ...

'ဒီနေ့ ငါ အသက်တစ်ရာပြည့်တဲ့နေ့၊ ခုချိန်ကစပြီး ငါဘယ်[illegible] နဲ့မှ အတွေ့မခံတော့ဘူး၊ မင်းတို့ လာမတွေ့နဲ့တော့'

'ဆရာ...'

'တော်တော့၊ ငါမင်းတို့ကို လုံလောက်တဲ့ အမွေပေးပြီးပြီ၊ မင်[illegible] ဆရာ အရှေ့ပင်လယ်သိုင်း ဆရာကြီး သေဆုံးပြီမှတ်လိုက်တော[illegible]'

ဟိုကျူး ထိုစကားများကို စိတ်ဝင်စားစွာ နားထောင်နေ[illegible] သည်။

ဟိုကျူး ရုတ်တရက် ထရပ်ကာ စားပွဲကုလားထိုင်များ[illegible] ကွေ့ပတ်ပြီး အဘိုးအိုအနီး လျှောက်သွားလေသည်။

လူအားလုံး ဟိုကျူးအား ငေးကြောင်ကြည့်နေကြသည်။ ဟိုကျ[illegible] အဘိုးအိုအနီး ရောက်သောအခါ ဒူးထောက်ထိုင်ချပြီး...





'အရှေ့ပင်လယ် သိုင်းဆရာကြီးကို ဂါရဝပြုပါတယ်'

ပြောလိုက်ရင်း ဦးညွတ် အရိုအသေ ပေးလေသည်။

✦ ✧ ✦

ဟိုကျူး၏ လုပ်ဆောင်ချက်ကြောင့် အားလုံး ကြောင်သွားလေသည်။ ဟိုကျူး ဖြိုက်သက်ခြင်းကို အခွင့်ကောင်းယူကာ...

'ဆရာ့ကို ကျွန်တော် လိုက်ရှာနေတာပါ။ ဆရာ သိုင်းလောကမှာ ပြောကြတာ ဆရာ ထိပ်တန်းပညာသင်ကြားပေးတတ်လို့ ဆရာ ဘယ်မှာနေမှန်း ဘယ်သူမှ မသိကြပါဘူး'

'ဟော...'

အဘိုးအိုထံမှ အသံထွက်လာပြီး ဟိုကျူးကို မျက်လုံးပြူးဖြင့် ကြည့်နေလေသည်။

'မင်း၊ ငါ့ကို လိုက်ရှာနေတာ ဟုတ်လား'

'ဟုတ်ပါတယ်ဆရာ၊ ဆရာကြီး အရှေ့ပင်လယ်မှာ ရှိတယ်လို့ ကြားပါတယ်၊ ဒါကြောင့် လိုက်ရှာနေတာပါ'

သူ့စကားအဆုံး ခါးကုန်းကြီး ဟိုကျူးရှေ့ ရပ်ကာ...

'မင်း အေးအေးဆေးဆေး နေရာမှာ ပြန်ထိုင်ရင် ကောင်းမယ်ထင်တယ်'

ခါးကုန်းကြီးအသံ ခက်ထန်မာကျောနေလေသည်။

ဟိုကျူး ခါးကုန်းကြီးအား မော့ကြည့်ကာ...

'ကျွန်တော့်ဘဝ အသက်နဲ့ရင်းပြီး လာခဲ့တာပါ'

'မင်းနေရာမှာ သွားထိုင်စမ်း'

ခါးကုန်းကြီး ငေါက်လိုက်သည်။

သို့သော် ဟိုကျူး မထပါ၊ ဆံဖြူအဘိုးအိုထံမှ အသံထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခါးကုန်းကြီး ဘေးဖယ်နေစမ်း'

ထိုစကားကြားရသောအခါ ခါးကုန်းကြီး ဘေးဖယ်ပေးလို သည်၊ အဘိုးအို ဟိုကျူးအား ကြည့်လိုက်သည်။

'ဆရာကြီး ကျွန်တော်ဟာ...'

ဆံဖြူအဘိုးအို လက်ကာပြပြီး ခေါင်းညိတ်လိုက်သည်။

'မင်းနာမည် ပြောပါဦး'

'ကျွန်တော့်နာမည် ဟိုကျူးပါခင်ဗျာ'

'ဟိုကျူး ဟုတ်လား'

'ဟုတ်ပါတယ်'

'မင်း ဘာကြောင့် သိုင်းပညာ သင်ချင်တာလဲ'

'ကျွန်တော်...'

ဟိုကျူးငယ်စဉ်မှစပြီး ဦးလေး အကောက်ကြံပုံ၊ အာမခံသို သမားများနှင့် တွေ့ရပုံ၊ ချန်းမုအဖွဲ့သို့ ရောက်ရှိပုံ၊ ချန်းမု တော ရောက်ထားစဉ် သေဆုံးပုံ၊ လုချင်း ခေါ်ယူစောင့်ရှောက်ပုံ၊ ကွမ ရန်ငြိုးထားခြင်းခံရပုံ၊ ဆရာကြီး နန်းကုန်း သေဆုံးရပုံကို ပြောပြသည နန်းကုန်း၏ဇနီးပြောပြချက်ကြောင့် အရှေ့ပင်လယ်ခရီး ထွက်လာခြ ကို ပြောပြသည်။

ကမ်းရိုးတန်းတစ်လျှောက် တံငါရွာအရောက်တွင် လူဆိုးကြ မောက်ဖန်နှင့် တွေ့ဆုံတိုက်ခိုက်၍ ရှုံးပြီး နှိပ်စက်ရိုက်နှက်ခြင်းခံရက ပင်လယ်ထဲ လှေပေါက်ဖြင့် မျောပုံပါ ပြောပြလိုက်လေသည်။ သ လေမုန်တိုင်းမိကာ ကျွန်းသို့ ရောက်လာပြီး ယီယန့်တို့ သားအ ကယ်တင်ထားသည်။

ထိုမှ သူတို့သားအဖ အန္တရာယ်မဖြစ်စေလိုသောကြောင့် ထွ လာပုံတို့ကိုပါ ပြောပြလေသည်။ သူ့စကားကို အားလုံး စိတ်ဝင်စား နားထောင်ကြလေသည်။





ဟိုကျူးဘဝကို သိသောအခါ အားလုံးသနားကြင်နာသွားကြ လေသည်။

ခါးကုန်းကြီးပင် မျက်နှာ ပျော့ပျောင်းလာလေသည်။

အားလုံး မျက်နှာများသည် ဟိုကျူးဆန္ဒပြည့်ဝစေချင်ပုံ ရလေ သည်။

အဘိုးအို သက်ပြင်းတစ်ချက် ချလိုက်လေသည်။ အားလုံး အကြည့်အမိပွာယ်ကို သူ နားလည်လေသည်။

'ကျုပ် အသက်တစ်ရာ ပြည့်ပြီ။ အနားယူတော့မယ် ဒါ ကြောင့်...'

သူ့စကား တစ်ပိုင်းတစ်စဖြင့်ရပ်ကာ ဟိုကျူးအား ကြည့်လိုက် သည်။ ဟိုကျူး စိတ်ပျက်သွားလေသည်။ ဝမ်းလျှံတို့လဲ့စုမှာလည်း စိတ်မကောင်း ဖြစ်သွားလေသည်။

'လွန်ခဲ့တဲ့ တစ်နှစ်က မင်းရောက်လာရင် ငါ့တပည့်အဖြစ် လက်ခံမိမှာ အမှန်ပဲ။ အခုတော့ ငါ သိုင်းပညာ သင်မပေးတော့ဘူးကွာ'

ဟိုကျူး ခေါင်းငိုက်စိုက်ကျသွားလေသည်။ ထိုအခါ ဝမ်းလျှံက...

'ဆရာကြီး ဒီနေ့ဟာ ဆရာကြီးရဲ့ နေ့ထူးနေ့မြတ်ပါ။ ဟိုကျူးဟဲ တိုက်ဆိုင်လို့ ရောက်လာတာပါ။ သူ ဒီအတိုင်း ပြန်သွားရရင် ဘယ် ကောင်းပါ့မလဲ ဆရာကြီး။ ကျွန်မတို့ လက်ဆောင်တစ်ခုခု ပေးပါရ စေ။ ဆရာကြီး ခွင့်ပြုပါ'

မေတ္တာရပ်ခံလိုက်လေသည်။ ဝမ်းလျှံ၏ လိမ္မာပါးနပ်မှုကို အဘိုးအို သဘောကျသွားလေသည်။ သူလည်း ဒီအတိုင်း ပြန်လွှတ်ရ မည်ကို စိတ်မကောင်း ဖြစ်မိလေသည်။

ဝမ်းလျှံက အခက်အခဲကို ကြားဝင်ဖြေရှင်းပေးခြင်း ဖြစ်သည်။ အဘိုးအို ခေါင်းညိတ်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းသားပဲ။ ငါက ဆုံးဖြတ်ပြီးသား ဖြစ်နေလို့ ငါ့ကိုယ်စား မင်းပဲ ပေးလိုက်တော့'

ထိုစကားကြားရသောအခါ ဝမ်းလျှံ ဝမ်းသာသွားလေသည်။ သူတို့လေးယောက်စလုံး ပေးရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

'ဆရာ ကျွန်တော်တို့ကိုလဲ ခွင့်ပေးပါ'

'ဟား ဟား ဟား၊ မင်းတို့ သူ့ကို ကူညီမယ်ဆို လေးယောက်စလုံးကို ခွင့်ပြုတယ် ဟုတ်လား'

အားလုံး ကျေနပ်သွားလေသည်။ ဟိုကျူး ဝမ်းသာသွားလေသည်။ ခါးကုန်းကြီး မည်သို့မျှ မပြောပါ။ ရပ်နေလေသည်။

ထိုအခါ အဘိုးအိုက...

'ကဲ ဒါတွေ ထားဦး၊ ဒီမှာ အစားအသောက်တွေ ပျော်ပျော်ပါးပါး စားသောက်ကြပေါ့။ နောက်ဆုံး နှုတ်ဆက်ပွဲပဲ။ မင်းတို့ တစ်ပတ် နေနိုင်တယ် ဟုတ်လား'

စကားအဆုံး ထိုင်ရာမှ ထသွားလေသည်။ အားလုံး အရိုအသေ ပေးလိုက်ကြလေသည်။ အဘိုးအို ခေါင်းညိတ်ပြီး...

'မင်း ဘာမှမပူနဲ့၊ သူတို့ မင်းကို ကူညီကြလိမ့်မယ် ဟုတ်လား'

ဟိုကျူး ဘာမှမပြောဘဲ ဂါရဝပြုလိုက်လေသည်။ ခါးကုန်းကြီး အဘိုးအိုနောက်မှ လိုက်သွားလေသည်။

အခန်းထဲတွင် ဝမ်းလျှံ၊ ထင်းဟန်၊ သုတမင်း၊ ကွမ်ဖိန်၊ ဟိုကျူးတို့ ငါးယောက် ကျန်ခဲ့လေသည်။

✦ ✧ ✦

ဆံဖြူအဘိုးအို ထွက်သွားပြီးဖြစ်သည်။ အဘိုးအိုမှာ သိုင်းလောက၏ ပြိုင်ဘက်ကင်းသူ ဖြစ်သည်။

သိုင်းလောကသားများ အဘိုးအိုကို တွေ့ဆုံရန် အမျိုးမျိုးဒုက္ခ





ခံကာ ရှာဖွေကြသည်။ သို့သော် မတွေ့ကြပါ။ ဟိုကျူး ကံကောင်းစွာ တွေ့ရှိလေသည်။ သို့သော် တိုက်ဆိုင်စွာ အဘိုးအိုအနားယူကာ တရားဘောင် ဝင်တော့မည့်အချိန် ဖြစ်သည်။

ထင်းဟန် ဟိုကျူးကို ကြည့်ကာ...

'ဟိုကျူး မင်း ဘာလိုချင်လဲ ပြော'

'ကျွန်တော် လက်ဆောင်ယူဖို့လာတာ မဟုတ်ပါဘူးခင်ဗျာ။ သိုင်းပညာ ယူချင်တာပါ'

'မင်းက သိုင်းပညာသင်ချင်တာကိုး၊ ဟား ဟား ဟား'

'ကျွန်တော်...'

ထင်းဟန် လက်ခဲ့ကာပြပြီး...

'ငါ့ရဲ့အကောင်းဆုံးသိုင်းကွက် တစ်ကွက် မင်းကို လက်ဆောင်အဖြစ် ပေးမယ်'

'ဗျာ'

ဟိုကျူး အံ့သြသွားလေသည်။ ထင်းဟန်ကို မယုံကြည်သလို ကြည့်လိုက်သည်။

'တခြားလူတွေဆီကလဲ မင်းတောင်းပေါ့ ဟုတ်လား'

သူ့စကားအဆုံး ဝမ်းလျှံက ဝင်ပြောလိုက်လေသည်။

'တောင်းစရာမလိုပါဘူး၊ ကျွန်မက ပေးမှာပါ။ ကဲ ကလေး မင်းအတွက် ဒေါ်ဒေါ် လက်နက်ပုန်းပစ်နည်းတစ်မျိုး သင်ပေးမယ် ဟုတ်လား'

ဟိုကျူး မျက်လုံးပြူးသွားလေသည်။

သုတမင်းကလည်း အားကျမခံ...

'ကျုပ်ကလဲ ပေးမှာပါ၊ ဆေးပညာနဲ့ သွေးကြောဆက်ပညာ သင်ကြားပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကလဲ သိုင်းကွက်တစ်ကွက် သင်ပေးမယ်'

ဟိုကျူး သူတို့လေးယောက်ကို ကြည့်ကာ ဝမ်းသာသဖြင့် မျက်ရည်များ ကျလာလေသည်။

ချက်ချင်း ဒူးထောက်ကာ...

'ဆရာတို့ကို ကန်တော့ပါတယ်။ ကျွန်တော် ဆရာတို့ကျေးဇူး တစ်သက်မမေ့ပါဘူး'

ပြောရင်း ဦးချကန်တော့လေသည်။

'ဟေ့ ဒီလိုမလုပ်နဲ့လေ၊ ငါတို့ကို ဆရာ မခေါ်နဲ့ မင်းကို လက်ဆောင်ပေးတာ၊ ဘယ်သူမေးမေး ငါတို့ဟာ မင်းဆရာလို့ မပြောရဘူးနော်။ ကဲ အချိန်မရှိဘူး။ မင်း ငါ့နောက်လိုက်ခဲ့'

'ဟာ အစ်ကိုကြီး ဒီလိုမလုပ်နဲ့လေ၊ ဆရာက တစ်ပတ်ပဲ အချိန်ပေးတာ'

'ဒါဆို ဘယ်လိုလုပ်မလဲ'

'ဆရာက ကျုပ်တို့ ပညာကို စမ်းတာ ဖြစ်မယ်'

'အဲဒီတော့ ညအချိန်မှ သင်ပေးရအောင်'

'အေး မင်းကို ညဘက်သင်၊ အခုတော့ ငါ့နောက်လိုက်ခဲ့၊ ဟုတ်လား'

ဟိုကျူးမှာ သိုင်းပညာသင်ချင်သူဖြစ်၍ မည်သူသင်သင် အရေး မကြီးပါ။

ထို့ကြောင့် ထင်းဟန်နောက်သို့ လိုက်သွားလေသည်။

ဝမ်းလျှ သုတမင်း၊ ကွမ်းဖိန်တို့ ရယ်မောကာ ကျန်ရစ်ခဲ့လေသည်။

○ ● ○



# အခန်း (၁၁)

ထင်းဟန် ဟိုကျူးကို ခေါ်လာရင်း အပြင်ဘက် မြေကွက် လပ်သို့ ရောက်လာလေသည်။

'တို့မှာ အချိန်မရှိဘူး။ မင်းကို အချိန်တိုတိုနဲ့ အကောင်းဆုံး သိုင်းကွက် တစ်ကွက် သင်ပေးမယ်။ မင်း သေချာကြည့်ထား'

စကားအဆုံးတွင် လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်။

ဟိုကျူး သေချာစိုက်ကြည့်လိုက်သည်။

'လက်ကို စက်ဝိုင်းပုံဆွဲမယ်၊ စက်ဝိုင်းအလယ်ကို လက်သီးထိုး လိုက်ရမယ် ဟုတ်ပြီလား'

ဟိုကျူး သေချာကြည့်လိုက်သည်၊

ထင်းဟန် အကြိမ်ကြိမ် လုပ်ပြလေသည်၊ ထင်းဟန်အနီးရှိ သစ်ပင်တစ်ပင်အား ထိုးပြလိုက်သည်၊

'ဖြောင်း'

သစ်ပင်ကျိုးသွားလေသည်။ ဟိုကျူး မျက်လုံးပြူးသွားလေ သည်။ ထင်းဟန် ဟိုကျူးကို ပြုံးပြပြီး...

'ဘယ်လိုလဲ ငါ့လက်ဆောင်ကို သဘောကျရဲ့လား'

ဟိုကျူး ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့ သဘောပေါက်ပါတယ် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဒါ့ကို ဆရာ မခေါ်နဲ့လေ'

'ဟုတ်ကဲ့ပါ ဦးဦး'

'မင်း လေ့ကျင့်ပြပါဦး'

ဟိုကျူး မြေကွက်လပ်သို့ ထွက်ကာ ထင်းဟန်ပြသည့်အတိုင်း ပြုလုပ်လေသည်။ ထင်းဟန် ဟိုကျူးကို ပြုပြင်ပေးပြီး ကြပ်မတ်သင်ကြားပေးသည်။ ဟိုကျူး ကြိုးစားလေ့ကျင့်လေသည်။ ထင်းဟန် မရပ်မနား လေ့ကျင့်နိုင်းလေသည်။ မကြာပါ။ ဝမ်းလျို ရောက်လာလေသည်။ ထိုအခါ ဟိုကျူး ရပ်ရလေသည်။

'မင်း ဘယ်လိုဖြစ်နေတာလဲ ကလေး'

ဟိုကျူးကိုကြည့်ကာ မေးလိုက်သည်။ ဟိုကျူး ဘာမှမပြောပါ။ ဝမ်းလျို ကျောက်ခဲကလေးများဖြင့် အနီးရှိသစ်ပင်ကို ထိအောင် ပစ်နိုင်းသည်။ ဟိုကျူး သစ်ပင်ပေါ်ရှိ အိုးကလေးကို ထိအောင် ပစ်ရမည်။

သို့သော် ဟိုကျူး မထိပါ။ လက်ပန်းကျလာလေသည်။

'မင်း ဘယ်လိုဖြစ်နေတာလဲ'

ဝမ်းလျို အော်ငေါက်လိုက်သည်။ ဟိုကျူး ဘာမှမပြောပါ။ ခေါင်းငုံ့ထားလေသည်။

'သိုင်းပညာသင်ချင်လို့ မင်း အသက်စွန့်လာခဲ့တာဆို၊ မင်း အခုတော့ ဇွဲမရှိပါလားကွ'

ဟိုကျူး မျက်နှာ နီရဲသွားလေသည်။ သူ အံကြိတ်ပြီး...

'ကျွန်တော် ကြိုးစားပါ့မယ် ဒေါ်ဒေါ်'

'ကောင်းပြီ၊ ဆက်လေ့ကျင့်ဦး'

ဟိုကျူး သူ့ကို အထင်သေးသောကြောင့် ကြိုးစားကာ ကျောက်ခဲကလေးဖြင့် အိုးကို ပစ်ပေါက်လိုက်သည်။

'ခွမ်း'

ရေအိုးကလေး ကွဲသွားလေသည်။





'ရေအိုးကွဲတာနဲ့ တတ်ပြီမထင်နဲ့၊ မင်း ကြည့်ထား'

ပြောရင်း လက်တစ်ဖက်ဆော့ယမ်းလိုက်သည်။ လက်နက်ပုန်းကို မတွေ့ရပါ။ သစ်ရွက်ကလေးများမှာ ကြွေကျလာသည်ကို တွေ့ရသည်။

'မင်း သစ်ရွက်ကလေးတွေကို ကြည့်လိုက်စမ်း'

ဟိုကျူး မြေပေါ်တွင် ကျနေသော သစ်ရွက်များကို စစ်ဆေးလိုက်သည်။ သစ်ရွက်တိုင်းတွင် အပ်ကလေးတစ်ချောင်းစီ စိုက်ဝင်နေသည်ကို တွေ့ရလေသည်။

'ဟင်'

ဟိုကျူး အံ့သြတကြီး ရေရွတ်လိုက်သည်။ ဝမ်းလျိုကို လှည့်ကြည့်လိုက်သည်။

'အဲဒါ မင်းကို သင်ပေးမယ့် လက်နက်ပုန်းပညာပဲ'

တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

ထိုစဉ် သုတမင်း နေ့လယ်စာစားရန် လာခေါ်သောကြောင့် လေ့ကျင့်မှု ရပ်ကာ နှစ်ယောက်သား လိုက်ပါသွားရလေသည်။

ဟိုကျူး အသက်ရှူချောင်သွားလေသည်။ သူတို့ နေ့လယ်စာ စားသောက်ကြလေသည်။

ထို့နောက် သုတမင်းက...

လူတစ်ယောက်ပုံ ရေးဆွဲပြကာ အရေးပါသော သွေးကြော များကို ရှင်းလင်းပြကာ ကျက်မှတ်စေသည်။

လည်ကုပ်ရှိ သွေးကြောကို ထောက်ပြကာ လက်ဖြင့် ထောက်မိသည်ဖြစ်စေ၊ လက်နှင့် ထိမိသည်ဖြစ်စေ သေစေနိုင်ကြောင်း ရှင်းပြလေသည်။

ထိုစကားကြားသောအခါ ဟိုကျူး မျက်လုံးပြူးသွားလေသည်။ နံနက်ပိုင်းက ထင်းဟန်၊ ဝမ်းလျိုတို့ သင်ကြားပေးသောကြောင့် ပင်ပန်းထားသည်။ ယခု သုတမင်း သွေးကြောပညာကို ကျက်မှတ်ရပြန်သည်။

ညစာစားပြီး ဟိုကျူး အိပ်စက်လိုက်လေသည်။ မကြာပါ။



www.burmeseclassic.com

www.burmeseclassic.com



'ထစမ်း'

လူတစ်ယောက် လာန္နီးလိုက်သည်။ ဟိုကျူး ကမန်းကတန်း ထး ျက်ရလေသည်။

'ဟင် ဆရာကွမ်းဖိန်'

'ဟေ့ ဆရာလို့ မခေါ်နဲ့လေ'

ဟိုကျူး သက်ပြင်းချလိုက်လေသည်။

'မင်းကလဲ အိပ်ဖို့ စဉ်းစားနေတာပဲ။ အခု မအိပ်နဲ့ဦး၊ နောက်မှ အိပ်၊ မင်းကို သိုင်းပညာသင်ပေးမလို့ လာတာကွ'

'ဟုတ်ကဲ့ပါခင်ဗျာ'

'ငါ မင်းကို အတွင်းအားတိုးပွားအောင် လေ့ကျင့်ပေးမယ်၊ ဟောဒီမှာ ကြည့်'

အသင့်ယူလာသော မီးသွေးခဲလေးဖြင့် ကြမ်းပြင်တွင် စက်ဝိုင်းပုံလေးခု ရေးဆွဲလိုက်သည်။

'ဒီဝိုင်းထဲ ဝင်ရပ်၊ သေချာကြည့်ထား၊ စိတ်ကို တည်ငြိမ်အောင်ထား။ လက်နှစ်ဖက် ရင်ဝကပ်၊ လက်အုပ်ချီအသက်အောင့်၊ ရှိသမျှအား လက်နှစ်ဖက်ကို ပို့၊ တစ်ပြိုင်နက် ရှေ့ကို တွန်းထုတ်'

ပြောလည်း ပြော၊ လုပ်လည်း လုပ်ပြလေသည်။

ဟိုကျူး တစ်ချက်မှ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေလေသည်။ စက်ဝိုင်းတစ်ခုမှတစ်ခုအပြောင်း သိုင်းကွက်တစ်ခုပြောင်းကာ လေ့ကျင့်ပြလေသည်။

'မင်းကိုယ်တိုင် လုပ်ပြစမ်း'

ဟိုကျူးအား စက်ဝိုင်းအတွင်း လေ့ကျင့်ခိုင်းလေသည်။ ဟိုကျူးမှာ ကြိုးစားလေ့ကျင့်လိုက်လေသည်။ ဤသို့ဖြင့် တစ်ရက်၊ နှစ်ရက်၊ သုံးရက်တာ အချိန်ကုန်သွားလေသည်၊ သုံးရက်အတွင်း ဟိုကျူးသိုင်းပညာမှာ သိသိသာသာပင် တိုး တက်လာလေသည်။ အခြေခံရှိပြီးသားဖြစ်၍ အထောက်အကူများစွာ ရရှိလေသည်။





ထင်းဟန်နှင့်လေ့ကျင့်သောအခါ လက်မောင်းတစ်ခုလုံး နာကျင်ကိုက်ခဲကာ မလှုပ်ချင်အောင် ဖြစ်ရလေသည်။

ဝမ်းလျှံနှင့်သင်ကြားရသောအခါ ပို၍ပင် လက်မှာ နာကျင်လေသည်။ သုတမင်း ဆေးပညာနှင့်သွေးကြောပညာ သင်ကြားရာတွင် အိပ်မပျော်ရန် မနည်းပင် ကြိုးစားလေ့ကျင့်ရလေသည်။

အပြင်းအထန်ပင် ဆက်လက် လေ့ကျင့်ရလေသည်။

သို့သော် ညဘက်ရောက်သောအခါ ကွမ်းဖိန်၏ပညာကြောင့် သူ့ ကိုယ်လုံး ပင်ပန်းနွမ်းနယ်သမျှ ယူပစ်သလို ပျောက်သွားလေသည်။ သန်းခေါင်ကျော်လျှင် အိပ်စက်ရလေသည်။ အိပ်ရာမှ နိုးသောအခါ သူ့တစ်ကိုယ်လုံး လန်းဆန်းအားပြည့်နေလေသည်။

ယနေ့ သိုင်းလေ့ကျင့်ပြီး ကွမ်းဖိန် အခန်းတွင်းမှ ထွက်သွားလေသည်။ ဟိုကျူး ခုတင်ပေါ် ထိုင်ချလိုက်သည်။သုံးရက် အပြင်းအထန် လေ့ကျင့်သည်။ သို့သော် ဝေဒနာများ၊ ဒဏ်ရာများ ပျောက်ကင်းပြီး ခွန်အားများ တိုးလာသည်။ ညဉ့်နက်ပြီဖြစ်၍ သူ အိပ်စက်ရန် ခုတင်ပေါ် လှဲချလိုက်သည်။

ထိုစဉ်...

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ကြားလိုက်ရလေသည်၊ ဟိုကျူး...အိပ်ရာမှထပြီး တံခါးဖွင့်ပေးလိုက်သည်။ တံခါးဝတွင် ခါးကုန်းကြီး ရပ်နေသည်ကို တွေ့ရလေသည်။ ခါးကုန်းကြီး သူ့အား ပြုံးပြပြီး...

'မင်း အိပ်ချင်ပြီလား'

ဟိုကျူး ခေါင်းယမ်းပြလိုက်သည်၊ ခါးကုန်းကြီး သူ့ထံ အကြောင်းတစ်ခုခုကြောင့် ရောက်လာသည်ကို သူ သိလိုက်သည်။

'ကျွန်တော် မအိပ်ချင်သေးပါဘူး'

'ဒါဆို တို့ စကားပြောရအောင်'

ပြောရင်း အတွင်းဘက်သို့ လှမ်းဝင်လိုက်သည်။ ဟိုကျူး



www.burmeseclassic.com

www.burmeseclassic.com



လမ်းဖယ်ပေးလိုက်သည်၊ ခါးကုန်းကြီး ကုလားထိုင်တစ်လုံးယူကာ ထိုင်လိုက်သည်၊ ဟိုကျူး ခုတင်ပေါ်တွင် ထိုင်လိုက်သည်။

'မင်း သိုင်းသင်နေတာ သုံးရက်ရှိပြီနော်'

'ဟုတ်ကဲ့'

'သုံးရက်အတွင်း မင်း အခြေအနေ တိုးတက်လာပြီပေါ့'

'ဟုတ်ပါတယ်ခင်ဗျာ'

'ဒါဆို မင်း အရှေ့ပင်လယ်ဆရာကြီးရဲ့ပညာ ရပြီပေါ့'

'ဟုတ်ကဲ့'

'ဒါဆို ဆရာကြီး ဂုဏ်သိက္ခာကျဆင်းမယ့် အလုပ်မျိုး ဘယ်တော့မှ မလုပ်မိစေနဲ့ ဟုတ်လား'

'ကျွန်တော် နားလည်ပါတယ်ခင်ဗျာ'

'မင်း နားလည်ရင် မင်းကို ငါ ပြောပြစရာ ရှိတယ်'

'ဟုတ်ကဲ့'

'ဒီစကား အရမ်းအရေးကြီးတယ်။ ဘယ်သူမှ မသိစေနဲ့၊ မင်း ကတိပေးမလား'

'ဘယ်လိုကိစ္စလဲဟင်'

'သူတို့ ဘာကြောင့် မင်းကို တပည့်အဖြစ် လက်မခံလဲ သိလား'

'ကျွန်တော် မသိပါဘူးခင်ဗျာ'

'ကောင်းပြီ၊ မင်း ကတိပေးတာ သူတို့ကို ကူညီရာ ရောက်တယ်ဆိုတာရော မင်း သိလား'

'မသိပါဘူး'

'ကဲ နားထောင် ငါ ပြောပြမယ်။ အရှေ့ပင်လယ်ဆရာကြီး အမည်က ရှမ်းစန်းထင်လို့ခေါ်တယ်။ သူ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ ဆရာကြီးပဲ။ သူ သိုင်းလောကကို စိတ်ကုန်လို့ ထွက်လာတာပဲ'

ခါးကုန်းကြီး စကားဖြတ်ကာ ဟိုကျူးကို ကြည့်လိုက်သည်။

○ ● ○



# အခန်း (၁၂)

ဟိုကျူး စိတ်ဝင်တစားနားထောင်နေသည်ကို တွေ့သောအခါ ခါးကုန်းကြီး စကားဆက်လိုက်သည်။

'လူငယ်သိုင်းသမားတွေက ဆရာကြီးကို လိုက်ရှာကြတယ်၊ ဒါပေမယ့် တို့ငါးယောက်ကလွဲလို့ ဘယ်သူမှ မလာနိုင်ကြဘူး'

'ကျွန်တော် တွေ့တာ လေးယောက်တည်းပါခင်ဗျာ'

'ဟုတ်တယ်၊ ဒါပေမယ့် ငါးယောက်ရှိတယ်။ သူ့နာမည် ပုကျန်း၊ သူ့ကို ဆရာက တပည့်လို့ မသတ်မှတ်ဘူး။ သူက သူများ ထက် ပိုတတ်ချင်တယ်။ ဆရာ့အခန်းထဲ ဝင်ပြီး သိုင်းကျမ်းခိုးဖို့ ကြိုးစားတယ်'

'သူ ရသွားလား'

'ရှိမှမရှိတာ ဘယ်ရမလဲ၊ သူ မရတဲ့အဆုံး ဆရာ့ဓားကို ယူသွားတယ်။ အဲဒီဓားဟာ ထိပ်တန်းသိုင်းသမားရဲ့ မျိုးဆက်နောက်ဆုံး ဓားပဲ။ သူဒီဓားရတာနဲ့ အရှေ့ပင်လယ်ကို ထွက်လာတာပဲ။ အဲဒီဓားက ပင်မဓား'

'ဓားပိုင်ရှင်က ကျော်ကြားတဲ့ လူပေါ့နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်။ အဲဒီဓားမှာ သိုင်းကွက်တွေ ရေးထားတယ်'

'ဒါဆို ပုကျွန်း ရသွားတာပေါ့'

'ဟုတ်တယ်၊ ဆရာကြီးက တစ်ခါမှ အဲဒီဓားပေါ်က သိုင်းကွက်တွေကို မလေ့ကျင့်ဘူး၊ စိတ်ဝင်စားခြင်း မရှိဘူးလေ'

ဟိုကျူး ပြုံးလိုက်သည်။

'ဒါဆို ပုကျွန်း တတ်မြောက်သွားမှာပေါ့'

'ဟုတ်တယ်၊ သူ သိုင်းလောကကို စိုးမိုးလာမယ်လို့ ထင်တယ်'

'သူ့ကို ဦးလေးထင်းဟန်တို့ ဆုံးမပေါ့'

ခါးကုန်းကြီးက ခေါင်းယမ်းလိုက်လေသည်။

'ပုကျွန်းသာ ဓားပေါ်က သိုင်းကွက်တတ်သွားရင် သူ့လဲ ဆုံးမလို့ ရမှာ မဟုတ်ဘူး'

'ဗျာ'

ဟိုကျူး ထိတ်လန့်သွားလေသည်။ ခါးကုန်းကြီးကို မယုံကြည်သလို ကြည့်လိုက်သည်။

'ဘာလဲ မင်း မယုံဘူးလား'

ဟိုကျူး ဘာမှမပြောပါ။

'ဆရာကြီးက ထင်းဟန်တို့ကို ပညာကုန်သင်ပေးတာ မဟုတ်ဘူး။ တစ်မျိုးစီ သင်ပေးထားတာ'

'ကျွန်တော် ဘာလုပ်ပေးရမလဲဟင်'

'ငါ့စကား မဆုံးသေးဘူး။ ဆရာကြီးက ထင်းဟန်တို့ကို ပုကျွန်းနဲ့ ရင်မဆိုင်ရဘူးလို့ အမိန့်ထုတ်ထားတယ်'

'ဆရာကြီး အမိန့်ကို ထင်းဟန်တို့လူစု မကျေမနပ်ဖြစ်ကြတယ်'

ခါးကုန်းကြီး စကားဆက်လိုက်သည်။

'ဆရာကြီးနဲ့ ပတ်သက်သူမှန်သမျှ သူနဲ့ ရင်မဆိုင်ရဘူး။ ဒါပေမယ့် မင်းက ဆရာကြီးနဲ့ မပတ်သက်ဘူးလေ'





'ခင်ဗျာ'

ဟိုကျူး အံ့သြသွားပြန်သည်။ ခါးကုန်းကြီးကို အထိတ်တလန့် ကြည့်လိုက်သည်။

'ကျွန်တော် ပုကျွန်းကို ရင်ဆိုင်ရမှာလား'

'မင်း ဘာလုပ်ရမယ်ဆိုတာ နောက်တော့မှ ငါ ပြောမယ်။ ...င်း ထင်းဟန်တို့ကိုရော၊ ဆရာကြီးကိုပါ ကူညီမယ်လို့ပဲ ငါ ထင်တယ်'

စကားအဆုံး ထိုင်ရာမှ ထလိုက်သည်။

'ငါ သွားမယ်။ မင်း စဉ်းစား၊ တစ်ပတ်ပြည့်ရင် အဖြေပေးပေါ့ ...တ်ပြီလား'

ပြောပြီး ထွက်သွားသည်။ တံခါးဝရောက်သောအခါ ပြန်လှည့် ...ည့်ပြီး...

'မင်း မကူညီရင်လဲ တို့က အပြစ်မတင်ဘူးနော်'

ပြောရင်း တံခါးပိတ်သွားလေသည်။ ဟိုကျူး အခန်းတွင်း ...ယောက်တည်း ကျန်ခဲ့လေသည်။ အချိန်တရွေ့ရွေ့ကုန်ဆုံးသွားလေ ...ည်။ ခုနစ်ရက်ပြည့်သော နေ့ ရောက်လာလေသည်။

'ဟိုကျူး'

ထင်းဟန်ခေါ်သံ ထွက်လာလေသည်။

ဟိုကျူး ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

'အမိန့်ရှိပါခင်ဗျာ'

ထင်းဟန် တည်ကြည်လေးနက်သော မျက်နှာထားဖြင့်...

'မင်းကို ငါ သိုင်းပညာသင်ပေးတာ ခုနစ်ရက်ပြည့်ပြီ၊ မင်း ...သား'

'သိပါတယ်ခင်ဗျာ'

'ကောင်းပြီ၊ ခုနစ်ရက်အတွင်း မင်း ဘယ်လောက်တတ်ကျွမ်း ...လဲ ကြည့်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီခင်ဗျာ'

ဟိုကျူး မြေကွက်လပ်တွင် ထွက်ရပ်လိုက်သည်။ မြေကွက်လပ်တွင် တိုင်တစ်တိုင် စိုက်ထားပြီး တိုင်တွင် အုန်းဆံများ ပတ်စည်းထားလေသည်။

ဟိုကျူး စိတ်ကို စုစည်းလိုက်သည်။

'ယား'

ဖြာသံတစ်ချက်ပေးပြီး လက်တစ်ဖက် လှုပ်ရှားလိုက်သည်။

'ဖြောင်း'

ကျယ်လောင်သောအသံနှင့်အတူ သစ်သားတိုင် ကျိုးသွားလေသည်။

'ဟား... ဟား... ဟား'

ထင်းဟန်သဘောကျစွာ ရယ်မောလိုက်သည်။ သူသင်ပေးသော သိုင်းကွက်ကို ဟိုကျူး ကောင်းစွာ အသုံးချတတ်လေသည်။

'ဟိုကျူး မဆိုးဘူး။ မင်း ဉာဏ်လွှာပြီး သုံးနော်'

'ဟုတ်ကဲ့'

'မင်း ညာဘက်ပဲ အသုံးပြုမှာလား၊ ဘယ်ဘက်ကို အသုံးမပြုဘူးလား'

'လက်နှစ်ဖက်လုံး အသုံးပြုရမလားဟင်'

'ဟုတ်တယ်၊ လက်နှစ်ဖက်စလုံး အသုံးပြုရမယ်။ ဒီမှာ ကြည့်ထား'

ဟိုကျူး ထင်းဟန် လုပ်ပြသမှုကို သေချာကြည့်ထားလေသည်။

'ကျွန်တော် နားလည်ပါပြီခင်ဗျာ'

ထင်းဟန် သူ့အား သိုင်းပညာတစ်ကွက် ထပ်သင်ပေးခြင်း ဖြစ်သည်။

ထင်းဟန် သဘောကျသွားသည်။



'မင်း တော်တယ် ဟိုကျူး။ ငါ့ သိုင်းကွက် မင်း တတ်သွားပြီ၊ ဝမ်းလျှံ မင်းကို မျှော်နေမယ် သွားတော့'

ထင်းဟန်ကို ဟိုကျူး ဂါရဝပြုလိုက်သည်၊

'ဦးရဲ့ကျေးဇူး ကျွန်တော် တစ်သက်မမေ့ပါဘူးခင်ဗျာ'

'မင်း လူတော်လူကောင်းတစ်ယောက် ဖြစ်လာမှာပါကွာ။ ကဲ သွားတော့'

ဟိုကျူး နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

လေထဲတွင် သစ်ရွက်ကလေးများ ဝဲကျလာလေသည်၊ မြေပေါ်ကျနေသော သစ်ရွက်များအလယ်တွင် အပ်ကလေးများ စိုက်ဝင်နေလေသည်။

'ဖြောင်း ဖြောင်း ဖြောင်း'

ဝမ်းလျှံ လက်ခုပ်တီးလိုက်သည်၊

'မင်း မဆိုးဘူး ကလေး။ ငါ သင်ပေးရကျိုး နပ်တယ်'

ဟိုကျူးကို ချီးကျူးစကား ပြောကြားလိုက်လေသည်၊

'တစ်လလောက်သာ သင်ပေးရင် မင်း ငါ့ထက်သာမယ်ကွယ့်'

ဟိုကျူး ရှက်သွားလေသည်၊

'ကဲ လာဦး၊ ငါ့နောက် လိုက်ခဲ့'

ဝမ်းလျှံ အဆောက်အအုံဆီသို့ သွားနေသည်၊ ဟိုကျူး နောက်မှ လိုက်သွားလေသည်၊ အခန်းတစ်ခုအတွင်း ခေါ်လာလေသည်၊

ထိုအခန်းမှာ ဝင်ပေါက်တစ်ခုတည်းသာ ရှိသည်။ ကြမ်းပြင်တွင် ဖယောင်းတိုင်များ အစီအရီ ထွန်းညှိထားလေသည်။

'ဖယောင်းတိုင်တွေကို ငါ ကြိုတင်စီစဉ်ထားတယ်။ မင်းပညာစမ်းမလို့'

'ခင်ဗျာ'

ဟိုကျူး...ကြောင်သွားသည်၊



www.burmeseclassic.com

'မင်း လက်နက်ပုန်းပညာနဲ့ ဖယောင်းမီးတွေ ငြိမ်းအောင် လု
ရမယ်'

ဟိုကျူး ရင်ထိတ်သွားလေသည်။

'ဖယောင်းတိုင်မီး...'

'တိတ်ဝမ်း၊ ပစ်ဆိုပစ်'

'ဒေါ်ဒေါ် ကျွန်တော်...'

'ငါ ခိုင်းတာ လုပ်ပါ'

ဟိုကျူး မတတ်သာတော့ပါ။ ဝမ်းလျှံပေးထားသော လက်နက်
ပုန်းများကို လက်နှစ်ဖက်ဖြင့် ထုတ်ယူကာ တစ်ပြိုင်နက် ပစ်ခတ်လိုက်
လေသည်။

လက်နက်ပုန်းကလေးများ လေထဲဝဲသွားပြီး ဖယောင်းတိုင်မီး
များ ငြိမ်းသွားလေသည်။

'မင်း မဆိုးဘူး'

ဟိုကျူး ဝမ်းသာသွားလေသည်။

'ဒေါ်ဒေါ်ကို ကျေးဇူးတင်ပါတယ်ခင်ဗျာ'

'ကဲ မင်းကို သုတ မျှော်နေတယ် သွားလိုက်ဦး'

ဟိုကျူး ဦးညွှတ်ဂါရဝပြုလိုက်သည်။

ထင်းဟန်၊ ဝမ်းလျှံတို့ သူတို့သင်ကြားပေးသော ပညာအတွက်
ဝမ်းသာသွားကြလေသည်။

ဟိုကျူး ဝမ်းလျှံကို နှုတ်ဆက်ထွက်လာခဲ့လေသည်။ အခန်း
အပြင်ရောက်သောအခါ သုတမင်းကို တွေ့ရလေသည်။

သုတမင်း သဘောကျစွာ ပြုံးလိုက်သည်။ ဟိုကျူးကို ခြေဆုံး
ခေါင်းဆုံးကြည့်ပြီး...

'မင်းကို အစ်ကိုကြီးနဲ့မမတို့က ကျေနပ်ကြပြီထင်တယ်'

'ကျွန်တော်ညံ့လို့ သူတို့ သင်သလောက် မရပါဘူး'





'ဒီလောက့်ရက်ကလေးနဲ့ ဒီလောက်ပဲ တတ်မှာပေါ့ကွာ။ ကဲ
တို့လုပ်ငန်းစကြရအောင်'

ပြောရင်း ဟိုကျူးကို အခန်းတစ်ခန်းထဲ ခေါ်သွားလေသည်။

ထိုအခန်းမှာ သွေးကြောပညာ သင်ကြားပေးသောအခန်း
ဖြစ်သည်။

အခန်းထဲတွင် သစ်သားဖြင့် ပြုလုပ်ထားသော လူရုပ်များရှိ
သည်၊ ပုံအမျိုးမျိုးဖြင့် ရှိနေသည်။

'မင်း သွေးကြောတွေ ကောင်းကောင်းမှတ်မိတယ်မဟုတ်လား'

'မှတ်မိပါတယ်ခင်ဗျာ'

'ကောင်းပြီ၊ အစ်ကိုကြီးထင်းဟန် သင်ပေးတဲ့ သိုင်းကွက်
အတိုင်း လက်သီး အသုံးမပြုဘဲ လက်ညှိုးနဲ့ သွေးကြောထောက်သလို
လုပ်ရင် မင်း လုပ်နိုင်မလား'

'ဗျာ...'

ဟိုကျူး သုတမင်းကို အံ့ဩသလို ကြည့်လိုက်သည်။

'အစ်ကိုကြီး သင်ပေးတာ လက်သီးရှေ့ကို ထိုးသွင်းတာ မဟုတ်
လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'ကောင်းပြီ၊ လက်သီးအစား လက်ညှိုးကို အသုံးပြုလိုက်'

ဟိုကျူး ကြိုးစားလျှင် ရမည်ဟု ယုံကြည်သည်။

'မင်း ငါ သင်ပေးတာကို သဘောပေါက်တယ်ဆိုတာ ငါ
သိတယ်။ ဒါကြောင့် အကြောပညာနဲ့ သိုင်းကွက်ပေါင်းစပ်တတ်အောင်
သင်ပေးတာ'

ဟိုကျူး ချက်ချင်း လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော် ကြိုးစားပြီး အသုံးပြု
ကြည့်ပါ့မယ်'

www.burmeseclassic.com



'ဒီဟာကို လက်နက်ပုန်းပညာနဲ့ ပေါင်းစပ်ရင်ရော...'

ဟိုကျူး ခေါင်းထဲ အကြံရသွားလေသည်။

'ကဲ မင်း လက်နက်ပုန်း ငါးခုနဲ့ တစ်ပြိုင်နက် သွေးကြောငါးနေရာကို ပစ်စမ်း'

ဟိုကျူး ပစ်လွှတ်လိုက်သည်။

'ဝှစ် ဝှစ် ဝှစ် ဝှစ် ဝှစ်'

လူရုပ်ငါးရုပ် သွေးကြောငါးနေရာကို ထိမိသွားလေသည်။

○ ● ○

# အခန်း (၁၃)

သုတမင်း သဘောကျသွားလေသည်။

'ကဲ မင်းအစ်ကိုကြီးသိုင်းကွက်အတိုင်း ပစ်ကြည့်ဦး'

ဟိုကျူး ထပ်မံပစ်လွှင့်လိုက်ရာ လူရုပ်ငါးခု ဗုန်းခနဲ လဲကျသွားလေသည်။ ဟိုကျူး ဝမ်းသာသွားလေသည်။

သို့သော် သုတမင်း ခေါင်းယမ်းလိုက်လေသည်။

'မင်းဗုကလဲ တစ်ခါတည်း အသေပါလား။ ကွမ်းဖိနံသင်ထားတာ မေ့သွားပြီလား။ အတွင်းအားကို လိုအပ်သလို ထိန်းချုပ်အသုံးပြုရမယ်လေ'

'ဟုတ်ကဲ့'

'ကဲ ထပ်ပစ်ဦး'

ဟိုကျူး ထပ်မံပစ်လိုက်သည်။ အသံလုံးဝမထွက်ဘဲ လက်နက်ပုန်းငါးခု အရုပ်များ ကိုယ်တွင် စိုက်ဝင်သွားလေသည်။

ဟိုကျူး ရင်ထိတ်သွားလေသည်။ စိုးရိမ်သော အကြည့်ဖြင့် သုတမင်းကို ကြည့်လိုက်သည်။

သို့သော် သုတမင်း ပြုံးနေလေသည်။

'ဦး ကျွန်တော်...'

www.burmeseclassic.com

www.burmeseclassic.com



'မင်း မဆိုးဘူး ကလေး။ လူတစ်ယောက်ကို မေ့အောင် ပစ်ချင်ပစ်နိုင်တယ်လေ ဟုတ်လား'

'ကျွန်တော်...'

သုတမင်း လက်ကာပြပြီး...

'ငါ ကျေနပ်တယ်။ မင်း ကွမ်းဖိန်ဆီ သွားလိုက်ဦး'

ဟိုကျူး အရိုအသေ ပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော့်ကို ခွင့်ပြုပါ'

စကားအဆုံး ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

သို့သော် သူ ဘယ်သွားရမှန်း မသိပါ။ သုတမင်း အသံထွက်လာလေသည်။

'မင်း အခန်းထဲမှာ သူ စောင့်နေတယ်'

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ပြောရင်၊ သူ့အခန်းရှိရာသို့ ပြေးထွက်လာလေသည်။

'မင်း ရောက်လာပြီလား'

အခန်းဝရောက်သောအခါ ကွမ်းဖိန်အသံ ထွက်လာလေသည်။

ဟိုကျူး ခပ်သွက်သွက်လှမ်းဝင်လိုက်လေသည်။ ကွမ်းဖိန်းကုလားထိုင်ပေါ် ထိုင်လျက် ပြုံးကြည့်နေလေသည်။

'မင်း သူတို့ အစစ်ဆေးခံလာပြီနဲ့ တူတယ်'

'ဟုတ်ပါတယ်ခင်ဗျာ'

'သူတို့ကျေနပ်လို့ ငါ့ဆီလွှတ်တာ၊ မကျေနပ်ရင် လွှတ်မှာမဟုတ်ဘူး။ အစ်ကိုကြီး မင်းကို စစ်ဆေးလား'

'ဟုတ်ကဲ့'

'သူ မကျေနပ်ရင် ကျန်တဲ့လူတွေဆီ လွှတ်ပေးမှာမဟုတ်ဘူး'

'ဒါဆို...'





'ကျန်တဲ့လူတွေ စစ်ဆေးစရာ မလိုတော့ဘူးပေါ့'

ဟိုကျူး စိတ်သက်သာရာ ရသွားလေသည်။

'ကဲ တို့တစ်တွေ နောက်ဆုံးစစ်ဆေးမှု လုပ်ကြရအောင်'

ဟိုကျူး သက်ပြင်းချရင်း...

'ကောင်းပါပြီခင်ဗျာ'

'ကဲ ဒီမှာ ကြည့်စမ်း'

ပြောရင်း စားပွဲပေါ် ညွှန်ပြလိုက်သည်။

စားပွဲပေါ်တွင် အုတ်ခဲနှစ်လုံးထောင်ပြီးထားသည်။ ထိုအပေါ်မှ အုတ်ခဲတစ်လုံး ထပ်တင်ပြန်သည်။ ထိုအုတ်ခဲပေါ်တွင် ကြက်ဥတစ်လုံး တင်ထားလေသည်။

ဟိုကျူး မျက်မှောင်ကြုပ်သွားလေသည်။ ကွမ်းဖိန် ပြုံးလိုက်သည်။

'မင်း ကြက်ဥကို လက်ဝါးနဲ့ ရိုက်ရမယ်။ အောက်က အုတ်ခဲကျိုးသွားရမယ်။ ဒါပေမယ့် ကြက်ဥ မကွဲစေရဘူး'

'ဗျာ...'

ဟိုကျူး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

'ဘာလဲ၊ မင်း မလုပ်နိုင်ဘူးလား'

'ကျွန်တော်...'

'ငါ သင်ပေးထားတဲ့ ပညာကို အထင်သေးတာလား'

ကွမ်းဖိန် အော်ငေါက်လိုက်သည်။ ဟိုကျူး ကိုယ် ဆတ်ခနဲတုန်သွားသည်။ ဟိုကျူး မလှုပ်ပါ။

'မင်း ထွက်သွားတော့'

ကွမ်းဖိန် အော်ဟစ်မောင်းထုတ်လိုက်သည်။

'ဦး ကျွန်တော် ကြိုးစားပါ့မယ်'

'ကြိုးစားမယ် ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ဖြစ်အောင် လုပ်ပါ့မယ်ခင်ဗျာ'

ကွမ်းဖိန်မျက်နှာ ပျော့ပျောင်းလာလေသည်။

'မင်း ကြိုးစားမယ်ဆိုတာ ဘာကြောင့် ရယ်နေတာလဲ'

ဟိုကျူး သက်ပြင်းချရင်း စားပွဲရှေ့ သွားရပ်လိုက်သည်။

'ယား'

မာန်တစ်ချက်သွင်းပြီး လက်ဝါးစောင်း ရိုက်ချလိုက်သည်။

'ခွပ်'

အုတ်ခဲကျိုးသွားပြီး ကြက် စားပွဲပေါ်မှ လိမ့်သွားလေသည်။

'ဟား ဟား ဟား'

ကွမ်းဖိန်ရယ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ဟိုကျူး လှည့်ကြည့်လိုက်သည်။ ကွမ်းဖိန် ခေါင်းတဆတ်ဆတ်ညိတ်ပြီး...

'မင်း တော်တယ်၊ ငါ ကျေနပ်သွားပြီ။ တို့လေးယောက်ရဲ့ ပညာတွေကို မင်း ပေါင်းစပ်အသုံးချတတ်ရင် မင်းအတွက် အကျိုးအများကြီးရမယ်၊ ကဲ ငါ သွားတော့မယ်'

စကားအဆုံး သဘောကျစွာ တဟားဟားရယ်မောထွက်သွားလေသည်။ ဟိုကျူး...ငိုင်တွေနေလေသည်။ သူ သတိရလာသောအခါ ကွမ်းဖိန် အခန်းအပြင် ရောက်သွားလေသည်။

◆ ◇ ◆

'မင်း ဘာငိုင်နေတာလဲ'

စကားသံတစ်ချက် ထွက်လာလေသည်။

ဟိုကျူး ဆတ်ခနဲတုန် သွားလေသည်၊ လှည့်ကြည့်လိုက်သောအခါ ခါးကုန်းကြီး အခန်းတွင်း ဝင်လာသည်ကို တွေ့ရလေသည်။ ခါးကုန်းကြီးကို တွေ့သည်နှင့် ပုကျွန်းကိစ္စကို သတိရလာလေသည်။

'ဘဘ ရောက်လာပြီလား'





'အေး မင်း ငါပြောတဲ့စကား စိတ်ဝင်စားလား'

'ဟုတ်ကဲ့'

'အေးအေးဆေးဆေးထိုင်ဦး၊ ငါ ပြောပြမယ်'

'ဟုတ်ကဲ့ ဘဘ'

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

'မင်းကို ငါ ပွင့်ပွင့်လင်းလင်းပြောမယ်။ အခုလို သူတို့ငိုင်းပြီး မင်းကို ပညာသင်ကြားပေးတာ သူတို့ မလုပ်နိုင်တဲ့အလုပ် လုပ်ပေးစေချင်လို့ပဲ'

ထိုစကားကြားရသောအခါ ဟိုကျူး မျက်လုံးပြူးသွားလေ သည်။

'ဦးလေးထင်းဟာန်တို့တောင် မနိုင်တာ ကျွန်တော် ဘယ်လို လုပ် နိုင်မှာလဲခင်ဗျာ'

'မင်း လုပ်နိုင်အောင် သူတို့ ပညာတွေ ပေးတယ်လေကွာ'

'ဒါနဲ့ ဖြစ်ပါ့မလား'

'ဘာကြောင့်မဖြစ်ရမှာလဲကွ။ ဆရာကြီးအသက်တစ်ရာ မွေးနေ့မှာ သူတို့ခွင့်တောင်းလို့ ဆရာကြီးက ကြိုပြီး ပုကျွန်းနဲ့ ရင်မဆိုင်ဖို့ တားမြစ်တယ်။ သူတို့ စိတ်ပျက်သွားကြတယ်လေ။ သူတို့က ပုကျွန်း သတင်း ရ,ထားပြီးပြီ'

'သူ့ သတင်းရပြီ ဟုတ်လား'

ဟိုကျူး မျက်လုံး အရောင်တဖျပ်ဖျပ်ခတ်ရင်း မေးလိုက်သည်။

'ဟုတ်တယ်၊ ပုကျွန်းသတင်း ရခဲ့ပြီ'

'သူ ဘယ်မှာလဲဟင်'

'ဘာလဲ မင်း စိတ်ဝင်စားနေပြီလား'

ဟိုကျူး ရင်ထိတ်သွားသည်။ သူ ပုကျွန်းနှင့်ရင်ဆိုင်ရမည် ထင်သည်။ ထင်းဟာန်တို့လူစု သိုင်းပညာတော်ကြောင်း သူသိသည်။

သူတို့ ရင်ဆိုင်၍ မရပါက ဟိုကျူး မရနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ မင်းကို ပုကျန်းနဲ့ ရင်ဆိုင်နိုင်းဖို့ ပညာသင်ပေးတယ် ဆင်လား'

ဟိုကျူး ဘာမှမပြောပါ။ ခေါင်းငုံ့ထားလေသည်။

'မင်းကို ပုကျန်းနဲ့ ရင်ဆိုင်နိုင်းတာ အသေခိုင်းတာနဲ့ အတူ တူပဲဆိုတာ သိပါတယ်ကွာ'

'ဒါဆို'

'ပုကျန်းနေတဲ့ နေရာကို သိထားတယ်။ မင်း လုပ်ရမှာက ...'

ခါးကုန်းကြီး ရှင်းလင်းပြောကြားလိုက်လေသည်။ ဟိုကျူးမှာ နားထောင်ရင်း အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ သဘောကျခြင်း စသည့် အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

'ကဲ မင်း ဘာသိချင်သေးလဲ'

ဟိုကျူး သက်ပြင်းချလိုက်သည်။ မေးစရာ မရှိတော့ပါ။

'မင်းရဲ့အစွမ်းအစကို ငါတို့ ယုံကြည်တယ်။ စိတ်ချတယ်။ မင်း ဆောင်ရွက်ပေးမယ်လို့ ယုံကြည်ထားကြတယ်'

'စိတ်ချပါ ဘဘ။ ကျွန်တော် အစွမ်းကုန် ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်ခင်ဗျာ'

'မင်း အောင်မြင်ပါစေကွာ။ ကဲ ငါ သွားမယ်'

ပြောရင်း ခါးကုန်းကြီး အခန်းအပြင် ထွက်သွားလေသည်။

○ ● ○



# အခန်း (၁၄)

လေပြည်လေညင်း ဆော့ယမ်းတိုက်ခတ်လာလေသည်။ ကမ်းခြေတွင် တံငါသည်များဖြင့် စည်ကားနေလေသည်။

ကမ်းစပ်တွင် ပိုက်သိမ်းသူ၊ ငါးရွေးသူများ တပျော်တပါး လှုပ်ရှားနေကြသည်။ မကြာပါ။ လူတိုင်း လှုပ်ရှားမှု ရပ်ဆိုင်းသွားလေသည်။

အနက်ရောင်ဝတ် လူတစ်စု ကမ်းခြေသို့ ရောက်လာသောကြောင့် ဖြစ်သည်။ ရှေ့ဆုံးမှ ဝင်လာသူမှာ ဆရာကန်းဆိုသူ ဖြစ်သည်။ ထိုလူ၏ မျက်နှာမှာ ခက်ထန်နေသည်။

ရွာသားများရှေ့ ရောက်သောအခါ...

'ဟေ့ စန်းကွမ်း ဘယ်မှာလဲ'

ကျယ်လောင်သောအသံဖြင့် မေးလိုက်သည်။

'ကျုပ် ရှိပါတယ်'

ဟောင်းနွမ်းသော အဝတ်အစားများ ဝတ်ဆင်ထားသော လူကြီးတစ်ဦး ရှေ့ထွက်လာလေသည်။

စန်းကွမ်းဆိုသူ ဆရာကန်းရှေ့တွင် ရပ်လိုက်သည်။

'ငါးတွေ တော်တော်ရလား'



www.burmeseclassic.com

www.burmeseclassic.com



ထိုအမေးစကားကြောင့် မျက်နှာပျက်သွားသည်။

သို့သော် ချက်ချင်းခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဆရာကန်း'

'ကြားရတာ ဝမ်းသာပါတယ်။ အကောင်းဆုံး အကြီးဆုံး ငါးတွေ တောင်းနဲ့ သတ်သတ်ထည့်ထားပေး။ ကျုပ်တို့ ယူသွားမယ်'

ဆရာကန်း အနိုင်ကျင့်ခြင်း ဖြစ်သည်။ စန်းကွမ်းမကျေမနပ်ဖြစ်သွားလေသည်။ သုံးလအတွင်း ရာသီဥတုဆိုးရွားသောကြောင့် ငါးမဖမ်းရပါ။ ယခုမှ ငါးရသည်။

'ဖြန်း'

စန်းကွမ်း အဖြေမကြားရသောကြောင့် ဆရာကန်း စန်းကွမ်း ပါးကို ချလိုက်သည်။

'ခင်ဗျား သေချင်လား'

'ဆရာကန်းရယ် ရှာသားတွေက...'

'တိတ်စမ်း'

စန်းကွမ်း ပါးစပ်ပိတ်သွားသည်။ ရှာသားများဘက်လှည့်ပြီး...

'ကဲဟေ့ သူ ပြောတဲ့အတိုင်း လုပ်ပေးလိုက်'

'ဝှန်း'

'ဘာကြောင့် လေသံမာရတာလဲ'

ဆရာကန်းဆိုသူ စန်းကွမ်းကို ကန်ထည့်လိုက်သည်။ စန်းကွမ်း လဲကျသွားလေသည်။ ဆရာကန်း စန်းကွမ်းရင်ဘတ်ပေါ် ခြေတင်ထားပြီး...

'ကျုပ်ကို အာခံရင် သေသွားမယ်ဆိုတာ မှတ်ထား'

စန်းကွမ်း အသက်ရှုကျပ်လာပြီး ခေါင်းညိတ်ပြလိုက်သည်။ ရှာသားများ ထိုအဖြစ်ကို မြင်ရသောအခါ ရပ်မနေကြတော့ပါ။ အကောင်းဆုံး ငါးများ ရွေးချယ်ထည့်ပေးလေသည်။





'ဒီလူတွေကို ဒီလိုလုပ်ထားမှ အမိန့်နာခံတတ်တာ'

ပြောရင်း ဆရာကန်းမျက်လုံးကမ်းခြေတစ်နေရာမှ လှေငယ်ကလေးတစ်စင်းပေါ် ရောက်သွားလေသည်။ လှေပေါ်တွင် လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရလေသည်။ ထိုရှာသားများကို ငေးကြည့်နေသည်ကို တွေ့ရသည်။ ဆရာကန်း မျက်မှောင်ကြုတ်သွားသည်။

'ဒီကောင် ဘာလုပ်နေတာလဲ။ ငါ့ကို ကြည့်နေတယ်။ သေချင်ပြီထင်တယ်'

ထိုသို့တွေးရင်း သူ့အနီးရပ်နေသူ တစ်ယောက်ကို လှည့်ကြည့်လိုက်သည်။

'ဟိုလှေပေါ်မှာ ထိုင်နေတဲ့လူကို တွေ့လား'

'တွေ့ပါတယ် ဆရာကန်း'

'သူ့ကို သွားခွဲခေါ်လာစမ်း'

'ဟုတ်ကဲ့'

'နေဦး။ ငါ့ဆီကို လေးဖက်တွားပြီး လာနိုင်း။ ကြားလား'

'ဟုတ်ကဲ့'

ထိုလူ ဆရာကန်းတာဝန်ပေးသည်ကို ကျေနပ်သွားလေသည်။ သူ ကမ်းစပ်သို့ သွားပြီး လှေကလေးဆီ လျှောက်သွားလေသည်။ လှေပေါ်တွင် အညိုရောင်ဝတ် လူငယ်ကလေးတစ်ယောက် ထိုင်နေသည်။

'ဟေ့ကောင် လှေပေါ်က ဆင်းစမ်း'

လှေပေါ်မှ လူငယ်ကလေး ခမောက်ဆောင်းထားသည်။ ခမောက်ပင့်ပြီး မော့ကြည့်လိုက်သည်။ လူငယ်မျက်နှာကို မြင်လျှင် ထိုလူ လန့်သွားသည်။

'ဟင် မင်း...'

လူငယ် ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းက ငါ့ကို မှတ်မိတယ် ဟုတ်လား'

'မင်း... ဟိုကျူး'

အနက်ရောင်ဝတ်ထားသူ ခြေတစ်လှမ်း နောက်ဆုတ်လိုက်သည်။

လှေပေါ်မှ လူငယ်လေးမှာ ဟိုကျူး ဖြစ်သည်။

'ဟုတ်တယ် ငါ ဟိုကျူး။ မင်းတို့နှိပ်စက်ပြီး လှေအပေါက်နဲ့ မျှောလိုက်တဲ့ ဟိုကျူးလေး၊ အဲဒီ့ အိုးအိုထင်းဖုတော့ မရှိတော့ဘူး။ သူ့အတွက် ငါကပဲ တာဝန်ယူရမှာပေါ့'

ဟိုကျူးကို အနက်ရောင်ဝတ်လူ ငေးကြည့်နေလေသည်။

'ဆရာကန်း မင်းကို ခိုင်းလိုက်တယ် မဟုတ်လား'

အနက်ရောင်ဝတ် ခေါင်းညိတ်လိုက်သည်။

'သူက ငါ့ကို လေးဖက်ထောက်လာလို့ ပြောတယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ကောင်းပါပြီ။ မင်းက လေးဘက်ထောက်ပြီး ငါ့ရှေ့က သွား'

'ဗျာ'

'ငါ ပြောသလို လုပ်'

ဟိုကျူး ပြတ်သားစွာ ပြောလိုက်သည်။ ဟိုကျူးမျက်နှာကို ကြည့်ကာ အနက်ရောင်ဝတ်မျက်နှာ ဖြူရော်သွားလေသည်။

'မင်း မလုပ်သေးဘူးလား'

အနက်ရောင်ဝတ် ကိုယ်တဆတ်ဆတ်တုန်ယင်လာလေသည်။ ဟိုကျူးအား မယှဉ်နိုင်မှန်း သိလာလေသည်။

ချက်ချင်း မြေပေါ် ဒူးထောက်ချလိုက်သည်။

ထို့နောက် လေး ဖက်ထောက်ကာ ဆရာကန်းရှိရာ ပြေးသွားလေသည်။ ဆရာကန်း မျက်လုံးပြူးသွားလေသည်။





သူ့တပည့် ရှေ့မှ လေးဖက်ထောက်လာပြီး လှေပေါ်မှ လူငယ်ကလေးက နောက်မှ အေးအေးဆေးဆေးလျှောက်လာသည်ကို လူများအားလုံး အံ့ဩစွာ ငေးကြည့်နေလေသည်။

'ခွေးကောင်'

ဆရာကန်း သူ့အနားရောက်လာသော တပည့်အား ခြေဖြင့် လှမ်းကန်လိုက်သည်။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်လာပြီး အနက်ရောင်ဝတ်ကိုယ် လွင့်စဉ်သွားလေသည်။

ဟိုကျူး ဖေးမထားလိုက်သည်။

'သူများကို နှိပ်စက်ရင် ကိုယ် အနှိပ်စက်ခံရမယ်ဆိုတာ မှတ်ထားပါ'

ထိုသူ သဘောပေါက်သွားပြီး သတိလစ်သွားလေသည်။ ဆရာကန်း ဟိုကျူးအား လှမ်းကြည့်လိုက်သည်။

'ဟင် ဟိုကျူး...'

'ခင်ဗျား ကျုပ်ကို မှတ်မိသားပဲ'

'မင်း... မင်း...'

✦ ✧ ✦

'ကျုပ် သေရွာက ပြန်လာတာလေ။ သေမင်းက ကျုပ်ကို လက်မခံဘူး။ ခင်ဗျားတို့ကို အရင်လွှတ်ပေးဖို့ ပြောတယ်ဗျ'

'ဘာပြောတယ်'

'ခင်ဗျား ကျုပ်နဲ့တွေ့တာ ကံဆိုးတာပဲ'

'မင်း ဘယ်လိုလုပ်...'

'ဒါတွေထားပါ။ မင်းဆရာ ဘယ်မှာလဲပြော'

'မင်းသေချင်လို့ ပြန်လာတာကိုး။ ဒီတစ်ခါ တကယ် သေရမယ် သိလား'

www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးပြေး ဝင်တိုက်ခိုက်လိုက်လေသည်။ ဟိုကျူး မလှုပ်မယှက် ရပ်နေလေသည်။ ဆရာကန်း အနားရောက်မှ လက်တစ်ဖက် ဆေ့ယမ်းလိုက်လေသည်။

'ဝုန်း'

ဆရာကန်း အပေါ် မြောက်တက်ပြီး ခြေကားယား ပြန်ကျလာလေသည်။

'ဟား ဟား ဟား'

ရွာသားများ သဘောကျစွာ ရယ်မောလိုက်လေသည်။ ဆရာကန်း လူးလဲထပြီး...

'ယော့ကောင်တွေ ဘာလုပ်နေတာလဲ ဝိုင်းတိုက်ပါလား'

ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူ့စကားကြောင့် အနက်ရောင်ဝတ်များ ပြေးဝင်လာကြသည်။

'မင်းတို့မို့ လူဆိုးတွေနိုင်းသမျှ လုပ်နေတယ် မရှက်ဘူးလား'

စကားအဆုံး လက်နှစ်ဖက် ဆေ့ယမ်းလိုက်သည်။

'ဝုန်း...'

'အား'

'အမယ်လေး'

'အင့်'

စူးရှသော အော်ဟစ်သံနှင့်အတူ အနက်ရောင်ဝတ်များ ဖရိုဖရဲ ဖြစ်သွားလေသည်။ ဟိုကျူး ဆရာကန်းကို လှည့်ကြည့်လိုက်သည်။

သို့သော် မတွေ့ရတော့ပါ။

'မင်းတို့ဆရာ မောက်ဖန်ကို ပြောလိုက်။ ငါ အဘိုးအိုထင်းဖုအိမ်မှာ ရှိတယ်လို့'

စကားအဆုံး မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ထွက်လာလေသည်။ အနက်ရောင်ဝတ်များ ပြေးထွက်သွားကြလေသည်။





ရွာသားများ ဟိုကျူးနောက်မှ တစုတဝေးကြီး လိုက်လာကြလေသည်။

'အားလုံး ရပ်ကြစမ်း'

ဟန့်တားသံ ထွက်လာသည်။ ရွာသူရွာသားများ လှည့်ကြည့်သောအခါ စန်းကွမ်းကို တွေ့ရလေသည်။

'မင်းတို့လုပ်တာ အားလုံးဒုက္ခရောက်မယ် သိလား'

ရွာသားများ စိတ်ပျက်သွားလေသည်။

'အားလုံး ငါးတွေရွေးပြီးထည့်ထား။ ဆရာကြီး မောက်ဖန်ကို သွားပို့ရမယ်'

ရွာသားများ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကမ်းခြေသို့ ပြန်သွားကြလေသည်။

ဟိုကျူး ရှေ့ဆက်သွားနေလေသည်။ ဟိုကျူး အဘိုးအိုထင်းဖုအိမ်ကလေးကို လှမ်းကြည့်လိုက်သည်။ အပြင်တွင် သစ်ရွက်ခြောက်များ ရှုပ်ပွနေလေသည်။

အိမ်ကလေးကို မြင်သောအခါ သူ့ရင်ထဲ နာကျင်လာလေသည်။ သူ အိမ်ထဲလှမ်းဝင်လိုက်လေသည်။ အိမ်ထဲတွင် ခြင်းတောင်းများကို တွေ့ရလေသည်။

ကုလားထိုင်တစ်လုံးပေါ် ထိုင်ချလိုက်သည်။ အတန်ကြာသောအခါ စကားသံ ကြားလိုက်ရလေသည်။

'ဆရာကန်း ဒီကောင်လေး အထဲမှာလား'

ဆရာကန်း အိမ်ထဲလှမ်းကြည့်သောအခါ ဟိုကျူးကို တွေ့သွားလေသည်။

'ဟိုမှာ'

သို့သော်...

လီဝမ်းဆိုသူ တုတ်တုတ်မျှ မလှုပ်ပါ။



www.burmeseclassic.com

'အစ်ကိုကြီး လီဝမ်း'

ဆရာကန်း ခေါ်ရင်း ကန်လိုက်ရာ...

'ဝုန်း'

လီဝမ်းကိုယ် နောက်ပြန်လဲကျသွားလေသည်။ ဆရာကန်း မျက်လုံးပြူးသွားလေသည်။ ဟိုကျူးကို လှမ်းကြည့်လိုက်သည်။

'မောက်ဖန်ကို ခေါ်လာခဲ့'

သူ၏ အေးစက်သောအသံ ပေါ်လာလေသည်။ ဆရာကန်း ချာခနဲ လှည့်ပြေးသွားလေသည်။

အနက်ရောင်ဝတ်များ အဘိုးအိုထင်းဖု အိမ်ကလေးကို ဝိုင်းထားသည်။ ဟိုကျူး အထဲတွင် ထိုင်နေသည်။

မကြာပါ မြင်းခွာသံများကြားရလေသည်။

'ဘယ်မှာလဲ ဟိုကျူး'

ဟန်တာတို့ ညီအစ်ကိုနှစ်ယောက် ရောက်လာသည်။ ဆရာကန်း ပါလာသည်။

'ဟိုမှာ'

'မင်း မသေသေးဘူးလား'

ဟိုကျူး ပြုံးလိုက်သည်။

'ခင်ဗျားတို့မှာ မျက်စိမပါဘူးလား။ လီဝမ်းလို မဖြစ်စေချင်ရင် အားလုံး ဒူးထောက်ကြစမ်း'

သူတို့အားလုံး ဟိုကျူးကို မယုံနိုင်အောင် ငေးကြည့်နေကြသည်။

○ ● ○



# အခန်း (၁၅)

ဟိုကျူးစကားကြောင့် ဟန်တာတို့ညီအစ်ကို မျက်နှာရှုံ့မဲ့သွားလေသည်။ ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်လေသည်။

အမှန်မှာ ဟိုကျူးပစ်လိုက်သော အဆိပ်အပ်ထိသွားခြင်းကြောင့်ဖြစ်သည်။

'ဟား ဟား ဟား'

ဟိုကျူး ရယ်မောလိုက်လေသည်။ ဆရာကန်း မျက်လုံးပြူးသွားပြီး ချက်ချင်း ပြေးထွက်သွားလေသည်။ ဟန်တာတို့ညီအစ်ကို မတ်တတ်ရပ်ဖို့ ကြိုးစားသည်။ သို့သော် မခံမရပ်နိုင်အောင် နာကျင်နေလေသည်။

'ညီလေး တို့ဘယ်လိုလုပ်မလဲ'

'အစ်ကိုကြီး ကျွန်တော်တို့ အစကတည်းက သူ့ကို မယုံနိုင်တာ။ သူ့ကို ပင်လယ်ထဲမျှောလိုက်တော့ သေပြီထင်တာ'

'သူ ဘယ်လိုလွတ်မြောက်လာလဲ မသိဘူး'

တစ်ယောက်နဲ့တစ်ယောက် ပြောဆိုနေကြသည်။

'တိတ်စမ်း နားငြီးတယ်'

ဟိုကျူးအော်သံကြောင့် သူတို့နှစ်ယောက် တိတ်သွားလေသည်။

'ဆရာကြီး မြန်မြန်လာပါ'

www.burmeseclassic.com



အခြင်ဘက်မှ ဆရာကန်းအသံ ထွက်လာသည်။ သူတို့ ဟန်တတို့ညီအစ်ကိုအဖြစ်ကို တွေ့သွားကြသည်။

'ဒါ ဘယ်လိုဖြစ်တာလဲ'

မောက်ဖန် ဝင်လာပြီး မေးလိုက်သည်။

သို့သော်...

ဟန်တတို့ မဖြေကြပါ။ မောက်ဖန် မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်သည်။

'ဟေ့ ငါ မေးနေတယ်ဆော်'

အော်ငေါက်မေးလိုက်သည်၊ အဖြေ မကြားရသောအခါ မောက်ဖန် ဒေါပွလာလေသည်။

'မင်းတို့ သူ့ကို ဒူးထောက် ဂါရဝပြုနေတာလားကွ။ သေမပေတော့'

ပြောရင်း ဟန်တတို့ကို ရိုက်ချလိုက်သည်။

'အား'

ဟန်တတို့ လန့်အော်ခြင်းဖြစ်သည်၊ မောက်ဖန်ရိုက်ချက် မထိပါ။ ဟန်တ အရှင်လဲကျသွားလေသည်။

'အသုံးမကျတဲ့ ကောင်တွေ'

မောက်ဖန် ပြောရင်း ဟိုကျူးဘက် လှည့်လိုက်သည်။

'ခင်ဗျားကြောင့် အဘိုးအိုထင်းဖု ဝေဒနာခံစားရပြီး သေသွားရတယ်။ အခုတစ်ခါ ခင်ဗျားအလှည့်ပဲ'

ထိုစကားကြားသည်နှင့် မောက်ဖန် ဆရာကန်းအား ဆွဲယူကာ ဒိုင်းသဖွယ်ကာပြီး တိုက်ခိုက်လိုက်သည်။

'အား'

ဆရာကန်း၏ စူးရှသောအသံကို ကြားရသည်။ ဆရာကန်း ဟိုကျူး၏ လက်နက်ပုန်း ထိမှန်ကာ လဲကျသွားလေသည်။





မောက်ဖန် အတွေ့အကြုံ ရင့်ကျက်သူ ဖြစ်သည်ကြောင့် ဆရာကန်းအား အကာအကွယ် ယူလိုက်ခြင်းဖြစ်သည်။

'မင်း သတ္တိရှိရင် လက်ချင်းပြိုင်မယ် လက်နက်ပုန်းမသုံးနဲ့'

မောက်ဖန် စိန်ခေါ်လိုက်သည်၊ ဟိုကျူး ပြုံးလိုက်သည်။

'ကောင်းပြီ၊ အသုံးမကျတဲ့ ခင်ဗျားလူတွေကို သွားနှိုး။ တော်ကြာ သူတို့ ဒုက္ခရောက်မယ်'

'မင်းက ငါ့လူတွေကို ကြောက်လို့လား'

ဟိုကျူး ပြုံးလိုက်သည်၊ အနက်ရောင်ဝတ်စုံဝတ်များကို တစ်ပတ်လှည့်ကြည့်လိုက်သည်။

'ခင်ဗျားလူတွေ မလှုပ်ရှားနိုင်တာ ကျုပ်က ဘာကြောင့်ကြောက်ရမှာလဲ'

'ဘာ...'

'မယုံရင် အမိန့်ပေးကြည့်ပါလား'

'ဟေ့ကောင်တွေ အားလုံးဝိုင်းတိုက်ကြစမ်း'

သို့သော်...

သူ့ငယ်သားများ လုံးဝ မလှုပ်ရှားကြပါ၊ မောက်ဖန် ကြောင်သွားသည်။

'မင်း လက်နက်ပုန်း သုံးလိုက်ပြီလား'

'ဟား ဟား ဟား ခင်ဗျားကိုတော့ လက်ချင်းပြိုင်ပါ့မယ်'

'မင်းကို မသတ်ရရင် ငါ လူမဟုတ်ဘူးကွ'

မောက်ဖန် ဒေါသတကြီး အော်ဟစ်ရင်း ခုန်ဝင်လာလေသည်၊ ဟိုကျူး မောက်ဖန်ကို မုတ်လောက်အောင်ဆုံးမမည်ဟု ဆုံးဖြတ်လိုက်သည်။

သို့သော်...

သတိအလွတ်မပေးပါ။ မပေါ့ဆရဲပါ။ ထင်းဟာန် သင်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



သောသိုင်းကွက်ကို ထုတ်ဖော်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

'ဝှန်း'

ကျယ်လောင်သော အသံနှင့်အတူ မောက်ဖန်ကိုယ်ကြီး လေထဲ မြောက်တက်ကာ လွင့်စဉ်သွားလေသည်။

ကမ်းစပ်တွင် ရွာသူရွာသားများ ငါးရွေးနေကြသည်။ သူတို့ ငါးများကို ကြည့်ကာ နှမြောနေကြသည်။

ထိုစဉ်…

'ဟော့ ဟိုမှာကြည့်ပါဦး'

ရွာသားတစ်ယောက် စကားသံထွက်လာလေသည်။ အားလုံး လိုလို ကြည့်လိုက်သည်။ မောက်ဖန်ရှေ့မှ လေးဖက်ထောက်ပြီး အနက် ရောင်ဝတ်များ နောက်မှလိုက်လာကြသည်။

ရွာသားများ မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

'ဟာ ဘယ်လိုဖြစ်တာလဲ'

'မောက်ဖန် ဘယ်လိုဖြစ်တာလဲ'

'ဒါဆို တို့တစ်တွေ မောက်ဖန်ကို ကြောက်စရာမလိုတော့ဘူး ပေါ့'

တစ်ယောက်တစ်ပေါက် အော်ပြောကြလေသည်။ သူတို့ အားလုံး ပျော်ရွှင်သွားလေသည်။ ရွာသားများ ပြေးလာနေသည်။

ရွာသားများ သူ့အား လက်တုံ့ပြန် ရိုက်နှက်မည်ကို မောက်ဖန် ကြောက်ရွံ့လာလေသည်။

◆ ◇ ◆

ထို့ကြောင့် မောက်ဖန် ယိတ်လန့်ကာ မတ်တတ်ရပ်၍ ထွက် ပြေးရန် ကြိုးစားလိုက်သည်။





'ခင်ဗျား သေချင်ပြီလား'

ဟိုကျူး၏ အေးစက်သောစကားသံ ထွက်လာသည်။ ဟိုကျူး မောက်ဖန်နောက်တွင် ပါလာသည်။ မောက်ဖန် မထရဲတော့ပါ။

ဝိုင်းလာသော ရွာသားများကြားမှ စန်းကွမ်း ရှေ့ထွက်လာပြီး ဟိုကျူးကို ဦးညွှတ်လိုက်သည်။

'မိတ်ဆွေလေးကို ကျေးဇူးတင်လိုက်တာကွာ'

ဝမ်းသာအားရပြောလိုက်သည်။ ဟိုကျူး ပြုံးလိုက်သည်။

'သူတို့ကို ကြောက်စရာမလိုပါဘူး။ ပင်လယ်ထဲရောက်အောင် မောင်းထုတ်မှာပါ'

'ပင်လယ်ထဲကို ဟုတ်လား'

မောက်ဖန် မေးလိုက်သည်၊ ဟိုကျူး ခေါင်းညိတ်လိုက်သည်၊

'ဟုတ်တယ်။ ဘာလဲ ခင်ဗျား မသွားချင်ဘူးလား'

'ငါ ရေမကူးတတ်ဘူး'

'ရေကူးစရာ မလိုဘူး၊ ပင်လယ်ထဲရောက်ရင် သိုင်းပညာသင် ပေးမယ့်လူတောင် တွေ့ဦးမှာ'

'မင်း တကယ်ပြောတာလား'

'တကယ်'

ဟိုကျူး စန်းကွမ်းဆိုသူဘက်လှည့်ကာ…

'ဦးလေး လှေကြီးကြီးတစ်စင်းလောက် ရှာပေးပါလား'

စန်းကွမ်း ဟိုကျူးအကြံကို ရိပ်မိသွားသည်။

'ရပါတယ်။ ကျုပ်နောက်လိုက်ခဲ့ပါ'

'ကဲ လိုက်သွားကြ'

မောက်ဖန်တို့လူစု လေးဖက်ထောက်လျက် လိုက်သွားကြလေ သည်။ ရွာသူရွာသားများ အခြေအနေကို နားလည်သဘောပေါက်သွား ကြပြီး သဘောကျကာ တဝါးဝါး ရယ်မောလိုက်လေသည်။



www.burmeseclassic.com

တမ်းစပ်တွင် တံငါလှေများ အစီအရီရှိနေကြပြီး လှေကြီးကြီး တစ်စင်းကို ညွှန်ပြလိုက်သည်။

'ဒီလှေဆို ရမလား မိတ်ဆွေလေး'

'ဖြစ်ပါတယ်။ လှေတစ်စင်း ဆုံးရှုံးရတာ ကျွန်တော် စိတ်မကောင်းပါဘူး။ ဒါပေမယ့်...'

သူ့စကားမဆုံးပါ။ စန်းကွမ်း ကြားဖြတ်ပြောလိုက်သည်။

'ရပါတယ် မိတ်ဆွေလေး။ ကျုပ်တို့ ဆုံးရှုံးပေါင်းများပြီ'

'လှေဝမ်းကို အပေါက်တစ်ပေါက် ဖောက်ပေးပါလား'

စန်းကွမ်း သဘောကျသွားလေသည်။ ဟိုကျူးကို သဘောကျစွာ ပြုံးလိုက်သည်။

'စိတ်ချပါ။ မိတ်ဆွေလေး စိတ်တိုင်းကျဖြစ်စေရမယ်'

မကြာပါ လှေဝမ်းထဲမှ တဒုန်းဒုန်းမြည်သံ ထွက်လာသည်။ စန်းကွမ်းတို့ ပြန်ထွက်လာသည်။

'မိတ်ဆွေလေး နိုင်းတာ လုပ်ပြီးပါပြီ'

ဟိုကျူး ပြုံးလိုက်သည်။

'ကဲ ခင်ဗျားတို့ လှေပေါ်တက်'

မောက်ဖန်တို့လူစု လှေပေါ် ပြေးတက်သွားကြလေသည်။

'ကဲ မောက်ဖန်တို့လူစု လှေလှော်လိုက်တော့'

သူတို့ ဟိုကျူးလက်မှ လွတ်မြောက်ရန် လှေကို အားကုန်လှော်ခတ်လိုက်သည်။ ရွာသားများ ထိုအဖြစ်ကိုကြည့်ကာ သဘောကျနေလေသည်။

○ ● ○



# အခန်း ( ၁၆ )

အရှေ့ဘက်ကောင်းကင်တွင် နေဝန်းနီ ထွက်ပေါ်လာပြီ ဖြစ်သည်။ နေရောင်ခြည်ထွက်လာသည်နှင့် မြို့ကလေးမှာ စည်ကားလာလေသည်။

မင်းလမ်းပေါ်တွင် လူသွားလူလာများဖြင့် စည်ကားနေလေသည်။ ဟိုကျူး သက်ပြင်းချလိုက်သည်။ သူ ပတ်ဝန်းကျင်ကို အကဲခတ်ပြီး စားသောက်ဆိုင်ရှိရာသို့ လျှောက်သွားလေသည်။ နံနက်စောစောဖြစ်သောကြောင့် စားသောက် ဆိုင်တွင် လူရှင်းနေလေသည်။

ဟိုကျူး ဆိုင်ထဲဝင်ထိုင်လိုက်သည်။ ဆိုင်လုလင်ကို ခေါ်ရန်ပြင်လိုက်သည်။

ထိုစဉ်...

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံများကို ကြားရသည်။ မြင်းနှစ်ကောင်၊ လူနှစ်ယောက် အစိမ်းရောင်ဝတ်စုံ ဝတ်ထားသည်။ သူတို့ဆိုင်ရှေ့ရောက်လာကြသည်။

'ဆိုင်လုလင်တွေ ဘယ်ရောက်နေလဲ'

ဆိုင်ထဲဝင်သည်နှင့် ကျယ်လောင်သောအသံဖြင့် အော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ...

ဆိုင်လုလင်များ ချက်ချင်း ပြေးထွက်လာသည်။

'အမိန့်ရှိပါခင်ဗျာ။ ဘာလုပ်ပေးရမလဲ'

အစိမ်းရောင်ဝတ်စုံများ အစားအသောက် မှာကြားနေလေသည်။

'မြန်မြန်လုပ်ပေး'

ဆိုင်လုလင်များ ထိုလူများ မှာကြားသည်ကို ချက်ချင်း လုပ်ပေးနေသည်။ မကြာပါ စားပွဲပေါ်တွင် အစားအသောက်များ လျှံသွားလေသည်။

'ဟေ့ ငါ့ကိုလဲ စားစရာပေးပါဦး'

ဟိုကျူး လှမ်းအော်လိုက်သည်။ ဆိုင်လုလင်တစ်ယောက် ဟိုကျူးထံ ပြေးလာပြီး...

'ခွင့်လွှတ်ပါ ခင်ဗျာ။ ဘာလိုလို့လဲ'

'ကျုပ်အတွက် အသားဟင်းတစ်ပွဲ၊ ပေါက်စီငါးလုံး ယူလာပေးပါ'

ဆိုင်လုလင်စားသောက်ဖွယ်ရာများ ယူလာပေးသည်။ ဟိုကျူး အားပါးတရ စားသောက်လိုက်လေသည်။ အစိမ်းရောင်ဝတ်များ ဟိုကျူးကို မကြာခဏ လှမ်းကြည့်လေသည်။

ဆိုင်ထဲတွင် အစိမ်းရောင်ဝတ်နှစ်ယောက်နှင့် ဟိုကျူးတို့သုံးယောက်သာ ရှိနေသည်။ ဟိုကျူး ခေါင်းငုံ့စားနေလေသည်။

'ဟေ့ တို့ ပွဲကြီးပွဲကောင်းကြည့်ရမှာကွ'

တစ်ယောက်က ပြောလိုက်သည်။ ဟိုကျူး ခေါင်း ဆတ်ခနဲ ထောင်လာလေသည်။ သူ့နားမပြတ်စွင့်ထားလေသည်။ အစိမ်းရောင်ဝတ်နှစ်ယောက်မှာ သိုင်းသမားများဖြစ်ဟန် တူသည်။

အရှေ့ပင်လယ်မှထွက်လာပြီး ပထမအကြိမ် သိုင်းလောကသားများနှင့် တွေ့ရခြင်းဖြစ်သောကြောင့် စိတ်ဝင်စားသွားသည်။



'ဟုတ်တယ်။ တကယ့်ပွဲပဲ။ ကျောက်ဖြူဂိုဏ်းချုပ်က ခေတာ မဟုတ်ဘူးနော်။ ကြည့်ကောင်းမှာ သေချာတယ်'

'ဟာ မေဒါဂိုဏ်းက စုမှုဟန်ကလဲ မခေပါဘူးဗျာ'

'အေး ဒါကြောင့် ပွဲကြီးပွဲကောင်းလို့ ပြောတာပေါ့။ မေဒါဂိုဏ်းသားကလဲ ထိပ်သီးသမားတွေနဲ့ ယှဉ်ပြိုင်အနိုင်ရလာတာ၊ သူ့ကို လျှော့တွက်လို့ မရဘူး'

'ကျောက်ဖြူဂိုဏ်းကလဲ ဩဇာကြီးတယ်နော်'

'ကျုပ်တို့ မြန်မြန်စားပြီး သွားရအောင်၊ တော်ကြာ မကြည့်လိုက်ရဘဲ နေမယ်'

သူတို့နှစ်ယောက် စားသောက်ပြီး ကျသင့်ငွေပေးကာ ဆိုင်ထဲမှ ထွက်သွားလေသည်။

ဟိုကျူး ထိုလူနှစ်ယောက်နောက်သို့ လျင်မြန်စွာ ပြေးလိုက်သွားလေသည်။

အစိမ်းရောင်ဝတ်နှစ်ယောက် ခြံဝင်းတစ်ခုထဲ ဝင်သွားသည်ကို တွေ့ရလေသည်။

ဟိုကျူး ပြေးသွားလေသည်၊

'ရပ်လိုက်'

ဟန့်တားသံကြောင့် ဟိုကျူး ခြေလှမ်းရပ်ပြီး လှည့်ကြည့်လိုက်သည်။ အဖြူရောင်ဝတ် လူငယ်သုံးယောက် လမ်းပိတ်ရပ်ထားသည်ကို တွေ့ရလေသည်၊

ထိုသုံးယောက်ထဲမှ တစ်ယောက်က ရှေ့ထွက်လာပြီး လက်နှစ်ဖက်ဆုပ်ကာ...

'မိတ်ဆွေ ဘယ်သူလဲ၊ ဘယ်အဖွဲ့ကလဲ ပြောပါဗျာ'

ထိုလူငယ်များ တာဝန်အရ စစ်ဆေးခြင်းဖြစ်သည်ကို ဟိုကျူး နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

'ကျုပ်နာမည် ဟိုကျူးပါ။ ဒီမှာ ယှဉ်ပြိုင်ပွဲရှိတယ်ကြားလို့ လာကြည့်တာပါ'

လူငယ်သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

'မိတ်ဆွေက ပြိုင်ပွဲကြည့်ချင်လို့ကိုး ရပါတယ်။ ဒါပေမယ့် ပညာလေးတစ်ကွက်လောက် ပြပြီး အထဲဝင်နိုင်ပါတယ်'

ဟိုကျူး ပြုံးလိုက်သည်။ လွယ်ကူစွာ ဝင်၍ရမည်မဟုတ်မှန်း ကြိုသိထားပါသည်။

'ကျုပ် ပညာပြရင် ဝင်ခွင့်ပြုမယ်ပေါ့ ဟုတ်လား'

အဖြူရောင်ဝတ်လူငယ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်။ လေးစားလောက်တဲ့ပညာဆို ဝင်ခွင့်ပြုမှာပါ'

'ကောင်းပြီ၊ သေချာကြည့်ထားပါ'

ဟိုကျူး သိုင်းကွက်ကိုကြည့်ကာ လူငယ်သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြလေသည်။ တစ်ယောက်က...

'ခင်ဗျား ပညာက...'

သူ့စကားမဆုံးပါ။ နောက်တစ်ယောက်က အော်ပြောသံ ကြားလိုက်ရသည်။

'ဟိုမှာ ကြည့်ပါဦး'

ကျန်နှစ်ယောက် လှည့်ကြည့်လိုက်သည်။

'ဟင်'

'ဟာ'

လွှတ်ခနဲ အော်လိုက်သည်။

◆ ◇ ◆



ကျောက်ပြားခင်းထားသော လမ်းကလေးမှာ နက်ရှိုင်းသော ခြေရာများ ထင်နေလေသည်။

'ခင်ဗျားတို့ တွေ့ပြီလား'

အဖြူရောင်ဝတ်လူငယ်သုံးယောက် ချက်ချင်း ခေါင်းညိတ်လိုက်သည်။

'ဝင်သွားနိုင်ပါပြီဗျာ'

ဟိုကျူး လက်နောက်ပစ်လျက် ခြံဝင်းအတွင်း အေးဆေးစွာ ဝင်သွားလေသည်။

လူငယ်သုံးယောက် ပြိုင်တူ သက်ပြင်းချလိုက်လေသည်။ ခြံဝင်းအတွင်း အဆောက်အအုံကြီးတစ်ခု ရှိလေသည်။ အဝင်ဝတွင်...

'ကျောက်ဖြူဂိုဏ်း'

ဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့ရလေသည်။ ဟိုကျူး အဆောက်အအုံထဲ ဝင်လာခဲ့လေသည်။ အထဲတွင် ဧည့်သည်များ ပြည့်ကျပ်နေလေသည်။

ဟိုကျူး ရှေ့တိုးကြည့်ရန် နေရာရှာလိုက်သည်။ စားပွဲတစ်ခုတွင် ခုံလွတ်ရှိသောကြောင့် လျင်မြန်စွာ သွားရောက် ထိုင်ချလိုက်သည်။

အခြား စားပွဲတစ်လုံးတွင် အဘိုးအိုတစ်ဦး ထိုင်နေသည်။ အဘိုးအိုမှာ တည်ကြည်ခံ့ညားသောရုပ်သွင် ရှိသည်။

ဟိုကျူး အဘိုးအိုအား အကဲခတ်နေစဉ်...

'ကျောက်ဖြူဂိုဏ်းချုပ် အသင့်ရှိနေပြီး ဗေဒါဂိုဏ်း စုမှုဟန် ဘာကြောင့် မလာသေးတာလဲ'

စကားသံကို ကြားလိုက်ရသည်။ ဟိုကျူး လှည့်ကြည့်သောအခါ အစိမ်းရောင်ဝတ် အဘိုးအိုနှစ်ယောက်ကို တွေ့ရသည်။

'ဆရာကြီးကတော့ တည်တည်ငြိမ်ငြိမ်ပဲ။ သူအနိုင်ရမယ် ထင်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

'ဟိုဘက်ကလူတွေကို မင်း သတိထားမိလား'

ဟိုကျူး ဘယ်ဘက်ထောင့်သို့ လှမ်းကြည့်လိုက်သည်၊ ထိုလူသုံးယောက် ဖျင်ကြမ်းအင်္ကျီများ ဝတ်ထားကြသည်။

'ဟာ ဗေဒါဂိုဏ်းသားတွေပါလား'

'ဟုတ်တယ် ပြိုင်ပွဲအဆုံးအဖြတ်ပေးဖို့လာတာ'

သူတို့နှစ်ယောက် စကားများကြောင့် ဟိုကျူး သိုင်းလောကအတွေ့အကြုံများ ရရှိလေသည်။

'ဆရာကြီး ဘာလက်နက်သုံးမလဲ'

'သံမဏိတုတ်တံပေါ့'

ထိုစဉ်...

'ဟား ဟား ဟား'

ရုတ်တရက် ရယ်မောသံကို ကြားလိုက်ရသည်။ အားလုံးလှည့်ကြည့်သောအခါ လူတစ်ယောက် ခန်းမအတွင်း ဝင်လာသည်ကို တွေ့ရသည်။

'မင်း နောက်ကျတယ်'

စားပွဲထိပ်တွင် ထိုင်နေသူက ပြောလိုက်သည်။

'ခင်ဗျား စိတ်လောနေလို့ပါ။ ကျုပ်က အချိန်တိကျပါတယ်'

စုမှုဟန်သည် ဗေဒါဂိုဏ်းသားတစ်ယောက် ဖြစ်သော်လည်း သီးခြားနေသည်။

'ကဲ ခင်ဗျား အရင်စမလား။ ကျုပ် စရမလား။ အချိန်ကြာတယ်'

စုမှုဟန် စိတ်မရှည်စွာ မေးလိုက်သည်။

'မင်းက ဧည့်သည်ပဲ။ ဒါကြောင့် မင်းကို အခွင့်အရေးပေးပါမယ်။ မင်း အရင်စပါ'

'ကောင်းပြီ သတိထားပေတော့'



သူ့ လက်နက်ဖက် အတွင်းအားစုစည်းကာ ရိုက်ချလိုက်သည်။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်လာလေသည်၊ နှစ်ယောက် ပြိုင်တူ နောက်ဆုတ်သွားလေသည်၊

'နောက်တစ်ကွက်'

နှစ်ယောက်စလုံး လက်နက်ကိုယ်စီထုတ်ကာ တိုက်ခိုက်လိုက်ကြသည်၊

'ချွမ်း'

မားရိပ်များ၊ လူရိပ်များ ပူးကပ်သွားလေသည်၊ စုမှုဟန် လက်ထဲရှိ မားကျိုးသွားလေသည်။ ပြူးကျယ်သောမျက်လုံးဖြင့် ကျောက်ဖြူဂိုဏ်းချုပ်ကို ကြည့်လေသည်၊

'မင်း ရှုံးပြီ'

စုမှုဟန် သက်ပြင်းတစ်ချက်ချလိုက်သည်။

'ခင်ဗျား သံမဏိတုတ်တံက တော်တော် အစွမ်းထက်တာပဲ'

'ဘာပဲဖြစ်ဖြစ် မင်းရှုံးပြီ'

'ဟုတ်ပါတယ်။ ခင်ဗျား ဘာလုပ်ချင်လဲပြောပါ'

ကျောက်ဖြူဂိုဏ်းချုပ် တည်ကြည်သောမျက်နှာထားဖြင့်၊

'မင်း ပြောထားတဲ့စကား မမေ့ရင်တော်ပါပြီ'

ထိုစကားကြားသောအခါ စုမှုဟန် မျက်နှာပျက်သွားလေသည်၊ သူ ရှုံးနိမ့်လျှင် သိုင်းလောကထဲ မျက်နှာမပြစေရဟု ပြောထားသည်၊ ကျောက်ဖြူဂိုဏ်းချုပ် သူ့အား သိုင်းလောကမှထွက်ရန် ပြောကြားခြင်းဖြစ်သည်။

စုမှုဟန် သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီ။ ကျုပ်စကားကို ကျုပ် တာဝန်ယူရမှာပေါ့'

ပြောပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူက မောက်မာပေမယ့် ကတိတော့တည်တယ်၊ သူ ဘယ်တော့မှ သိုင်းလောကထဲဝင်လာမှာ မဟုတ်ဘူး'

သိုင်းသမားကြီးတစ်ယောက်က ဝင်ပြောလိုက်သည်။

'ဟုတ်ပါတယ်'

'ဆရာကြီးလင်းရှိ သူ့ကို ဆုံးမလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

'ကျုပ်မှာလဲ သံမဏိတုတ်တံရှိလို့ပါ။ မဟုတ်ရင် နိုင်မှာ မဟုတ်ဘူး'

'သံမဏိတုတ်တံ အစွမ်းထက်လှပါတယ်ဗျာ'

သူတို့နှစ်ယောက် စကားကောင်းနေစဉ် လူကြားထဲမှ အစိမ်းရောင်ဝတ်နှစ်ယောက် ခုန်ထွက်လာကြသည်။

'အိုရန်ညီနောင်ပါလား'

ကျောက်ဖြူဂိုဏ်းချုပ် နှုတ်ဆက်လိုက်သည်။

'ဟုတ်ပါတယ်ဗျား အိုရန်ညီနောင်ပါ'

'မင်းတို့ဘာကိစ္စရှိလဲ'

'သံမဏိတုတ်တံ'

'ဘာ ဒါက မင်းတို့နဲ့ ဘာဆိုင်လဲ'

အိုရန်လေးက လက်နှစ်ဖက်ဆုပ်ပြီး...

'သံမဏိတုတ်တံ ခဏငှားချင်လို့ပါ'

'ဘာကွ'

ကျောက်ဖြူဂိုဏ်းချုပ် ဒေါပွသွားလေသည်။

'ကျွန်တော်တို့မှာ အခက်အခဲတစ်ခုရှိနေလို့ပါ။ ခဏငှားပါလို့ တောင်းပန်ပါတယ်'

ကျောက်ဖြူဂိုဏ်းချုပ် မျက်နှာနီရဲသွားလေသည်။

'မင်းတို့ စော်ကားလှချည်လား'



'မဟုတ်ပါဘူးဗျား အခက်အခဲ ရှိလို့ပါ'

အိုရန်ညီနောင်မှာ မကောင်းသူ ပယ်၊ ကောင်းသူ ကယ်သော အဖြူရောင်သိုင်းသမားများ ဖြစ်ကြသည်။

'မင်းတို့အခက်အခဲ ပြောပါ'

'ကျွန်တော်တို့ကို ကူညီမလား'

'ပြောလေ'

သို့သော် သူတို့ မပြောပါ။

'နေပါစေဗျာ။ ဒုက္ခမပေးချင်တော့ပါဘူး'

ပြောရင်း ထွက်သွားကြလေသည်။

'ပရိသတ်များခင်ဗျား။ စုမှုဟန် ရှုံးနိမ့်ပြီး သိုင်းလောကမှ အနားယူသွားပါပြီ။ ပြိုင်ပွဲ ပြီးဆုံးသွား၍ အားလုံးပြန်နိုင်ပါပြီ'

ကြေညာသံကြားမှ လက်ခုပ်တီးကာ အားလုံးထွက်သွားလေသည်။ ဟိုကျူးလည်း ထွက်လာခဲ့လေသည်။ သူ့မျက်လုံးထဲတွင် အစွမ်းထက်သော သံမဏိတုတ်ကို မြင်ယောင်လာလေသည်။

○ ● ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အဝေးမှ အုန်းမောင်းခေါက်သံ နှစ်ချက် ထွက်လာလေသည်။ ညဉ့်နှစ်ချက်တီးပြီ ဖြစ်သည်။

မြို့တောင်ဘက်ခြံဝင်းကျယ်ကြီးတစ်ခုတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။

လူရိပ်နှစ်ခု အမှောင်ထုကို အကာအကွယ်ယူကာ အဆောက်အအုံဆီ ချဉ်းကပ်သွားလေသည်။ အစောင့်နှစ်ယောက် ကင်းစောင့်နေလေသည်။

'ညီလေး။ ဂိုဏ်းချုပ်အခန်း ဘယ်မှာလဲ သိလား'

'သိတယ်။ မြောက်ဘက်မှာ'

သူတို့နှစ်ယောက် ထိုအခန်းရှိရာသို့ ချဉ်းကပ်သွားကြပြီး ပြတင်းအနီးကပ်ကာ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

'သတိထား'

သူတို့ အထဲဝင်သွားကြသည်။ အခန်းထဲတွင် သံမဏိတုတ်တံကို ရှာဖွေလိုက်သည်။ အတန်ကြာသည်အထိ ရှာဖွေသော်လည်း မတွေ့ရပါ။

ထိုစဉ်...



www.burmeseclassic.com

www.burmeseclassic.com



မီးများ ထိန်လင်းလာလေသည်။ ကျောက်ဖြူဂိုဏ်းချုပ် မားမား ကြီး ရပ်နေလေသည်။

'မင်းတို့ မတွေ့ဘူး မဟုတ်လား။ ငါက ဒီပစ္စည်းကို ကိုယ်နဲ့ မကွာထားတာကွ။ ညရောက်ရင် မင်းတို့လာမယ်ဆိုတာကိုလဲ သိပြီး သား။ပဲ'

အိုရန်ကြီးတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

'မင်းတို့ လိုချင်တာ ငါ့ခေါင်းအုံးအောက်မှာ ရှိတယ်ကွ'

ပြောရင်း ခေါင်းအုံးကို မ,လိုက်ရာ...

'ဟိုက်'

ခေါင်းအုံးအောက်တွင် သံမဏိတုတ်တံ မရှိတော့ပါ။

ကျောက်ဖြူဂိုဏ်းချုပ် အံ့ဩသွားလေသည်။

'မင်းတို့လက်ချက်ပဲ ဖြစ်မယ်'

'ကျုပ်တို့ ဘာမှမသိပါဘူးဗျာ၊ အခုမှ ရှာနေတာပါ'

'မရဘူး။ မင်းတို့ သိရမယ်'

'ကျုပ်တို့ တကယ်မသိတာပါ'

'ဖြန်း'

ကျောက်ဖြူဂိုဏ်းချုပ် ရိုက်ချလိုက်သည်။

'ခင်ဗျား လွန်လာပြီနော်၊ ကျုပ်တို့ မယူရသေးဘူးဗျ'

'ကောင်းပြီ မင်းတို့ အသက်ရှင်လျက် ထွက်သွားလို့ မရတော့ဘူး'

ထိုစဉ်...

'နေကြပါဦး'

ဟန့်တားသံ ထွက်လာသည်။ အားလုံး အခန်းဝသို့ လှမ်းကြည့် လိုက်သည်၊ အခန်းထဲသို့ လူတစ်ယောက်ဝင်လာသည်၊ ထိုလူမှာ ဗေဒါဂိုဏ်းသားကြီး ကြံ့ဟန် ဖြစ်သည်။





'ဘာဖြစ်နေတာလဲ'

'သူတို့နှစ်ယောက် ကျုပ် သံမဏိတုတ်တံ ခိုးလို့'

'ဟေ'

'ကျုပ်တို့ မခိုးဘူး'

ကြံ့ဟန် မျက်မှောင်ကြုတ်လိုက်သည်။

'မင်းတို့ မခိုး၊ ဘယ်သူ ခိုးမှာလဲ'

ပြောရင်း ကျောက်ဖြူဂိုဏ်းချုပ် တိုက်ခိုက်ဟန် ပြင်လိုက်သည်။ ထိုစဉ်...

'သူတို့ကို လွှတ်ပေးလိုက်ပါ'

ရုတ်တရက် ပြတင်းပေါက်ပေါင်ပေါ်မှ လူတစ်ယောက်အသံ ကို ကြားလိုက်ရလေသည်၊ အားလုံး အံ့ဩသွားလေသည်၊

'မင်း ဘယ်သူလဲ'

'ဟိုကျူး။ သံမဏိတုတ်တံကို ကျုပ် ခိုးသွားတာပါ။ သူတို့နဲ့ မဆိုင်ဘူး'

ပြောရင်း အိတ်ထဲမှ တုတ်တံကို ထုတ်ပြလိုက်သည်။

'ဟာ'

'ပြန်ပေးစမ်း'

ကျောက်ဖြူဂိုဏ်းချုပ် အော်တောင်းလိုက်သည်၊

'မင်း၊ မင်း...'

စကားမဆက်နိုင်ပါ။

'သိုင်းလောကမှာ ရပ်တည်မယ်ဆိုရင် လက်နက်ကောင်း လို တယ်လေ၊ ဒါကြောင့် ကျုပ် ယူလိုက်တာ'

'မင်း'

ကျောက်ဖြူဂိုဏ်းချုပ် တိုက်ခိုက်ဟန်ပြင်ပြီးမှ ရပ်လိုက်သည်။ ဟိုကျူး ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ သူတို့နဲ့ မဆိုင်ဘူးနော်၊ လွှတ်လိုက်၊ ကျုပ် သွားပြီ'

ပြောရင်း ထွက်သွားရန် ပြင်လိုက်သည်။

'နေဦး'

ကြုံးဟန် ပြောရင်း ပြေးဝင် တိုက်ခိုက်လိုက်သည်။ သို့သော် ဟိုကျူးထံ မရောက်ပါ။

'ဟား ဟား ဟား'

ဟိုကျူး ရယ်မောလိုက်လေသည်။ ရယ်သံအဆုံး ဟိုကျူး ထွက်သွားလေသည်။

ကျောက်ဖြူဂိုဏ်းချုပ် ထိုအခါမှ သတိဝင်လာပြီး...

'လိုက်ကြဟေ့၊ ပြေးပြီ'

သူ့တပည့်များသာမက အိုရန်ညီနောင်ပါ ပြေးလိုက်လေသည်။

'ကြုံးဟန် ကျုပ်တို့ လိုက်သွားကြရအောင်'

သို့သော် ကြုံးဟန် မလှုပ်ရှားပါ။ ငြိမ်သက်နေလေသည်။

◆ ✧ ◆

မြို့အစွန် အရက်ဆိုင်တွင် အိုရန်ကြီးတို့နှစ်ယောက် စိတ်ပျက်စွာ အရက်သောက်နေကြသည်။

'မရတာ နာလိုက်တာ အစ်ကိုကြီးရာ'

'မြန်မြန်သောက် ညီလေး၊ ဒီမှာ ကြာကြာနေလို့ မရဘူးကွ'

ထိုစဉ် ဗေဒါဂိုဏ်းသားတစ်ယောက် ဆိုင်ထဲ ဝင်လာသည်။

'မင်းတို့ ဘာကြောင့် သံမဏိတုတ်တံကို ခိုးတာလဲ'

'ကျုပ်တို့ မရလိုက်ပါဘူးဗျာ။ ကြားကတစ်ယောက် ခိုးသွားတယ်လေ။ ကျုပ်တို့ ဒီတုတ်တံလိုချင်တာ လူတစ်ယောက်ကို ကူညီချင်လို့ပါ'

'မင်းတို့ ကူညီချင်တာ ဘယ်သူလဲ'

'ဆင့်စု'





'အာမခံဌာနပိုင်ရှင်လား'

'ဟုတ်ပါတယ်'

'သူက လူတစ်ယောက်ကို သီးခြားရောက်အောင် ပို့ပေးရမယ်။ အဲဒီလူမှာ ရန်သူတွေ များလို့'

'သူက မင်းတို့ကို အကူအညီတောင်းတယ်ပေါ့'

'ဟုတ်ပါတယ်'

'ကဲ မင်းတို့ စကားမများနဲ့တော့၊ ငါ့နောက် လိုက်ခဲ့'

'ဘာပြောတယ်'

'ဘာလဲ အေးအေးဆေးဆေး မလိုက်ဘူးလား'

'ဒီလို ဘယ်ရမလဲ'

ပြောရင်း အိုရန်ကြီးတို့နှစ်ယောက်နှင့် တိုက်ခိုက်လိုက်ကြသည်။

'ဝုန်း'

'ဝုန်း'

'အား'

'အင့်'

မကြာပါ။ အိုရန်ညီနောင် လဲကျသွားလေသည်။

'အေး၊ အပြင်ကလူတွေ အထဲဝင်လာကြစမ်း'

ဗေဒါဂိုဏ်းသားက အပြင်သို့ လှမ်းအော်ပြောလိုက်သည်။

သို့သော် တစ်ယောက်မှ အထဲသို့ ဝင်မလာကြပါ။

'ဘာဖြစ်နေတာလဲ'

ဗေဒါဂိုဏ်းသား စိုးရိမ်သွားသည်။

'ဟိုကျူး'

ကွမ်းနန်း ဒေါ်ပွကာ အပြင်သို့ ပြေးထွက်လာလေသည်။ သူ ကြုံးဟန် ပြောသော စကားကို ကြားယောင်လာလေသည်။

'ကျုပ် သူ့ကို တိုက်မယ်ပြင်ရင်း သွေးကြောပိတ်ခံလိုက်ရတယ်'



www.burmeseclassic.com

ဟိုကျူး ပညာထက်ကြောင်း သိလိုက်သည်။

'သိကြသေးတာပေါ့ ဟိုကျူးရာ'

အပြင်ဘက်ရှိ တပည့်များ သွေးကြောပိတ်ခံထားရပြီး ဖြစ်လေသည်။

သူ သွေးကြောဖွင့်ပေးသော်လည်း မရပါ။ သူ လက်လျှော့လိုက်သည်။ သူ အရက်ဆိုင်ထဲ ပြန်ဝင်လာလေသည်။

'ဟာ'

အရက်ဆိုင်ထဲတွင် အိုရန်ညီနောင် မရှိတော့ပါ။ ကွမ်းနန်း ဒေါ်မွှ သွားပြီး မြေပေါ် ခြေဆောင့်ကာ...

'ဟိုကျူး မင်း လွတ်အောင်ပြေး'

ကြုံးဝါးလိုက်သည်။ အိုရန်ညီနောင်မှာ ဘုံကျောင်းပျက်ထဲ ရောက်နေလေသည်။

ဘုံကျောင်းပျက်မှာ ပြိုပျက်ကာ ခေါင်းမိုးပင် မရှိတော့ပါ။

'အား'

ညည်းသံနှင့်အတူ အိုရန်လေး လှုပ်ရှားလာလေသည်။ သူတို့ နှစ်ယောက် သတိရသည်နှင့် ထထိုင်လိုက်သည်။



## အခန်း ( ၁၈ )

အိုရန်ကြီးတို့နှစ်ယောက် ရန်သူကို ရှာဖွေလိုက်သည်။ သို့သော် မည်သည့်အရိပ်အယောင်မှ မတွေ့ရပါ။

'ကျုပ်တို့ ဘယ်လိုလုပ် ရောက်လာတာပါလိမ့်'

'ဟုတ်တယ်၊ တို့ကို ကွမ်းနန်း ဖမ်းလာတာ ဖြစ်မယ်'

ကွမ်းနန်းအမည်ကြားလျှင် အိုရန်လေး မျက်လုံးပြူးသွားသည်။

'သူ ဘယ်မှာလဲ'

'မတွေ့ဘူး'

အိုရန်ကြီး လှည့်ပတ်ရှာဖွေသော်လည်း မတွေ့ပါ။

'ဘယ်ရောက်သွားလဲ'

'မသိဘူးကွ၊ ငါ အနံ့ရှာပြီးပြီ'

'အံ့သြစရာပဲ'

'ကဲ အချိန်ရှိတုန်း ထွက်ပြေးကြရအောင်'

အိုရန်ကြီး မျက်နှာပျက်သွားလေသည်။

'ဖြစ်ပါ့မလား'

'ဘာကြောင့် မဖြစ်ရမှာလဲ'

အိုရန်လေး အားတက်သရော ပြောလိုက်သည်။

www.burmeseclassic.com



'သူတို့ ထောင်ချောက်ဆင်ထားလားမှ မသိတာ'

'ဗျာ'

'မင်း စဉ်းစားကြည့်၊ တို့ကို ထမ်းခေါ် လာပြီးမှတော့ ဒီအတိုင်း လွှတ်ထားမလား'

'ဒါလဲ ဟုတ်တာပဲ'

'ဒီနေရာကို ဟိုကျူး လာမယ်သိလို့ ငါတို့ကို လာထားတာ ဖြစ်မယ်ကွ'

ထိုစဉ် အပြင်ဘက်မှ ခြေသံများ ကြားရလေသည်။ အိုရန်ကြီး ပါးစပ်ပိတ်သွားလေသည်၊ ဘုံကျောင်းပျက်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့ရလေသည်။

အိုရန်ကြီးတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်သည်။ သူတို့ ကွမ်းနန်းကို သတိထားနေကြသည်။ သူ ရောက်လာမည်ကို စိုးရိမ်နေကြသည်။

နှစ်ယောက်သား တံခါးပေါက်သို့ မျက်တောင်မခတ် ကြည့်နေကြလေသည်။ ခြေသံနီးလာပြီဖြစ်သည်။ အပေါက်ဝတွင် လူတစ်ယောက် ရောက်လာသည်။

ထိုလူကို တွေ့ရသောအခါ အိုရန်ညီနောင် အံ့သြသွားလေသည်။

'မင်း၊ မင်း...'

'သံမဏိတုတ်တံ ခိုးသွားတာ မင်း မဟုတ်လား'

မေးလိုက်သည်၊ ဝင်လာသူမှာ ဟိုကျူးဖြစ်သည်။ ဟိုကျူး ပြုံးလိုက်သည်။

'ဟုတ်ပါတယ်၊ သံမဏိတုတ်တံဟာ လက်နက်ကောင်း တစ်ခုပါ၊ သိုင်းလောကမှာ ခြေချမယ်ဆို ဒါ လိုတယ်လေ၊ ဒါကြောင့် ခိုးယူလိုက်တာပါ'





'မင်း ခိုးတာ အကြောင်းမဟုတ်ဘူး၊ ကျောက်ဖြူဂိုဏ်းချုပ်က ကျုပ်တို့ကို မင်းနဲ့ တစ်ဖွဲ့တည်းဆိုပြီး ဒုက္ခပေးတော့မှာ၊ ကျုပ်တို့မှာ ပြေးစရာ မြေမရှိ ဖြစ်နေပြီ'

အိုရန်လေး မကျေမနပ်ဖြင့် ဟိုကျူးကို ပြောလိုက်သည်။

'ညီလေး၊ ဒါတွေပြောမနေနဲ့နော်၊ အရေးကြီးတာ တို့တစ်တွေ ပြေးဖို့ပဲ'

အိုရန်လေး အိုရန်ကြီးစကားကို သဘောမကျပါ၊ သို့သော် ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ ဟိုကျူး သူတို့နှစ်ယောက်ကို အကဲခတ်ကြည့်လိုက်သည်။

'ခင်ဗျားတို့က ဒီပစ္စည်းကို သဘောကျတယ်၊ ကျုပ်လဲ သဘောကျတယ်၊ ကျုပ်ရတော့ ကျုပ်ယူတယ်၊ အခု ခင်ဗျားတို့ ဒုက္ခရောက်မှာ စိုးလို့ ကွမ်းနန်းလက်က ခေါ် ထုတ်လာတာပါ'

ထိုစကားကြောင့် အိုရန်လေး မျက်လုံးပြူးသွားလေသည်။

'ခင်ဗျား ခေါ် လာတာလား'

'ဟုတ်တယ်'

'ဘာကြောင့် ခေါ် လာတာလဲ'

'ခင်ဗျားတို့ကို ဘယ်သူမှ ဒုက္ခမပေးအောင် ကျုပ် ဖြေရှင်းပေးသွားမှာပါ'

'ဘယ်လိုဖြေရှင်းမှာလဲ'

'မကြာခင် သိရမှာပါ'

'ခင်ဗျား ဘယ်လို...'

အိုရန်လေး စကားမဆုံးပါ၊ အပြင်ဘက်မှ ကျယ်လောင်သော ခြေသံများ ကြားရပြီး လက်နက်ကိုင်လူတစ်စု အိုရန်ကြီးနှင့် အိုရန်လေးတို့ကို ဝိုင်းထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုံကျောင်းအတွင်း လူနှစ်ရာခန့် ဝင်ရောက်လာလေသည်။

အိုရန်ကြီးတို့ မျက်နှာဖြူဖွေးသွားလေသည်။ ဟိုကျူးအား လှမ်းကြည့်လိုက်သည်။

ဟိုကျူး အေးဆေးစွာပင် ရပ်လျက် ရှိသည်။

အိုရန်ကြီးတို့ ခြေများလက်များများပင် အေးစက်လာလေသည်။

'ကျုပ်တို့ကို ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ။ သံမဏိတုတ်တံ ကျုပ်တို့မခိုးဘူး။ သူ့ဆီမှာ'

ဟိုကျူးအား ညွှန်ပြရင်း ပြောလိုက်သည်။ ဟိုကျူး မားမားကြီး ရပ်နေလေသည်။

'ခင်ဗျား စကားမပြောနဲ့။ သူတို့ခေါင်းဆောင်လာမှ ပြော။ သူတို့ ဘာမှမလုပ်နိုင်ဘူးဗျ'

ဟိုကျူး အေးစက်စွာ ပြောလိုက်လေသည်။

ထိုစဉ်...

'ဟား ဟား ဟား'

ရယ်မောသံ ထွက်လာလေသည်။ အိုရန်ကြီး လှည့်ကြည့်လိုက်သည်။ ဘုံကျောင်းပျက်ထဲသို့ လူသုံးယောက် ဝင်လာလေသည်။

ထိုလူများကို တွေ့ရသောအခါ အိုရန်ကြီးတို့မျက်နှာပျက်သွားလေသည်။

ကျောက်ဖြူဂိုဏ်းချုပ် ကွမ်းနန်းနှင့် ဘုန်းတော်ကြီးတစ်ပါးတို့ ဖြစ်သည်။

ဘုန်းတော်ကြီးမှာ သိက္ခာရှိပြီး ကြည်ညိုလေးစားစရာ ကောင်းနေလေသည်။

◆ ◇ ◆

ကျောက်ဖြူဂိုဏ်းချုပ်တို့ကိုတွေ့လျှင် ဝိုင်းထားသူများ အရိုအသေ ပေးလိုက်သည်။



'မင်းတို့ ဒီမှာ ရှိနေတာကိုး'

ကျောက်ဖြူဂိုဏ်းချုပ် အိုရန်ကြီးတို့ကို တွေ့သည်နှင့် ပြောကြားလိုက်သည်။

ဟိုကျူးကို အကဲခတ်ကြည့်လိုက်သည်။

ဘုန်းတော်ကြီးမှာ ငြိမ်သက်နေလေသည်။

'မင်းက ငါတို့ကို ချိန်းတာလား'

ဟိုကျူး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်။ ပြဿနာတစ်ခုကို မျက်နှာချင်းဆိုင်ရှင်းတာ ကောင်းပါတယ်'

ထိုစကားကြားရသောအခါ အိုရန်ညီနောင် ဒေါပွသွားလေ သည်။

'ကျောက်ဖြူဂိုဏ်းချုပ်ရဲ့ သံမဏိတုတ်တံ ကိစ္စအဝဝဟာ ကျွန်တော်နဲ့ပဲ ဆိုင်ပါတယ်။ အိုရန်ညီနောင်နဲ့ ဘာမှမပတ်သက်ပါဘူး။ ဒါကြောင့် ဖြေရှင်းရင် ကျွန်တော်နဲ့ ဖြေရှင်းပါ'

ထိုစကားကြားရသောအခါ အိုရန်ညီနောင် မျက်လုံးပြူးသွားလေသည်။ ဟိုကျူးကို မယုံသလို ကြည့်နေလေသည်။

ဟိုကျူး သူတို့အပေါ်တွင် အမြင်ရှင်းရန် ရှင်းလင်းခြင်း ဖြစ် သည်။

'သူတို့က မင်းနဲ့ တစ်ဖွဲ့တည်း မဟုတ်ဘူးလား'

'မဟုတ်ဘူး'

'ဒါဆို ဘာကြောင့် သူတို့အတွက် တာဝန်ယူရတာလဲ'

'ကျွန်တော့်ကို လိုချင်တာနဲ့ သူတို့ကို ဖမ်းနှိပ်စက်မှာ စိုးလို့'

ကွမ်းနန်း မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ် သူတို့ကိုနှိပ်စက်ရင် ဒီလိုတောင် နေနိုင်မှာမဟုတ်ဘူး'

'ဒါဆို သူတို့ကို လွှတ်ပေးပါ'

'ဒါက လွယ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျောက်ဖြူဂိုဏ်းချုပ်က…

'သူတို့ကို လွှတ်လို့မဖြစ်ဘူး။ ကျုပ်အိမ်ထဲ ခိုးဝင်တဲ့အပြစ်ရှိသေးတယ်'

'သူတို့က တောင်းပန်မယ်ဆိုရင်…'

'အို ဘယ်ဖြစ်မလဲ'

'ဒါဆို ခင်ဗျားက သိုင်းပညာအားကိုးနဲ့ အနိုင်ကျင့်တာပေါ့'

'ဘာ'

ကျောက်ဖြူဂိုဏ်းချုပ် ဒေါသတကြီး အော်လိုက်သည်။

'သူတို့ တောင်းပန်တာ ခွင့်မလွှတ်ဘူးဆို၊ ခင်ဗျားသဘောထားမပြည့်ဝဘူးပေါ့'

'မင်း…'

ကွမ်းနန်း ကြားဝင်ပြောလိုက်သည်။

'သူတို့ ဝန်ခံရင် ခွင့်လွှတ်မယ်'

ဟိုကျူး အိုရန်ညီနောင်ကို လှမ်းကြည့်လိုက်သည်။

အိုရန်ညီနောင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ပြီး…

'ကျုပ်တို့ကို ခွင့်လွှတ်ပါဗျာ'

'ကဲ - သူတို့ တောင်းပန်နေပြီ'

'ကောင်းပြီ၊ ကျောက်ဖြူဂိုဏ်းသားတွေ သူတို့ကို ဘာမှလုပ်စရာမလိုဘူး'

'ကျုပ်လူတွေကိုလဲ တာဝန်ယူပါ့မယ်'

ကွမ်းနန်းက ဝင်ပြောလိုက်သည်။

'သူတို့ ပြဿနာပြီးသွားတော့ ထွက်သွားခွင့် ပေးလိုက်ပါ'

'ကောင်းပြီ၊ အေးအေးဆေးဆေးနေဖို့ သတိထားပါ'

'စိတ်ချပါ'

ဟိုကျူး ပြုံးလိုက်သည်။





'သံမဏိတုတ်တံတော့ ခင်ဗျား ပြန်ရမှာ မဟုတ်ဘူး'

ပြောရင်း အိတ်ထဲ ထည့်သိမ်းလိုက်လေသည်။

'သံမဏိတုတ်တံ ကျုပ်ကို ပြန်ပေးပါ'

'နေပါဦး၊ အိုရန်ညီနောင်ကို အရင်လွှတ်ပေးပါဦး'

'လမ်းဖယ်ပေးကြဟေ့'

ဂိုဏ်းချုပ် အမိန့်ပေးလိုက်သည်။ ဝိုင်းထားသူများ လမ်းဖယ်ပေးလိုက်သည်။

'ကဲ ခင်ဗျားတို့ သွားကြပေတော့'

အိုရန်ညီနောင် ပြေးထွက်သွားလေသည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း ဆက်လက် ဖတ်ရှုပါရန်။

ဘုန်းကြယ်



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြီးယပ်

# အောင်ခြင်းအတိတ် သိုင်းနိမိတ်

ဒုတိယပိုင်း (ခေတ်သစ်ပိုင်း)

[illegible]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

အိုရန်ညီနောင် ထွက်သွားကြသောအခါ ဝိုင်းရံထားသူများ ချက်ချင်း လမ်းပြန်ပိတ်ထားလိုက်ကြသည်။ ဟိုကျူး ထွက်မပြေးနိုင်ရန် ဝိုင်းထားခြင်း ဖြစ်သည်။

ဟိုကျူးမှာ အေးအေးဆေးဆေး လက်ပိုက်ကာ ရပ်နေလေသည်။ သူ့လက်ထဲတွင် သံမဏိတုတ်တံ ရှိနေသည်။

'သူတို့ကို လွှတ်ပေးလိုက်ပြီ'

ဟိုကျူး ခေါင်းညိတ်လိုက်သည်။

'သူတို့ကို လွှတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော် ဂိုဏ်းချုပ်ပစ္စည်းကို အပိုင်မယူပါဘူး။ ပြန်ပေးပါ့မယ်။ အခုတော့...'

'အခုတော့ ဘာဖြစ်လဲ'

ဂိုဏ်းချုပ် စိတ်မရှည်စွာ အော်ဟစ်မေးလိုက်သည်။ ဟိုကျူး ပြုံးလိုက်သည်။

'ဂိုဏ်းချုပ်ပစ္စည်းဟာ လက်နက်ကောင်းတစ်ခုပါ။ ကျွန်တော့်မှာ လက်နက်ကောင်းလိုနေပါတယ်။ ဒါကြောင့် တစ်နှစ်လောက် ခဏငှားပါ။ တစ်နှစ်ပြည့်တာနဲ့ ဆက်ဆက်ပြန်ပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖြူဂိုဏ်းချုပ်မျက်နှာ မည်းမှောင်သွားလေသည်။

ဟိုကျူး စကားကို လုံးဝ နားမထောင်ပါ။

'မရဘူး။ အခုချက်ချင်း ကျုပ်လက်ထဲအပ်ပါ'

အော်ဟစ် ပြောဆိုလိုက်သည်။

'ကျွန်တော် ပြန်ပေးပါ့မယ်။ အခုတော့ ဘယ်လိုမှ ပြန်မပေးနိုင်တာ ခွင့်လွှတ်ပါ'

ပြတ်သားစွာပြောလိုက်သည်။ ကွမ်းနန်းသည် ဟိုကျူးစကားကို နားထောင်နေလေသည်။ သူ့ကို လှည့်စားကာ အိုရန်ညီနောင်ကို လွှတ်ပေးလိုက်သည်ကို သိသည်။

သူ ဟိုကျူးနှင့် ထိပ်တိုက် ရင်ဆိုင်လိုစိတ် ဖြစ်လာသည်။

ထို့ကြောင့်...

'ခင်ဗျားတို့ ဒီလိုပြောဆိုနေမယ့်အစား နည်းလမ်းကောင်း ရှာပါလား'

ဟိုကျူး ခေါင်းညိတ်ပြပြီး...

'ကောင်းပါတယ် ဦး။ ဘယ်လိုနည်းလဲ ပြောပါ။ ကျွန်တော် လိုက်နာပါ့မယ်'

ဟိုကျူး ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

ကွမ်းနန်း ကျောက်ဖြူဂိုဏ်းချုပ်ကို ကြည့်ကာ....

'ခင်ဗျား ဘယ်လိုသဘောရလဲ'

'မိတ်ဆွေသဘောပါ။ ကျုပ် လက်ခံပါမယ်'

ကွမ်းနန်း ပြုံးလိုက်သည်။ သူ သဘောကျ စီစဉ်နိုင်ပြီဖြစ်သည်။ သူ ဟိုကျူးအား အကဲခတ်ကြည့်လိုက်သည်။

'ကျုပ်တို့ဟာ သိုင်းလောကသားတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအခက်အခဲကို သိုင်းပညာနဲ့ပဲ အဆုံးအဖြတ်ယူကြတာပေါ့ ဟုတ်လား'





ထိုစကားကြားရသောအခါ ကျောက်ဖြူဂိုဏ်းချုပ်မျက်နှာ မဲ့သွားလေသည်။ ဟိုကျူး သဘောကျသွားလေသည်။

'ဟာ သိပ်ကောင်းတဲ့အစီအစဉ်ပဲ။ ကျွန်တော် သဘောတူပါတယ်'

ကျောက်ဖြူဂိုဏ်းချုပ် မျက်နှာပျက်သွားလေသည်။ ကွမ်းနန်းကို မကျေမနပ်ကြည့်ကာ...

'ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ'

'သိုင်းပညာသဘောပဲ ယှဉ်မှာပါ။ အသေတိုက်ခိုက်ရမှာ မဟုတ်ပါဘူး'

ထိုစကားကို ဟိုကျူး သဘောကျသွားလေသည်။

'ဦး ပြောတာ ကောင်းပါတယ်။ ကျွန်တော်တို့ဟာ ရန်သူတွေမှ မဟုတ်တာ။ အသေတိုက်စရာ မလိုပါဘူး'

'အနိုင်အရှုံး ဘယ်လို ဆုံးဖြတ်မှာလဲ'

'သိုင်းကွက်ပေါ် မူတည်ပြီး ဆုံးဖြတ်မယ်။ သူနိုင်ရင် ခဏငှားလိုက်ပေါ့။ တစ်နှစ်ပြည့်ရင် ပြန်ပေးမှာပဲ။ ရှုံးရင် ချက်ချင်းအပ်ရမယ် မင်း သဘောတူလား'

ပြောရင်း ဟိုကျူးကို လှမ်းမေးလိုက်သည်။ ဟိုကျူး ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်တော် သဘောတူပါတယ်ဗျာ'

ကွမ်းနန်းသည် သူတို့ထဲမှတစ်ယောက်က ဟိုကျူးအား အနိုင်ရမည်ဟု ထင်သည်။ ထို့ကြောင့် သဘောကျစွာ ပြုံးလိုက်သည်။

'မင်းဟာ တကယ် ချီးကျူးစရာကောင်းတဲ့ လူငယ်ပဲ မင်း ကတိတည်ပါနော်။ ကဲ စကြရအောင်'

သူ၏စကားကြောင့် လင်းရှိမှာ မည်သို့မျှ မတတ်သာတော့ပါ။ စိတ်ပျက်စွာဖြင့် ရှေ့သို့ လှမ်းထွက်လိုက်ရလေသည်။

www.burmeseclassic.com



ကွမ်းနန်းက သတိပေးလိုက်သည်။

'တစ်ယောက်ကိုတစ်ယောက် မထိခိုက်အောင် သတိထားကြ ပါ။ ကဲ စတော့'

လက်ဝှေ့ယမ်းကာ ပြောလိုက်၏။

ကျောက်ဖြူဂိုဏ်းချုပ် ဟိုကျူးကို စိုက်ကြည့်လိုက်သည်။ ဟိုကျူးမှာ မိမိလက်အောက်ရှိ အငယ်ဆုံးဂိုဏ်းသားထက်ပင် အသက် ငယ်သူ ဖြစ်သည်။

သို့သော်...

သူတို့တစ်ဂိုဏ်းလုံးကို ဒုက္ခပေးခဲ့သည့် သံမဏိတုတ်တံအား ယူထားသည်။

ထို့ကြောင့်...

'ကျုပ် တုတ်တံ ပြန်ပေးရမယ်'

ပြောရင်း ခုန်ဝင် တိုက်ခိုက်လိုက်သည်။ ဟိုကျူးမှာတစ်ယောက် နှင့်တစ်ယောက် မထိခိုက်စေရန် ကြိုးစား တိုက်ခိုက်လိုက်သည်။ သူ သံမဏိတုတ်တံကို ပြန်လည် သိမ်းထားလိုက်လေသည်။

✦ ✧ ✦

ထိုအချိန်တွင်...

ကျောက်ဖြူဂိုဏ်းချုပ် လှုပ်တစ်ပြက် ခုန်ဝင် တိုက်ခိုက်လိုက် သည်။ လက်တစ်ဖက်ဖြင့် ခုခံလိုက်ရသည်။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်လာသည်။ ကျောက်ဖြူ ဂိုဏ်းချုပ် လွင့်စဉ်သွားလေသည်။ ကွမ်းနန်း အချိန်မီ ဖမ်းယူထားလိုက် သည်။

ကျောက်ဖြူဂိုဏ်းချုပ်သည် ဟိုကျူးအား သိုင်းကွက်တစ်ကွက် ပင် မခံနိုင်ဘဲ ရှုံးသွားလေသည်။



ဝိုင်းထားသူများ မျက်နှာပျက်သွားလေသည်။ ထိုလူများမှာ ဗေဒါဂိုဏ်းသားများနှင့် ကျောက်ဖြူဂိုဏ်းသားများ ဖြစ်ကြသည်။

အားလုံး ကြောက်ရွံ့စွာဖြင့် ဟိုကျူးအား လှမ်းကြည့်နေကြလေ သည်။ ဟိုကျူး မည်သို့ပြုရမှန်းမသိ ဖြစ်သွားလေသည်။

ကွမ်းနန်း ကျောက်ဖြူဂိုဏ်းချုပ်ကို ဖေးမပြီး...

'ဘယ်လိုနေသေးလဲ'

ကျောက်ဖြူဂိုဏ်းချုပ် အံကြိတ်ပြီး နှုတ်ခမ်းမှ စီးကျလာသော သွေးများကို သုတ်ကာ...

'ကျုပ် မသေနိုင်သေးပါဘူး။ ဒါပေမယ့် ဒီကောင်လေးကို နိုင် အောင်မတိုက်နိုင်တာ ခံပြင်းတယ်ဗျာ'

မကျေမနပ်ပြောလိုက်သည်။ ကွမ်းနန်း ဟိုကျူးအား လှမ်းကြည့် လိုက်သည်။ ဟိုကျူးမှာ ဂိုဏ်းချုပ်စကားကြောင့် စိတ်သက်သာရ သွားလေသည်။ မိမိ လက်လွန်သွားသည်ကြောင့် စိတ်မကောင်းလည်း ဖြစ်သွားလေသည်။

ကွမ်းနန်း ပြုံးပြီး...

'မင်း အနိုင်ရသွားပါပြီ'

'ဒါဆို ဒီတုတ်တံကို ကျွန်တော် ရပြီပေါ့'

ကွမ်းနန်း သက်ပြင်းချပြီး...

'မင်း တစ်နှစ်ပဲလို့ ပြောထားတယ်နော်'

'ဟုတ်ပါတယ်။ ကျွန်တော်လဲ ပြန်ပို့ပေးမှာပါ'

'နေဦး'

'ဦး ဘာပြောစရာရှိလို့လဲ'

'မင်းနဲ့ ကျောက်ဖြူဂိုဏ်းပြဿနာ ပြီးပေမယ့် ဗေဒါဂိုဏ်းနဲ့ ပတ်သက်ပြီး ဖြေရှင်းစရာ ရှိတယ်'

'ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဟိုကျူး အံ့သြသွားလေသည်၊ ကွမ်းနန်းအား နားမလည်သလို ကြည့်လိုက်သည်၊

'ဗေဒါဂိုဏ်းနဲ့ ပတ်သက်တဲ့ ပြဿနာ ဟုတ်လား'

'ဟုတ်တယ်၊ ဟုတ်တယ်'

'ဦးက'

'ဗေဒါဂိုဏ်းက ကြွေးဟန်ကို မင်း စော်ကားခဲ့တယ်။ အိုရှန်ညီနောင်ကို ငါ့လက်ထဲက ကယ်ထုတ်သွားတယ်။ ဒါကြောင့် ကျုပ်ကျေနပ်အောင် မင်း ရှင်းသွားရမယ်'

ဟိုကျူး စိတ်ပျက်သွားလေသည်၊ ကွမ်းနန်း သူ့အား နောင့်ယှက်နေသည်။ ထို့ကြောင့် ဟိုကျူး ဒေါသထွက်သွားလေသည်။

ကွမ်းနန်းကို သေချာကြည့်ကာ...

'ဒါဆို ဘယ်လိုဖြစ်စေချင်လဲ'

ကွမ်းနန်း ပြုံးလိုက်သည်။

'သိုင်းပညာနဲ့ပဲ ဆုံးဖြတ်ကြတာပေါ့'

'မဆိုးဘူး'

'ကောင်းပြီ၊ မင်း ရှုံးရင် သံမဏိတုတ်တံ ပြန်အပ်၊ မင်း အပြစ်ကို ဝန်ခံ၊ မင်းကို ပြန်လွှတ်ပေးမယ်'

'ကောင်းပြီ။ ကျွန်တော် လက်ခံပါ့မယ်'

'ဒါဆို တို့တစ်တွေ စလိုက်ကြရအောင်'

ပြောပြီး ကွမ်းနန်းရှေ့သို့ တိုးလိုက်သည်၊ ဟိုကျူး အသင့်အနေအထားဖြင့် ရပ်နေလိုက်သည်။ ကွမ်းနန်းပညာအဆင့် မနိမ့်ကြောင်း သိထားသည်။

'ကျုပ်က ကိုယ်ရံတော်လေးယောက်ထဲက တစ်ယောက်ပဲ၊ သိုင်းလောက ဝါကြီးတာကြောင့် မင်းပဲ အရင်စပေါ့'

'ကောင်းပြီ ခင်ဗျား သတိထားပါ'





အော်ပြောရင်း ပြေးဝင်တိုက်ခိုက်လိုက်လေသည်၊ သူ့အရှေ့ပင်လယ်၌ သင်ကြားရသော သိုင်းကွက်တစ်ကွက်ကို ထုတ်ဖော် အသုံးပြုလိုက်သည်။

ကွမ်းနန်း ဆီးကြို ခုခံလိုက်သည်၊ နှစ်ယောက် ရင်ဆိုင်မိလေသည်။

'ဗုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်လာလေသည်။ ကွမ်းနန်း လွှတ်ခနဲအော်ကာ နောက်ဘက် လွင့်သွားလေသည်။

အားလုံး အံ့သြသွားကြလေသည်။

'ဦး ရှုံးသွားပြီ'

ကွမ်းနန်း လဲကျရာမှ မျက်လုံးပြူးကြည့်ကာ...

'ဟုတ်တယ် ကျုပ် ရှုံးသွားပြီ'

'ကျွန်တော် သွားလို့ရပြီလား'

'မင်းကို ကျုပ်တို့နှစ်ယောက် မတားနိုင်ဘူး။ ဒါပေမယ့်...'

သူ့စကားတစ်ပိုင်းတစ်စဖြင့် ဘုန်းတော်ကြီးကို လှမ်းကြည့်လိုက်သည်။

ဟိုကျူးလည်း လှမ်းကြည့်လိုက်လေသည်၊ ငြိမ်သက်နေသော ဘုန်းတော်ကြီး မျက်လုံးဖွင့်ကာ ဟိုကျူးကို ကြည့်လိုက်သည်၊

ဟိုကျူး ရင်ထိတ်သွားလေသည်။

○ ● ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

ဘုန်းတော်ကြီးသည် အလွန်ပင် တည်ကြည်ငြိမ်းချမ်းသည်။ ဘုန်းတော်ကြီးပညာမှာ အလွန်အဆင့်မြင့်သည်။

ဟိုကျူး ဘုန်းတော်ကြီးအား အကဲခတ်ကြည့်နေသည်။

ထိုစဉ် ဘုန်းတော်ကြီးထံမှ စကားသံထွက်လာလေသည်။

'ကျုပ် ရှောင်လင်ကျောင်းက ဝေချင်းဆရာပါ။ ကိစ္စတစ်ခုနဲ့ ခရီးသွားရင်း မေဒါဂိုဏ်းရဲ့ ဖိတ်ခေါ်မှုကြောင့် ကူညီဖို့ လိုက်လာတာပါ။ ကျောက်ဖြူဂိုဏ်းအတွက် မရှိမဖြစ်ပစ္စည်းမို့ ပြန်ပေးဖို့ မေတ္တာရပ်ခံပါတယ်'

ဟိုကျူး ငိုင်သွားလေသည်။

သို့သော်...

သူ ပြန်မပေးနိုင်သေးပါ။ ထို့ကြောင့် ဆရာတော်အား ဦးညွှတ်ပြီး...

'တပည့်တော်အတွက် အလွန်အရေးကြီးလို့ပါ။ တစ်နှစ်တော့ ငှားပါ။ တစ်နှစ်ပြည့်တာနဲ့ ဆက်ဆက်လာပို့ပါမယ်'

'ဒီတုတ်တံ အသုံးပြုပြီး သိုင်းလောကသားတွေအပေါ် အနိုင်ယူ ပြုမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး'

'ဒါဆို ဘာကြောင့် ဒီတုတ်တံ လိုတာလဲ'

'တပည့်တော် လူတစ်ယောက်ကို ကူညီမယ် ကတိပေးထားလို့ပါ။ ဒါကြောင့် လက်နက်လိုလို့ ခဏငှားတာပါ'

'သြော် အခက်အခဲရှိနေတာကိုး။ ကောင်းပြီလေ တစ်နှစ်ပြည့်တာနဲ့ ပြန်ပေးပေါ့နော် ဟုတ်လား'

ဟိုကျူး အံ့ဩသွားလေသည်။ သူ့အား လွယ်ကူစွာ ခွင့်ပြုမည် မထင်ပါ။ ထို့အတူ ကွမ်းနန်းတို့လည်း အံ့ဩသွားလေသည်။

ဟိုကျူး ဝေချင်းဆရာတော်အား အရိုအသေပြုပြီး...

'တပည့်တော်ကို သွားခွင့်ပြုပါ'

ဝေချင်းဆရာတော် ခေါင်းညိတ်လိုက်၏။ ဟိုကျူး ကွမ်းနန်းတို့အား လှမ်းကြည့်သောအခါ သူတို့နှစ်ယောက် ခေါင်းငုံ့ထားကြသည်။

'ကျွန်တော့်ကတိအတိုင်း တစ်နှစ်ပြည့်ချိန်မှာ ဆက်ဆက်လာပို့ပါ့မယ်'

ပြောရင်း တံခါးပေါက်သို့ ထွက်သွားလေသည်။ သူ့အား မည်သူမျှ မဟန့်တားနိုင်ကြပါ။

ဟိုကျူး ထွက်သွားပြီးမှ ကျောက်ဖြူဂိုဏ်းချုပ်က ဆရာတော်အား မကျေမနပ်ကြည့်လိုက်သည်။ ဆရာတော် ပြုံးလိုက်သည်။

'သူ့ကို ဘာကြောင့် လွှတ်ပေးရတယ်ဆိုတာ သိသလား'

ကွမ်းနန်း ခေါင်းယမ်းလိုက်သည်။

'မသိပါဘူး'

ဝေချင်းဆရာတော် သိုင်းပညာ အလွန်အဆင့်မြင့်သည်ကို သူတို့သိထားကြသည်။ ဟိုကျူးအား ဟန့်တားနိုင်မည်ကိုလည်း သူတို့သိထားသည်။ သို့သော်...

ယခု ဝေချင်းဆရာတော် ဟိုကျူးအား လွှတ်ပေးလိုက်သည်။

'ကျုပ် တားနိုင်ရင် တားတာပေါ့'





ဝေချင်းဆရာတော်စကားကြောင့် ကွမ်းနန်တို့ မျက်လုံးပြူးသွားလေသည်။

'သူ့ကို မတားနိုင်ဘူး ဟုတ်လား'

ဝေချင်းဆရာတော် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ကျုပ် မတားနိုင်ဘူး'

'ဘာကြောင့်လဲ'

'သူ အသုံးပြုတဲ့သိုင်းကွက်တွေကို ကျုပ် မမြင်ဖူးဘူး။ သူ့ကို တားရင် ရှုံးသွားမှာပဲ'

ထိုစကားကြားရသောအခါ ကွမ်းနန်း ပါးစပ်ပိတ်သွားလေသည်။

'သူ့ကို လွှတ်ပေးတာ အကောင်းဆုံးပဲ။ သူတစ်နှစ်ပြည့်ရင် ပြန်လာပေးမှာပါ။ ဒါကြောင့် ဒီကိစ္စ မေ့ထားလိုက်ပါ'

ကွမ်းနန်း ကျောက်ဖြူဂိုဏ်းချုပ်ကို လှမ်းကြည့်လိုက်သည်။ ကျောက်ဖြူဂိုဏ်းချုပ် သက်ပြင်းချလိုက်သည်။

ဝေချင်းဆရာတော်စကား နားထောင်ရန်သာ ရှိသည်။

ဟိုကျူးမှာ ဘုံကျောင်းပျက်နှင့် အတော်ဝေးဝေးသို့ ရောက်သွားပြီ ဖြစ်သည်။ သူ ဝမ်းသာလာပေသည်။ သံမဏိတုတ်တံကို ရှင်းလင်းခဲ့ပြီ ဖြစ်သည်။

သို့သော် သူ့ ဝမ်းသာစိတ် မကြာခင် ကွယ်ပျောက်သွားလေသည်။ သူ ခြေလှမ်းရပ်လိုက်ပြီး တစ်ဖက်ရှိ သစ်ပင်များဘက်လှည့်ကာ အော်ဟစ်လိုက်လေသည်။

'ဘယ်သူတွေလဲ ထွက်လာခဲ့ပါ'

တိတ်ဆိတ်နေသော တောအုပ်အတွင်း သူ့အသံကျယ်လောင်စွာ ထွက်လာလေသည်။ သူ့စကားသံအဆုံး သစ်ပင်များကြားမှ လူနှစ်ယောက် ထွက်လာလေသည်။ ထိုလူနှစ်ယောက်ကို တွေ့သောအခါ ဟိုကျူး မျက်မှောင်ကြုတ် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အိုရန်ညီနောင်ပါလား'

ထိုလူနှစ်ယောက် ဟိုကျူးအနားလျှောက်လာပြီး လက်နှစ်ဖက်ဆုပ် ဂါရဝပြုကာ...

'မိတ်ဆွေလေးကို ကျေးဇူးတင်ပါတယ်'

ဝမ်းသာအားရ ပြောကြားလိုက်လေသည်။

'ရပါတယ်ဗျာ ကိစ္စမရှိပါဘူး'

'မဟုတ်တာ၊ ခင်ဗျားသာ မကူညီရင် ကျုပ်တို့ ဒုက္ခရောက်မှာ'

အိုရန်ကြီးက ပြောလိုက်သည်။ အိုရန်လေးကလည်း...

'ကျုပ်တို့လဲ အခက်အခဲတစ်ခုကြောင့် ဝင်နိုးလိုက်တာပါ၊ ခင်ဗျားနဲ့သာ မတွေ့ရင် မလွယ်ဘူးဗျ'

ဟိုကျူး သူတို့နှစ်ယောက်ကို သေချာကြည့်လိုက်သည်။ ကိစ္စတစ်ခုကြောင့် သံမဏိတုတ်တံခိုးယူကြောင်း သိလိုက်သည်။ အိုရန်ညီနောင်၏ အခက်အခဲကို သိလိုသဖြင့်...

'ခင်ဗျားတို့ ကျွန်တော့်ကိုမိတ်ဆွေလိုသဘောမထားနိုင်ဘူးလား'

ထိုအမေးစကားကြောင့် အိုရန်ညီနောင် မျက်လုံးပြူးသွားလေသည်၊ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်။ ဟိုကျူးဘက်ပြန်လှည့်ပြီး...

'ခင်ဗျားက ကျုပ်တို့နဲ့ မိတ်ဆွေဖြစ်ချင်လို့လား'

'ဟုတ်တယ်'

'ဘာကြောင့် ဖြစ်ချင်တာလဲ'

'မိတ်ဆွေဆိုတာ တစ်ယောက်အခက်အခဲ တစ်ယောက် ကူညီတတ်တယ်'

ဟိုကျူးစကားကို အိုရန်ေ းတို့ သဘောကျသွားလေသည်။

✦ ✧ ✦

'ကျုပ်တို့ မိတ်ဆွေအဖြစ် လက်ခံပါတယ်'





'ဒါဆို ကျုပ်တို့မိတ်ဆွေဖြစ်သွားပြီ'

သုံးယောက်သား ဝမ်းသာသွားကြလေသည်။

'ကျုပ်ကို မိတ်ဆွေအဖြစ် သတ်မှတ်ပြီဆိုရင် ခင်ဗျားတို့ အခက်အခဲကို ရှင်းပြပါလား'

ထိုစကားကြောင့် အိုရန်ကြီးတို့နှစ်ယောက် ကြောင်သွားသည်၊

'ဘာပြောပြရမှာလဲ'

'ခင်ဗျားတို့ အခက်အခဲရှိလို့ သံမဏိတုတ်တံကို ခိုးယူဖို့ ကြိုးစားတယ် မဟုတ်လား၊ ဘယ်လိုအခက်အခဲလဲ ပြောပြပါ'

အိုရန်လေး အိုရန်ကြီးကို လှည့်ကြည့်လိုက်သည်။

'ပြောပြလိုက်ပါကွာ'

'ကောင်းပြီ ခင်ဗျား သိချင်ရင် ကျုပ်ပြောပြပါမယ်။ ဒီနေရာက ကျောက်ဖြူပိုင်နက် အန္တရာယ်ရှိနိုင်တယ်။ ရှေ့က မြို့လေးရောက်အောင် သွားကြရအောင်'

'ကျောက်ဖြူဂိုဏ်းအတွက် မစိုးရိမ်ပါနဲ့၊ သူတို့က ဒုက္ခမပေးဘူးလို့ ကတိပေးထားပါတယ်၊ ဒါပေမယ့် ရှေ့ကမြို့ရောက်မှ ပြောပါ။ အေးအေးဆေးဆေး စားသောက်ရင်း ပြောကြတာပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်တို့ညီအစ်ကိုက အကောင်းဆုံး အစားအစာနဲ့ ဧည့်ဝတ်ပြုပါရစေ ဟား ဟား ဟား'

'ဟား ဟား ဟား'

ပြောရင် အားလုံး ရယ်မောလိုက်ကြသည်၊ ထိုသို့ ရယ်မောရင်း ဟိုကျူး ရင်ထဲ ဝမ်းသာကြည်နူးလာလေသည်။

အိုရန်ညီနောင်တို့ကို တကယ့်မိတ်ဆွေရင်းဟု သတ်မှတ်လိုက်လေသည်။ သူတို့ ထိုနေရာမှ ထွက်လာခဲ့ကြလေသည်။ အတန်ကြာသောအခါ မြို့ကလေးသို့ ရောက်လာကြသည်။

သူတို့သုံးယောက် စားသောက်ဆိုင်တစ်ခုထဲ ဝင်ကာ အိုရန်လေး စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာပါ။ စားသောက်စရာများ စားပွဲပြည့်ရောက်ရှိလာလေသည်။ အိုရန်လေးက...

'ကဲ မိတ်ဆွေ အားရပါးရ စားပေတော့'

ပြောရင်း ဦးဆောင်ကာ သုံးယောက်သား စားသောက်လိုက်သည်။

'ကဲ စားသောက်ရင်း ခင်ဗျားတို့ အခက်အခဲကို ပြောတော့'

ဟိုကျူး မြိန်ရှက်စွာ စားသောက်ရင်း သတိပေးလိုက်သည်။

အိုရန်လေး ခေါင်းညိတ်လိုက်သည်။

'ဟာ ဟုတ်သားပဲ။ ကျုပ်တို့အတွက် အရမ်းအရေးကြီးတယ်။ ခင်ဗျားအတွက်တော့ ကြီးချင်မှကြီးမှာပါ။ ဒါကြောင့် ဘယ်က စပြောရမလဲ မသိဘူး'

'ခင်ဗျားနဲ့ ကျွန်တော်ဟာ မိတ်ဆွေတွေပါ။ ခင်ဗျားကိစ္စ အရေးကြီးရင် ကျုပ်လဲ အရေးကြီးတာပေါ့'

ထိုစကားကြောင့် အိုရန်လေးတို့ ဟိုကျူးအား သဘောကျသွား၏။

'ကောင်းပြီ။ ကျုပ်ပြောပြမယ်။ ရွှေပုံလွှား အာမခံဌာနမှူး သင့်မုပဟာ ကျုပ်တို့အပေါ် ကျေးဇူးရှိခဲ့တယ်'

ထိုအခါ အိုရန်ကြီးက စိတ်မရှည်တော့ဘဲ...

'မင်းကလဲကွာ ပြည့်စုံအောင် ပြောပြမှာပေါ့'

'စကားရှည်မှာ စိုးလို့ပါ'

'ရပါတယ်ဗျာ ပြောပြပါ။ ကျုပ် နားထောင်ပါ့မယ်'

'ကောင်းပြီဗျာ ဒါဆိုလဲ ကျုပ် ပြောပြပါမယ်။ ကျုပ်တို့ ညီအစ်ကိုဟာ သိုင်းလောကမှာ မကောင်းသူပယ် ကောင်းသူကယ်တာပါ။ တစ်နေ့တော့...'

အိုရန်လေး ပြောရင်း မျက်လုံးများ ရီဝေလာလေသည်။ ဟိုကျူး အိုရန်လေး စကားထဲ နစ်မျောသွားလေသည်။

○ ● ○



# အခန်း (၂၁)

ကောင်းကင်တွင် လမရှိပါ။ ကြယ်ကလေးများသာ လင်းလက်နေလေသည်။ ညအချိန် စိမ်းလန်းသောတောအုပ်နှင့် တောင်ကြီးတစ်တောင် ထီးထီးရှိနေသည်။

ထိုတောင်ခြေတွင် လူရိပ်နှစ်ရိပ် ရွေ့လျားနေသည်။ ထိုလူရိပ်နှစ်ခုမှာအစိမ်းရောင်ဝတ်စုံဝတ်ထားကြပြီး သိုင်းသမားများဖြစ်ကြသည်။

'အစ်ကိုကြီး ကျွန်တော်တို့ ရထားတဲ့သတင်း မှန်ရဲ့လား'

'မမှားပါဘူးကွာ။ အတိအကျရထားတာပဲ'

'ဒီလူဆိုးကို သုတ်သင်မှဖြစ်မယ် အစ်ကိုကြီး။ သူ့ကြောင့် အပြစ်မဲ့သူတွေ အများကြီး သေကြရတယ်'

'ဟုတ်တယ်'

သူတို့နှစ်ယောက် ပြောရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ချုံနွယ်များကြားမှ အုတ်ဂူများကို တွေ့ရသည်။ တချို့ အုတ်ဂူများမှာ ပြိုလဲနေသည်။ အသုံးမပြုဘဲထားသည့် သုသာန်မြေ ဖြစ်သည်။

'အစ်ကိုကြီး ဟိုဘက်သွား။ ကျွန်တော် ဒီဘက်သွားမယ်'

'အေး ညီလေး သတိထားနော်။ သူ့ကို အထင်မသေးနဲ့'

'ကောင်းပါပြီ အစ်ကိုကြီး'

သူတို့နှစ်ယောက် လူစုခွဲကာ ထွက်သွားကြလေသည်။ ခါး...ွင်



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆွဲထားသော ဓားကို ဆွဲထုတ်လိုက်ကြသည်။ ငှက်တစ်ကောင်အော်ကာ ဖြတ်သွားသည်၊ အစိမ်းရောင်ဝတ်စုံဝတ်နှစ်ယောက် အုတ်ဂူကြီး တစ်ခုနား ပြေးကပ်သွားကြသည်။

ထိုစဉ်…

'ကျိ'

အသံတစ်ချက် ထွက်လာကာ မီးခိုးရောင်ဝတ်လူတစ်ယောက် ဓားကိုင်ကာ ထွက်လာပြီး…

'ညအချိန်မတော် ဘယ်သူလာတာလဲ၊ သေချင်ပြီ ထင်တယ်'

ပြောရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်၊ ထို အစိမ်းရောင်ဝတ်စုံနှစ်ယောက်ဖြစ်သော အိုရန်ကြီးတို့ညီနောင် ပုန်း နေလိုက်သည်။ အုတ်ဂူကြီးမှာ အတော်ကြီးပြီး အထဲတွင် လိုဏ်ခေါင်း ပုံ ဖြစ်သည်။

အိုရန်ကြီး၊ အိုရန်လေးအား ဟန့်တားသည်၊ မီးခိုးရောင်ဝတ်စုံ ဝတ်တို့ အုတ်ဂူအနီး လှည့်ပတ် ရှာဖွေနေလေသည်။

မီးခိုးရောင်ဝတ် အိုရန်ကြီးတို့ကို တွေ့သွားလေသည်။ သူတို့မှာ အိုရန်ကြီးလက်ချက်ကြောင့် လဲကျသွားလေသည်။

အိုရန်လေးမှာ လဲကျသူ၏ အဝတ်အစားကို ဝတ်ဆင်လိုက်သည်။

'အစ်ကိုကြီး ကျွန်တော် သူတို့ကို ခေါ်ထုတ်မယ်'

ပြောရင်း တစ်ဖက်လှည့်ကာ…

'ဒီမှာလာကြည့်စမ်းဟေ့'

သူ့စကားအဆုံး…

'ဘာဖြစ်တာလဲဟေ့'

ဆူညံသောအသံများ ထွက်လာလေသည်။ ပြေးလွှားလာသော ခြေသံများကိုပါ ကြားလိုက်ရသည်။

'ဟင်'





'ဟာ'

အိုရန်ကြီးတို့ အံ့သြသွားလေသည်။ သူတို့ သတင်းရသည်က နှစ်ယောက်ထဲ။ ယခု ထွက်လာသည်က အများကြီး ဖြစ်နေလေသည်။

'ညီလေး နောက်ဆုတ်'

အိုရန်ကြီး ထိတ်လန့်တကြား အော်ဟစ်လိုက်သည်၊ သို့သော် သူတို့အား လူအများ ဝိုင်းထားလိုက်ပြီး ဖြစ်သည်၊

'ဘယ်သူတွေလဲကွ'

ထိုအသံကြောင့် အိုရန်ညီနောင် လှမ်းကြည့်လိုက်သည်၊ ထိုလူမှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးရှည်လျား များပြားသော မျက်နှာသေးသေးနှင့် လူတစ်ယောက်ကို တွေ့ရသည်။

'စန်းလွေ့'

အိုရန်ညီနောင် စိတ်ထဲ ရေရွတ်လိုက်သည်။

'ကျုပ်တို့က ခင်ဗျားကို သုတ်သင်ဖို့လာကြတာ။ ခင်ဗျား သတ္တိရှိရင် တစ်ယောက်ချင်း ရင်ဆိုင်ပါ'

အိုရန်ကြီးက ပြောလိုက်သည်၊ အနက်ရောင်ဝတ်စုံဝတ်များ အိုရန်ကြီးအား တိုက်ခိုက်ရန် လှုပ်ရှားလိုက်သည်။

'ရပ်လိုက်'

စန်းလွေ့ ဟန့်တားလိုက်သည်။ သူ ပြုံးပြီး အိုရန်ညီနောင်ကို လှမ်းကြည့်လိုက်သည်။

'မင်းတို့က အိုရန်ညီနောင် မဟုတ်လား'

သူတို့ညီနောင် အံ့သြသွားလေသည်။

'မင်းတို့ ကျုပ်သတင်းကြားလို့ လာတာ မဟုတ်လား။ ဒီသတင်းက ကျုပ်လူတွေ ဖြန့်လိုက်တာလေ။ မင်းတို့ မသိဘူး မဟုတ်လား'

'ဘာ'

အိုရန်လေး အသံထွက်လာလေသည်၊

'မင်းတို့ကို ငါ သိပါတယ်။ မင်းတို့အစွမ်းအစကိုလဲ သိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အခုတော့ မင်းတို့ မလွယ်ဘူး။ တစ်ခုတော့ရှိတယ် မင်းကို ကျုပ်ကို ဒူးထောက်တောင်းပန်ရင်...'

'သေတောင် မတောင်းပန်ဘူး'

အိုရန်လေး ဒေါသတကြီး အော်ဟစ်လိုက်သည်။

✦ ✧ ✦

စန်းလွှေမျက်နှာ မည်းမှောင်သွားလေသည်။

'ဒါ မင်းတို့ ဆုံးဖြတ်ချက်လား'

'ဟုတ်တယ်'

ထိုအခါ စန်းလွှေ သူ့လူများကို လက်ဝှေ့ယမ်းပြလိုက်သည်။ အနက်ရောင်ဝတ်များ တိုက်ခိုက်ရန် ပြေးလာလေသည်။ ထိုစဉ်...

'ရပ်လိုက်'

အော်ဟစ်ဟန့်တားသံတစ်ခု ထွက်ပေါ်လာလေသည်။ မီးတုတ်ကိုင်ဆောင်ထားသောလူတစ်စု သစ်ပင်ချုံနွယ်များကြားမှ ထွက်လာကြလေသည်။ ထိုလူစုတွင် လေးမြား လှံ၊ ဓားကိုင်ဆောင်ထားသူ လူသုံးရာကျော်ရှိလေသည်။ ထိုလူစု၏ မီးအရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားလေသည်။ မမျှော်လင့်သောအဖြစ်ကြောင့် အားလုံးကြောင်သွားကြလေသည်။ ဝိုင်းလာသူများကိုလှမ်းကြည့်လိုက်ကြသည်။

ထိုလူစုထဲမှ လူတစ်ယောက် ထွက်လာသည်။ အဖြူရောင်အဝတ်အစား ဝတ်ဆင်ထားပြီး တည်ကြည်ခံ့ညားသောရုပ်ရည်ရှိသူ ဖြစ်သည်။ ထိုလူက လက်နှစ်ဖက်နောက်ပစ်ကာ အေးအေးဆေးဆေး လှမ်းလာလေသည်။

ထိုလူ၏အင်္ကျီတွင် ရွှေပျံလွှားငှက်တစ်ကောင်ပုံ ရေးထိုးထားသည်။ ထိုလူက စန်းလွှေအား ကြည့်ကာ...

'ခင်ဗျားလူက အိုရန်ညီနောင်ကို ထောင်ချောက်ဆင်သလို ကျုပ်ကလဲ ခင်ဗျားကို ထောင်ချောက်ဆင်တယ်လေ'





ထိုစကားကြားသောအခါ စန်းလွှေ မျက်လုံးပြူးသွားလေသည်။

'ဘာ ကျုပ်ကို ထောင်ချောက်ဆင်ထားတယ် ဟုတ်လား'

'ဟုတ်တယ်။ ခင်ဗျားပေးတဲ့ ငွေထက် နှစ်ဆ ပိုပေးတဲ့လူကို ကျုပ် သဘောကျသွားတယ်လေ'

'မင်း လူယုတ်မာ'

စန်းလွှေ သစ္စာဖောက်ခြင်းခံလိုက်ရသဖြင့် ဒေါသထွက်သွားလေသည်။ အဖြူရောင်ဝတ်ဆင်ထားသူအား ဒေါသတကြီးကြည့်ကာ...

'မင်း ဘယ်သူလဲ'

ထိုအခါ...

အဖြူရောင် ဝတ်ဆင်ထားသူက...

'ကျုပ် ဆင့်စု၊ ရွှေပျံလွှားအဖွဲ့ခေါင်းဆောင် ဟန်မူးဆို တောင်ပိုင်းတစ်ခွင် အကုန်သိတယ်'

ထိုသတင်းကြားရသောအခါ အိုရန်ညီနောင် ဝမ်းသာသွားလေသည်။ စန်းလွှေ ခေါင်းငိုက်စိုက်ကျသွားလေသည်။

အိုရန်လေး အရက်တစ်ခွက်မော့သောက်လိုက်သည်။ ရှည်လျားစွာ ပြောပြလိုက်ခြင်းကြောင့် မောသွားလေသည်။

'သူက ဘယ်လို အကူအညီတောင်းလို့လဲ'

ဟိုကျူးက မေးလိုက်သည်။

အိုရန်လေး အိုရန်ကြီးဘက်လှည့်ကာ...

'အစ်ကိုကြီး ဆက်ရှင်းပြလိုက်ပါ'

'သူရောက်မလာရင် ကျုပ်တို့သေပြီ။ ဒါကြောင့် သူ့ကို ကျေးဇူးပြန်ဆပ်မယ်လို့ ပြောလိုက်တယ်။ ဒီလိုနဲ့ သုံးနှစ်ကြာတော့သူ ကျုပ်တို့ကို လူလွှတ်ခေါ်ခိုင်းတယ်။ သူ့မှာ အခက်အခဲရှိပြီး ဒုက္ခရောက်နေတယ်'

'ဘယ်လို ဒုက္ခနဲ့ ရင်ဆိုင်ရတာလဲ'

'သူ့အားမခံပြီး သယ်ဆောင်ပေးတဲ့ပစ္စည်းတစ်ခုကို လူတိုင်းက



www.burmeseclassic.com

www.burmeseclassic.com



လိုချင်နေကြတယ်။ ဒါကြောင့် ဒီပစ္စည်းကို အန္တရာယ်ကင်းစွာ ပို့ဆောင်နိုင်ဖို့ ကူညီမယ့်မိတ်ဆွေကောင်းလိုနေတယ်'

'ဘယ်လိုပစ္စည်းလဲ'

'ခရီးထွက်တော့မှ ပြောမယ်ပြောတယ်၊ ဆင့်စုဟာ တည်ကြည်ရိုးသားဖြောင့်မတ်သူဆိုတာ ကျုပ်တို့ ယုံကြည်တယ်။ သူ့မှာ မိတ်ဆွေတွေ ရှိပါတယ်၊ ဒါပေမယ့် စိတ်မချဘူး'

'ဒါ မှန်တယ်ဗျ'

'သူက ကျုပ်တို့ သူ့ကို ကူညီရင် တစ်ခုခုဖြစ်မှာကိုလဲ သူ စိုးရိမ်တယ်။ ကျုပ်တို့က သူ့ကို နှစ်သိမ့်ရတယ်။ ကျုပ်တို့လဲ ယုံကြည်စိတ်ချ ကူညီနိုင်မယ့်လူ လိုက်ရှာရင်း သံမဏိတုတ်တံ နိုးမိတာဗျ'

'ဆင့်စုက ခရီးထွက်မယ့်ရက် သတ်မှတ်ပြီးပြီလား'

'မသတ်မှတ်ရသေးဘူး။ ကျုပ်တို့ရောက်မှ သတ်မှတ်မှာလေ'

'ကောင်းပြီ၊ ကျုပ်က သူ လိုအပ်တဲ့လူ မဖြစ်နိုင်ဘူးလား'

ဟိုကျူးစကားကြောင့် အိုရန်ညီနောင် မျက်လုံးများ တောက်ပသွားလေသည်။

'သိပ်ဖြစ်တာပေါ့ဗျာ'

နှစ်ယောက်ပြိုင်တူ ပြောလိုက်လေသည်။

ဟိုကျူး ပြုံးလိုက်သည်။

'ဒါဆို ဘာကြောင့် ကျုပ်ကို ခေါ်မသွားတာလဲ'

ထိုစကား ကြားသောအခါ အိုရန်ညီနောင်နှစ်ယောက် ထရပ်လိုက်ကြသည်။ ပတ်ဝန်းကျင်ကိုပင် သတိမထားတော့ဘဲ ဟိုကျူးအား ဝမ်းသာအားရ ပွေ့ဖက်လိုက်လေသည်။

○ ● ○



## အခန်း (၂၂)

တောင်ပိုင်းမြို့ကလေးတစ်မြို့ရှိ အဆောက်အအုံကြီးတစ်ခုရှေ့တွင် ရွှေပျံလွှားအလံတစ်ခု လွှင့်ထူထားသည်။

ထိုအဆောက်အအုံရှေ့တွင်...

'ရွှေပျံလွှား အာမခံဌာန'

ရေးသားထားသော ဆိုင်းဘုတ်တစ်ခုကိုလည်း တွေ့ရလေသည်။ ဟိုကျူးတို့ ခရီးပြင်းနှင်ခဲ့ရာ ငါးရက်ကြာသောအခါ ထိုအဆောက်အအုံရှိရာသို့ ရောက်လာကြလေသည်။

ဟိုကျူး ပတ်ဝန်းကျင်ကို ငေးမောကြည့်ရှုနေစဉ် နောက်ဘက်မှ ခြေသံကြားလိုက်ရသည်။ ဟိုကျူး လှည့်ကြည့်သောအခါ လူငယ်လေးတစ်ယောက်ကိုတွေ့ရသည်။ ထိုလူငယ်လေးမှာ အဖြူရောင်အဝတ်အစားဝတ်ထားပြီး အာမခံဌာနအမှတ်အသားပါသည်၊ အဖြူရောင်လူငယ်လေး ဟိုကျူးအနီး ရောက်သည်နှင့် အရိုအသေပေးပြီး...

'ဆရာ့မိတ်ဆွေတွေ ခေါ်ခိုင်းလိုက်ပါတယ်။ ကျွန်တော့်နောက် လိုက်ခဲ့ပါခင်ဗျာ'

'ကောင်းပြီ'

ဟိုကျူး လူငယ်လေးနောက်မှ လိုက်လာခဲ့လေသည်။ မကြာပါ အခန်းတစ်ခုသို့ ရောက်လာလေသည်။ အထဲတွင် လူသုံးယောက် ထိုင်



www.burmeseclassic.com

နေသည်။ အိုရန်ကြီး၊ အိုရန်လေးနှင့် ပိုးဖဲဝတ်စုံဝတ် အဘိုးအိုတစ်ဦး ထိုင်နေသည်။ အဘိုးအို ဟိုကျူးကို အကဲခတ်ပြီး...

'ထိုင်ပါ'

လူငယ်လေး ပြန်ထွက်သွားလေသည်။ ဟိုကျူး လွတ်နေသော ကုလားထိုင်တစ်လုံးပေါ် ထိုင်ချလိုက်သည်။ အိုရန်ကြီးက...

'မိတ်ဆွေလေး ဟိုကျူး၊ ငါက ရွှေပျံလွှားအာမခံဌာနတာဝန်ခံ ယို့ကျားယန်ပါ။ ဌာနမှူး အားထားရတဲ့ တာဝန်ခံကြီးပေါ့'

မိတ်ဆက်ပေးလိုက်သည်။

'သူက ကျုပ့်မိတ်ဆွေ ဟိုကျူးပါ'

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

သို့သော် သံသယမျက်လုံးဖြင့် ကြည့်ခြင်းဖြစ်သောကြောင့် ဟိုကျူး သဘောမကျပါ။

ထို့ကြောင့် ခပ်တည်တည်ပင် ပြန်ကြည့်လိုက်သည်။

'ကျုပ်တို့ကို ကူညီဖို့လာတာ အများကြီး ကျေးဇူးတင်ပါတယ်။ အာမခံဌာနမှာ အင်အားမရှိတာတော့ မဟုတ်ပါဘူး'

ဟိုကျူး အိုရန်ညီနောင်ကို လှမ်းကြည့်လိုက်သည်။ အိုရန်ညီနောင် ယို့ကျားယန်စကားကြောင့် အံ့သြသွားလေသည်။

အိုရန်လေးက ယို့ကျားယန်ကို ကြည့်ကာ...

'ဆရာယို့ ဘယ်လိုပြောလိုက်တာလဲ။ ဌာနမှူးက ကျုပ်တို့ကို အကူအညီတောင်းတာ ခင်ဗျား သိပါတယ်။ အခုတော့ ဘာကြောင့်...'

သူ့စကားမဆုံးပါ။ ယို့ကျားယန် ကြားဖြတ်ပြီး...

'အဲဒီအချိန်က သူစိတ်ရှုပ်နေလို့ပါ'

'ဒါဆို မလိုတော့ဘူးပေါ့။ သူဘယ်မှာလဲ ကျုပ်တို့ တွေ့ချင်တယ်'

'ညီလေး မရှိဘူး ခရီးထွက်သွားတယ်'

'ဘာ'





အိုရန်ညီနောင် အံ့သြသွားလေသည်။

'ဒီအတွက် ကျုပ်မိတ်ဆွေ ဟိုကျူးကို အကျိုးအကြောင်းပြော တောင်းပန်ပါ'

'ကောင်းပါပြီ။ တောင်းပန်ရမယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် တစ်ခုရှိတယ်'

'ဘာလဲ'

'အကူအညီပေးဖို့လာတာ ဝါကယ့်စေတနာအမှန်လား။ ဒါဆို ကျုပ် တောင်းပန်မှာပါ'

'ခင်ဗျား ကျုပ်တို့ကို အထင်သေးတာပဲ။ ခင်ဗျား ဘယ်လို ကျုပ်တို့ကို ဖြစ်စေချင်လဲ'

'ကျုပ် စမ်းသပ်မှုတစ်ခု လုပ်မယ်။ အဲဒါအောင်မြင်ရင် ကျုပ် တောင်းပန်မယ်'

'ခင်ဗျား ကတိတည်နော်'

ထိုစဉ် ငြိမ်သက်စွာ နားထောင်နေသော ဟိုကျူးက...

'နေပါဦး စောစောက ခင်ဗျားပြောတော့ ဌာနမှူး ခရီးထွက်သွားပြီဆို။ ဒါဆို စမ်းသပ်ဖို့ လိုလား'

'မင်းတို့သာ စမ်းသပ်မှု အောင်မြင်ပါစေ။ ညီလေးနဲ့ တွေ့ရမှာပါ'

'ကောင်းပြီ'

'ဒါဆို ကျုပ်နောက်လိုက်ခဲ့ပါ'

ယို့ကျားယန် ဟိုကျူးတို့သုံးယောက်အား ခေါ်ကာ ဝက်ပါဂူထဲတွင် ထားခဲ့လေသည်။

'မင်းတို့ အထဲကနေ အန္တရာယ် အခက်အခဲကို ကျော်လွှားထွက် လာခဲ့ပေတော့'

အိုရန်ကြီးတို့သုံးယောက် သတိဝီရိယကြီးစွာဖြင့် အထဲသို့ ဝင်လာခဲ့လေသည်။ ထိုစဉ် မွှေးကြိုင်သောရနံ့တစ်ခု ရလိုက်လေသည်။

'မွှေးလိုက်တာကွာ ဘာအနံ့လဲ မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



အိုရန်ကြီးက ပြောလိုက်သည်။

'ဟုတ်တယ် အစ်ကိုကြီး'

မကြာပါ သူတို့သုံးဦး ဦးခေါင်းများ မှုးဝေကာ လဲကျသွားလေသည်။ သူတို့ အသိနောက်ကျသွားလေသည်။

✦ ✧ ✦

မည်မျှကြာအောင် သတိလစ်နေသည် မသိပါ။ သူသတိပြန်ရသောအခါသူ့ဘေးတွင် လူတစ်ယောက်ရပ်နေသည်ကိုတွေ့ရှလေသည်။

အိုရန်ညီနောင်နှစ်ယောက်ကို မတွေ့ရတော့ပါ။ အနက်ရောင်ဝတ်ဆင်ထားသောသူမှာ မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်။

'အိုရန်ညီနောင် ဘယ်ရောက်သွားလဲ'

'သူတို့အတွက် မပူပါနဲ့'

'သူတို့က ...'

'ကျွန်မတို့ စမ်းသပ်တာ ပြီးသွားပါပြီ'

'ဘယ်လို'

'ပြီးသွားပြီလို့'

'ဟင်'

ယို့ကျားယန် စမ်းသပ်မှုမှာ မိန်းကလေးနှင့် သူ ပူးပေါင်းပြီး အာမခံဌာနကို အပိုင်စီး၍ အိုရန်ကြီးတို့ကို ရှင်းပြပြီး ဟိုကျူးကို သုတ်သင်ရန် တိုင်ပင်ကြသည်။ သို့သော်...

အိုရန်ကြီးတို့မှာ ဌာနမှူးဘက်ကပါပြီး ဟိုကျူးအသက်ကို ကာကွယ်ရန် သက်စွန့်ကြိုးပမ်းကြသည်။

'ကျွန်မ ရှင်းပြပါမယ်။ ကျွန်မနောက် လိုက်ခဲ့ပါ'

'ဘယ်ကိုလဲ'

'အိုရန်ကြီးတို့ဆီကိုပေါ့'





'ဒါဆို ကျုပ်လိုက်မယ်'

ဟိုကျူး မိန်းကလေးနောက်မှ လိုက်လာခဲ့လေသည်၊ အခန်းတစ်ခုသို့ ရောက်လာကြလေသည်၊

အခန်းထဲတွင် လူလေးယောက်ရှိနေသည်။ အိုရန်ညီနောင်၊ ယို့ကျားယန်နှင့် အသက်လေးဆယ်ကျော် လူတစ်ယောက် ဖြစ်သည်။ ဟိုကျူး လွှတ်နေသောနေရာတွင် ဝင်ထိုင်လိုက်သည်၊ ယို့ကျားယန် ထိုင်ရာမှထပြီး...

အိုရန်ကြီးတို့နှင့်ဟိုကျူးအား လက်နှစ်ဖက်ဆုပ် ဂါရဝပြုလိုက်ပြီး...

'မင်းတို့သုံးယောက်ဟာ ကျုပ်တို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ မိတ်ဆွေပါ'

'ကောင်းပြီ ကျုပ်တို့ ပြန်မယ်။ ကျုပ်တို့မိတ်ဆွေ ဟိုကျူးကို ထားခဲ့မယ်နော်။ ခွင့်ပြုပါဦး'

ပြောရင်း ဟိုကျူးဘက်လှည့်ကာ...

'ကဲ မိတ်ဆွေလေး ကျုပ်တို့ကို ခွင့်ပြုပါ'

ပြောရင်း အပြင်သို့ ထွက်သွားကြလေသည်။

'မိတ်ဆွေလေး ကျုပ်က ဌာနမှူးဆင့်စုပါ။ ကျုပ်မှာ တကယ့်ကို အခက်အခဲရှိနေပါတယ်။ ဒီအကြောင်းကိုမိန်းကလေးက ရှင်းပြလိမ့်မယ်'

အနက်ရောင်ဝတ်ထားသော မိန်းကလေးက...

'ကျွန်မ သခင်မလေးကို လူတိုင်း စိတ်ဝင်စားနေတဲ့ ပစ္စည်းနဲ့ အတူ နယ်ခြားကို ပို့ပေးရမှာပါ။ ပစ္စည်းလိုချင်တဲ့လူတွေက သခင်မလေးကို အန္တရာယ်ပေးမှာ သေချာတယ်။ ဒါကြောင့်ပါ။ ကျွန်မနာမည် ချင်းမိုပါ'

ချင်းမို စကားဆက်လိုက်ပြန်သည်။

'ကျွန်မတို့မှာ အချိန်မရှိဘူး။ ရှင် ကူညီမယ်ဆို ဒီနေ့ပဲ ခရီးထွက်ချင်ပါတယ်'



www.burmeseclassic.com

'ဒီနေ့ည ခရီးထွက်မယ် မှတ်လား'

'ဟုတ်တယ်။ တစ်ခုပြောရဦးမယ်။ လမ်းခရီးမှာ တစ်ယောက်ယောက် အန္တရာယ်တွေ့ရင် ထားခဲ့ပြီး ခရီးဆက်မယ်။ ခရီးရပ်လို့ မဖြစ်ဘူး'

ဟိုကျူး အသာပင် နားထောင်နေလေသည်။

'ရှင့်သဘောထား ပြောပြပါဦး'

'ကျုပ် ကူညီပါ့မယ်။ ခင်ဗျားတို့ ကြိုက်သလို လုပ်ပါ'

ချင်းမို သဘောကျသွားလေသည်။ ယို့ကျားယန်ဘက် လှည့်ကြည့်ပြီး...

'ဒီနေ့ည ခရီးထွက်ဖို့ စီစဉ်ထားပြီးပါပြီ'

ချင်းမို ဗွာနမ္မဘက်လှည့်လိုက်သည်။

'သခင်မလေး၊ ကျုပ်တို့ကလဲ အဆင်သင့်ပါပဲ'

သူတို့ အဆင်သင့် ရှိနေကြသည်။ ဟိုကျူးမှာ အံ့သြနေလေသည်။ ချင်းမိုအား သူတို့ ရိုသေကြသည်။

'ဒါဆိုလဲ ကျွန်မ စီစဉ်ထားတဲ့အတိုင်း ဒီညပဲ ခရီးထွက်မယ်လေ'

ယို့ကျားယန် ခေါင်းညိတ်လိုက်လေသည်။ ထိုင်ရာမှထပြီး အပြင်ထွက်သွားလေသည်။ ချင်းမို ဟိုကျူးအား လှမ်းကြည့်ပြီး...

'ကျွန်မတို့ ခရီးမထွက်ခင် တစ်ခုခုစားကြရအောင်'

'ကောင်းသားပဲ'

ချင်းမို လက်ခုပ်တစ်ချက်တီးလိုက်သည်။ မိန်းကလေးများ စားစရာ ဇန်းများကိုင်ကာ အခန်းထဲဝင်လာကြလေသည်။

မကြာပါ။ စားပွဲပေါ်တွင် စားစရာများ ပြည့်သွားလေသည်။

'ကဲ သုံးဆောင်ပါ'

ဟိုကျူး ဆာလောင်နေသောကြောင့် အားပါးတရ စားသောက်လိုက်လေသည်။

○ ● ○



# အခန်း (၂၃)

မြို့ကလေးမှ ထွက်လာကြလေသည်။ ရွှေပုံလွှားအာမခံဌာနမှ သိုင်းသမားများ အဖြူရောင်ဝတ်စုံဝတ်ကာ ဓားကျော့ပိုးထားကြသည်။

သူတို့မြင်းကိုယ်စီဖြင့် ရွှေပုံလွှားအာမခံဌာနအမည် ကြွေးကြော်ကာ ခရီးထွက်လာကြသည်။ ရှေ့ဆုံးတွင် အလံကိုင်သူ၊ နောက်တွင် အဖြူရောင်ဝတ်ဆင်သူနှစ်ဦး မြင်းညိုကြီးစီးကာ လိုက်ပါလာသည်။

ထိုလူများနောက်တွင် မြင်းလှည်းသုံးစီး ရှေ့နောက်သွယ်တန်းလျက် ပါလာကြသည်။

ထိုလူများ၏နောက်တွင် မြင်းလှည်းသုံးစီး။ မြင်းလှည်းဘေးတွင် မြင်းစီးသမားဆယ်ယောက် စောင့်ကြပ်လိုက်ပါလာသည်။

မြင်းလှည်းမောင်းသူများမှာ အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေးများ ဖြစ်ကြသည်။ မြင်းလှည်းသုံးစီးနောက်တွင် အဖြူရောင်ဝတ်ဆင်ထားသော လူဆယ်ယောက် ပါလာသည်။

ထိုလူများသည် အာမခံဌာနမှ အားထားရသော သိုင်းသမားများ ဖြစ်သည်။ ယို့ကျားယန်နှင့် ဆင့်စုပထမမြင်းလှည်းတွင် လိုက်ပါလာသည်။

ဟိုကျူးနှင့် ချင်းမိုတို့ တတိယမြင်းလှည်းတွင် လိုက်ပါလာပြီး ဒုတိယမြင်းလှည်းတွင် မည်သူမျှ မပါပါ။

www.burmeseclassic.com



တဖြည်းဖြည်း မြို့ကလေးနှင့် ဝေးလာသည်။ ပတ်ဝန်းကျင် တစ်ခုလုံး တောများဖြင့် ဖုံးလွှမ်းနေသည်။ ညနေစောင်းအချိန် ရောက်လာလေသည်။

တဖြည်းဖြည်း အချိန်ကုန်ကာ နေဝင်သွားလေသည်။ သူတို့ အလွန် နက်ရှိုင်းသော တောအုပ်ကြီးတစ်ခုအတွင်း ရောက်လာလေသည်။ စိမ်းလန်းသော သစ်ပင်ကြီးများ ဖုံးလွှမ်းကာ အမှောင်ရိပ်များ ကြီးစိုးနေလေသည်။

တစ်ချိန်လုံး ငြိမ်နေသော ချင်းမို လှုပ်ရှားလာလေသည်။ ပြတင်းမှ အပြင်သို့ လှမ်းမျှော်ကြည့်ပြီး…

'အချိန်ရောက်ပြီ'

ထိုအခါ ဟိုကျူး ကြောင်သွားလေသည်။ သူ ချင်းမိုကို နားမလည်နိုင်စွာကြည့်ပြီး…

'ဘာအချိန်ကျတာလဲ'

'ကျွန်မတို့ လျှို့ဝှက်ခရီးစဖို့အချိန်ကို ပြောတာလေ'

'ခင်ဗျား ပြောတာက'

'ရှင် နောက်တော့ သိပါလိမ့်မယ်'

ဟိုကျူး ထပ်မမေးတော့ပါ။

ထိုစဉ်…

'တူ တူ တူ'

မြည်းလှည်းတန်းရှေ့ဆုံး မြင်းလှည်းမှ ခရာသံများ ထွက်လာလေသည်။ ချင်းမိုမျက်နှာ ပြုံးရွှင်သွားလေသည်။ ခရာသံနှင့်အတူ အမိန့်ပေးသံ၊ မြင်းသံ၊ လူသံ အသံများ ဆူညံစွာ ထွက်ပေါ်လာပြီး အားလုံး ရပ်တန့်သွားလေသည်။

ဟိုကျူး မြင်းလှည်းပြတင်းမှ အပြင်သို့ လှမ်းကြည့်ဟန် ပြင် လိုက်သည်။ ထိုအခါ ချင်းမိုက…





'မြန်မြန်လုပ်'

ပြောရင်း မြင်းလှည်းတံခါး တွန်းဖွင့်ကာ အပြင်သို့ ခုန်ထွက်သွားသည်။ ဟိုကျူး အံ့ဩသွားလေသည်။ သို့သော်…

သူ ဝေးမနေတော့ဘဲ တံခါးဖွင့်ကာ အပြင်သို့ ခုန်ထွက်လိုက်လေသည်။ ဟိုကျူး မြေပေါ် ကျသောအခါ လမ်းကလေးတစ်လမ်းပေါ် ရောက်သွားလေသည်။

ချင်းမို မြင်းတစ်ကောင်ဆွဲယူလာကာ ဟိုကျူးအနီး ရောက်သည်နှင့်…

'မြင်းပေါ် တက်'

ပြောရင်း မြင်းဇက်ကြိုးလှမ်းပေးလိုက်လေသည်။ ဟိုကျူး မြင်းပေါ် လွှားခနဲ ခုန်တက်လိုက်လေသည်။

ထို့နောက်…

ချင်းမိုနောက် လိုက်သွားလေသည်။ ယို့ကျားယန်နှင့် ဆင့်စုလည်း မြင်းစီးကာ ထွက်လာသည်။ သူတို့ ဆုံမိသောအခါ…

ရွှေပျံလွှားအာမခံဌာနတု ဟာစ်ကြွေးလိုက်လေသည်။ အာမခံ အဖွဲ့သားများ ဆက်လက် ခရီးဆက်လာခဲ့လေသည်။

သို့သော်…

ဆင်းစုတို့လူစုနှင့် ဒုတိယမြင်းလှည်း ကျန်ရစ်ခဲ့လေသည်။ ထိုအခါမှ ဟိုကျူး ချင်းမို၏ အစီအစဉ်ကို သဘောပေါက်သွားလေသည်။ ဟိုကျူး ချင်းမိုအား စိတ်ထဲမှကျိတ်ပြီး ချီးကျူးလိုက်လေသည်။

ထိုစဉ်…

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ် လာသည်ကို ကြား လိုက်ရသည်။ တောအုပ်အနောက်မှ မြင်းတစ်ကောင် ခုန်းစိုင်းပြေး လာသည်ကို တွေ့ရသည်။ ဟိုကျူး ရင်ထိတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုကျူး ချင်းမိုအား ကြည့်လိုက်သည်။ ချင်းမို အမူအရာ အေးအေးဆေးဆေးပင်။ မကြာပါ မြင်းစီးသမား ချင်းမိုရှေ့ရောက်လာသည်။ မြင်းပေါ်မှဆင်းကာ မြေပေါ် ဒူးထောက်ပြီး...

'နောက်ယောင်ခံလိုက်လာသူ မရှိပါ သခင်မလေး'

ပြောလိုက်ရာ ချင်းမို ကျေနပ်သွားလေသည်။

'ကောင်းပြီ၊ မင်း ဒီမှာ စောင့်ကြည့်နေ။ ငါတို့ သုံးမိုင်ခရီး ရောက်မှ လာအကြောင်းကြား ဟုတ်လား'

အနက်ရောင်ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ သခင်မ'

'ဒါဆို မင်း သွားတော့'

အနက်ရောင်ဝတ်စုံဝတ် မြင်းပေါ် ခုန်တက်ကာ ထွက်သွားလေသည်။

✦ ✧ ✦

ဟိုကျူး သက်ပြင်းချလိုက်သည်။ သူ ချင်းမိုအား ချီးကျူးသော အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။ ချင်းမို သူ့အား ပြုံးပြလိုက်ပြီး...

'ကဲ အချိန်ရှိတုန်း ဆက်သွားကြရအောင်'

သူတို့ ထိုနေရာမှ ခရီးဆက်လာခဲ့ကြရာ အတန်ကြာသောအခါ တောင်ကုန်းတစ်ခုနားသို့ ရောက်လာသည်။

ညဦးသန်းခေါင်အချိန် ရောက်လာလေသည်။ အအေးဓာတ်မှာလည်း လွန်ကဲလာလေသည်။ ဟိုကျူးတို့လူစု စမ်းတဝါးဝါးဖြင့် ခရီးဆက်လာကြသည်။

အတန်ကြာသောအခါ သစ်ပင်များ ကျဲလာကာ ကျောက်တုံး ကျောက်ခဲများ ပြည့်ကျပ်လာလေသည်။ မြင်းလည်း ရှေ့ဆက်သွားမရပါ။

ထိုအခါ ချင်းမို လက်တစ်ဖက် ဝှေ့ယမ်းပြပြီး...

'အားလုံးရပ်ကြ၊ ဒီမှာ ခဏနားမယ်'





မကြာပါ။ လ,ထွက်လာသည်။ လရောင်ဖြင့် ဟိုကျူး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ထိုစဉ်...

'အားလုံးနေရာမှာ ရပ်၊ ဟိုသွားဒီသွားမလုပ်နဲ့။ အခြေအနေ မကောင်းဘူး။ ခရီးဆက်မှ ဖြစ်မယ်'

ပြောရင်း ဟိုကျူး အနားရောက်လာလေသည်။

'တိုက်ပွဲ တစ်ခု တွေ့ရမယ်ထင်တယ်။ ကျွန်မတို့နဲ့တော့ မပတ်သက်ဘူး'

'ဘယ်သူတွေလဲ'

'ရှင် မကြာခင် တွေ့ရမယ်'

သူမအသံအဆုံး တောင်ကုန်းမြောက်ဘက်အခြမ်းမှ စူးရှသော အော်ဟစ်သံ၊ လက်နက်ချင်းထိသံ၊ မာန်သွင်းသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

ဟိုကျူးရင်ထိတ်သွားလေသည်။ ချင်းမိုကို လှမ်းကြည့်လိုက်သည်။

'ကဲ ကျွန်မ မပြောဖူးလား'

'ဘယ်သူတွေလဲဗျ'

'ရှင် သွားကြည့်ပါလား'

ဟိုကျူး မဲ့ပြုံး ပြုံးလိုက်သည်။

'ကောင်းပြီ၊ ကျုပ် သွားကြည့်မယ်'

စကားအဆုံး မြောက်ဘက်သို့ ထွက်သွားလေသည်။

မြောက်ဘက်ရောက်လျှင် တောင်ကုန်းအောက်ဘက် ဝေးဝေးတွင် မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့ရလေသည်။

တိုက်ပွဲပြင်းထန်နေပုံကိုလည်း တွေ့ရသည်။

'သူတို့ အလစ်တိုက်ခံရတာနဲ့ တူတယ်'

ဟိုကျူး မျက်မှောင်ကြုတ်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူတွေလဲ'

'ရှင် နားထောင်ပါလား'

ဟိုကျူး အာရုံစူးစိုက်နားထောင်ကြည့်လိုက်သည်။

'ရွှေပျံလွှားအာမခံဌာနတဲ့ဟေ့'

မာန်သွင်းသံများကို ကြားလိုက်ရလေသည်။

'ရွှေပျံလွှားအဖွဲ့တွေ မလွတ်စေနဲ့'

အမိန့်ပေးသံများကို ကြားလိုက်ရသည်။

'အာမခံဌာနသားတွေ'

'ဟုတ်တယ်'

'ကျွန်တော်တို့ သွားကူမယ်လေ'

'မဖြစ်ဘူး၊ အချိန်မရှိတော့ဘူး'

ဟိုကျူး အံ့သြသွားလေသည်။

'ရှင် ကျွန်မတို့နဲ့သွားရင် နားလည်သွားမှာပါ'

ဟိုကျူး သက်ပြင်းချလိုက်သည်။

'ကဲ ကျွန်မတို့ အချိန်ရှိတုန်း ခရီးဆက်ကြရအောင်၊ ရန်သူတွေက ကျွန်မတို့ကို မတွေ့ရလို့ ဒေါသထွက်နေမှာပဲ။ သူတို့နဲ့ ဝေးဝေးသွားရအောင်'

ချင်းမို ဟိုကျူးအား သတိပေးလိုက်သည်။ ဟိုကျူးတိုက်ပွဲနေရာသို့ ငေးကြည့်လိုက်သည်။ တိုက်ပွဲ ငြိမ်သက်သွားလေသည်။

ဟိုကျူး ရင်ထဲ နာကျင်သွားလေသည်။

'ကဲ အားလုံး ခရီးဆက်ကြမယ်'

ချင်းမို အော်ဟစ်အမိန့်ပေးလိုက်သည်။

ထို့နောက် သူမ ဦးဆောင်ကာ တောင်ကုန်းအနောက်ခြမ်းမှ တစ်ဆင့် ဆင်းလာခဲ့လေသည်။

○ ● ○



## အခန်း (၂၄)

နေဝန်းနီ ထွက်ပေါ်လာပြီ ဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး လင်းရှင်းသွားလေသည်။ လမ်းဘေးတစ်ဖက်စီတွင် စိမ်းလန်းသော တောအုပ်များ ရှိနေသည်။

ချင်းမို ခရီးဆက်နေဆဲပင်။ တစ်ညလုံး ခရီးဆက်လာရသောကြောင့် ဟိုကျူး အိပ်ငိုက်လာလေသည်။ နောက်မှ အနက်ရောင်ဝတ်စုံဝတ် တစ်ယောက် ချင်းမိုအား လာရောက်သတင်းပို့ပြီး ပြန်ထွက်သွားလေသည်။

ချင်းမို ရှေ့သို့သာ ခရီးထွက်လာသည်။ အတန်ကြာသော အခါ...

'ရပ်လိုက်'

ချင်းမို လက်တစ်ဖက်မြှောက်ကာ အမိန့်ပေးလိုက်သည်။ အားလုံးရပ်သွားကြလေသည်။

ဟိုကျူး ချင်းမိုအနီး လျှောက်သွားပြီး...

'ဘာဖြစ်လို့လဲ'

'အရှေ့ဘက်မှာ ရွာတစ်ရွာရှိတယ်။ ကျွန်မတို့ အရမ်းဝင်သွားလို့ မဖြစ်ဘူး'

'ကျွန်တော် သွားကြည့်ရမလား'



www.burmeseclassic.com

www.burmeseclassic.com



ချင်းမို ခေါင်းယမ်းလိုက်သည်။

'ရှင် မသွားပါနဲ့၊ ယို့ကျားယန်ကို လွှတ်လိုက်ပါ့မယ်'

ပြောရင်း ယို့ကျားယန်ကို လှည့်ခေါ်လိုက်သည်။ ယို့ကျားယန် ချက်ချင်းရောက်လာလေသည်။ ချင်းမို ရွာကလေးကို ညွှန်ပြပြီး...

'ရွာကလေးကို သွားစုံစမ်းပါ။ စားစရာတစ်ခုခု ရနိုင်မလားလဲ စုံစမ်းပါ'

ယို့ကျားယန် ခေါင်းညိတ်လိုက်သည်၊ မြင်းကို ဒုန်းစိုင်းကာ ရွာကလေးဆီသို့ အပြင်းထွက်သွားလေသည်။

ချင်းမို ကျန်လူများဘက် လှည့်ကာ...

'အနားယူဖို့ စိတ်မကူးနဲ့၊ ရန်သူ အချိန်မရွေး ရောက်နိုင်တယ်၊ အသင့်နေပါ'

သူမ လူများ ချက်ချင်းပင် အသင့်အနေအထားဖြင့် ထားလိုက်ကြသည်။ ဟိုကျူး ပြုံးလိုက်သည်။

ချင်းမို၏လူများ ရွေ့ပြောင်းသွားအာမခံဌာနရှိ လူများထက်ပင် စည်းစနစ်ကြီးမားလေသည်။

ထိုစဉ်...

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ဟိုကျူး လှမ်းကြည့်သောအခါ သူတို့ထံ ဒုန်းစိုင်းပြေးလာသော မြင်းတစ်ကောင်ကို တွေ့ရသည်။

ယို့ကျားယန် ပြန်ရောက်လာခြင်း ဖြစ်သည်။

'အခြေအနေ ဘယ်လိုလဲ'

'ရွာကလေးမှာ ပြဿနာတစ်ခု ရှိနေပါတယ်'

ဟိုကျူး၊ ဆင့်စုနှင့် ချင်းမိုတို့ စိတ်ဝင်စားသွားလေသည်။

'ဘာ ရွာမှာ ပြဿနာ ရှိနေတယ် ဟုတ်လား'





'ဟုတ်ပါတယ်'

'ဘယ်လိုပြဿနာမျိုးလဲ'

'ရွာကလေးဟာ မြို့လေးတစ်မြို့စာ ရှိပါတယ်။ လူလဲ များတယ်။ စည်စည်ကားကားရှိသင့်တယ်။ ဒါပေမယ့် ရွာက ခြောက်သွေ့နေတယ်။ လူတွေက တစ်စုံတစ်ခုကြောင့် စိတ်ဆင်းရဲနေကြပုံရတယ်'

'ရွာသားတွေဆီမှာ မစုံစမ်းဘူးလား'

'တိတိကျကျ မသိခဲ့ရဘူး။ လူတစ်ယောက် သောင်းကျန်းနေတယ်လို့ပဲ သိရတယ်'

ထိုစကားကြားရသောအခါ ဆင့်စုက...

'ဒါဆို ကျုပ်တို့ ဒီရွာကို သွားလို့ဖြစ်မလား၊ ရှောင်သွားမလား သခင်မလေး'

ချင်းမို ဘာမှမပြောပါ။ ချင်းမိုသည် ဆင့်စုဆရာ၏သမီး ဖြစ်သည်။ ဆင့်စု လေးစားသဖြင့် သခင်မလေးဟု ခေါ်သည်။ ဟိုကျူး ရွာကလေးဘက်ကို လှမ်းကြည့်လိုက်သည်။ ရွာကလေးမှာ ကြီးမားသည်။

'ရှင် ဘယ်လိုသဘောရလဲ'

ဟိုကျူး ချင်းမိုဘက် လှည့်ပြီး...

'ကျုပ်တို့အခြေအနေ သွားကြည့်ရင် မကောင်းဘူးလား'

ဟိုကျူး ချင်းမိုကိုမေးရင်း ပြောလိုက်သည်။ သူမအလှကြောင့် ဟိုကျူး ရင်ထဲ လှုပ်ရှားနေလေသည်။

'ကောင်းသားပဲ၊ ဒါဆို ကျွန်မတို့ သွားကြည့်ရအောင်'

သူမစကားကြောင့် ဟိုကျူး အံ့သြသွားလေသည်။ ချင်းမို ရွာကလေးကို ရှောင်သွားမည် ထင်ထားသည်။ ယခု ရွာကလေးသို့ သွားကြည့်ရန် သဘောတူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုကျူး ချင်းမိုကို နားမလည်သလို ကြည့်သည်။ ချင်းမို သူ့ကို ပြုံးပြလိုက်သည်။

'ကျွန်မတို့ ရွာကလေးမှာ အနားယူနေတုန်း၊ လူဆိုးကြီးလာ မနှောင့်ယှက်ရအောင် ရှင်က တာဝန်ယူရမယ်နော်'

ဟိုကျူး ပြုံးလိုက်သည်။

'ကျုပ် တာဝန်ယူပါတယ်'

'ဒါဆို သွားကြမယ်'

ထိုအခါ ဆင့်စု ကြားဝင်ပြီး...

'နေပါဦး သခင်မလေး၊ ကျုပ်တို့ သွားလို့မဖြစ်ဘူး ထင်တယ်'

'ဘာကြောင့်လဲ'

'လူဆိုးကြီး သောင်းကျန်းနေတယ်ဆိုတော့ ကျုပ်တို့ကိုပါ အန္တရာယ်ပေးနိုင်တယ်။ တော်ကြာ ကျုပ်တို့အစီအစဉ်တွေ ပျက်ကုန်ဦးမယ်'

ချင်းမို ပြုံးလိုက်ပြီး...

'အဲဒီလူဆိုးကို ဟိုကျူး တာဝန်ယူမယ်ဆိုရင်...'

'ဒါက...'

ဆင့်စု ဘာဆက်ပြောရမှန်း မသိပါ။

'လူဆိုးအတွက် မပူနဲ့၊ ကျွန်မတို့ လူတွေ အရမ်းပင်ပန်းနေပြီ အနားယူဖို့ လိုတယ်။ အစာစားဖို့ လိုတယ်လေ'

ဆင့်စု ဘာမှမပြောတော့ပါ။ ချင်းမို အမိန့်ကို ဟန့်တား၍ မရပါ။ ချင်းမို လက်ဝှေ့ယမ်းပြပြီး...

'အားလုံး သွားကြမယ်'

ထို့နောက် ဟိုကျူးနှင့် နှစ်ယောက်ယှဉ်ကာ မြင်းစီးလျက် ရွာကလေးဆီသို့ ဦးတည်သွားလေသည်။ နောက်မှလူတစ်စု ချင်းမို နောက် လိုက်သွားရသည်။

✦ ✧ ✦





ရွာကလေးမှာ အိမ်ခြေ သုံး,လေးရာခန့်ရှိသော ရွာကလေး တစ်ရွာ ဖြစ်သည်။ ရွာအလယ်မှဖြတ်ကာ တောင်နှင့်မြောက်ကို လမ်းဖောက်ထားသည်။ ရွာလေး၏ လမ်းတစ်ဖက်တစ်ချက်တွင် အိမ်များ အစီအရီ ရှိနေကြသည်။ မြေဩဇာကောင်းသောကြောင့် စိုက်ပျိုးမှု ဖြစ်ထွန်းကာ ချောင်လည်ကြဟန် တူသည်။

ဟိုကျူးတို့ ရွာထိပ်ရောက်သည်နှင့်...

'ပြေးဟေ့ ပြေး၊ လူဆိုးတွေ လာနေပြီ'

ကလေးငယ်တစ်ယောက် စူးစူးရှားရှားအော်ဟစ်ရင်း တစ်ချိုး တည်း ပြေးလေသည်။ ရွာသားများလည်း လိုက်ပြေးသွားကြလေသည်။

တချို့ အိမ်ထဲဝင်ကာ တံခါးများ ပိတ်လိုက်ကြသည်။ ဆူညံ သော အသံများ တစ်ခဏအကြာတွင် တိတ်ဆိတ်သွားလေသည်။

လမ်းပေါ်တွင် လူတစ်ယောက်မှမရှိပါ။ တိတ်ဆိတ်ငြိမ်သက် သွားလေသည်။ အိမ်တိုင်း တံခါးပိတ်ထားလေသည်။

'ကျွန်မတို့ တစ်နေရာမှာ နားမှ ဖြစ်မယ်'

ချင်းမိုစကားကြောင့် ဟိုကျူး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ တစ်ညလုံး ခရီးနှင်ခဲ့တော့ အနားပေးဖို့ လိုတယ်'

'ဟုတ်တယ်၊ ဒါကြောင့် အနားယူဖို့နေရာ ရှင် ရှာပေးပါ'

ဟိုကျူး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ မနီးမဝေး ခြံဝင်းကျယ်ကြီးတစ်ခုထဲတွင် အိမ်ကြီးကြီး တစ်လုံးကို တွေ့ရသည်။ ဟိုကျူး ထိုခြံဝင်းနှင့်အိမ်ကို သဘောကျ သွားလေသည်။

'အဲဒီခြံဝင်းထဲ ခဏနားကြရင် ကောင်းမယ်'

ညွှန်ပြရင်း ပြောလိုက်သည်။ ချင်းမို သဘောကျသွားသည်။

'ကောင်းသားပဲ။ အဲဒီခြံဝင်းဆို အားလုံး တစ်ခါတည်း နားလို့ရတာပေါ့။ အဲဒါကို ကျွန်မ သဘောကျတယ်ရှင့်'



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံး၊ ခြံဝင်းကျယ်ဆီသို့ ဦးတည်သွားကြသည်၊ ခြံအတွင်းရောက်လျှင် ဟိုကျူးနှင့်ချင်းမိ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ဟိုကျူးက…

'အိမ်ရှင်တို့၊ အိမ်ရှင်တို့'

သူ့ အသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော် ထူးသံ မကြားရပါ။ ဟိုကျူး မျက်မှောင်ကြုတ်သွားသည်။ ခြံဝင်းထဲရှိ အိမ်တံခါးများ ပြတင်းပေါက်များ ပိတ်ထားကြသည်။

'အိမ်ရှင်တို့၊ အိမ်ရှင်တို့'

ကျယ်လောင်သော အသံဖြင့် ထပ်ခေါ်လိုက်သည်။ ယခုတစ်ကြိမ် အထဲမှ လှုပ်ရှားသံကြားရပြီး တံခါးပွင့် မလာပါ။ ဟိုကျူး ချင်းမိကို လှည့်ကြည့်လိုက်သည်။

'ကျွန်မတို့ ဒီအတိုင်း ခေါ်နေလို့မဖြစ်ဘူးတင်တယ်'

ပြောရင်း လေ့ကားထစ်များအတိုင်း အိမ်ပေါ် ပြေးတက်လိုက်သည်။ တံခါးကိုဖွင့်ရန် ကြိုးစားလိုက်သည်။

'မလုပ်နဲ့'

ဟိုကျူး ဟန့်တားလိုက်သည်။ ချင်းမိ မျက်မှောင်ကြုတ်ပြီး…

'ရှင် ဘာလုပ်တာလဲ'

ဟိုကျူး ခေါင်းယမ်းပြီး…

'သူတို့ကို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံလို့မဖြစ်ဘူး'

'ရှင် ဘာပြောနေတာလဲ'

'သူတို့က လူဆိုးတွေကို ကြောက်ရွံ့နေတာဗျ။ ကျုပ်တို့က ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံလို့ မဖြစ်ဘူး'

'ဒါဆို…'

'ကျုပ် ကြိုးစားကြည့်ပါ့မယ်'





'ကောင်းပြီလေ၊ ရှင် ခေါ်လို့ ထွက်မလာရင် ကျွန်မ အဆိုးမပြောနဲ့'

'စိတ်ချပါဗျာ'

ဟိုကျူး တံခါးဘက် မျက်နှာမူလိုက်သည်။

'အိမ်ရှင်တို့၊ အိမ်ရှင်တို့၊ ကျုပ်တို့ခရီးသွားတွေပါ။ ကျေးဇူးပြုပြီး တံခါးဖွင့်ပေးပါ'

သူ့စကားအဆုံး…

'ကျွီ'

အသံနှင့်အတူ တံခါးတစ်ချပ်ပွင့်လာလေသည်။ ချင်းမိ အံ့သြသွားလေသည်။ ဟိုကျူး ပြုံးလိုက်သည်။ တံခါးပွင့်သွားသည်နှင့် အထဲမှ အဘိုးအိုတစ်ဦး ထွက်လာသည်ကို တွေ့ရလေသည်။

အဘိုးအိုမှာ ကြောက်ရွံ့မှုကြောင့် တုန်ယင်နေသည်။

ဟိုကျူး ပြုံးပြလိုက်သည်။ ချင်းမိ ပခုံးတွန့်လိုက်သည်။

ထိုစဉ် အတွင်းမှ ထွက်လာသော အဘိုးအိုက တုန်ယင်သော အသံဖြင့်…

'မင်းတို့က ဝမ်းတာ လွှတ်လိုက်တဲ့ လူတွေလား'

'မဟုတ်ပါဘူးခင်ဗျား၊ သူ့ကိုလဲ မသိပါဘူး။ ကျွန်တော်တို့က ခရီးသည်တွေပါ'

'မင်းတို့ မလိမ်ပါနဲ့ကွာ'

ဟိုကျူးနှင့်ချင်းမိ အဘိုးအိုစကားကြောင့် စိတ်ရှုပ်သွားလေသည်။

○ ● ○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

အဘိုးအိုမှာ ဟိုကျူးတို့ကို ကြောက်ရွံ့စွာ ကြည့်နေသလသည်။

'ကျွန်တော့်နာမည် ဟိုကျူးပါ ဘဘ။ ဘဘတို့ ထင်သလို ဝမ်းတတို့လူတွေ မဟုတ်ပါဘူး။ အိမ်ထဲ ဝင်ခွင့်ပေးပါ'

'ဝင်ပါကွယ်၊ ဝင်ပါ'

ပြောရင်း လမ်းဖယ်ပေးလိုက်သည်။ ဟိုကျူးနှင့်ချင်းမိုတို့ အထဲ ဝင်သွားလေသည်။ အထဲတွင် ဓား၊ လှံ၊ ရဲဒင်းလက်နက် ကိုင်ဆောင်သူ ဆယ့်ငါးယောက်ခန့် ရှိနေသည်။

ဟိုကျူးနှင့်ချင်းမိုတို့ကိုတွေ့လျှင် တိုက်ခိုက်ရန် လှုပ်ရှားလိုက်ကြသည်။ အဘိုးအိုက လက်ပြဟန့်တားပြီး...

'သူတို့က ခရီးသည်တွေပါ'

ထိုအခါ တိုက်ခိုက်ရန် ပြင်နေသူများ ရပ်တန့်လေသည်။ သူတို့ ဝမ်းတကို အတော်ကြောက်လန့်နေပုံ ရသည်။

'ထိုင်ပါ'

အဘိုးအို နေရာထိုင်ခင်း ပေးလိုက်သည်။ ဟိုကျူးနှင့်ချင်းမို ထိုင်ချလိုက်သည်။ အဘိုးအိုက တစ်ယောက်ဘက်လှည့်ကာ...

'စားစရာတစ်ခုခု စီစဉ်ပေးပါ'



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောလိုက်သည်။ လူတစ်ယောက် ချက်ချင်းထကာ စားသောက်ဖွယ်ရာများနှင့်အရက် ယူဆောင်ပေးသည်။

'စားကြပါဦး'

အဘိုးအို ဧည့်ဝတ်ပြုလိုက်သည်။ ဟိုကျူးနှင့်ချင်းမို မစားကြပါ။

'ကျွန်တော်တို့ ခရီးသွားရင်း ရောက်လာတာပါ။ ခဏနားပြီး ခရီးဆက်မှာပါ။ ဘဘခြံက အကျယ်ဆုံးမို့ ခဏဝင်နားချင်ပါတယ်'

အဘိုးအို ထိတ်လန့်တကြားဖြင့်...

'မင်းတို့တွေ ဒီမှာ ကြာကြာနေလို့မကောင်းဘူး။ ဒုက္ခရောက်သွားမယ်'

'ဗျာ'

'မင်းတို့ မြန်မြန်သွားရင် ကောင်းမယ်'

'ကျွန်မတို့ ပြန်သွားရမယ် ဟုတ်လား'

'ဟုတ်တယ်၊ တော်ကြာ ဝမ်းတ ရောက်လာဦးမယ်'

'အဲဒီဝမ်းတကို ကျွန်မတို့မကြောက်ဘူး'

ချင်းမိုက ပြောလိုက်သည်။ ဟိုကျူးက ကြားဖြတ်ပြီး...

'ဘဘ ဝမ်းတဆိုတာ ဘယ်သူလဲ'

'ငါတို့ကို ဒုက္ခပေးတဲ့ လူပဲ'

'ဘယ်လိုဒုက္ခပေးတယ်ဆိုတာ ပြောပြပါလား ဘဘ'

အဘိုးအို မျက်မှောင်ကြုတ်သွားပြီး...

'မင်းတို့သာ ဒီက ထွက်သွားပါကွယ်။ ငါတို့ကြောင့် မင်းတို့ပါ ဒုက္ခရောက်သွားတာ မကြည့်ရက်ပါဘူး'

'ကိစ္စမရှိပါဘူး။ ကျွန်တော်တို့ ဝမ်းတကို မကြောက်ဘူး'

'ဟာ မင်းတို့ ဒုက္ခရောက်မယ်'

'ခင်ဗျားတို့ ဝမ်းတအကြောင်း ပြောပြစမ်းပါဗျာ'

ထိုအခါ အဘိုးအို သူတို့ကို အကဲခတ်ကြည့်လိုက်သည်။





ချင်းမိုတို့သည် ဝမ်းတကို ကြောက်ရွံ့ပုံ မရပါ။ ထို့အပြင် သိုင်းသမားများ ဖြစ်ပုံရသည်။

'ဝမ်းတအကြောင်းပြောရင် အရှည်ကြီးပြောရမယ်။ မင်းတို့ နားထောင်နိုင်ပါ့မလား'

ဟိုကျူး ချင်းမိုကို ကြည့်လိုက်သည်။ ချင်းမို ခေါင်းညိတ်ပြလိုက်သည်။

'ပြောပါဦးရှင်၊ ကျွန်မတို့ နားထောင်ပါမယ်'

'ပြောပါဗျာ'

ဟိုကျူးကလည်း ဝင်ပြောလိုက်သည်။

'ဝမ်းတဟာ ဒီရွာက ပန်းပဲဆရာသားပါ။ စာမတတ်ဘဲ ဆိုးတေနေတာပါ။ သူက ဘဘသမီးကို လိုချင်လို့တဲ့'

'သြော်...'

'ကျုပ်က သဘောမတူဘူး။ ဒါကြောင့် သူ့မိဘတွေကို အပြတ်ပြောထားတယ်။ ဝမ်းတကို ထိန်းထားပါလို့'

'သူ့မိဘတွေက ဘာပြောလဲ'

ချင်းမိုက ပြုံးပြီး မေးလိုက်ရာ အဘိုးအိုက...

'ကျုပ်က ရွာလူကြီးလေ၊ သူတို့ ကျုပ်စကား နားထောင်တာပေါ့။ ဒါပေမယ့် ဒီကောင်က မိဘစကား နားမထောင်ဘူး။ ကျုပ်သမီးကို ဆက်နှောင့်ယှက်တာပဲ'

'သူက အရေးမလုပ်တော့ ဦးက ဆုံးမလိုက်တယ်ပေါ့'

ဟိုကျူး ထိုသို့မေးသောအခါအဘိုးအို မျက်နှာပျက်သွားလေသည်။ ဟိုကျူးကို မကျေမနပ် ကြည့်လိုက်သည်။

'ဟုတ်တယ်၊ သူ တရားလွန်တော့ ကျုပ်က လူလွှတ်ပြီး ဆုံးမလိုက်တာပေါ့'

'ဝမ်းတ တော်တော်ခံလိုက်ရလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ သူက ကျုပ်ကို အရေးမှ မလုပ်တာ'

'ထားပါတော့၊ အခု သူက ဘဘကို ပြန်ဒုက္ခပေးတယ်ပေါ့၊ ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်သမီးကို ရအောင် သူယူပြမယ်လို့ပြောပြီး နှောင့်ယှက်နေတယ်။ တစ်နေ့ ဝမ်းတအိမ် မီးလောင်သွားတယ်၊ သူ့မိဘနှစ်ပါးလဲ ပါသွားတယ်'

'တော်တော်ကံဆိုးတဲ့ ဝမ်းတပါလား'

ချင်းမိုက ကြားဖြတ်ဝင်ပြောလိုက်သည်။ ချင်းမို၏ ကြင်နာတတ်သော နှလုံးသားကြောင့် ဟိုကျူး ကျေနပ်သွားလေသည်၊ အဘိုးအိုမှာ ချင်းမိုတို့ ဝမ်းတအား ကြင်နာသောအခါ မကျေမနပ် ဖြစ်သွားလေသည်။

✦ ✧ ✦

အဘိုးအို ချင်းမိုကို ကြည့်ကာ…

'သူ့ကို သနားမနေနဲ့။ သူက လူကောင်းမဟုတ်ဘူး။ သူ့မိဘတွေ သေတာရယ်၊ မီးလောင်တာရယ်က ကျုပ် လုပ်တာဆိုပြီး ခြိမ်းခြောက်နေသေးတယ်'

'ဝမ်းတကို ဘဘ ဆုံးမလိုက်ရတာပေါ့'

'မဆုံးမရပါဘူး။ သူ ရွာက ထွက်သွားတယ်။ အခုမှ ပြန်ပေါ်လာတာ'

ဟိုကျူး စိတ်ထဲ ဝမ်းတအား သဘောကျသွားသည်။

'ဒီကောင်လေး ငါးနှစ်ပျောက်သွားပြီး ပြန်လာတော့ သိုင်းပညာ တတ်နေပြီ။ ရွာကိုလာပြီး ဆိုးသွမ်းနေတာပဲ။ ကျုပ်သမီးနဲ့ သူ့ကို လူသိရှင်ကြား လက်ထပ်ပေးရမယ်လို့ ပြောတယ်'

'ဦးက လက်မခံဘူးလား'

'လက်မခံဘူး'





'သူ့ကို ဆုံးမဖို့ မကြိုးစားဘူးလား'

'ကျုပ် ကြိုးစားတာပေါ့'

ဟိုကျူး ပြုံးပြီး အဘိုးအိုအား အကဲခတ်ကြည့်လိုက်သည်။

'ကျုပ် ကြိုးစားပေမယ့်မရဘူး။ အခု ကျုပ်ကို တစ်လအချိန်ပေးထားတယ်။ သူ့ကို သမီးနဲ့ မပေးစားရင် အိမ်မီးရှို့မယ်တဲ့'

'တစ်လပြည့်ဖို့ ဘယ်လောက်လိုသေးလဲ'

'မနက်ဖြန် တစ်လပြည့်ပြီ'

'ဒါဆို ဘဘ ဝမ်းတကို အလိုလိုက်မယ်ပေါ့'

'မလိုက်ဘူး'

ဟိုကျူးနှင့်ချင်းမို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

'မိတ်ဆွေလေးတို့က သိုင်းသမားတွေထင်တယ်။ ကျုပ် ဒုက္ခကို ကူညီပါလားဗျာ။ အကူအညီပေးရင် ကျုပ်က ရွှေဒင်္ဂါးတစ်သောင်း ပေးပါ့မယ်'

ထိုအခါ ဟိုကျူး ရယ်မောလိုက်လေသည်။

'ကျုပ်တို့က ရွှေငွေ မမက်ပါဘူး။ နေပါစေ'

'မလုပ်ပါနဲ့ မိတ်ဆွေလေး။ ကျုပ် အခက်အခဲကို ကူညီပါ၊ တောင်းပန်ပါတယ်'

ထိုအခါ ဟိုကျူး အားနာလာလေသည်။ ချင်းမိုက…

'ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မတို့ ရှေ့ဆက်ခရီးသွားစရာရှိလို့ ကူညီနိုင်မယ်မထင်ဘူး'

ထိုစကားကြားသောအခါ အဘိုးအိုမျက်နှာညှိုးသွားလေသည်။

'ကျုပ်ကို သနားပါဗျာ။ မနက်ဖြန်ဆို ကျုပ်မိန်းမ သေရတော့မယ်'

ပြောရင်း မျက်ရည်များ ကျလာလေသည်။ ဟိုကျူး အံ့ဩသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဘစနီးက ဘယ်မှာလဲ'

'ဝမ်းတ ဖမ်းထားတယ်'

ဟိုကျူးသက်ပြင်းချလိုက်သည်။ သူ့ အကူအညီပေးရန် ဆုံးဖြတ်လိုက်သည်။

'ဝမ်းတ ဘယ်မှာလဲ၊ ပြောပြပါလား'

ထိုစကားကြားသောအခါ အဘိုးအိုမျက်နှာ ရွှင်လန်းသွားလေသည်။ ချင်းမို မျက်မှောင်ကြုတ်ပြီး ဟိုကျူးအား ကြည့်ကာ...

'ဒီပြဿနာ စိတ်ဝင်စားစရာ ကောင်းတယ်။ ဒါပေမယ့် ကျွန်မတို့နဲ့ မဆိုင်ဘူးလေ'

'မဆိုင်တာတော့ မှန်ပါတယ်၊ ကျုပ် လုပ်နိုင်တဲ့ အလုပ်ကို မလုပ်ဘဲ နေရင် ဘာတွေဖြစ်လာမလဲ'

'ကျွန်မတို့အတွက် အရေးကြီးတာ ဒီမှာ ခဏအနားယူ ရေ့ဆက်သွားဖို့ပဲ။ သူများကိစ္စ ဝင်မရှုပ်နဲ့'

'ဝင်ရှုပ်တာ မဟုတ်ဘူး။ ခရီးသွားရင် ပြေလည်အောင် ဆောင်ရွက်ချင်တာပါ'

'ကျွန်မတို့ကိစ္စထက် အရေးမကြီးဘူး'

'လူတစ်ယောက်ရဲ့ အသက်လေ'

'ကျွန်မတို့ ဒီမှာ ခဏနားပြီး အစာစားရဖို့ လိုတယ်'

ထိုအခါ အဘိုးအိုက လျှင်မြန်စွာ ပြောလိုက်သည်။

'အစာစားဖို့ မပူပါနဲ့၊ ကျုပ် စီစဉ်လိုက်ပါ့မယ်'

'ဝမ်းတ ဘယ်မှာလဲ'

ဟိုကျူးက အဘိုးအိုကို မေးလိုက်သည်။ ချင်းမို ထိုင်ရာမှ ထသွားသည်။

'ခင်ဗျား ဘယ်သွားမှာလဲ'

'ရှင် သူတို့ကို ကူညီမယ်ဆို နေခဲ့ပါ။ ကျွန်မ သွားတော့မယ်'





ထိုအခါ ဟိုကျူး စိတ်မကောင်းဖြစ်သွားလေသည်။

'ခင်ဗျား အချိန်နည်းနည်း မပေးနိုင်ဘူးလားဗျ'

ချင်းမို ခေါင်းယမ်းလိုက်သည်။

'ကျွန်မ အချိန်ပေးနိုင်ရင် ရွှေပုံလွှားအာမခံဌာနသားတွေ ဒုက္ခရောက်စရာ မရှိဘူး'

ဟိုကျူး သက်ပြင်းချလိုက်သည်။

'ခင်ဗျား သွားမယ်ဆို သွားပါ။ ကျုပ် နောက်က လိုက်ခဲ့ပါမယ်'

'ဘာ'

'နောက်က လိုက်ခဲ့ပါမယ်'

'ကျွန်မ ဘယ်သွားမယ်ဆိုတာ ရှင် သိလို့လား'

'ကျုပ် စုံစမ်းပြီး လိုက်ခဲ့ပါမယ်'

'ကောင်းပြီ၊ ရှင် လိုက်လာနိုင်ရင်တော့ ရှင့်ကို ကျွန်မ ချီးကျူးမှာပါ'

ပြောရင်း ချင်းမို ထွက်သွားလေသည်။

○ ● ○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

မြင်းခွာသံ၊ မြင်းလည်ဆွဲဘီးလိမ့်သံများဖြင့် ချင်းမိုတို့ ပြန်လည်ထွက်သွားလေသည်။

ဟိုကျူး ရွာထဲတွင် ကျန်ရစ်ခဲ့လေသည်။

မကြာပါ၊ အိမ်တိုင်း တံခါးပွင့်လာသည်၊ လူများသွားလာလှုပ်ရှားနေကြလေသည်။

'မိတ်ဆွေလေး ဝမ်းတာဆီ ဘယ်တော့သွားမှာလဲ'

အဘိုးအိုက မေးလိုက်သည်၊ ဟိုကျူး ပြုံးလိုက်သည်။

'ဝမ်းတာ ဘယ်မှာလဲ ပြောပါ။ ကျုပ် သွားပါ့မယ်'

ဟိုကျူးမှာ ထိုကိစ္စဆောင်ရွက်ပြီး ချင်းမိုနောက် လိုက်ရမည်ဖြစ်သည်။

အဘိုးအို ဝမ်းသာသွားပြီး...

'သူ ရွာမြောက်ဘက်တောအုပ်ထဲမှာ ရှိတယ်။ အဲဒီမှာ တောင်နံရံကို ကပ်ပြီး သဘာဝလိုဏ်ဂူကြီးတစ်ခု ရှိတယ်။ အဲဒီမှာ သူ နေတယ်'

'ဘဘ ပြော်တာ သေချာလား'

'သေချာတယ်၊ ကျုပ်လူတွေကို စောင့်ကြည့်ခိုင်းထားတယ်'

'အဲဒီလူတွေ ပြန်ခေါ်လိုက်ပါ။ ကျွန်တော် ဖြေရှင်းပေးမယ်၊ လူများရင် ရှုပ်ထွေးသွားမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ကျုပ် ပြန်ခေါ်လိုက်ပါ့မယ်'

ဟိုကျူး ပြုံးလိုက်သည်။

'ကျွန်တော် ရွာထဲ လျှောက်ကြည့်လိုက်ဦးမယ်၊ ဘဘလူတွေ ခေါ်ထားပါ၊ ပြီးမှ ကျွန်တော် သွားမယ်'

'ကောင်းပါပြီ'

ဟိုကျူး ရွာထဲ ထွက်လာခဲ့သည်။ ဟိုကျူး မြင်းဖြင့် ထွက်လာရင်း တစ်နေရာရောက်သောအခါ မီးလောင်မြေတစ်ခုကို တွေ့လိုက်ရလေသည်။

ထိုအိမ်ဆောင်ရှိ အိမ်ရှေ့တွင် အမျိုးသမီးကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုအမျိုးသမီး ဟိုကျူးကို ပြန်ကြည့်နေလေသည်။

ဟိုကျူး အမျိုးသမီးကြီးနား သွားလိုက်သည်။ အမျိုးသမီးက ခက်ထန်သော လေသံဖြင့်...

'ဘာကိစ္စလဲ'

'ဒေါ်ဒေါ် ဟိုဘက်က မီးလောင်မြေက ဝမ်းတမိဘတွေ ပိုင်တဲ့ ပန်းပဲဖိုလားခင်ဗျာ'

ထိုအမေးစကားကြောင့် အမျိုးသမီး မျက်လုံးပြူးသွားလေသည်။

'မင်း ဘယ်သူလဲ။ ဝမ်းတအကြောင်း သိချင်လို့လား၊ အဲဒီ မီးလောင်မြေက ဝမ်းတမိဘတွေ မြေပါ'

'ကျွန်တော့်နာမည် ဟိုကျူးပါ။ ဝမ်းတအကြောင်း သိပါရစေ'

'မင်းကို ဟိုလူယုတ်မာကြီး လွှတ်လိုက်တာလား'

'ကျွန်တော်...'

'အဲဒီလူယုတ်မာကြီးရဲ့ လူတွေကို ငါ စကားမပြောချင်ဘူး။ မင်း ထွက်သွား'

ထိုအခါ ဟိုကျူး သက်ပြင်းချလိုက်သည်။





'ကျွန်တော် ဝမ်းတကို ကူညီမလို့ပါ။ သူ့အကြောင်း အမှန် ပြောပြနိုင်မယ့်လူ ရှာနေတာပါခင်ဗျာ'

'ဘာပြောတယ်၊ မင်း ဝမ်းတကို ကူညီမယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဟိုလူယုတ်မာနဲ့ ဘယ်လိုပတ်သက်လဲ'

အဘိုးအို သူ့အားအကူအညီတောင်းပုံကို ပြောပြလိုက်လေသည်။

သူ့စကားအဆုံး အမျိုးသမီးကြီး ဒေါသတကြီးဖြင့်...

'သူက ဒီလို ပြောတယ် ဟုတ်လား။ တစ်ရွာလုံး သူ့ကိုကြောက်လို့ ငြိမ်နေရတာ၊ ဝမ်းတဟာ ငါ့သားလေးဆိုလဲ မမှားဘူး။ သူတို့ မိသားစု ဒုက္ခရောက်တာလဲ အဲဒီလူယုတ်မာကြောင့်'

'ဩော် ဒေါ်ဒေါ့်နာမည် ဘယ်လိုခေါ်လဲ'

'ချင်းယန်'

'ဝမ်းတကို သိတာပေါ့'

'သိတယ်၊ ဒေါ်ဒေါ့် လက်ပေါ် ကြီးလာတာပါ'

'ကျွန်တော့်ကို အကြောင်းစုံ ပြောပြပါလားခင်ဗျာ'

'မင်း နားထောင်ရင် ငါ ပြောပြမှာပါ'

အဒေါ်ကြီးသည် ဝမ်းတနှင့် ရွာသူကြီးတို့အကြောင်းကို ရှင်းပြလေသည်။ ဟိုကျူး စိတ်ဝင်တစား နားထောင်နေလေသည်။

ဟိုကျူး သစ်ပင်ချုံနွယ်များကို ဖြတ်ကာ တောအုပ်အနောက်ဘက်သို့ ထွက်လာခဲ့လေသည်။

ဟိုကျူး အဒေါ်ကြီးချင်းယန်ဆီမှ ဝမ်းတအကြောင်း ကြားလိုက်ရသည်။

ချင်းမိုတို့နှင့်လမ်းခွဲကာ ကူညီရန် ဆုံးဖြတ်သည့်အတိုင်း ဝမ်းတရှိရာသို့ လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာပါ။ သူ တောင်ခြေရောက်လာလေသည်။ သူ ခြေလှမ်း ရပ်လိုက်သည်။

ထိုစဉ်...

မနီးမဝေးနေရာမှ စကားသံများကို ကြားလိုက်ရသည်။ ဟိုကျူး အသံကြားရာသို့ လှမ်းလာခဲ့လေသည်။ သူ ကျောက်တုံးကြီးနား ရောက်သောအခါ လူတစ်စုကို တွေ့လိုက်ရသည်။

ထိုလူများမှာ အနက်ရောင်ဝတ်ထားကြပြီး လက်နက်များ ကိုင်ဆောင်ထားကာ ခက်ထန်သော ရုပ်ရည်များ ရှိကြသည်။

ဟိုကျူး စိတ်ထဲ ထင့်သွားသည်။

'ဒီလူတွေ လူကောင်း မဟုတ်ဘူး'

ထိုအခါ လူငါးယောက်ထံမှ စကားသံ ထွက်လာသည်။

'ဝမ်းတ,က ဒီအရပ်မှာ နာမည်ကြီးတယ်ကွ'

ဟိုကျူး ကျောက်တုံးကြားမှာပုန်းကာ နားထောင်နေလေသည်။

◆ ◇ ◆

'ဟုတ်တယ်၊ တို့ဆိုးခိုးတိုက်လာတာကြာပြီ။ ဝမ်းတလောက် နာမည်မကြီးဘူး။ ဒါကြောင့် ကျုပ်တို့ ဝမ်းတနဲ့ပေါင်းရင် ကောင်းမယ်'

'ဟုတ်တယ်'

ကျန်လူများက ထောက်ခံကြသည်။

'ဒါဆို ဝမ်းတရှိရာကို သွားကြစို့'

ဟိုကျူး သူတို့နောက်မှ အသာလိုက်လာခဲ့လေသည်။

လိုဏ်ဂူနားရောက်သောအခါ အသာပုန်းနေလိုက်လေသည်။ လူတစ်စုထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက...

'ဝမ်းတ အပြင်ခဏ ထွက်ခဲ့ပါ'

'ဘယ်သူလဲ'

ချုံနွယ်နောက်မှ အသံထွက်လာသည်။





'ကျုပ်တို့က မိတ်ဆွေဝမ်းတဆီကို လာတွေ့တာပါ'

ထိုအခါ အသက်နှစ်ဆယ်ကျော်ရှိ လူငယ်လေးတစ်ယောက် ချုံနွယ်ကြားမှ ထွက်လာသည်။

◆ ◇ ◆

လူတစ်စု မျက်နှာပျက်သွားလေသည်။

'ဝမ်းတလို့ နာမည်ကျော်နေတာ အသက်ကြီးပြီ ထင်တာ၊ ညီလေးက ငယ်သေးတာပဲ၊ ကျုပ်တို့ ကျားသစ်အဖွဲ့ကပါ။ ညီလေးကို မိတ်ဆွေဖွဲ့ချင်လို့ပါ'

'ကျုပ်က လူဆိုးမဟုတ်ဘူး။ ရွာလူကြီးက ကျုပ်နာမည်ကို ဖျက်ပြီး သတင်းလွှင့်တာ'

'ဘာဖြစ်လဲကွာ၊ ဆက်မိုက်ကြတာပေါ့။ ဘာလဲ ညီလေး သူ့ကို မကျေနပ်ဘူးလား။ ကျုပ်တို့ ရှင်းပေးမယ်'

'ဘာဗျ'

ဝမ်းတအသံ ကျယ်လောင်စွာ ထွက်လာလေသည်။

'ကျုပ် သူများကို ဒုက္ခပေးတဲ့လူမဟုတ်ဘူး။ ကျုပ်ကို အသုံးချဖို့ စိတ်မကူးနဲ့၊ သွားကြတော့'

'မင်း မောင်းထုတ်တာနဲ့ ငါတို့သွားရမှာလား'

ပြောရင်း ပြေးဝင်တိုက်ခိုက်လိုက်သည်။

'အား'

'ဝုန်း'

အချိန်မကြာပါ။ တစ်ယောက် မှောက်သွားလေသည်။

'ဟာ'

'ဟင်'

ကျန်လူများ အံ့သြနေကြလေသည်။

'ခွေးကောင်လေး'

ပြောရင်း ဝင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

'အား'

မကြာပါ။

လူချင်းပူးကပ်ပြီး အော်သံ ထွက်လာပြန်သည်။

'ခင်ဗျားတို့ ထွက်သွားကြတော့'

အနက်ရောင်ဝတ်များ ဒဏ်ရာရသောလူများကိုတွဲကာ ထိုနေရာမှ ထွက်သွားကြလေသည်။

ထိုစဉ်...

'ဝမ်းတ ဘာဖြစ်တာလဲ'

အသံတစ်သံထွက်လာပြီး အမျိုးသမီးတစ်ယောက် ရောက်လာသည်။

'ဒေါ်ဒေါ် စိတ်မပူပါနဲ့။ ကျွန်တော် ရန်ဖြစ်တာ မဟုတ်ပါဘူး။ လူဆိုးတွေကို မောင်းထုတ်တာပါခင်ဗျာ'

ယဉ်ကျေးစွာ ပြောဆိုလိုက်သည်။

ဟိုကျူး အံ့ဩသွားလေသည်။

'လူလေး၊ မင်း ဒီထဲမှာပဲ နေမှာလားကွယ်၊ အစ်ကိုကြီးက တစ်ယူသန်ပဲ'

'ကျွန်တော် ဘယ်လောက်အနှိမ်ခံရသလဲဆိုတာ ဒေါ်ဒေါ် သိပါတယ်'

'သိပါတယ်ကွယ်။ ဒေါ်ဒေါ် သဘောဆို သမီးနဲ့မင်းကို သဘောတူပါတယ်'

ထိုအခါမှ အမျိုးသမီးမှာ ရွာလူကြီးဇနီးမှန်း ဟိုကျူး သိသွားသည်။

'ဒေါ်ဒေါ် ခွင့်လွှတ်ပါ။ ကျွန်တော်ထင်းကျန်ကိုရအောင် ခိုးယူမယ်'

'ကောင်းတယ် လူလေး၊ ဒေါ်ဒေါ်လဲ ကူညီမယ်'

ပြောရင်း ရယ်မောကြလေသည်။





ဟိုကျူးမှာ အတိုးအိုးနီး အသက်ကို ကယ်ရန်အတွက် ချင်းမိုးနှင့် လမ်းခွဲနေခဲ့ခြင်း ဖြစ်သည်။

ယခု တွေ့ရသောအခြေအနေမှာ တလွဲဖြစ်နေသည်။

အမျိုးသမီးမှာ အကျဉ်းသား မဟုတ်ပါ။

စိတ်သဘောထား ဖြူစင်နူးညံ့သော မိခင်နှင့်သားအသွင် ရှိနေကြသည်။

ရွာလူကြီး တမင်အကောက်ကြံ ပြောဆိုခြင်းကို ဟိုကျူး ရိပ်မိလိုက်သည်။

○ ● ○

www.burmeseclassic.com

## အခန်း (၂၇)

‘ဝမ်းတရေ ဝမ်းတ’

ပန်းပဲဖို၌ ထိုင်နေသော ဝမ်းတ အပြင်သို့ ထွက်လာသည်။

‘လာပြီ အဒေါ်ကြီးရေ’

ဒေါ်ဒေါ်ချွန်း အပြင်တွင် စောင့်နေလေသည်။

‘မင်းကို သူက ခင်မင်ပါတယ်လို့ ပြောတယ်’

‘တိုးတိုးပြောပါ ဒေါ်ဒေါ်ရာ၊ ဖေဖေတို့ သိသွားဦးမယ်’

‘ဘာလဲ ဆူမှာ ကြောက်လို့လား။ မပူပါနဲ့ ကလေးရယ်၊ မင်းအဖေ၊ အမေ သိပါတယ်’

‘ဟင် ဖေဖေတို့ သိသွားပြီ ဟုတ်လား’

‘ဟုတ်တယ်၊ မင်းက သူကြီးသမီးကိုကြိုက်တော့ ငါ စိတ်ပူလို့ အသိပေးထားတာ’

‘ဖေဖေ မဆူဘူးလားဟင်’

‘မဆူပါဘူး။ ထင်းကျွန်က သဘောထား ဖြူစင်တယ်၊ ဒါပေမယ့် သူကြီး သဘောထား ဆိုးတယ်တဲ့’

ဝမ်းတ သက်ပြင်းချလိုက်သည်။ သူတို့နှစ်ယောက် ကလေးဘဝ ကပင် အတူကြီးပြင်းလာကြသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ဝမ်းတ မနေနိုင်ပါ၊ ထို့ကြောင့် ဒေါ်ဒေါ်ကြီးချန်းနှင့် ပြောနိုင်းခြင်း ဖြစ်သည်။

'ဝမ်းတ၊ မင်း ဘာဖြစ်နေတာလဲ။ မင်း သူ့အဖေကိုတော့ သတိထားနော် လူလေး'

'ဟုတ်ကဲ့'

ဒေါ်ဒေါ်ချန်း ပြန်သွားလေသည်၊ ဝမ်းတ ပန်းပဲဖိုထဲ လာကာ အလုပ်လုပ်နေလေသည်။ သူ ညနေစောင်းလျှင် တောစပ်တွင် ထင်းကျန်နှင့် တွေ့ရမည် ဖြစ်သည်၊

ထင်းကျန် တောစပ်တွင် ရောက်နေပြီ၊ ပန်းများနူးကာ သစ်ပင်ကြီး တစ်ပင်အောက်တွင် ထိုင်နေလေသည်။

သူ ဝမ်းတကို သတိရနေလေသည်၊

ထိုစဉ် ဝမ်းတ ရောက်လာလေသည်၊

'ဝမ်းတ'

ဝမ်းတ ခေါင်းညိတ်လိုက်သည်၊ ထင်းကျန် ရက်သဖြင့် မျက်နှာတစ်ခုလုံး နီရဲနေလေသည်၊ ဝမ်းတ သူမအား မျက်တောင်မခတ် ကြည့်နေသည်။

'ဝမ်းတ ဘာကြည့်နေတာလဲ'

'ငါ...'

ဝမ်းတ စကားမဆက်နိုင်ပါ။

'ဘာပြောမလို့လဲ ဝမ်းတ'

'ငါ ပြောစရာ အများကြီးရှိတယ်၊ ဒေါ်ဒေါ်ချန်းကို ပြောထားသလိုပဲ'

'ဘာပြောတာလဲ'

'နှင်ကလဲဟာ ကဲ မထူးပါဘူး။ ထင်းကျန် နှင့်ကို ငါ ချစ်တယ်'

'အို'





ထင်းကျန် ရက်ရွံ့စွာဖြင့် ပြေးထွက်သွားလေသည်၊ ဝမ်းတ တစ်ယောက်တည်း ကျန်ခဲ့သည်။

ထိုစဉ် သူကြီး၏ ညာလက်ရုံး ကွမ်းတောက်ဆိုသူ ရောက်လာလေသည်။ ဝမ်းတ ကြောက်ရွံ့သွားလေသည်၊

'ဝမ်းတ'

'ခင်ဗျာ၊ ဘာကိစ္စရှိလို့လဲ'

'မင်းတို့ ပန်းပဲဖိုမှာ ငါ ပစ္စည်းတစ်ခု အပ်ချင်လို့'

အလုပ်လာအပ်သည်ဆို၍ ဝမ်းတ စိတ်သက်သာရာ ရသွားသည်၊ ကွမ်းတောက်ကို ဦးညွှတ်ပြီး...

'ဘယ်လိုပစ္စည်းမျိုးလဲခင်ဗျာ'

'ကိုယ့်အခြေအနေမသိတဲ့ လူတစ်ယောက်ကို သိအောင် ပုံသွင်းမလို့'

'ဗျာ'

ဝမ်းတမှာ ရိုးသားသောလူငယ် ဖြစ်သည်။

'မင်းနဲ့ထင်းကျန် တန်လို့လားကွ။ ဒီနေ့ကစပြီး သခင်မလေး ထင်ကျန်ကို ရှောင်၊ မရှောင်ရင် မင်း ပန်းပဲဖိုထဲ ရောက်သွားမယ်'

ပြောရင်း ထွက်သွားလေသည်၊ ဝမ်းတတစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။ သူ ထင်းကျန်နှင့်တွေ့ပြီး ပြန်လာခဲ့လေသည်၊ ထင်းကျန် ဝမ်းတဘက်တွင် ရှိသည်ကို သိရသည်။

ကွမ်းတောက်တို့လူစုနှင့် လမ်းတွင် ဆုံမိလေသည်၊

'ဝမ်းတ မင်း ဘယ်က ပြန်လာတာလဲ'

'မြောက်ဘက်ကပါ'

'ဟော့ကောင် မလိမ်နဲ့၊ ငါ အကုန်သိတယ်၊ မင်းက ငါ့စကားနားမထောင်ဘူး'

'မြန်း'

F. 13 A



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းတောက်ပြောရင်း ပါးတစ်ချက် ရိုက်လိုက်သည်။

ကွမ်းတောက် ခြေဖြင့် လှမ်းကန်လိုက်ပြန်သည်။

'မလုပ်ပါနဲ့'

'ဖုံး'

'ခွပ်'

'အား'

ဝမ်းတ မခံနိုင်တော့ပါ။ မြေပေါ် လဲကျသွားလေသည်။ ကွမ်းတောက်နှင့် ပါလာသော အဖော်များကပါ လက်စွမ်းပြကြလေသည်။ ဝမ်းတ မအော်နိုင်တော့ပါ။

ကွမ်းတောက် စိတ်တိုင်းကျ ရိုက်နှက်ပြီးမှ...

'တော်ကြတော့'

'မှတ်ပြီလား ဝမ်းတ'

ပြောရင်း အဖော်တက် လှည့်ကာ...

'ကဲ သွားကြမယ်ဟေ့'

ပြောရင်း ထိုနေရာမှ ထွက်သွားကြလေသည်။ ဝမ်းတ သတိလစ်မေ့မြောကာ ကျန်ရစ်ခဲ့လေသည်။

ကွမ်းတောက်တို့လူစုအထွက်တွင် တစ်ယောက်တစ်ချက် ကန်သွားကြသေးသည်။

✦ ✧ ✦

ထိုအကြောင်း ထင်းကျန် သိသောအခါ ဝမ်းတကို လာကြည့်လေသည်။

'ဝမ်းတ ငါ စိတ်မကောင်းလိုက်တာဟယ်၊ ကွမ်းတောက်ကို ငါ ပြောမယ်'

'မလုပ်နဲ့ ထင်းကျန်၊ တော်ကြာ နင့်အဖေသိရင် မလွယ်ဘူး'





'ဒါဆို ငါတို့ ဒီရွာက ထွက်ပြေးမယ်လေ ဝမ်းတ'

'ဟင်'

ဝမ်းတ အံ့သြသွားလေသည်။

'ထင်းကျန်... နင် တကယ်ပြောတာလား'

'တကယ်ပေါ့'

'ဒါဆို ဒီနေ့ည တို့ ပြေးကြမယ်လေ'

'ဘယ်သွားမလဲ ဟင်'

'ဒီရွာနဲ့ ဝေးတဲ့ နေရာပေါ့။ ကဲ ထင်းကျန် ပြန်တော့၊ ညမိုးချုပ်မှ ပြန်လာခဲ့၊ ငါ စောင့်နေမယ်'

'ကောင်းပြီ၊ နင် ဆက်ဆက်စောင့်နေနော်'

သူတို့နှစ်ယောက် ထိုင်ရာမှ ထသိုက်ကြသည်။ ထင်းကျန်း ဝမ်းတကို ကြည့်ပြီး...

'အစ်ကိုဝမ်းတ'

'ညီမထင်းကျန်'

သူတို့ တစ်ယောက်တစ်ခွန်း ခေါ်ရင်း ထင်းကျန် ဝမ်းတရင်ခွင်ထဲ ပြေးဝင်လိုက်လေသည်။

ညအချိန် ဝမ်းတ ရွာဘက်သို့ မျှော်နေလေသည်။ ညဥ့်နက်ပြီဖြစ်၍ တစ်ရွာလုံး အိပ်မောကျနေလေသည်။

သို့သော် ထင်းကျန် ရောက်မလာပါ။ ဝမ်းတ ငွေစတချို့နှင့် အသုံးအဆောင် ထည့်ထားသော အိတ်ကိုချကာ စိတ်ပူနေလေသည်။

'ဒေါင် ဒေါင် ဒေါင် ဒေါင်'

ထိုစဉ် သံချောင်းခေါက်သံများ ဆူညံစွာ ထွက်လာသည်၊ အော်ဟစ်သံများကိုလည်း ကြားရလေသည်။

'ဟာ ရွာထဲမှာ တစ်ခုခုဖြစ်တာ ထင်တယ်'

တွေးရင်း ကြည့်နေစဉ် မီးညွန့်များ တက်လာသည်ကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

ဝမ်းတ ရွာထဲပြန်ရန် ချီတုံချတုံဖြစ်နေလေသည်။

ထိုစဉ် တောအုပ်ဆီသို့ ပြေးလာသော လူတစ်စုကို တွေ့လိုက်ရလေသည်။ ဝမ်းတ စိတ်ပျက်သွားလေသည်။

'မင်း ဘယ်ပြေးမလဲ'

'ခွပ်'

'အား'

ကွမ်းတောက်တို့လူစု အော်ငေါက် ရိုက်နှက်လိုက်ကြသည်။ ဝမ်းတ ပုံလျက် လဲကျသွားလေသည်။

'ခွေးကောင်၊ ငါ့စကား နားမထောင်ဘူး။ မင်း သေဖို့ ပြင်ထား'

ဒေါသတကြီးဖြင့် မညှာမတာ ရိုက်နှက်နေလေသည်။

'အား'

'မင်း သေရမယ်။ မင်းအိမ်ကို ငါတို့ မီးရှို့လိုက်ပြီကွ။ မင်း အဖေ၊ အမေလဲ မီးထဲ ပါသွားပြီ'

ပြောရင်း ဓားဖြင့် ထိုးချလိုက်သည်။ ဝမ်းတ မိဘနှစ်ပါးအဖြစ်ဆိုးကို ကြားရသောအခါ လဲရာမှ ခုန်ထပြီး ကွမ်းတောက်ကို ကန်ထည့်လိုက်သည်။

'ဝုန်း'

'အား'

ကွမ်းတောက် အလစ်တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် လဲကျသွားလေသည်။ ဝမ်းတ လွတ်ကျသွားသော ဓားကို ကောက်ကာ ကွမ်းတောက်နှင့်အဖော်များကို တိုက်ခိုက်လိုက်သည်။

အဖော်များ ထွက်ပြေးသွားကြလေသည်။

ဝမ်းတ ရွာထဲရောက်သောအခါ မိဘနှစ်ပါး၏ အဖြစ်ဆိုးကို တွေ့ရလေသည်။ ဝမ်းတ တစ်ချိုးတည်း ပြေးထွက်လာခဲ့လေသည်။

○ ● ○



# အခန်း (၂၈)

ဟိုကျူး မြေကွက်လပ်ဆီသို့ လှမ်းကြည့်လိုက်သည်။

'ဘယ်သူလဲ'

ဝမ်းတလှမ်းမေးသံ ထွက်လာသည်။ ဟိုကျူး သက်ပြင်းချလိုက်သည်။ ကျောက်တုံးကြီးအကွယ်မှ ထွက်လိုက်သည်။

'မင်း ဘယ်သူလဲ'

ဟိုကျူး ပြုံးပြီး...

'ငါ့နာမည် ဟိုကျူး'

'ဟိုကျူး ဟုတ်လား'

'ဟုတ်တယ်'

'မင်း ဘာလာလုပ်တာလဲ'

'မင်းဆီလာတာ'

'ငါ့ဆီလာတာ ဟုတ်လား'

'ဟုတ်တယ်'

'ဘာလဲ ရွာလူကြီး လွှတ်လိုက်တာလား'

'ဟုတ်တယ်'

ဝမ်းတ မျက်နှာနီရဲသွားလေသည်။

www.burmeseclassic.com



'ဘာလဲ မင်းက ကြေးစားလား'

'မဟုတ်ဘူး'

'ဒါဆို ဘာလဲ'

'ငါခရီးသွားရင်း မင်းအကြောင်းကြားရလို့ ကူညီချင်စိတ်ပေါ်လာလို့ကွ'

'သူကြီးလွှတ်တဲ့လူက ငါ့ကို ကူညီချင်တယ်၊ ရယ်စရာတော်တော် ကောင်းသား။ ပြောပါဦး မင်းဘယ်လိုကူညီမှာလဲ'

'မင်းနဲ့ ထင်းကျွန် လက်ထပ်ပေးမယ်ကွာ'

'ဘာ'

'ငါတကယ်ပြောတာကွ။ ဒါပေမယ့် အခုတော့ မဟုတ်ဘူး'

ဝမ်းတ မကျေမနပ်ဖြစ်သွားသည်။

'မင်း ဘာပြောချင်တာလဲ ရှင်းရှင်းပြောပါ'

'မင်း ငါ့စကား နားထောင်ရမယ်'

'ဘာ မင်းစကား ငါးနားထောင်ရမယ် ဟုတ်လား'

'ဟုတ်တယ်'

'နားမထောင်ရင်...'

'နားမထောင်လို့မရဘူး'

'မင်း ဒီလိုထင်ရင် မှားသွားမယ်'

စကားဆုံးလျှင် ဝမ်းတ ရှေ့သို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်သည်။ ဝမ်းတ တိုက်ခိုက်ပုံမှာ ပြင်းထန်သည်။ ဟိုကျူး အသာတိမ်းပေးလိုက်သည်။

'ဝုန်း'

ဝမ်းတ တိုက်ခိုက်မှုကြောင့် ကျောက်တုံးကြီး ကြေမွသွားလေသည်။

ဟိုကျူး ဟန့်တားလိုက်သည်။





'နေဦး'

'ဘာပြောမလို့လဲ'

'မင်းနဲ့ငါ ကတိတစ်ခုထားရအောင်'

'ဘာကတိလဲ'

'မင်းနဲ့ငါပြိုင်မယ်။ ငါရှုံးရင် မင်းကြိုက်သလိုလုပ်'

'ငါရှုံးရင်ရော'

'ငါ့စကားနားထောင်ရမယ်။ ထင်းကျွန် မင်းဆီရောက်လာရမယ်'

'ငါ ရှုံးရှုံးနိုင်နိုင် ထင်းကျွန်ရမှာပဲမဟုတ်လား။ ဘာကြောင့်ပြိုင်ရမှာလဲ'

'ငါနိုင်ရင် မင်းငါ့စကား နားထောင်ပြီး ငါ့ကို ကူညီရမယ်'

'မင်းက ဘာဖြစ်နေလို့လဲ'

'ငါ့မှာ အခက်အခဲဖြစ်နေလို့၊ ငါတစ်ယောက်တည်း ရင်ဆိုင်ဖို့မလွယ်ဘူး။ အကူအညီလိုတယ်။ အဲဒီလူဟာ ရိုးသားရမယ်၊ သိုင်းတော်ရမယ်၊ တစ်စုံတစ်ခု ဒုက္ခရောက်ရင် ပစ်မသွားရဘူး။ ကူညီရမယ်၊ မင်းမှာ ဒီလို စိတ်ဓာတ်ရှိတယ်ဆိုတာ ငါသိတယ်'

ဟိုကျူး ပွင့်လင်းစွာ ပြောလိုက်သည်။ ဝမ်းတ မျက်မှောင်ကြုတ်လိုက်သည်။

'မင်းက မိတ်ဆွေလိုချင်တာလား'

'ဟုတ်တယ်'

'မင်း မိတ်ဆွေရှာတာကလဲ ထူးဆန်းလိုက်တာ'

'ငါ ဒီလိုမလုပ်လို့မရဘူးလေ။ မင်းက လူတိုင်းကို ရန်သူထင်နေတာ'

ဝမ်းတ ပြုံးလိုက်သည်။

'တွေ့တဲ့လူတိုင်း ငါ့ကို ဒုက္ခပေးနေတာကိုး'



www.burmeseclassic.com

www.burmeseclassic.com



'သူကြီးက မင်းကို ဆုံးမဖို့ ငါ့ဆီမှာ အကူအညီတောင်းတယ်။ ငါလက်ခံတယ်။ အဲဒါက မင်းကို ဆုံးမဖို့ မဟုတ်ဘူး။ မင်းနဲ့ ထင်းကျန် နီးစပ်စေချင်လို့၊ နောက်ငါလဲ မိတ်ဆွေကောင်းတစ်ယောက် လိုချင်လို့'

'မင်းစကား ငါဘယ်လိုယုံရမှာလဲ'

'ဒါကြောင့် ယှဉ်ပြိုင်မယ်လို့ ပြောတာပေါ့'

'မင်းက ငါ့ကို နိုင်မယ်လို့ယုံလား'

'မင်းကို နိုင်ဖို့ မလွယ်ပါဘူး။ ငါရှုံးလဲ ကျေနပ်ပါတယ်။ နိုင်ရင်လဲ မင်း ငါ့ကို ကူညီချင်မှ ကူညီပါ'

ဝမ်းတ ဟိုကျူးစကားကြောင့် ငိုင်သွားလေသည်။ ဟိုကျူးနှင့် ကွမ်းတောက်တို့ မတူကြောင်း ရိပ်မိသည်။ ဟိုကျူးကို စိတ်ဝင်စားသောကြောင့် ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်သည်။

'ကောင်းပြီ'

'ဒါဆို မင်းအရင်စပါ'

ပြောရင်း တိုက်ခိုက်ရန် အသင့်ပြင်ထားလေသည်။ ဝမ်းတအား အကဲခတ်ကြည့်ပြီးမှ မည်သို့ ယှဉ်ပြိုင်ရမည်ကို တွက်နေသည်။

ထို့နောက်...

'သတိထား'

ပြောရင်း တိုက်ခိုက်လိုက်လေသည်။

'ဝှန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။ ဝမ်းတ နောက်ဘက် လွင့်သွားပြီး လေထဲ ကျွမ်းပစ်ကာ မြေပေါ် ခုန်ဆင်းလိုက်သည်။ ဟိုကျူးကို မယုံနိုင်စွာ ကြည့်လိုက်သည်။ ဟိုကျူး မြေကွက်လပ်တွင် လက်နှစ်ဖက်နောက်ပစ်ကာ အေးဆေးစွာ ရပ်နေလေသည်။





ဝမ်းတ အံကြိတ်လိုက်သည်။

'မင်းမဆိုးဘူး ဒီတစ်ခါ ခံကြည့်ဦး'

ပြောပြောဆိုဆို ခါးတွင် ချိတ်ထားသော ရဲတင်းကို ဖြုတ်ယူလိုက်လေသည်။ ရဲတင်းမှာ ထူထဲပြီး အသွားမှာ ထက်နေလေသည်။ ရဲတင်း မြှောက်လိုက်သောအခါ နေရောင်ကြောင့် အရောင်တဖိတ်ဖိတ်လက်နေလေသည်။

ဝမ်းတ ရဲတင်းကို ဟိုကျူး သဘောကျသွားလေသည်။ ရဲတင်းမှာ ထူးခြားနေသည်။

'ငါ ဒီလက်နက်သုံးမယ်ဆို မင်း ဘယ်လိုသဘောရလဲ'

ဟိုကျူးကို လှမ်းမေးလိုက်သည်။ ဟိုကျူး ခေါင်းညိတ်လိုက်သည်။

'ရပါတယ်'

'မင်း လက်နက်မကိုင်ဘူးလား'

'လိုအပ်ရင်ကိုင်မှာပါ'

'လိုအပ်ရင် မလုပ်နဲ့ မင်း ဒုက္ခရောက်သွားမယ်'

◆ ◇ ◆

ဟိုကျူး ရယ်မောလိုက်လေသည်။

'ဟား... ဟား... ဟား... ဟား မင်းမဆိုးဘူး။ စိတ်ချ ငါလိုအပ်ရင် ချက်ချင်း ထုတ်သုံးမှာပါ'

'ငါ ရဲတင်းမကိုင်ရင်'

'မင်းမကိုင်ရင် ငါကိုင်စရာမလိုဘူးပေါ့'

ဝမ်းတ သဘောကျသွားလေသည်။

'ကောင်းတယ်။ ရဲတင်းထိရင်တော့ အသက်ရှင်လမ်းမရှိဘူးနော်၊ ဒါကြောင့် မင်း သတိထားရမယ်'

'ငါ့အတွက် မပူပါနဲ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ သတိထားပေတော့'

ဝမ်းတ ရဲတင်း ဆေ့ယမ်းကာ ခုန်ဝင်တိုက်ခိုက်လိုက်သည်။ ဟိုကျူး မလှုပ်မယှက် ရပ်နေလေသည်။ ပြန်လည်တိုက်ခိုက်ခြင်းမပြု။ ဟိုကျူး တိုက်ကွက်ရှောင်ပေးလိုက်သည်။

ဝမ်းတ ဒေါပွသွားလေသည်။

'မင်း ရှောင်နိုင်ရင် ရှောင်တော့'

သူ၏ တိုက်ကွက်မှာ ကြေ[illegible]က်စရာကောင်းနေသည်။ လေတိုးသံ တဝီဝီမြည်နေပေသည်။ နေရောင်တွင် လင်းလက်သော အရောင်များ ပေါ်နေလေသည်။

ရဲတင်းရိပ်မှာ ဟိုကျူးတစ်ကိုယ်လုံး လွှမ်းမိုးသွားလေသည်။

ထိုစဉ်

'ချွမ်း'

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်လာလေသည်။ ဝမ်းတ ရဲတင်းမှာ အပေါ်မြောက်တက်ပြီး သီးပင်တစ်ပင်တွင် စိုက်ဝင်သွားလေသည်။ တိုက်ပွဲ ပြီးဆုံးသွားပြီဖြစ်သည်။

ဟိုကျူး မလှုပ်မယှက် ရပ်နေလေသည်၊ သူ့လက်ထဲတွင် လက်နက်မရှိပါ။ ဝမ်းတ နဖူးတွင် ချွေးများ ပြန်လာလေသည်၊ ဟိုကျူးကို မယုံနိုင်အောင် ဖြစ်သွားလေသည်။

ဟိုကျူး သဘောကျစွာ ပြုံးလိုက်သည်။

'မင်း ရှုံးသွားပြီ'

ဝမ်းတ သက်ပြင်းချလိုက်သည်။

'ဟုတ်တယ် ငါရှုံးသွားပြီ'

'မင်း ငါ့စကားနားထောင်မယ်ဆိုပါတော့'

ဝမ်းတ အဖြေမပေးဘဲ ပြန်မေးလိုက်သည်။





'မင်း ဘာလက်နက်သုံးတာလဲ'

'သံမဏိတုတ်တဲ့'

ဝမ်းတ မျက်မှောင်ကြုတ်သွားပြီး...

'သံမဏိတုတ်တံ ဟုတ်လား'

'ဟုတ်တယ်။ လိုရာ ပုံသွင်း အသုံးပြုလို့ရတဲ့ လက်နက်ပဲ'

'တော်တော်ကောင်းတဲ့ လက်နက်ပဲ'

ဝမ်းတ ချီးကျူးလိုက်လေသည်။

'ငါမေးတာ မင်းမဖြေသေးဘူး'

ဝမ်းတ မဲ့ပြုံးပြုံးလိုက်သည်။

'မင်း ငါ့ကို အနိုင်ရပေမယ့် ခန္ဓာကိုယ်ပဲရမယ်၊ စိတ်ကိုတော့ မရဘူးဆိုတာ မှတ်ထား'

'ဒါဆို မင်းငါ့စကားနားမထောင်ဘူးလား'

'မင်းကို ရှုံးလို့ စကားနားထောင်ရမှာထက် သေသွားတာက ပိုကောင်းမယ်ထင်တယ်'

'မင်းသေတာ ငါမလိုချင်ဘူး။ ထင်းကျန် စိတ်ဆင်းရဲတာကိုလဲ ငါမလိုလားဘူး။ မင်းငါ့စကားနားမထောင်လဲ ငါကူညီမှာပါကွာ'

'မင်း ငါ့ကို ကူညီမယ်ဟုတ်လား'

ဟိုကျူး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'ငါ့ကို ကူညီလို့ မင်းအတွက် ဘာအကျိုးရှိမှာလဲ'

ထိုစကားကြောင့် ဟိုကျူးမျက်နှာ တည်ကြည်သွားလေသည်။

'မလိုဘူး။ မင်းကိုကူညီရင် ငါ့ကိုလဲ ကူညီမယ့်သူပေါ်လာမှာပဲ'

ဝမ်းတ ပြုံးလိုက်သည်။

သူ ဟိုကျူးကို သဘောကျသွားလေသည်။

'မင်းမဆိုးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မင်းလဲမဆိုးဘူး'

'မင်းနဲ့ ထင်းကျန်အဖေ ဘယ်လိုပတ်သက်လဲ'

'ငါ လူတစ်ယောက်ကို အကူအညီပေးရင်း ဒီရွာကို ရောက်လာတာ ဒီမှာ ခဏနားတယ်၊ မင်းအကြောင်းကြားရတာပဲ။ သူက မင်းကို မောင်းထုတ်ပေးဖို့ အကူအညီတောင်းတယ်။ ငါမင်းအကြောင်းစုံစမ်းတော့ အဒေါ်ချန်းကတစ်ဆင့် မင်းအကြောင်းတွေ ကြားရတာပဲ။ မင်းကို ကူညီချင်လို့ သူ့အကြံကို လက်ခံလိုက်တာပါ'

'မင်း တကယ်ပဲ ကူညီချင်တာလား'

'မင်းကို ငါအမှန်ပြောမယ်။ မင်းကို ကူညီချင်တာရယ်၊ ငါ အကူအညီလိုချင်တာရယ်ကြောင့်ပါ'

ဝမ်းတ ကျေနပ်သွားသည်။ ဟိုကျူးအား မိတ်ဆွေအဖြစ် လက်ခံရန် ဆုံးဖြတ်လိုက်သည်။

'မင်းကို ဘယ်လို ကူညီရမလဲ ပြောပါဦး'

'ဒီကိစ္စကို ပြောရမှာ မင်းယုံကြည်ဖို့တော့လိုတယ်'

'ပြောပါကွာ'

ဟိုကျူး အိုရန်ညီနောင်နှင့် တွေ့ကြုံရသည်ကအစ ချင်းမိုတို့လူစုနှင့် ခရီးထွက်သည်အထိ ပြောပြလိုက်လေသည်။

○ ● ○



## အခန်း (၂၉)

ဝမ်းတ ဟိုကျူးပြောသမျှ မှင်တက်မိစွာ နားထောင်နေပေသည်။ ဟိုကျူး စကားဆုံးသောအခါ...

'ချင်းမိုကို မင်းအစကသိလား'

'မသိဘူး'

'သူ မကောင်းမှုလုပ်နေရင်ရော'

'ဟာ မဖြစ်နိုင်ဘူး'

'မင်းက မိတ်ဆွေအပေါ် အတော်ယုံကြည်တဲ့လူပဲ'

'မင်း ငါ့ကို ကူမလား'

'ငါကူညီချင်တယ် ဟိုကျူး'

သူ စကားတစ်ပိုင်းတစ်စ ရပ်ထားလေသည်။

'ကိစ္စမရှိဘူး လာ ရှာပြန်မယ်'

'ရှာပြန်မယ် ဟုတ်လား'

'ဟုတ်တယ်'

'ထင်းကျန် အဖေ'

'ဘာဖြစ်လဲ ရင်ဆိုင်ရတာပေါ့'

'မင်း ငါ့ကို လှည့်စားတာ မဟုတ်ပါဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ငါ ဒီထက်လုပ်နိုင်တယ်ဆိုတာ မှတ်ထားပါကွာ'

'ငါ သတ္တိမရှိတာ မဟုတ်ဘူး။ ငါ ရွာထဲဝင်ရင် ထင်းကျန်ကို သတ်ပစ်မယ်ပြောလို့ကွ'

'သူက ဒီလောက်တောင်လား'

'ဟုတ်တယ်'

ဟိုကျူး ငိုင်သွားလေသည်။

'မင်းကို ငါ တစ်ခုပြောမယ်'

'ပြော'

'မင်း ငါ့စကားနားထောင်။ ထင်းကျဉ်ဟာ အဖေနဲ့ ချစ်သူကြား ဗျာများနေရတယ်၊ အခု သူစိတ်ဖောက်ပြန်နေတယ်'

'ဘာ'

ဝမ်းတ အသံဟိန်းထွက်လာလေသည်။

'ထင်းကျန် စိတ်ဖောက်ပြန်နေတယ် ဟုတ်လား'

'ဟုတ်တယ်။ အဲ့ဒါ မင်းကြောင့်...'

'ငါ့အမှား ဟုတ်လား'

'ဟုတ်တယ်။ မင်းက သူ့အမေကို ခေါ်သွားတော့ ပိုစိတ်ထိခိုက်သွားတယ်'

'သူ အခုဘယ်မှာလဲဟင်'

'သူ့အိမ်မှာ'

'ငါတွေ့ချင်တယ်'

'စိတ်ချ တွေ့ရမယ်။ သူကြီးကိုယ်တိုင် သူ့အမှားအတွက် မင်းကို တောင်းပန်စေရမယ်။ လက်စားချေတယ်ဆိုတာ လွယ်ပါတယ်ကွာ။ သည်းခံခွင့်လွှတ်ပါ။ မင်းယောကျ်ားကောင်းပီသမယ်လို့ ငါယုံကြည်တယ်'

'ငါသူ့ကို ခဏဖြစ်ဖြစ် တွေ့ပါရစေကွာ'





'ကောင်းပြီလေ တို့သွားတွေ့ကြတာပေါ့'

သူတို့နှစ်ယောက် ရွာထဲရောက်လာလေသည်။ သူကြီး ဝမ်းတအား တောင်းပန်စကား ပြောဆိုလေသည်။

ဝမ်းတ ခေါင်းငုံ့ထားသည်။ ဝမ်းတ မျက်နှာ တင်းမာနေလေသည်။

သို့သော်...

ဟိုကျူး သတိပေးသဖြင့် သည်းခံနေရသည်၊ ဟိုကျူးအား ကြောက်၍မဟုတ်၊ စိတ်ဓာတ်ကို လေးစားသောကြောင့် ဖြစ်သည်။

'ထင်းကျန် ဘယ်မှာလဲ'

'ရှိပါတယ်ကွာ၊ သမားတော်တွေနဲ့ ကုသနေပါတယ်'

ထင်းကျန်နှင့် ပတ်သက်၍ မိဘနှစ်ပါး စိတ်ဆင်းရဲနေကြသည်။

'ကျွန်တော် တွေ့ချင်တယ်'

'တွေ့ရပါတယ်'

ပြောရင်း အတွင်းဘက်အခန်းတစ်ခုသို့ ခေါ်သွားလေသည်။ အစောင့်များ တစ်ယောက်မှ မရှိတော့ပါ။ အခန်းထဲရှိ ခုတင်ပေါ်တွင် ထင်းကျန် လဲလျောင်းနေသည်။

အခန်းထဲ ဝမ်းတဝင်လာသော်လည်း မလှုပ်ရှားပါ။ ဝမ်းတ မျက်ရည်ဝဲလာလေသည်။

'ညီမလေး'

သို့သော် ထင်းကျန် မသိသလို မျက်နှာလွှဲသွားလေသည်။

ထိုစဉ်...

အဘိုးအိုတစ်ဦး အခန်းထဲဝင်လာပြီး...

'လူနာ အေးဆေးနေပါစေကွယ်'

ထိုအဘိုးအိုမှာ သမားတော်ကြီး တစ်ဦးဖြစ်လေသည်။

'သူ့ကို အချိန်ယူ ကုသပေးရင် ပျောက်သွားမှာပါ၊ ကျုပ်



www.burmeseclassic.com

ဆေးကုနေတုန်း မနှောင့်ယှက်ပါနဲ့'

'ညီမလေး ပြန်ကောင်းလာမှာပေါ့နော်'

ဝမ်းတ စိုးရိမ်တကြီး မေးလိုက်သည်။

'ကောင်းသွားမှာပါ'

'မြန်မြန်ကောင်းအောင် ကုပေးပါနော်။ ကျွန်တော် မနှောင့်ယှက်တော့ပါဘူး'

ဟိုကျူး၊ သူကြီးဇနီးမောင်နှံနှင့် ဝမ်းတတို့ အခန်းထဲမှ ထွက်လာခဲ့လေသည်။

ဝမ်းတ ခေါင်းငိုက်စိုက်ချကာ ဟိုကျူးနောက်မှ လိုက်ပါလာလေသည်။

'ထင်းကျန် တကယ်ကောင်းသွားမှာလား'

'သမားတော်က အမှန်ပြောတာနေမှာပါ'

ဟိုကျူး၊ ပြန်ဖြေလိုက်သည်။

'ထင်းကျန် ဆေးကုနေတုန်း မင်းဘာလုပ်မလဲ ဝမ်းတ'

ထိုအမေးစကားကြောင့် ဝမ်းတကိုယ် ဆတ်ခနဲ တုန်သွားလေသည်။

'မင်း ပြဿနာက ခြောက်လနဲ့ပြီးမလား'

'ဟာ တစ်လတောင်ကြာမှာ မဟုတ်ဘူးကွ'

'ဒါဆို ငါလိုက်မယ်'

'ဒါဆို သွားမယ်ကွာ'

◆ ◇ ◆

ထိုစဉ်...

မြင်းတစ်ကောင် ဒုန်းစိုင်းလာသည်ကို တွေ့ရသည်။ မြင်းပေါ်တွင် ကွမ်းတောက်ပါလာသည်။





ဝမ်းတမျက်နှာ ခက်ထန်သွားလေသည်။

'လူယုတ်မာ'

ပြောရင်း ခါးမှ ရဲတင်းကို ဖြုတ်ယူလိုက်ပြီး တအား ပစ်ပေါက်လိုက်သည်။

'ဒိုး'

'ဒုတ်'

မြင်းစီးသမား မြင်းပေါ်မှ လွင့်ကျသွားသည်။ မြင်းကို ရပ်တန့်ထိသွားလေသည်။

'ဘယ်သူလဲကွ'

ကျယ်လောင်စွာ မေးလိုက်သည်။ ဟိုကျူး နောက်ဆုတ်လိုက်သည်။ ဝမ်းတ ရှေ့တက်လိုက်သည်။

'ဝမ်းတ'

'ခင်ဗျား မှတ်မိသားပဲ'

'ငါမင်းကို လုပ်ချင်လို့ မဟုတ်ပါဘူးကွာ၊ သူခိုင်းလို့ပါ'

'ဟား... ဟား... ဟား'

'သူကြီးက မနှောင့်ယှက်အောင် ပြောခိုင်းတာ၊ မင်းက ရက်စက်တယ် လူယုတ်မာ သေပေတော့'

ပြေးဝင် တိုက်ခိုက်လိုက်သည်။

'အား'

'ဝုန်း'

စူးရှသော အော်သံနှင့်အတူ ကွမ်းတောက် လဲကျ သေဆုံးသွားလေသည်။

'သွားကြစို့'

ပြောရင်း နှစ်ယောက်သား ထွက်လာကြလေသည်။ ဖြည်းဖြည်း ရွာကလေး အဝေးတွင် ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com



သူတို့နှစ်ယောက် မြင်းကိုယ်စီဖြင့် ချင်းမိုတို့နောက် လိုက်ခြင်း ဖြစ်သည်၊ ဟိုကျူး ချင်းမိုတို့ခရီးကို မှန်းကာ အနောက်ဘက်သို့ ထွက်လာကြသည်။

'ဒီတောအုပ်တစ်ခုဖြတ်ပြီးရင် မြို့ကလေးတစ်မြို့ရောက်မယ်။ အဲဒီမှာ ဓားပြကြီးတစ်ယောက် သောင်းကျန်းတယ်ကြားတယ်'

ဝမ်းတ သတိပေးစကား ပြောလိုက်သည်။ ဟိုကျူး ရင်ထိတ် သွားလေသည်။

'ဓားပြသောင်းကျန်းတယ် ဟုတ်လား'

'ဟုတ်တယ်။ အရမ်းဆိုးတာ သူ့လက်က ဘယ်သူမှ မလွတ်ဘူး'

'ဒါဆို ချင်းမိုတို့နဲ့ တွေ့မှာပဲထင်တယ်'

ဟိုကျူး စိတ်ပူသွားလေသည်။

'ဒါဆို မြန်မြန်သွားမှဖြစ်မယ်'

ပြောရင်း မြင်းကို ဒုန်းစိုင်းမောင်းနှင်သွားလေသည်။

○ ● ○



## အခန်း (၃၀)

မြို့ကလေးမှာ သေးငယ်သော်လည်း စည်ကားနေလေသည်၊ လူမရှိသော တောလမ်းမှ ဖြတ်ကျော်လာရင်း မြို့ကလေးကို တွေ့သော အခါ အားလုံး ဝမ်းသာပျော်ရွှင်သွားကြသည်။

ချင်းမို လူသားအားလုံးအား အနားပေးရန် လိုအပ်သည်ကို နားလည်လိုက်သည်၊ ခရီးရှည်ကြီးကို မရပ်မနား ဆက်လာခဲ့ခြင်း ဖြစ်သည်။

မြို့ထဲရောက်သည်နှင့် ချင်းမို စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်တန့်လိုက်သည်။ အားလုံး ဝမ်းသာသွားကြသည်၊ စားသောက် ဆိုင်မှာ ကြီးမားသည်။ ခြံဝင်းတစ်ခုအတွင်း ဖွင့်လှစ်ထားခြင်းဖြစ်သည်။

လူရှုပ်ထွေးခြင်း မရှိသောကြောင့် ချင်းမို သဘောကျသွား လေသည်။ သူမတို့ အကုန် ခြံဝင်းထဲသို့ မောင်းနှင်ဝင်သွားကြသည်။

သူမထံတွင် အနက်ရောင်ဝတ်လူငါးယောက်၊ မိန်းကလေးများ ဖြစ်သည်။ အာမာခံဌာနမှ ယို့ကျားယန်နှင့် ဆင့်စုပါလာသည်။

ယို့ကျား စားသောက်ဆိုင်ကိုကြည့်ပြီး မျက်မှောင်ကြုံ့ကာ...

'ဌာနမှူး ကျုပ် ဒီဆိုင်ကို သဘောမကျဘူး'

'ဘာကြောင့်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခြဝင်းကျယ်ကြီးနဲ့ စားသောက်ဆိုင်ဟာ လူစည်ကားရမှာ။ အခုတော့ ထောင်ချောက်တစ်ခုလို့ ကျုပ်တင်တယ်'

'ဆရာယို့ စိုးရိမ်တာဖြစ်ပါလိမ့်မယ်'

'မဟုတ်ဘူး။ ဒီနယ်မှာ ကျက်စားနေတဲ့ ဓားပြတစ်ယောက်ဟာ အလွန် ပရိယာယ်များတယ်'

'ဘာ ဓားပြ ဟုတ်လား'

'ဟုတ်တယ်။ သူ့နာမည် ရေနဂါး။ ဒါပေမယ့် သူဘယ်သူဆိုတာ မသိရဘူး'

'သူက ဘယ်လိုလူစားလဲ'

'အဖိုးတန်ပစ္စည်းပါရင် ဘယ်သူမှ အလွတ်မပေးဘူး'

'ကျုပ်တစ်ခါမှ မကြုံခဲ့ရဘူး။ အခု တွေ့ချင်လိုက်တာ'

ဟိုကျူး ပါးစပ်ပိတ်ထားလိုက်သည်။

'ဆရာယို့တို့ ဘာလုပ်နေတာလဲ'

'စိတ်ဝင်စားစရာတစ်ခုကြားလို့'

'ကျွန်မလဲ ကြားတယ်။ စားသောက်ကြရင်း ပြောကြတာပေါ့'

ဆင့်စုစားသောက်ဆိုင်ထဲဝင်လိုက်သည်။ စားသောက်ဆိုင်အတွင်း ချင်းမိုအဖွဲ့သားများ ဝိုင်းဖွဲ့ထိုင်နေသည်ကို တွေ့ရသည်။ သူတို့တစ်လမ်းလုံး အစာမစားရသောကြောင့် အစားအစာများကို အားရပါးရ စားသောက်နေကြလေသည်။

ဆင့်စုနှင့် ယို့ကျားတို့ စားသောက်ဟန်ပြင်လိုက်သည်။

ထိုစဉ်...

'နေဦး'

ယို့ကျားယန် ဟန့်တားလိုက်သည်။

'အစာထဲ အဆိပ် ရှိမရှိ ကြည့်ပါဦး'

'ဟုတ်တယ်။ ဆရာယို့ပြောတာ မှန်တယ်ရှင့်'



ချင်းမိုပြောရင်း ငွေအပ်ကလေးတစ်ခု ထုတ်ကာ စမ်းသပ်လိုက်သည်။

'အဆိပ်မရှိဘူး'

ယို့ကျားယန် ဘာမှ မပြောတော့ပါ။ ဆင့်စုကို စိတ်ပျက်စွာကြည့်နေလေသည်။ ယို့ကျားယန် ငွေအပ်ကလေးကို သေချာကြည့်ပြီး...

'နေဦး ငွေအပ်ကို ကြည့်ပါဦး'

ဆင့်စုနှင့် ချင်းမိုကြည့်သောအခါ ငွေအပ်အရောင်ပြောင်းနေသည်ကို တွေ့ရသည်။ ဆင့်စုနှင့် ချင်းမို အံ့ဩသွားလေသည်။ ချင်းမို ဝုန်းခနဲ ထရပ်လိုက်သည်။

'ဟေ့ ဘာမှ မစားနဲ့တော့'

သူမလူများ အံ့ဩသွားကြသည်။ ချင်းမို ငွေအပ်ကို မြှောက်ပြကာ...

'အစာထဲမှာ အဆိပ်ရှိတယ်'

သူမ အဖွဲ့သားများ လှုပ်ရှားသွားလေသည်။

'မင်းတို့ အဆိပ်ဖြေဆေးသောက်လိုက်ကြတော့'

သတိပေးလိုက်သည်။

အားလုံး အဆိပ်ဖြေဆေးသောက်ရန် မလုပ်ဘဲ တစ်ယောက်ထရပ်ကာ...

'သခင်မလေး ကျွန်မတို့ သေချာစစ်ဆေးပြီးမှ စားကြတာပါ'

'စကားမရှည်နဲ့၊ ဆေးမြန်မြန်သောက်'

သူတို့ ချင်းမိုကို မလွန်ဆန်ရဲသောကြောင့် ငြိမ်နေလိုက်ကြသည်။

ထိုစဉ်...

တစ်ယောက်မှာ...

www.burmeseclassic.com

www.burmeseclassic.com



'အား'

စူးရှစွာ တစ်ချက်အော်ပြီး လဲကျသွားလေသည်။ ချင်းမို မျက်လုံးပြူးသွားပြီး...

'ဆေးသောက်လိုက်'

သို့သော်...

နောက်ကျသွားလေသည်။

'အား'

'အင့်'

'အမယ်လေး'

တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေသည်။ ကျန်လူများ အဆိပ်ဖြေဆေး ထသောက်လိုက်၍ သက်သာသွားလေသည်။

ချင်းမို ဒေါသထွက်သွားလေသည်။

'အဆိပ်ခတ်တဲ့လူ သေတော့မယ်'

ပြောရင်း ခုန်ထွက်သွားလေသည်။

သို့သော် ဆိုင်အလုပ်သမားတစ်ယောက်မှ မတွေ့ရတော့ပါ။

'မင်းတို့ဆိုင်ကို မီးရှို့ပစ်မယ်'

ချင်းမို ဒေါသတကြီး ကြိမ်းဝါးလိုက်သည်။

◆ ◇ ◆

ထိုအခါ ယို့ကျားယန်က...

'သခင်မလေး ဆိုင်အလုပ်သမားတွေလဲ တစ်ခုခုဖြစ်ပြီ ထင်တယ်'

ချင်းမို ဆိုင်အတွင်းထဲပြေးဝင်လိုက်သည်။ ယို့ကျားယန်နောက်ဆင့်စတို့ပါ လိုက်ဝင်လိုက်သည်။

'ဟိုမှာ ကြည့်ပါဦး'

ယို့ကျား လှမ်းပြလိုက်သည်။





'ဟင်'

'ဟာ'

တွေ့ရသော မြင်ကွင်းမှာ မမြင်ရက်စရာဘဲ။ ဆိုင်ရှင်၊ အလုပ်သမားများ အတုံးအရုံး လဲကျနေလေသည်။

'စားသောက်ဆိုင်ကလူတွေတောင် အလွတ်မပေးပါလား'

ယို့ကျားယန်အနားသွားပြီး စမ်းသပ်ကြည့်လိုက်သည်။

'သူတို့ မသေသေးဘူး။ သွေးကြောပိတ်ခံထားရတာဗျ'

'ဟုတ်လား။ ဒါဆို တစ်ယောက်ကို ဖွင့်ပေးလိုက်ပါ။ အကျိုးအကြောင်း မေးကြည့်ရတာပေါ့'

ယို့ကျားယန် တစ်ယောက်ကို ဖွင့်ပေးလိုက်သည်။

'အင့်'

ဆိုင်လုလင် သတိရလာပြီး...

'ခင်ဗျား ဘယ်သူလဲ'

'ဒါ ဘယ်သူဆိုတာ အရေးမကြီးဘူး။ မင်းတို့ ဘာဖြစ်တာလဲ'

ထိုအခါ ဆိုင်လုလင် သူ့အဖော်များကိုလည်း တွေ့ရသည်။

'ကျွန်တော့်ကို မသတ်ပါနဲ့ဗျာ'

တုန်ယင်စွာ တောင်းပန်လိုက်သည်။

'ငါတို့က ရန်သူမဟုတ်ဘူးကွ'

ဆိုင်ထဲရောက်လာသည့်အကြောင်း ပြောပြလိုက်သည်။ ဆိုင်လုလင် စိတ်သက်သာရာရသွားပြီး...

'ဒီနေ့ ကျွန်တော်အလုပ်လုပ်နေတုန်း လူတစ်ယောက်ရောက်လာတယ်။ ဆရာတို့ ရောက်လာမှာမို့ စားသောက်ဖွယ်ရာအကောင်းဆုံး ချက်ပြုတ်ထားဖို့ပြောတယ်၊ ကျွန်တော်တို့ချက်နေတုန်း သတိလစ်သွားတာပဲ'

'သူက ဘယ်လိုလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အသက်ခြောက်ဆယ်ကျော် အဘိုးအိုတစ်ယောက်ပါ'

'ရေနံ့ဂါးလား'

'ဟုတ်'

'ဒီနယ်တစ်ဝိုက်မှာ ရေနံဂါးသောင်းကျန်းနေတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါပေမယ့် မတွေ့ဖူးပါဘူး'

ယို့ကျားယန် ဆိုင်အလုပ်သမားအားလုံးကို သွေးကြောဖွင့်ပေးလိုက်သည်။

ဆိုင်ရှေ့ ပြန်ထွက်လာသောအခါ လဲကျနေသူများအား ပြုစုနေသည်ကို တွေ့ရသည်။

'အခြေအနေ ဘယ်လိုလဲ'

'သတိရနေပါပြီ'

ချင်းမိုကြည့်သောအခါ သူတို့လေးယောက် အသက်ရှင်သော်လည်း အတွင်းအားမရှိတော့ပါ။ သိုင်းပညာ ကွယ်ပျောက်သွားပြီး ဖြစ်သည်။

ချင်းမို ထိုလေးယောက်ဘက်လှည့်ကာ...

'မင်းတို့ အာမခံဌာနကို ပြန်သွားပြီး အဲဒီမှာ ငါ့ကို စောင့်နေ'

အဆိပ်မိသူလေးယောက် ခေါင်းငုံ့သွားကြသည်။

'ကဲ တွေဝေမနေနဲ့ သွားကြတော့'

'ကောင်းပါပြီ သခင်မလေး။ ကျွန်မတို့သွားပါမယ်။ သခင်မလေး ပြန်လာမှ ပြစ်ဒဏ်ခံယူပါ့မယ်'

'ဒါတွေ မေ့ထား၊ မြန်မြန်သွားတော့'

ရန်သူရောက်လာပါက အန္တရာယ်များသဖြင့် အမြန်သွားခိုင်းခြင်း ဖြစ်သည်။





ထိုလူလေးယောက် ချင်းမိုအား ဦးညွှတ် အရိုအသေပေးပြီး ထွက်သွားကြလေသည်။ ချင်းမို သက်ပြင်းချပြီး ဆိုင်ရှင်ဘက်လှည့်ကာ...

'ကျွန်မတို့အဲတွက် စားစရာတစ်ခုခု မရနိုင်ဘူးလားရှင်'

'ခဏစောင့်ပါဗျာ၊ တစ်ခုခုလုပ်ပေးပါ့မယ်'

ပြောရင်း အလုပ်သမားများကို စီစဉ်ခိုင်းလိုက်လေသည်။ ဆိုင်လုလင်များလည်း လျင်မြန်စွာ ချက်ပြုတ်ပေးလေသည်။

မကြာပါ၊ စားစရာများ ရောက်လာကြသည်၊ သူတို့အစားအစာ အနည်းငယ်စားလိုက်ကြသည်၊ မြင်းလှည်းစောင့်သော မိန်းကလေးသုံးယောက်အား စားစရာ သွားပို့ခိုင်းလိုက်သည်၊

ထိုစဉ်...

မြင်းလှည်းစောင့် မိန်းကလေးတစ်ဦး ဆိုင်ထဲဝင်လာသည်၊

'သခင်မလေး လူတစ်ယောက် စာလာပေးပါတယ်'

ချင်းမို စာလှမ်းယူပြီး ဖတ်လိုက်သည်။

မြင်းလှည်းထားပြီး ထွက်သွားပါ၊

ရေနံဂါး'

'ဒီစာ ဘယ်ကရလဲ'

'ကလေးတစ်ယောက် လာပေးသွားတာပါ'

'အဲဒီကလေးရှိလား'

'ရှိပါတယ်'

'ကြည့်ရအောင်'

ချင်းမို၊ ဆင့်စု၊ ယို့ကျားယန်တို့ ဆိုင်ပြင်ထွက်လာခဲ့လေသည်၊

○ ● ○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၁)

ဆိုင်ရှေ့တွင် မြင်းလှည်းရပ်ထားသည်။ အနက်ရောင်ဝတ်ထား
သူတစ်ဦးက ကလေးတစ်ယောက်လက်ကို ဆွဲထားသည်။

'အဲဒီကလေးပါ သခင်မ'

ချင်းမို့ ကလေးအနီး လျှောက်သွားလေသည်။ ကလေးမှာ
ဆယ်နှစ်အရွယ်ပင် ရှိသေးသည်။

'ကလေး ဒီစာဘယ်သူပေးခိုင်းတာလဲ ပြောပါလား။ မင်းကို
မုန့်ဖိုးတွေပေးမယ်'

ချင်းမို ချိုသာစွာ ပြောရင်း ငွေစတချို့ ထုတ်လိုက်သည်။

'ဟိုအစ်ကိုကြီးတစ်ယောက်ပါ မမ'

'ဘယ်ကလဲ'

'အရက်ဆိုင်ကပါ'

'ဘယ်အရက်ဆိုင်လဲ မမကိုပြောပြပါလား'

ထိုအခါ ကလေးငယ်က...

'အစ်ကိုကြီးက သဘောကောင်းတယ်။ ကျွန်တော်တို့ကို
ပိုက်ဆံပေးတယ်။ မုန့်ကျွေးတယ်။ နေမကောင်းတဲ့သူကို ဆေးကုပေး
တယ်။ ကျွန်တော်တို့က သူ့ကို သူရဲကောင်းလို့ခေါ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ရဲကောင်း ဟုတ်လား'

'ဟုတ်တယ်'

'သူဘယ်မှာလဲ'

'ဒီအချိန်ဆို ပြန်သွားပြီ'

'သူဘယ်မှာနေလဲ'

'အရှေ့ဘက်တောအုပ်မှာ'

'ကျုပ်တို့လိုက်သွားကြရအောင်'

ဆင့်စုက ပြောလိုက်ရာ ယို့ကျားယန်က…

'ပြောစရာရှိတာ နောက်မှပြော၊ အခု ကလေးကို ပြန်လွှတ်လိုက်ပါ'

'ဩော် ဟုတ်သားပဲ၊ အဲ မောင်လေး အိမ်ပြန်တော့'

'ဟုတ်ကဲ့'

ကလေးငယ် ပြေးထွက်သွားလေသည်။

'ကျုပ်တို့ ကလေးရှေ့မှာ ပြောလို့မဖြစ်ဘူး၊ ကလေးပြန်ပြောပြမှာ'

'ဒါလဲဟုတ်တယ်'

'နောက် ကလေးနောက်ကို လိုက်ကြည့်ရင်ကောင်းမယ်'

ယို့ကျားယန်စကားကြောင့် ချင်းမိုက…

'တန်ယူ'

အနက်ရောင်ဝတ်လူတစ်ယောက် ထွက်လာလေသည်။

'အမိန့်ရှိပါ သခင်မလေး'

'စောစောက ကလေးနောက်လိုက်သွား'

'စိတ်ချပါ သခင်မ'

အရိပ်အယောင်ပျောက်သွားလေသည်။ ဟန်ယူက နောက်ယောင်ခံလိုက်ရာတွင် အကျွမ်းကျင်ဆုံးဖြစ်သည်။





'ရေနဂါးဟာ ဒီမြို့မှာ သူတောင်ကောင်းဟန်ဆောင်ထားပြီး အကာအကွယ်ယူထားတာထင်တယ်'

ချင်းမို ဝေဖန်လိုက်သည်။ သူမ ဝေဖန်ချက်ကို ဆင့်စုနှင့် ယို့ကျားယန်တို့ လက်ခံကြသည်။

'သခင်မလေးပြောတာ ဖြစ်နိုင်တယ်၊ သူ့လက်က ဘယ်သူမှ မလွတ်ဘူးဆိုတာ သူ့ကို ကူညီမယ့်လူရှိလို့နေမှာ'

'ဘာပဲဖြစ်ဖြစ် သူကျွန်မတို့ကို နှောင့်ယှက်တာဆိုတော့ ကျွန်မတို့ ရင်ဆိုင်ရမှာပဲ'

ဆင့်စုတို့ အသာငြိမ်နေလိုက်ကြသည်။

'သူမြို့ပြင်တောအုပ်မှာနေတာဆိုတော့ ကျွန်မတို့ လိုက်သွားရင် မကောင်းဘူးလား'

'နေပါဦး'

ယို့ကျားယန် ဟန့်တားလိုက်သည်။

'ဘာပြောမလို့လဲ'

'ကျုပ်တို့အားလုံး လိုက်သွားရင် မြင်းလှည်းကို ဘယ်သူစောင့်မလဲ'

ယို့ကျားယန်အမေးကြောင့် ဆင့်စုက…

'ဟုတ်သားပဲ ဒီမှာလဲ လူလိုတယ်'

ချင်းမို ခေါင်းညိတ်လိုက်ပြီး…

'ရှင်တို့ ဒီမှာနေခဲ့ပါ၊ကျွန်မသွားတွေ့လိုက်ပါ့မယ်'

'သခင်မလေး မသွားပါနဲ့၊ ကျုပ်သွားမယ်'

ယို့ကျားယန်က ပြောလိုက်သည်။

'ဟုတ်တယ် သခင်မလေး နေခဲ့မှဖြစ်မယ်၊ မြို့ပြင်မှာ အန္တရာယ် မရှိဘူးလို့ ပြောလို့မရဘူး၊ သခင်မလေး မရှိရင် ကျုပ်တို့ ဘာမှ လုပ်တတ်မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဆင့်စုစကားကြောင့် ချင်းမိုံ သက်ပြင်းချလိုက်သည်။

'အန္တရာယ်နဲ့ ရင်ဆိုင်ရမှာ ကျွန်မ မသွားဘဲ ရှင်တို့ကို သွား ...င်းလို့မဖြစ်ဘူး'

'ရေနဂါးက ဉာဏ်များတယ် သခင်မနေခဲ့ပါ။ တန်ယူလဲ ...ှန်လာမှာ'

'ကောင်းပြီလေ သတိတော့ထားပါ'

'စိတ်ချပါ သခင်မလေး'

ပြောရင်း ဆင့်စု၊ ယို့ကျားယ်နောက်လိုက်သွားသည်။ ချင်းမိုံ သက်ပြင်းချရင်း ကျန်ခဲ့သည်။

တန်ယူသည် ကလေးငယ်နောက်လိုက်သွားရာ ကလေးမှာ ရှေ့သို့သာ မဲပြေးနေလေသည်။ တန်ယူ ပြုံးလိုက်သည်။

ကလေးသည် အတန်ကြာ ပြေးပြီး အရက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။ သူ ပတ်ဝန်းကျင်ကို အကဲခတ်ပြီး ဆိုင်ထဲ ဝင်သွားလိုက်သည်။

ထို့ကြောင့်...

သူအရက်ဆိုင်ထဲ လှမ်းဝင်သွားပေသည်။ အရက်ဆိုင်ထဲတွင် လူရှင်းနေပြီး ခါးကုန်းအဘိုးအိုတစ်ယောက် စားပွဲကို အဝတ်ဖြင့် သုတ်နေသည်ကို တွေ့ရသည်။

'ကလေး ဘယ်ရောက်သွားလဲ'

'ဘယ်သူ့ကို မေးတာလဲ'

'စောစောက ဝင်သွားတဲ့ကလေး'

'ဘယ်သူမှ မရှိပါဘူးဗျာ'

တန်ယူ ဆိုင်နောက်ဘက်ကို ဝင်ရန် ပြင်လိုက်သည်။ ထိုအခါ အဘိုးအို၏ တိုက်ခိုက်မှုကို ခံလိုက်ရသည်။

'မင်းက ရေနဂါးနဲ့ တွေ့ချင်လို့လား'





ပြောရင်း မျက်နှာဖုံးကို ဆွဲချွတ်လိုက်သည်။

စောစောက တွေ့ရသော ကလေးဖြစ်သွားလေသည်။ တန်ယူ သွေးကြောပိတ်ခံထားရသောကြောင့် စကားမပြောနိုင်ပါ။

'ရေနဂါးဆိုတာ ငါပဲ'

✦ ✧ ✦

ဆင့်စုနှင့် ယို့ကျားယန်တို့ မြို့ပြင်သို့ ရောက်လာလေသည်။ အတန်ကြာ သွားမိသောအခါ တောအုပ်တစ်နေရာတွင် မီးခိုးထွက်နေသည်ကို တွေ့ရသည်။

သူတို့ မီးခိုးထွက်ရာသို့ ဦးတည်လာခဲ့သည်။ ထိုအခါ တဲအိမ်တစ်လုံးကို တွေ့ရသည်။ သူတို့နှစ်ယောက် လှုခွဲကာ ရှေ့နှင့်နောက်မှ အိမ်ထဲဝင်လိုက်သည်။

သို့သော်...

အိမ်ထဲတွင် လူတစ်ယောက်မှ မရှိပါ။ ဆင့်စုတို့ အလိမ်မိသွားခြင်း ဖြစ်သည်။

'သူဒီမှာ မရှိရင် အရက်ဆိုင်မှာပဲရှိမယ်'

'ဟုတ်တယ် ဆရာယို့၊ ရေနဂါးက တော်တော်လယ်တာပဲ'

ပြောရင်း ထိုနေရာမှ ပြေးထွက်လာကြသည်။ ချင်းမိုံသည် တန်ယူကို မျှော်နေသည်။ မိမိတွင် အံ့ဆိုင်မိထားသော လူများရှိနေ၍ ရန်သူရောက်လာပါက မလွယ်ကြောင်း သိထားသည်။

သူ ဆင့်စုတို့ပြန်အလာကိုလည်း မျှော်နေလေသည်။

ထိုစဉ်...

မြင်းလှည်းတစ်စီး ရောက်လာသည်၊ ထိုမြင်းလှည်းပေါ်မှ အစိမ်းရောင်ဝတ်စုံဝတ်လူငယ်တစ်ယောက် ဆင်းလာကာ ချင်းမိုံကို ကြည့်ပြီး သူမအနီး လျှောက်လာလေသည်။

ချင်းမိုံ အနားရောက်လာသော လူငယ်အားကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘယ်သူလဲ'

လူငယ် ချင်းမိုအား ပြုံးပြပြီး...

'ခင်ဗျားတို့ ခရီးသည်တွေမဟုတ်လား။ ရန်ကြူးကို ရောက်ရင် ခရီးကြုံလိုက်ချင်လို့ပါ'

'ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မမိတ်ဆွေတွေကို စောင့်ရမှာမို့ ခရီးမထွက်ဖြစ်သေးပါဘူး'

'ရပါတယ် ထွက်တော့ လိုက်ရတာပေါ့'

'ဝမ်းနည်းပါတယ်၊ ရှင့်ကို လမ်းကြုံမခေါ်နိုင်ပါဘူး'

'ကျုပ်ကို မကူညီနိုင်ဘူးပေါ့'

'မကူညီနိုင်ပါဘူး'

'ဒါဆိုလဲ သွားတော့မယ်'

ပြောရင်း ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

'နေဦး ရှင့်ကို မေးစရာရှိတယ်'

'ဘာလဲ'

'ရှင် ရေနဂါးကိုသိလား'

'သိတယ်၊ သူ့ကြောင့် ကျုပ်ငွေတွေ အကုန်ကုန်တာ'

'သူ ဘယ်လိုလူလဲ'

'သူက ဒီနယ်မှာ ကျက်စားနေတာပါ'

'ရိုးရိုးသားသား ရှာစားသူကို မလုယက်ပါဘူး။ လောဘသမားတွေဆီကသာ လုယက်တာပါ'

'ဒါဆို ရှင်မရိုးသားလို့ အလုခံရတာပေါ့'

'ကျုပ် ရိုးရိုးသားသား ရှာတာပါဗျာ။ သူများ သတင်းပေးမှားလို့နေမှာပါပဲ။ အချိန်ကြာတယ် ကျုပ်ရေနဂါးရှိတဲ့ မြို့ပြင်ဘုံကျောင်းကို သွားလိုက်ဦးမယ်'

'ရှင် ဘာသွားလုပ်မှာလဲ'





'ကျုပ်ငွေတွေ ပြန်တောင်းမလို့'

'ပြန်ပေးပါ့မလား'

'မပြောတတ်ပါဘူးဗျာ'

'ရှင်သူ့ဆီက ငွေပြန်မရရင် ဒီကို ပြန်လာခဲ့။ ကျွန်မ လမ်းကြုံခေါ်သွားမယ်'

'ဟာ ကျေးဇူးတင်ပါတယ်ဗျာ။ ခင်ဗျားတို့ဒီမှာပဲနေမှာမဟုတ်လား။ ကျုပ်သွားလိုက်ဦးမယ်'

ပြောရင်း ထွက်သွားလေသည်။ ချင်းမို ပြုံးလိုက်သည်။ မကြာပါ။

'ရှောင်ယန်ညီနောင်'

လူနှစ်ယောက် ရှေ့တက်လေသည်။

'မင်းတို့နှစ်ယောက် သူ့နောက်လိုက်ကြည့်စမ်း။ ပြီးရင်သတင်းပို့'

'ကောင်းပါပြီ သခင်မလေး'

သူတို့နှစ်ယောက် ထွက်သွားကြလေသည်။

အစိမ်းရောင်ဝတ်လူငယ် မြို့ပြင်ဘုံကျောင်းဘက်သို့မှ ထွက်သွားသည်။ ရှောင်ယန်ညီနောင် နောက်မှ လိုက်လာခဲ့လေသည်။

ဘုံကျောင်းအတွင်း ဝင်သွားသည်ကို တွေ့သောအခါ ညီနောင်နှစ်ယောက် ခြေလှမ်းရပ်လိုက်သည်။

'ဘုံကျောင်းထဲဝင်မလား ညီလေး'

'သခင်မက သေချာလိုက်ကြည့်ခိုင်းတာပဲ'

ဘုံကျောင်းထဲရောက်သောအခါ သူတို့နှစ်ယောက် ခြေလှမ်းရပ်လိုက်ကြသည်။ စောစောက ဝင်သွားသောလူကို မတွေ့ရတော့ပါ။

ညီနောင်နှစ်ယောက် လမ်းခွဲကာ ရှာဖွေကြသည်။ ထိုအခါ သူတို့နောက်ဘက်မှ အစိမ်းရောင်ဝတ် လူငယ်အသံကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ ရေနဂါးကို တွေ့ချင်လို့လား'

ညီနောင်နှစ်ယောက် လှည့်ကြည့်ပြီး...

'ခင်ဗျား တွေ့ချင်လို့လာတာ မဟုတ်ဘူးလား'

'ဟား... ဟား... ဟား ရေနဂါးဆိုတာ ကျုပ်ပဲ'

ညီနောင်နှစ်ယောက် တိုက်ခိုက်ဟန်ပြင်လိုက်သည်။ သို့သော် သွေးကြောပိတ်ခံလိုက်ရလေသည်။

ရေနဂါး သဘောကျစွာ ရယ်မောပြီး...

'မင်းတို့ နေခဲ့ကြဦး။ စားသောက်ဆိုင်မှာ လေးယောက်၊ အရက်ဆိုင်မှာ တစ်ယောက်၊ ဘုံကျောင်းမှာ နှစ်ယောက်၊ မြို့ပြင်မှာ နှစ်ယောက် သူ့မှာ အင်အားသိပ်မရှိတော့ဘူး။ ငါ သက်သာသွားပြီ။'

ရေရွှတ်ရင်း အပြင်ဘက်သို့ ပြေးထွက်လာသည်။

ဆင့်စုနှင့် ယို့ကျားယန် ရေနဂါး၏ ထောင်ချောက်ထဲ ပိတ်မိနေသည်။ ချင်းမို စိတ်ထဲ စိုးရိမ်စိတ်များ ဝင်လာသည်။

ထိုစဉ်...

'အား'

'အင့်'

'အမယ်လေး'

စားသောက်ဆိုင်ထဲမှ အော်သံများကို ကြားလိုက်ရသည်။

○ ● ○





# အခန်း (၃၂)

ချင်းမို ဆင့်စုတို့ ပြန်အလာကို စောင့်မျှော်ရင်း စားသောက်ဆိုင်ထဲမှ အော်ဟစ်သံများကို ကြားလိုက်ရသည်။

သူ စားသောက်ဆိုင်ထဲ ပြေးဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

'သခင်မလေး ရေနဂါးက တော်တော်ဉာဏ်များတယ်'

'ဟုတ်တယ်'

'ကျွန်မတို့ လူစုကွဲအောင်လုပ်တာ'

ထိုအခါမှ ချင်းမို သဘောပေါက်သွားသည်။ သူ စားသောက်ဆိုင်ထဲသို့ မသွားဘဲ အနီးရှိလူကို အမိန့်ပေးလိုက်သည်။

'ဆိုင်ထဲကို သွားကြည့်စမ်း'

အနက်ရောင်ဝတ်ဆင်ထားသူ ဦးညွှတ်ထွက်သွားသည်။ မြင်းလှည်းအနီး ချင်းမိုနှင့် မိန်းကလေးနှစ်ယောက် ကျန်ခဲ့သည်။

စားသောက်ဆိုင်ထဲသို့ လူအများ ဝင်သွားပြီး မကြာပါ...

'အား'

'အွန့်'

'အင့်'

အော်ဟစ်သံများ ထွက်လာသည်။ ချင်းမို မျက်နှာပျက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့
ညီနောင်' ဘုန်းကြွယ်

'ဟား ဟား ဟား'

ရယ်မောသံကို ကြားလိုက်ရပြီး လူငယ်တစ်ယောက် ရပ်နေသည်ကို တွေ့ရသည်၊ ချင်းမို လူငယ်ကို လှည့်ကြည့်ပြီး...

'သြော်... ရှင်ကိုး'

လူငယ်လေး ရယ်မောလိုက်သည်၊

'ဟုတ်ပါတယ် ကျုပ်ပါပဲ'

'ရှင်က ရေနဂါးလား'

'ဟုတ်တယ်'

'ကောင်းပြီ၊ ကျွန်မလူတွေအတွက် ရှင်ပေးဆပ်ရလိမ့်မယ်'

လူငယ် ရယ်မောလိုက်လေသည်။

'ကျုပ် ပေးဆပ်ရမယ် ဟုတ်လား။ ဟား ဟား ဟား'

'ရှင့်ကို ရယ်စရာပြောနေတာ မဟုတ်ဘူးရှင့်'

'ခင်ဗျားလူတွေအတွက် ခင်ဗျား ပေးဆပ်ရမှာပေါ့။ ကျုပ်နဲ့ ဘာဆိုင်လို့လဲ'

'ဘာ... ကျွန်မ ပေးဆပ်ရမယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ ခင်ဗျားက ကျုပ်လိုချင်တာပေးရင် ခင်ဗျားလူတွေ ဘာမှမဖြစ်နိုင်ဘူး။ ကျုပ် တာဝန်ယူတယ်'

'ရှင် သေချင်ပြီထင်တယ်'

ရေနဂါး ရယ်မောလိုက်လေသည်။

'ကျုပ် မသေချင်ပါဘူး။ ကျုပ်လောက်ပျော်တဲ့လူ ရှိမယ်မထင်ဘူး။ ကျုပ် မြင်းလှည်းမောင်းချင်နေတယ်။ မြင်းလှည်းယူသွားရကောင်းမလားလို့ စဉ်းစားနေတယ်'

ချင်းမို မဲ့ပြုံး ပြုံးလိုက်သည်။

'ရှင်လိုချင်ရင် ယူသွားပေါ့'



'ကျုပ်လာယူရမယ် ဟုတ်လား'

'ဟုတ်တယ်'

'ကောင်းပြီလေ၊ ဒါဆိုလဲ လာယူရမှာပေါ့'

ပြောပြောဆိုဆို ရေနဂါး ရှေ့တက်လာလေသည်၊ ချင်းမို တိုက်ခိုက်ရန် ပြင်ထားသည်၊

ထိုစဉ်...

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်လာသည်ကို ကြားလိုက်ရသည်။

ရုတ်တရက် အားလုံး ကြောင်သွားသည်၊ ချင်းမိုတို့ လှမ်းကြည့်သောအခါ မြင်းနှစ်ကောင် တားသောက်ဆိုင်ကလေးရှိရာသို့ ဒုန်းစိုင်းလာနေသည်ကို တွေ့လိုက်ရသည်၊

မြင်းပေါ်မှ လူနှစ်ယောက်ကို တွေ့ရသောအခါ ချင်းမို ဝမ်းသာသွားလေသည်။ မကြာပါ မြင်းနှစ်ကောင် အနားရောက်လာလေသည်။

'ရှင်တို့ ရောက်လာကြပြီကိုး'

ဝမ်းသာအားရ ပြောလိုက်သည်၊ ထိုလူနှစ်ယောက်မှာ ဟိုကျူးနှင့် ဝမ်းတတို့ ဖြစ်သည်၊

'ဒီမှာ ရှင်တို့ကို ညီ့သည်က စောင့်ကြိုနေတယ်လေ'

ဟိုကျူးနှင့် ဝမ်းတ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်၊ ဟိုကျူး ချင်းမိုကို ဂါရဝပြုလိုက်သည်၊

'ကျုပ် နောက်ကျတာကို ခွင့်လွှတ်ပါ'

'ကိစ္စမရှိပါဘူး၊ ကျွန်မနောက်လိုက်လာနိုင်တာပဲ ချီးကျူးရမှာ။ ဒါနဲ့ သူက ဘယ်သူလဲ'

'သူက ကျုပ်မိတ်ဆွေ ဝမ်းတလေ'

ချင်းမို ဝမ်းတကို မျက်မှောင်ကြုတ်ကြည့်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



'ဆရာယို့တို့၊ ဦးစီးမှူးတို့ ဘယ်သွားလဲ'

ချင်းမို ရေနဂါးကို ညွှန်ပြပြီး…

'ကျွန်မတို့ အန္တရာယ်ကြုံမယ်ဆိုတာ ရှင်သိသားပဲ။ အခု သူက ဒုက္ခပေးနေပြီလေ။ ယို့ကျားယန်တို့ သူ့ရှိမယ့်နေရာသွားတာ အခုထိ ပြန်မလာကြသေးဘူး'

ဟိုကျူး မျက်မှောင်ကြုတ်ပြီး ရေနဂါးကို ကြည့်လိုက်သည်။

ချင်းမိုကို ကြည့်လိုက်ပြီး…

'ကျုပ် ခင်ဗျားကို ကူညီမယ်လို့ ကတိပေးထားတာပဲ။ ကူညီရမှာပေါ့'

ပြောရင်း ရေနဂါးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ဟိုကျူး လက်နှစ်ဖက်ဆုပ်ပြီး…

'ကျုပ်နာမည် ဟိုကျူး။ မိတ်ဆွေ ဘယ်သူလဲဆိုတာ သိပါရစေ'

'ငါက ရေနဂါး'

'ရေနဂါးဆိုတာ မိတ်ဆွေကို း'

'မိတ်ဆွေလို့ မပြောပါနဲ့'

'ဒါဆို ရန်သူပေါ့'

'မင်းကြိုက်သလိုထင်ပါ'

ရေနဂါး ခက်ထန်စွာ ပြောလိုက်သည်။

✦ ✧ ✦

'မိတ်ဆွေ ကျုပ်တို့ကို ဘာကြောင့် နှောင့်ယှက်တာလဲ'

'ဒုက္ခပေးတာမဟုတ်ဘူး၊ ပစ္စည်းလိုချင်လို့လုတာ ငါ့အလုပ်ပဲ'

'မင်း ငါတို့ဆီက ပစ္စည်းမရဘူး'

'ဟား ဟား ဟား'

ရေနဂါး ရယ်မောလိုက်လေသည်။

'မင်းပြောသလိုဆို ငါနာမည် မကြီးဘူး'





'မင်းက အထင်ကြီးနေတာပါ'

'ဒါဆို စမ်းကြည့်လေ'

'ရတယ်'

ရေနဂါးပြောရင်း စတင်တိုက်ခိုက်လိုက်သည်။ သူ၏တိုက်ခိုက်မှုမှာ ပြင်းထန်လှသည်။ ဝမ်းတ တိုက်ခိုက်ရန် ပြင်လိုက်သည်။ ဟိုကျူး၊ ဝမ်းတအား လက်ကာပြကာ…

'ဝမ်းတ ဖယ်နေ၊ ငါတိုက်နိုင်ပါတယ်'

ဝမ်းတ ဟိုကျူးအစွမ်းအစကို သိသောကြောင့် နောက်ဆုတ်ပေးလိုက်သည်။

ရေနဂါး၏ ကိုယ်ဖော့ပညာမှာ ကြောက်စရာကောင်းအောင် ကောင်းနေလေသည်။

သူ့ ခုန်ပျံတိုက်ခိုက်စဉ် လေတိုးသံများ တဝီဝီထွက်နေလေသည်။ ဟိုကျူး မလှုပ်မယှက် ရပ်နေလေသည်။ ရေနဂါး ခြေထောက်ဖြင့် လှမ်းကန်လိုက်စဉ် လက်တစ်ဖက်ဆန့်ထုတ်ပြီး ဖမ်းထားလေသည်။

ရေနဂါး ထိတ်လန့်သွားလေသည်။

'လွှတ်စမ်း'

ပြောရင်း တိုက်ခိုက်လိုက်သည်။ ဟိုကျူး လွှတ်ပေးလိုက်သည်။ ရေနဂါး မြင်းလှည်းပေါ်မှ မိန်းကလေးအနီး ရောက်သွားလေသည်။

'သတိထား'

ဟိုကျူး မိန်းကလေးအတွက် စိုးရိမ်ပြီး သတိပေးလိုက်သည်။ မိန်းကလေး ဓားထုတ်ပြီး ရေနဂါးအား ခုတ်ချလိုက်သည်။ ရေနဂါး ထိတ်လန့်တကြား ရှောင်လိုက်ရသည်။

'မင်း ဒီမြင်းလှည်းကို စောင့်ရှောက်နေတာလား'

ရေနဂါး ဟိုကျူးအား မေးလိုက်သည်။

'ဟုတ်တယ်၊ မင်းလုယူလို့ မဖြစ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ဒါပေမယ့် ငါလွယ်လွယ်နဲ့ လက်မလျှော့တတ်ဘူးကွ'

စကားအဆုံး ချာခနဲ လှည့်ပြေးထွက်သွားလေသည်။

'မပြေးနဲ့'

ချင်းမို ဟန့်တားလိုက်သည်။

သို့သော်...

ရေနဂါး ကိုယ်ဖျောပညာ အသုံးပြုကာ ပြေးလွှားသွားသောကြောင့် တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

အသက်ငယ်ငယ်နှင့် ကိုယ်ဖျောပညာကောင်းသူကို မတွေ့ဖူးကြသေးပါ။ ဟိုကျူး ရေနဂါးကို ချီးကျူးလိုက်လေသည်။ ချင်းမိုမကျေမနပ် ဖြစ်သွားလေသည်။

'ဘာကြောင့် လွှတ်ပေးရတာလဲ'

ဟိုကျူး သက်ပြင်းချလိုက်သည်။

'သူ့ကို မလွှတ်သင့်ဘူးဆိုတာ သိတယ်။ ဒါပေမယ့် ဦးစီးမှူးတို့ ဘယ်ရောက်နေမှန်း မသိတော့ သူ့ကို အရမ်းလုပ်လို့ မဖြစ်ဘူးလေ သခင်မလေး'

ထိုစကားကြောင့် ချင်းမို အသာငြိမ်နေလိုက်သည်။ ချင်းမို ဆိုင်ထဲဝင်လာသည်။ လဲကျနေသူများကိုကြည့်ပြီး...

'ရေနဂါး ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး'

ရေရွတ်လိုက်သည်၊ ဟိုကျူး သက်ပြင်းချရင်း...

'ခင်ဗျားလူတွေ ရှေ့ဆက်ခေါ်သွားလို့ မဖြစ်တော့ဘူး။ ပြန်လွှတ်လိုက်ရင် ကောင်းမယ်'

'ဟုတ်တယ်'

ဝမ်းတ ထောက်ခံလိုက်သည်။





'ကျွန်မတို့ အင်အားနည်းမှာပေါ့'

'ဘာထူးမှာလဲ'

'သူတို့ မတိုက်ခိုက်နိုင်ပေမယ့် အသုံးဝင်တဲ့နေရာတွေ ရှိတယ်

'မိန်းကလေးတွေကို ဆက်ဒုက္ခမပေးပါနဲ့၊ ဒီမိန်းကလေးတွေ ပြန်မလွှတ်ရင် ခင်ဗျားကို ကူညီဖို့ ကျုပ် စဉ်းစားရမယ်'

ချင်းမို ဒေါသထွက်သွားပြီး...

'ရှင် ကူညီမှ ခရီးဆက်ရမှာလား။ ကျွန်မကို အမိန့်မပေးနဲ့

'ကောင်းပြီလေ၊ ဒါဆို ကျုပ်တို့ သွားတော့မယ်'

ပြောရင်း ဟိုကျူးနှင့် ဝမ်းတတို့ ထွက်သွားလေသည်၊ ဟိုကျူး ထွက်သွားပြီးမှ ချင်းမို ကြမ်းပြင်ကို ခြေဆောင့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၃ )

ဟိုကျူးနှင့်ဝမ်းတ နောက်ကိုလှည့်မကြည့်ဘဲ ထွက်လာခဲ့ကြသည်။ စားသောက်ဆိုင်များမှ ဟင်းနံ့များ ရလိုက်သည်။ ဝမ်းတသူ့ဗိုက်ကိုပွတ်ပြီး…

'ငါတို့ တစ်ခုခု စားကြရအောင်'

ဟိုကျူး ခေါင်းညိတ်လိုက်သည်။ သူ ချင်းမိုတို့နောက် အမီလိုက်လာသောကြောင့် ဆာလောင်နေပြီ ဖြစ်သည်။

'သူတို့ လူမစုံဘဲ ထွက်သွားမှာ မဟုတ်သေးဘူး'

ဝမ်းတစကားကြောင့် ဟိုကျူး အံ့သြသွားပြီး…

'မင်း ဘယ်လိုသိလဲ'

'သူတို့လူတွေ ဖရိုဖရဲဖြစ်ပြီး ဒုက္ခရောက်နေတယ်လေ။ ရေနဂါးကို အနိုင်ရမှ ထွက်သွားနိုင်မှာပေါ့'

သူတို့နှစ်ယောက် စားသောက်ဆိုင်ထဲ ဝင်လိုက်သည်။ ဝမ်းတ စားစရာများ မှာကြားလိုက်သည်။ မကြာပါ စားပွဲပေါ်သို့ ရောက်လာလေသည်။

သူတို့နှစ်ယောက် အစားအစာများ စားသောက်လိုက်ကြသည်။

'ငါ ရွာကို မပြန်ချင်သေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ ဝမ်းတ'

'ထင်းကျန်ကလဲ နေမကောင်းသေးဘူး။ မိဘတွေအဖြစ်ကို တွေးရင်း စိတ်မကောင်း ဖြစ်နေတယ်'

'ဒါဆို မင်း ဘာလုပ်မလဲ'

'ခြောက်လပြည့်အောင် လျှောက်သွားနေရမှာပဲ'

ဟိုကျူး သက်ပြင်းချလိုက်သည်။

'ဒါဆို တို့တစ်တွေ လျှောက်လည်ကြတာပေါ့ကွာ'

'ဘာကြောင့် လျှောက်လည်ရမှာလဲကွ။ ငါတို့ လုပ်စရာရှိသေးပဲ'

'ဘာအလုပ်လဲ'

ဝမ်းတ တည်ကြည်သောမျက်နှာဖြင့်...

'ရေနဂါး'

'ဘာ ရေနဂါး ဟုတ်လား'

ဟိုကျူး အံ့သြသွားသည်။

'ဟုတ်တယ်၊ ရေနဂါးက စိတ်ဝင်စားဖို့ ကောင်းတယ်။ သူ့ကို လိုက်ရှာရအောင်'

'မဖြစ်ဘူးထင်တယ် ဝမ်းတ။ တော်ကြာ ချင်းမိုတို့ကိစ္စ ဝင်ရှုပ်သလို ဖြစ်မယ်'

ဟိုကျူး ပြောပြထားသောကြောင့် ချင်းမိုတို့ အနောက်ပိုင်းသို့ ခရီးထွက်မည်ကို သိထားသည်။ လမ်းခရီး အန္တရာယ်ကြောင့် ကူညီရမည့်ကိုလည်း သိထားသည်။

ဝမ်းတ ခေါင်းယမ်းလိုက်သည်။

'ငါတို့က ရေနဂါးကို ရှာတာပါ။ ချင်းမိုကို ဒုက္ခပေးမှာမဟုတ်ဘူး။ သူတို့ကို ငါ မကူညီချင်ဘူး။ သိပ်မောက်မာတယ်ကွ သိလား'

ချင်းမိုနှင့်ပတ်သက်ပြီး မကျေနပ်ချက်ကို ဝမ်းတ ပြောလိုက်သည်။





'ငါလဲ သဘောမကျပါဘူး။ ကတိပေးပြီးသား ဖြစ်နေလို့ပါ၊ ရေနဂါးရှာမယ်ဆိုတာ လိုက်ရှာကြတာပေါ့'

'ဒါဆို သွားကြမယ်'

နှစ်ယောက်သား ထိုင်ရာမှ ထလိုက်သည်။ ထိုစဉ်...

ဆိုင်လုလင်တစ်ယောက် သူတို့အနား လျှောက်လာသည်။ ဟိုကျူးအနား ရောက်လျှင် အရိုအသေပေးပြီး...

'ဆရာလေးအတွက် လူတစ်ယောက် စာတစ်စောင် လာပေးသွားပါတယ်ခင်ဗျာ'

ဟိုကျူးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

'ပြပါဦး ဘာစာလဲ'

ဟိုကျူး စာကိုလှမ်းယူပြီး ဖတ်လိုက်သည်။

ထိုအခါ...

*သတ္တိရှိရင် မြို့ပြင်ကို လာခဲ့။*

*ရေနဂါး*

ထိုစာဖတ်ပြီး ဟိုကျူး ပြုံးလိုက်သည်။

'ကျုပ်တို့ ရှာစရာ မလိုတော့ဘူး'

'မင်း ဘယ်လိုသဘောရလဲ'

'ဘာလုပ်မလဲ၊ မြို့ပြင်သွားမှာပေါ့'

ဟိုကျူး ခေါင်းညိတ်လိုက်သည်။ ဆိုင်လုလင်အား ငွေပေးပြီး မြို့ပြင်သို့သွားရန် လမ်းမေး၍ စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

✦ ✧ ✦

ဝမ်းတတို့ မြို့ပြင်တောအုပ် ရောက်သောအခါ မှုန်တည့်ချိန် ဖြစ်နေလေသည်။ သစ်ပင်များအရိပ်ကြောင့် နေမပူပါ။

www.burmeseclassic.com



မကြာပါ ချိန်းထားသောနေရာသို့ ရောက်လာကြသည်။

'သူပြောတာ ဒီနေရာပဲကွ'

ဝမ်းတ ပြောလိုက်ရာ ဟိုကျူး ခေါင်းညိတ်ပြီး...

'ဒါဆို သူလာမှာပေါ့'

'အေး'

ထိုစဉ်...

'ဟား ဟား ဟား'

ရယ်မောသံကို ကြားလိုက်ရသည်။ သူတို့ ပတ်ဝန်းကျင်ကိုကြည့်သော် လူရိပ်လူယောင် မတွေ့ရပါ။ ဝမ်းတ မျက်မှောင်ကြုတ်ပြီး...

'ဟေ့ သတ္တိရှိရင် ထွက်ခဲ့'

အော်ဟစ်လိုက်သည်။ ဟိုကျူး လေသံဖြင့် သတိပေးလိုက်သည်။

'သတိထား၊ သူ ကိုယ်ဖျောက်ပညာ ကောင်းတယ်'

'သူ ဘယ်လောက်တော်တော် ကျုပ်တို့လက်က မလွတ်ဘူး'

'ရေနဂါး ထွက်မလား၊ ကျုပ်တို့ လိုက်ရမလား'

'ဟား ဟား ဟား'

ရယ်သံ ထွက်လာလေသည်။

'ဝမ်းတ မလောနဲ့။ သူကချိန်းတာ တွေ့ချင်ရင် သူလာလိမ့်မယ်'

'မဟုတ်ဘူးကွ၊ ငါ့ကို ဒီလိုလှည့်စားတာ မကြိုက်ဘူး'

ပြောရင်း တောအုပ်ထဲ ခုန်ဝင်လိုက်သည်။

'မင်း ဘယ်ပြေးမလဲ'

'သတ္တိရှိရင် ရပ်လိုက်စမ်း'

ဝမ်းတ အသံကြားလိုက်ရသည်။ သို့သော် ရယ်မောသံသာ ကြားရလေသည်။

'ဝမ်းတ မင်းနားဦး၊ ငါလိုက်မယ်'





ဟိုကျူး အော်ဟစ်ရင်း ပြေးလိုက်လေသည်။

'ရပ်စမ်း'

'ဝုန်း'

ဟိုကျူး အတွင်းအားအပြည့်ဖြင့် ရိုက်ချလိုက်သည်။ ရှေ့မှပြေးနေသောလူ ခြေလှမ်းရပ်သွားလေသည်။

'မင်း ဘယ်ပြေးမလဲ'

ရေနဂါးအား ဝမ်းတနှင့်ဟိုကျူး နှစ်ယောက် လမ်းပိတ်ထားလေသည်။

'မင်း ကိုယ်ဖျောက်ပညာ ကောင်းတယ်'

'မင်းက ဉာဏ်ကောင်းတယ်'

ရေနဂါး ဟိုကျူးအား ပြောလိုက်သည်။

'ဒါတွေထားပါ၊ မင်း ဘာလုပ်မလဲ'

'လုယက်တာ ငါ မသေမချင်း လုပ်မှာပဲ'

'မင်းအလုပ်က မကောင်းမှုကွ'

'ငါသိတယ်'

'ဒါဆို ဘာကြောင့်လုပ်တာလဲ'

'ငါ ဓားပြတစ်ယောက်လို့ ဘယ်သူပြောလဲ'

'မင်း...'

ဝမ်းတ ဒေါသထွက်သွားသည်။

'မင်း ဒီနယ်ကလူတွေကို စုံစမ်းကြည့်ဦး'

'မင်းက သူတော်ကောင်းပေါ့'

'ငါ သူတော်ကောင်း မဟုတ်ပေမယ့် လူယုတ်မာ မဟုတ်ဘူးကွ၊ မင်းတို့ စုံစမ်းကြည့်ဦး'

ပြောရင်း ပြေးထွက်သွားလေသည်။

'ဟိုကျူး မင်း ဘာကြောင့် လွှတ်ပေးရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

ရေနဂါးထံမှ စကားသံ ထွက်လာသည်။

'မင်းတို့ ငါ့ကိုလွှတ်ပေးလို့ ငါ လူနှစ်ယောက်ကို လွှတ်ပေးမယ်။ အသံပြန်မကြားတဲ့ဂူက ထွက်လမ်းပဲ'

ပြောရင်း ရေနဂါး ပျောက်ကွယ်သွားလေသည်။

'သူပြောသွားတာ အကြောင်းရှိမယ်နော်'

'ဟုတ်တယ်၊ သူဖမ်းထားတဲ့လူနှစ်ယောက်ရဲ့နေရာ ဖြစ်မယ်'

'ဟုတ်တယ်၊ တို့ အဲဒီလူနှစ်ယောက်ကို ကယ်တင်ရအောင်ကွာ'

'ကောင်းပြီလေ၊ တို့ လိုက်ရှာကြတာပေါ့'

သူတို့နှစ်ယောက် လိုက်ရှာကြသည်။ ထိုအခါ မီးခိုးထွက်နေသောနေရာလေးသို့ ရောက်လာကြလေသည်။

'ဟော့ မီးခိုးထွက်နေတဲ့အိမ်ကလေးပါလား။ အထဲဝင်ကြည့်မှ ထင်တယ်'

ဟိုကျူး ဝမ်းတအား ပြောလိုက်သည်။

'ဟုတ်တယ်၊ အထဲဝင်ကြည့်မယ်'

ပြောရင်း၊ နှစ်ယောက်သား အထဲဝင်ကြည့်လိုက်ကြသည်။



## အခန်း ( ၃၄ )

အနက်ရောင် ဝတ်ဆင်ထားသူများ သတိရလာကြသည်၊ သူတို့ကို ဒေါသတကြီး ကြည့်နေသော ချင်းမိုကို တွေ့ရသောအခါ ခေါင်းငုံ့ထားလိုက်ကြသည်။

ချင်းမို အံ့ကြိတ်ပြီး...

'ရှင်တို့ကို ဘယ်လိုအားကိုးရမှာလဲ'

သူမအသံ ထွက်လာသည်။ အနက်ရောင်ဝတ်များ မလှုပ်ရှားပါ။

'ရန်သူတစ်ယောက် ရှင်တို့က လူအများကြီး။ ဒါတောင် သူ့ကို မနိုင်ဘူး။ ဒီအတိုင်းဆို ရန်သူအများနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ'

ထိုအခါ အနက်ရောင်ဝတ်များထဲမှ တစ်ယောက်က...

'သခင်မလေး အပြစ်ပေးတာ ခံယူပါမယ်။ ဒါပေမယ့် ကျုပ်တို့ တိုက်ခွင့်မရလို့ပါ'

'ဘာပြောတယ်'

'ကျုပ်တို့ အဆိပ်မိထားတာကြောင့် ခွန်အားတွေ ဆုတ်ယုတ်နေပါတယ်'

ထိုစကား ကြားရသာအခါ ချင်းမို ဘာမှမပြောနိုင်တော့ပါ၊ အနက်ရောင်ဝတ်လူက အရိုအသေပေးပြီး...

'ကျုပ်တို့ အပြစ်ရှိရင် တောင်းပန်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ချင်းမို ဘာမျှမပြောတော့ပါ။ အပြင်ဘက်သို့ ထွက်လာခဲ့သည်။ အပြင်ဘက်ရောက်မှ…

'မင်းတို့ ဘာလုပ်နေလဲ'

ချင်းမိုအသံ ထွက်လာလေသည်။ ထိုအခါ သူတို့အားလုံး စားသောက်ဆိုင်အပြင်ဘက်သို့ ပြေးထွက်လာကြလေသည်။

'ရော့ ဒီဆေးသောက်လိုက်။ သုံးရက်လောက်ကြာရင် အားပြည့်လာလိမ့်မယ်'

ပြောရင်း ဆေးပုလင်းတစ်လုံး ပစ်ပေးလိုက်လေသည်။ အနက်ရောင်ဝတ် မိန်းကလေးများ ဆေးယူသောက်လိုက်ကြလေသည်။

'မင်းတို့ငါးယောက် အာမခံဌာနကို သွားတော့။ အဲဒီမှာ ငါ ပြန်အလာကို စောင့်နေ'

မိန်းကလေးငါးယောက် ဦးညွှတ်ပြီး ထွက်သွားရန် ပြင်ဆင်ကြလေသည်။

ထိုအချိန်တွင်…

ဝမ်းတတို့ အိမ်ကလေးထဲ ရောက်နေကြသည်။

'ရေနဂါးက တော်တော်လည်တယ်ကွ။ လှူရှိဟန်ဆောင်ထားတာပဲ'

'ဟုတ်တယ်၊ သူဖမ်းထားတာ ဖြစ်မယ်ကွ'

ပြောရင်း စားပွဲကိုမှီလိုက်ရာ စားပွဲမှာ ရွေ့လျားသွားလေသည်။ ကြမ်းပြင်တွင် အပေါက်တစ်ပေါက်ကို တွေ့လိုက်ရသည်။

'ဟော့ ဒီမှာ ထောင်ချောက်နဲ့တူတယ်'

ပြောရင်း ဝမ်းတ အထဲသို့ ဆင်းလာခဲ့လေသည်။ ဟိုကျူးနောက်မှ လိုက်လာခဲ့သည်။

'ဟာ ဂူပေါက်တွေ အများကြီးပါလားကွ'

'အသံမပြန်တဲ့ဂူပေါက်ပဲ'





'ကဲ… တို့တွေ ရှာဖွေကြရအောင်ကွာ။ ဘယ်သူမှလဲ မတွေ့သေးပါလား'

သူတို့နှစ်ယောက် ရှေ့ဆက် ဆင်းလာခဲ့လေသည်။

'ဟော့ နောက်လှည့်ကြည့်ပါဦး ဝမ်းတ၊ တို့ ဘယ်အပေါက်က ဝင်လာလဲ မင်း မှတ်မိလား'

'ဟာ ဟုတ်သားပဲ မသိတော့ဘူးကွ'

'ဒုက္ခပဲ'

'သူ့စကား တို့ ယုံမိတာ မှားပြီထင်တယ်'

'ဟုတ်တယ်။ ဒါပေမယ့် တို့ အသံမပြန်ဂူပေါက်ကို လိုက်ရှာကြရအောင်'

ထိုစဉ်…

တစ်နေရာမှ အသံတစ်သံ ကြားလိုက်ရသည်။ နှစ်ယောက်သား ငြိမ်သက်ပြီး နားထောင်လိုက်သည်။

'တစ်ယောက်ယောက် အထဲမှာရှိမယ်ထင်တယ် ဟိုကျူး'

'နားထောင်ပါဦး'

ဝမ်းတ အသာနားထောင်လိုက်သည်။ ထိုအခါ အသံမှာ အတော်ဝေးဝေးမှ လာသောအသံဖြစ်ကြောင်း သိလိုက်ရသည်။

'မြန်မြန်လာ ဝမ်းတ'

ပြောရင်း ပြေးလွှားထွက်လာခဲ့လေသည်။

✦ ✧ ✦

အနက်ရောင်ဝတ် မိန်းကလေးငါးယောက် ထွက်သွားပြီ ဖြစ်သည်။ ထိုအခါ ချင်းမိုနှင့် အနက်ရောင်ဝတ်သုံးယောက်သာကျန်တော့သည်။

ထိုလူများ အတွင်းအားကောင်းဆေးသောက်ကာ မှတ်လုံးမှိတ် အတွင်းအား လေ့ကျင့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချင်းမိုနှင့် မြင်းလှည်းမောင်း မိန်းကလေး နှစ်ယောက်သာ အကောင်းရှိနေသေးသည်။ ချင်းမိုမျက်နှာ အလိုမကျ ဖြစ်နေသည်။ လျှို့ဝှက်ခရီး ထွက်လာရာမှ သူမလူများ ဖရိုဖရဲ ဖြစ်သွားသည်။

ရေနဂါးအကြောင်း စုံစမ်းရန် လွှတ်လိုက်သော တန်ယူ၊ ရှောက်ယန့်ညီနောင်တို့လည်း ပြန်မရောက်သေးပါ။ ရေနဂါး ရောက်လာပါက သူမကိုယ်တိုင် ရင်ဆိုင်ရမည် ဖြစ်သည်။

ဆင့်စုနှင့် ယို့ကျားယန်တို့သည် အားကိုးထိုက်သူ ဖြစ်သည်။ သူတို့ ပြန်ရောက်မလာသေးပါ။ ထို့ပြင် ဟိုကျူးလည်း ထွက်သွားပြီ ဖြစ်သည်။

ချင်းမို အံကြိတ်ပြီး...

'ရေနဂါး လာပါစေ သိရမယ်'

ထိုစဉ်...

အနက်ရောင်ဝတ်တစ်ယောက် လာနေသည်ကို တွေ့ရသည်။

'တန်ယူ'

ချင်းမို ဝမ်းသာအားရ ခေါ်လိုက်သည်။ တန်ယူ ဂါရဝပြုပြီး...

'သခင်မလေး ကျုပ်ကို ခွင့်လွှတ်ပါ'

အရိအသေ တောင်းပန်လိုက်သည်။

'ရှင် ဘယ်သွားနေတာလဲ'

'ကျုပ် ကောင်လေးနောက် လိုက်သွားတယ်။ အရက်ဆိုင်ထဲ ရောက်သွားတယ်'

တန်ယူ အရက်ဆိုင်အတွင်း ဖြစ်သမျှကို ပြောပြလိုက်လေသည်။ သူ့စကားအဆုံး...

'ရှင် ဘယ်လိုလွတ်လာလဲ'

တန်ယူမျက်နှာ နီရဲသွားလေသည်။

'ကျုပ်ကို သွေးကြောပိတ်ထားတာ ခုမှ သွေးကြောဖွင့်လို့ရတယ်။





ဒါကြောင့် ပြန်ရောက်လာတာပါ'

'ရှင့်သွေးကြော သူ့ဘာသာသူ ပွင့်လာတာလား'

'ဟုတ်ပါတယ် သခင်မလေး'

ချင်းမိုရင်ထဲ လေးလံသွားလေသည်။ ရေနဂါး သွေးကြောပိတ် ပညာမှာ အလွန်ပင် ထက်မြက်နေလေသည်။

'တန်ယူ'

'သခင်မလေးပေးတဲ့တာဝန် မကျေပွန်ဘူး။ ကျုပ်ကို အပြစ်ပေး ပါ။ ခံယူပါ့မယ်'

ထိုအခါ...

ချင်းမို ဟိုကျူးမျက်နှာကို မြင်လာပြန်သည်။

'နောက်ကို ဒီလိုမဖြစ်ပါစေနဲ့တန်ယူ ကြားလား'

တန်ယူ ဝမ်းသာသွားသည်။ လက်နှစ်ဖက်ဆုပ်ကာ...

'ကျေးဇူးတင်ပါတယ် သခင်မလေး'

'ကျုပ် အဲဒီအရက်ဆိုင် စားပွဲပေါ်က စာတစ်စောင်တွေ့လို့ ယူလာပါတယ် သခင်မလေး'

ပြောရင်း အင်္ကျီထဲမှ စာတစ်စောင် ထုတ်ပေးလိုက်သည်။ ချင်းမို ယူကြည့်လိုက်သည်။ စာအိတ်ပေါ်တွင်...

"ရွှေပုံလွှားအာမခံဌာန"

ရေးသားထားသည်ကို တွေ့ရသည်။ ချင်းမို စာကိုယူဖတ်လိုက် သည်။

"မြင်းလှည်းထားခဲ့ပါ

ရေနဂါး"

ချင်းမို ဒေါပွသွားလေသည်။ စာကို ဆုတ်ဖြဲလိုက်သည်။ တန်ယူ ကြောင်သွားလေသည်။ ချင်းမို တန်ယူကိုကြည့်ကာ...

'မင်း လှည်းအနားက လုံးဝ မခွာနဲ့'

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးလိုက်သည်။

တန်ယူ ဦးညွှတ်ပြီး…

'ကောင်းပါပြီ သခင်မလေး'

စကားအဆုံး မြင်းလှည်းနားသွားကာ ရပ်စောင့်နေလေသည်။

ချင်းမိ မကျေမနပ်ဖြင့် အံကြိတ်ကာ…

'သတ္တိရှိရင် လာခဲ့စမ်း၊ ရေနဂါး ကျွန်မအကြောင်း သိသွားရမယ်'

တစ်ယောက်တည်းကျိတ်ပြီး ရေရွတ်လိုက်လေသည်။

○ ● ○





# အခန်း ( ၃၅ )

ဟိုကျူးနှင့်ဝမ်းတ ပြေးထွက်လာလေသည်။ တစ်ဖက်မှ လူနှစ်ယောက် ပြေးထွက်လာသည်ကို တွေ့ရသည်။ ဟိုကျူး လူနှစ်ယောက်ကို တွေ့ရသောအခါ ဝမ်းသာသွားလေသည်။

'ဆရာယို့'

ပြေးလွှားလာသူနှစ်ယောက်မှာ ယို့ကျားယန်နှင့် ဆင့်စုတို့ ဖြစ်သည်။

'ဟိုကျူး'

ယို့ကျားယန်က ဝမ်းသာအားရအသံဖြင့်…

'ဟိုကျူး မင်းတကယ် တို့နောက်လိုက်လာတယ်နော်'

'ကျွန်တော် လိုက်လာမယ်လို့ ပြောထားတာပဲ'

'မင်း ဒီနေရာကို ဘယ်လိုရောက်လာတာလဲ'

ထိုအခါ ဟိုကျူး ရေနဂါးနှင့် တွေ့ဆုံခဲ့သည့် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။ ယို့ကျားယန် မျက်မှောင်ကြုတ်ပြီး…

'သူက လက်မခံဘူးလား'

ဟိုကျူး ခေါင်းယမ်းလိုက်ပြီး…

'လက်မခံဘူး။ တကယ်ဆို ဒီမိန်းကလေးငါးယောက်ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ရမှာ။ လမ်းမှာတစ်ခုခုဖြစ်ရင် သူတို့ကို သေနိုင်းတာနဲ့ မတူဘူး လား'

ဝမ်းတ ဂူပေါက်ဝသွားပြီး...

...'ရေနဂါး မင်း ဘယ်ပြေးမလဲ'

ဝမ်းတ အော်လိုက်သည့်အသံ ကျယ်လောင်စွာ ထွက်လာသည်။

သို့သော်...

ပဲ့တင်သံ ထွက်မလာပါ။ သူတို့ ဝမ်းသာသွားကြသည်။

'ဒီဂူပေါက်က အံသံပြန်မထွက်ပါလား'

ဆင့်စု အံ့ဩသွားလေသည်။

'ကဲ ဒီဂူပေါက်က ကျုပ်တို့ ထွက်ကြရအောင်'

ဟိုကျူး ပြောလိုက်သည်။ ထို့နောက် ဂူထဲမှ လှမ်းထွက်လာခဲ့လေသည်။ ဝမ်းတ၊ ဆင့်စု၊ ယို့ကျားတို့နောက်မှ လိုက်လာခဲ့ကြလေသည်။

ချင်းမိုမှာ စိုးရိမ်စိတ်များ ဖြစ်ပေါ်နေလေသည်။ သူ့လူများကို မျှော်နေလေသည်။ အချိန်ကြာသော် သူ စိတ်ပျက်လာလေသည်။ နောက်ဆုံး...

သူရှိသမျှလူနှင့် ခရီးဆက်ရန် ဆုံးဖြတ်လိုက်သည်။

ထိုစဉ်...

'သခင်မလေး'

ခေါ်သံနှင့်အတူ လူနှစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့ရသည်။ ချင်းမို အံ့ဩတကြီး ကြည့်နေလေသည်။

'ဟင် ရောင်ယန့်ညီနောင်တို့ပါလား'

ထိုညီနောင် ချင်းမိုကို အရိုအသေပေးလိုက်သည်။

'ရှင်တို့ ဘယ်သွားနေကြတာလဲ'

ခက်ထန်သောလေသံဖြင့် မေးလိုက်သည်။ ရောင်ယန့်ညီနောင်



ခေါင်းငုံ့သွားလေသည်။

'ပြောလေ ဘာငိုင်နေတာလဲ'

ဝေါက်လိုက်သည်။

'ကျုပ်တို့ ဘုံကျောင်းထဲ ဝင်သွားပါတယ်'

သူတို့ ဘုံကျောင်းထဲတွင်ဖြစ်ပုံကို ပြောပြလေသည်။ ချင်းမို တန်ယူအား လှမ်းကြည့်လိုက်သည်။ တန်ယူ ခေါင်းငုံ့ထားလေသည်။

'ရှင်တို့လဲ တန်ယူလိုပဲပေါ့'

ညီနောင်နှစ်ယောက် ငြိမ်တူ ခေါင်းငုံ့လိုက်သည်။

'ဟုတ်ပါတယ် သခင်မလေး'

'ရှင်တို့ကို စာတစ်စောင် မပေးနိုင်းလိုက်ဘူးလား'

'ဗျာ'

ရောင်ယန့်ညီနောင် တွေဝေသွားလေသည်။ ချင်းမိုကို နားမလည်သလို ကြည့်လိုက်သည်။ ချင်းမို သူတို့အား ကြည့်နေသည်ကို တွေ့သောအခါ အိတ်ထဲမှ စာတစ်စောင် ထုတ်ပေးလိုက်လေသည်။

သူ့လက်ထဲ စာတစ်စောင် ပါလာလေသည်။

'ထင်သားပဲ စာပေးစမ်း'

ညီနောင်ထဲမှ အကြီး စာလှမ်းပေးလိုက်သည်။

မြင်းလှည်း ထားခဲ့ပါ။

ရေနဂါး

ချင်းမို ဒေါသတကြီးဖြင့်...

တောက်ခေါက်ကာ စာကို ဆွဲဆုတ်ပစ်လိုက်လေသည်။

ထိုစဉ်...

မွှေးကြိုင်သောရနံ့တစ်ခုကို ရရှိလိုက်သည်။

'ဟော့ အမွှေးနံ့ ရလား'

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် သခင်မ'

ချင်းမို မျက်နှာပျက်သွားလေသည်။ အမွှေးနံ့မှာ ရှိးသားခြင်း မဟုတ်ဟု နားလည်လိုက်သည်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

'ကဲ... အားလုံး သတိထားကြ။ အဆိပ်မိတာလား။ အတွင်းအား ကွယ်ပျောက်သလား စစ်ဆေးကြစမ်း'

သူ့စကားအဆုံး အားလုံး ထိတ်လန့်သွားလေသည်။ ထိုစဉ်...

'အင့်'

ညည်းညူးသံတစ်ချက် ထွက်လာသည်။ ချင်းမို ထိတ်လန့်သွားလေသည်။ အသံကြားရာ လှမ်းကြည့်သောအခါ တန်ယူ လဲကျသွားသည်ကို တွေ့ရလေသည်။

'တန်ယူ'

ချင်းမို အော်ရင်းပြေးသွားစမ်းသပ်ကြည့်ရာ တန်ယူ သတိလစ်နေပြီဖြစ်ကြောင်း သိလိုက်ရသည်။

'တော်ပါသေးရဲ့'

ချင်းမို စိတ်ထဲ ပြောလိုက်သည်။ တန်ယူ အန္တရာယ်မရှိကြောင်း ပြောမည်အပြုတွင်...

'အင့်'

'အား'

မသဲမကွဲညည်းသံ ထွက်လာပြန်သည်။ ချင်းမို ထိတ်သွားပြန်သည်။ ရှောင်ယန့်ညီနောင် ပြိုလဲသွားသည်ကို တွေ့ရသည်။ သူတို့နှစ်ယောက် သတိလစ်သွားပြီ ဖြစ်သည်။

'အားလုံး၊ သတိထားကြ၊ ရန်သူ...'

ချင်းမို စကားမဆုံးပါ။ ညည်းသံများထွက်လာပြီး နောက်ထပ် သုံးယောက် လဲကျသွားပြန်သည်။



ချင်းမို ဒေါသဖြစ်သွားလေသည်။ သူ ပတ်ဝန်းကျင်ကို အကဲခတ်ပြီး...

'ရေနဂါး သတ္တိရှိရင် ထွက်ခဲ့စမ်း'

အော်ဟစ်လိုက်လေသည်။

ထိုစဉ်...

'ဟား ဟား ဟား ဟား'

ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တစ်ဆက်တည်း ရေနဂါး လက်နှစ်ဖက်နောက်ပစ်ကာ ခြံဝင်းအတွင်း ဝင်လာသည်ကို တွေ့လိုက်ရသည်။

ချင်းမို အံကြိတ်ထားလေသည်။ ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားလေသည်။

ရေနဂါးမျက်နှာ ပြုံးရွှင်နေလေသည်။

'ရေနဂါး၊ ရှင် ကျွန်မဆီက အပ်တစ်ချောင်းတောင် ရမယ် မထင်နဲ့'

ရေနဂါး ရယ်မောလိုက်သည်။

'မင်း ကြီးကျယ်ပါလား။ ဒုက္ခမရောက်အောင် စောင့်ရှောက်ထားတာဗျ'

'စကားမများနဲ့၊ တိုက်ခိုက်ဖို့ပြင်ထား'

စကားအဆုံး စတင်တိုက်ခိုက်လိုက်သည်။ ရေနဂါး လက်တစ်ဖက်ဆေ့ယမ်းလိုက်သည်။ အနက်ရောင်ဝတ်များ လဲကျသွားလေသည်။ ချင်းမို ဒေါသမထိန်းနိုင်တော့ပါ။

'သေပေတော့'

ပြောရင်း ရေနဂါးထံ ခုန်ဝင်သွားလေသည်။

'ခင်ဗျား ကျုပ်တွေကို ဆုတ်မပစ်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ကျုပ်မေ့ဆေး မိထားတော့ ကျုပ်ဆီက ဖြေဆေးရမှ ဖြစ်တော့မယ်'

www.burmeseclassic.com



'ရှင် ဒီလိုလုပ်တဲ့အတွက် ပေးဆပ်ရမယ်ဆိုတာ သိထားပါ'

'စကားမများနဲ့ မီးချုပ်တော့မယ်။ မြင်းလှည်းထားပြီး ထွက်သွားပေတော့'

ချင်းမို ငိုင်သွားသည်။

သူမအဖော်များ မြေပေါ်လဲကျနေသည်။ ရေနဂါးနှင့် ရင်ဆိုင်ရန်သူမတစ်ယောက်တည်း ဖြစ်သည်။

'ရှင် ကျွန်မကိုနိုင်အောင်တိုက်ပါ'

'မင်းကိုတိုက်စရာမလိုဘူး'

'ဘာ'

ပြောရင်း ရေနဂါးထံ ခုန်ဝင်လိုက်သည်။

'အား'

ချင်းမို မြေပေါ် လဲကျသွားလေသည်။

'ဟား ဟား ဟား'

ရေနဂါး သဘောကျစွာ ရယ်မောလိုက်လေသည်။

○ ● ○

## အခန်း ( ၃၆ )

ညနေဆည်းဆာချိန်ဖြစ်၍ ပတ်ဝန်းကျင်တွင် လှပလို့နေလေသည်။

သို့သော် စားသောက်ဆိုင်အတွင်းမှာ အရုပ်ဆိုးနေလေသည်။

လူခြောက်ယောက်နှင့် မိန်းကလေးတစ်ယောက် မြေပေါ်လဲကျနေလေသည်။

မိန်းကလေးမှာ ချင်းမို ဖြစ်သည်။

တစ်ယောက်သာ မားမားမတ်မတ် ရှိသည်။ မြင်းလှည်းမှောင်းသောမိန်းကလေး ဖြစ်သည်။

သူမ ရေနဂါးကို စိုက်ကြည့်နေလေသည်။

အဖြစ်အပျက်များ သူနှင့်မဆိုင်သလို ကြည့်နေလေသည်။

ရေနဂါး ပြုံးလိုက်သည်။

မိန်းကလေးကို ကြည့်ကာ...

'အားလုံး သတိမေ့ကုန်ပြီ'

လှမ်းပြောလိုက်သည်။ မိန်းကလေး မကြားသလိုပင်။

'မင်း ဘာမှမဖြစ်ဘူးလား'

ထပ်မေးလိုက်သည်။

www.burmeseclassic.com



'ရှင် ဘာလုပ်မလို့လဲ'
'ကျုပ်က မြင်းလှည်းယူသွားမယ်လေ'
ပြောရင်း ရယ်မောလိုက်သည်။
'ရှင် ဘာလုပ်မလို့လဲ'
'ဘာလုပ်ရမှာလဲ လိုချင်လို့ ယူတာပေါ့'
ရေနဂါး ဒေါသဖြင့် လှမ်းပြောလိုက်သည်။
မိန်းကလေး ခေါင်းယမ်းလိုက်သည်။
'မင်း ဆင်းမလား၊ ဆွဲချရမလား'
'သြော်... ရှင်က မြင်းလှည်းလိုချင်တာကိုး'
'ကဲ... ဆင်းစမ်း၊ နောက်တစ်ခါ ထပ်မပြောဘူး'
'ကောင်းပါပြီ'
မြင်းလှည်းပေါ်မှ ဆင်းရန်ပြင်လိုက်သည်။
ထိုစဉ်...
'ဟား ဟား ဟား'
ရယ်မောသံ ကြားရသည်။ ရေနဂါး နောက်လှည့်ကြည့်လိုက်သည်။
'ဘယ်လိုဖြစ်တာလဲ'
ရေနဂါး အံ့သြသွားလေသည်။ ချင်းမို မတ်တတ်ရပ်လျက် တွေ့ရသည်။ သူ့မျက်နှာ ပြုံးရွှင်နေလေသည်။
'မင်း...'
ရှေ့ဆက် မပြောနိုင်ဘဲ စကားထစ်သွားလေသည်။
'ရှင် ဒီလိုလုပ်မယ်ဆိုတာသိလို့ အဆိပ်ဖြေဆေး ကြိုသောက်ထားတယ်လေ'
ရေနဂါး အံကြိတ်လိုက်သည်။
'ကောင်းပြီ၊ ကျုပ် ပြန်လာဦးမယ်'





ပြောပြီး ထွက်သွားရန် ပြင်လိုက်သည်။
ရေနဂါး သူလိုချင်သည့် ပစ္စည်းကို ရအောင်ယူနိုင်စွမ်းရှိသူ ဖြစ်သည်။
သို့သော်...
ယခု ချင်းမိုတို့မြင်းလှည်းကို သူ အချိန်ကုန်လူပန်း အမျိုးမျိုး ကြံစည်သော်လည်း မရနိုင်သေးပါ။
ထိုအတွက် ရေနဂါး ဒေါပွနေလေသည်။
သူ မဖြစ်ဖြစ်တဲ့နည်းဖြင့်ယူရန် ကြိုးစားရဦးမည်ဖြစ်သည်။
ထိုသို့တွေးရင်း ထွက်ခွာရန် ပြင်လိုက်သည်။
သို့သော်...
သူ ထွက်ခွာခွင့်မရပါ။ လူလေးယောက် သူတို့ထံ ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။
ထိုလူလေးယောက်ကိုမြင်လျှင် ရေနဂါး အခြေအနေမကောင်းကြောင်း သိလိုက်လေသည်။ သူ ထွက်ခွာရန် နောက်ကျသွားပြီဖြစ်သည်။ နဖူးမှချွေးများ စို့ရွဲလာလေသည်။
ချင်းမို ထိုလူလေးယောက်မြင်လျှင် ဝမ်းသာသွားလေသည်။ ထိုလူလေးယောက်မှာ ဟိုကျူး၊ ယို့ကျားယန်၊ ဆင့်စုနှင့် ဝမ်တတို့ ဖြစ်လေသည်။
'ဟိတ် မပြေးနဲ့'
ရေနဂါး နောက်သို့ဆုတ်လိုက်သည်။
'ကျုပ် ရန်မဖြစ်ချင်ဘူး၊ နောက်မှ တွေ့ကြမယ်'
ဟိုကျူးတို့ မတားဆီးနိုင်ခင် ရေနဂါးက နေရာမှ ရိုင်းနဲ့ ပြေးထွက်သည်။
ယို့ကျားယန် နောက်မှလိုက်မည်ပြုသည်။
သို့သော် ဟိုကျူးက ဆွဲထားသဖြင့် မလိုက်ဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



'သွားပါစေ၊ အခုထွက်သွားတာဟာ သူနောက်တစ်ကြိမ် ပြန်မလာတော့တဲ့ ထွက်သွားခြင်း ဖြစ်ပါလိမ့်မယ်။ သူဟာ နောက်ထပ် အနှောင့်အယှက်ပေးတော့မှာ မဟုတ်ပါဘူး'

ရေနဂါးအသတ္တဝါကြီး ဝေးသွား၏။ ဟိုကျူးအား ချင်းမို အဓိပ္ပာယ်ပါသောအကြည့်ဖြင့် ကြည့်သည်။

ချင်းမို အသာအယာ ပြုံးလိုက်လေသည်။

ပြီးပါပြီ။

စာရှုသူအားလုံး ရွှင်လန်းချမ်းမြေ့

ဘုန်းကြည်

www.burmeseclassic.com